လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က
စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့်ရေးသားခဲ့သော

# မှော်ဆရာမှတ်တမ်း ပေါင်းချုပ်

အမှတ်(၃)

ဒု တိ ယ အ ကြိ မ်

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်းပေါင်းချုပ်

# အမှတ်(၃)


**တစ်ပြည်လုံးဖြန့်ချိရေး**

တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉–လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း – ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (မြဲ-၀၄၂၃၂)
အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးလှိုင်ဝင်းမိုး (အဋ္ဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

**ထုတ်ဝေခြင်း** - ပထမအကြိမ်
ဗမာ့ခေတ်သတင်းစာတိုက်
၁၉၅၇ - ခုနှစ်တွင် ပုံနှိပ်သည်။
ဒုတိယအကြိမ်
တော်ဝင်မြို့မစာအုပ်တိုက်
၂၀၁၂ - ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၂၀၀၀ ကျပ်

ကိုကိုလေး ၈၉၅.၈၃

မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ် - ၃ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။

၂၁၆ စာ၊ ၁၀.၅ စင်တီ × ၇.၃ စင်တီ

(၁) မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ် - ၃

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်းပေါင်းချုပ်
# အမှတ်(၃)

**တစ်ပြည်လုံးဖြန့်ချိရေး**

တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉-လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း - ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (မြဲ-၀၄၂၃၂)
အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးလှိုင်ဝင်းမိုး (အဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

**ထုတ်ဝေခြင်း** - ပထမအကြိမ်
ဗမာ့ခေတ်သတင်းစာတိုက်
၁၉၅၇ - ခုနှစ်တွင် ပုံနှိပ်သည်။
ဒုတိယအကြိမ်
တော်ဝင်မြို့မစာအုပ်တိုက်
၂၀၁၂ - ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၂၀၀၀ ကျပ်

ကိုကိုလေး ၈၉၅. ၈၃
မှော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ် - ၃ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။
၂၁၆ စာ၊ ၁၀.၅ စင်တီ x ၇.၃ စင်တီ
(၁) မှော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ် - ၃

# မာတိကာ


၁။ မောင်းမငယ် ၇

၂။ မိုးနေသည် ၅၆

၃။ ပြီပြလေနတ်မင်း ၈၆

၄။ လူသားစားမှော် ၁၂၃

၅။ တဝေ့ဘဏ္ဍာ ၁၅၄

၆။ နတ်နှင့်နဝါး ၁၈၉

# မောင်းမငယ်

(၁၉၃၇-ခု ၊ ဧပြီလတွင် ရေးသည်။)

ကျွန်တော်သည် အထက်လမ်းဝိဇ္ဇာ ကျေးလူးရှင်ဆရာကြီး နောက်ပါးမှ တပည့်ငယ်နှစ်ယောက်နှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်း နယ်တပိုက်တွင် အထိုက်အလျောက်ဖြစ်သော ဒုက္ခသည်များကို ကျေးလူးရှင်ဆရာကြီးကိုယ်တိုင် သော်လည်းကောင်း၊ ဆရာကြီး၏အခွင့်အာဏာနှင့် တပည့်ဖြစ်သူ ကျွန်တော်က သော်လည်းကောင်း၊ အကြောင်းအားလျော်စွာ ပယောဂဝေဒနာ ညှင်းပန်းခံရသူများကို တတ်အားသလောက် စောင့်ရှောက်ကူညီကယ်ဆယ်လျက်ရှိလေရာ၊ တစ်ခါတစ်ရံလည်း ချောမောလွယ်ကူစွာရှိ၍ တစ်ခါတစ်ရံလည်း အောက်လမ်းဘက်တွင် တစ်ဖက်ကမ်းကုန် ပညာတတ်များနှင့် တွေ့ကြုံရသောအခါ အကြိတ်အနယ်လု၍ အမှုကိုအောင်မြင်ခဲ့ရပေ၏။ လိုရင်းအချုပ်မှာအောက်လမ်းသမားများမည်မျှပညာကြီးကျယ်စေကာမူ အဆုံးတစ်နေ့တွင် အထက်လမ်းဆရာများ၏ ခြေဖဝါးအောက်သို့ ရောက်ရမည်သာဖြစ်သော်လည်း အထက်လမ်းဆရာတိုင်းအောင်မြင်နိုင်သည်မဟုတ်၊ အထက်လမ်းဆရာတို့မှာ အစစအရာရာတွင် ကိုယ်ကျင့်တရားလုံခြုံပြီး အကျင့်သိက္ခာ သီလသမာဓိကြီး၍ စည်းစနစ်ကျနသူများမှသာ အထူးသဖြင့်အာဏာစူးရှ ဆေးတန်ခိုးပြလျက်၊ တစ်ဖက်ရန်သူကို အကြွမ်းမဖက် အနုသက်သက်နှင့် နိုင်နင်းအောင်မြင်လေရာ အချို့အထက်လမ်းဆရာအခေါ်ခံသူများ အောက်လမ်းသမား၏ လက်ချက်

ဖြင့် အသက်သို့တိုင်အောင်သော်လည်းကောင်း၊ မသေသော် မလှမပ အရှုးဘဝ သို့ ရောက်ရရှာသည်များမှာ စင်စစ် ၎င်းတို့၏ချွတ်ယွင်း လစ်ဟင်းချက်ကြောင့်သာ ဖြစ်ပေမည်၊ ဘုရားမှော်၊ ရုက္ခစိုးမှော်၊ ဒေဝီကိုးပါးမှော် စသည်ဖြင့် အထက်လမ်းတွင် အကျုံးဝင်သော အဆိုပါမှော်များလည်း များစွာစည်းကမ်းကြီးလျက် ကိုယ်ကျင့်တရားဘက်တွင် အထူးစောင့်ထိန်းရမည့်တာဝန်များစွာရှိသဖြင့် သတိလက်လွတ် ကျင့်ဝတ်ချွတ်ယွင်းမိလျှင် ငြိုငြင်ဆင်းရဲခြင်းအမျိုးမျိုးကို တမြေ့မြေ့ခံစားရတတ်လျက်၊ အချို့မှာ ရူးကြောင်ကြောင်ပင် ဖြစ်နေကြသည်တို့ကို မည်သူမဆို တွေ့ရှိနိုင်ပြီးလျှင် အချို့မှာ အာဋာဝကမှော်၊ ပေါရိသာဒဆေးများကိုစိတ်အားထက်သန်စဉ်တွင် အမှတ်မထင် မှော်သွင်းခြင်း၊ ဆေးထိုးနှံခြင်းများပြုခဲ့ပြီး အပှတ်မဲ့သတိချွတ်ယွင်းမှုကြောင့် မှော်ပေါက်ခြင်းဖြင့်ရူးနောက်ဖောက်ပြန် ကျွမ်းသဒ္ဒါလန်အောင် ထိန်းမရ အုပ်မရ အကြမ်းဖက်၍အသက်ပင်သေရရှာသည်များလည်း နားမဆန့်အောင် မပြတ်မပြတ်ကြားသိတွေ့မြင်ရတတ်လေသည်။

ကျွန်တော်၏ကျေးရူးရှင်ဆရာကြီးကား အဆိုပါသာမည အထက်လမ်းဆရာများထက် အထက်တန်းကျရုံမက သုံးနှစ်တိတိ ဒုက္ခဝေဒနာသည်တို့ကို ကုသိုလ်ဖြစ်ကယ်ဆယ်စောင့်ရှောက်ရန် အဓိဋ္ဌာန်နှင့် ကြွရောက်လာသူဖြစ်ပြီး ကျွန်တော့်အားလည်း ရှေးဦးစွာ တွေ့ဆုံရသော တပည့်ကြီးဖြစ်သည်နှင့်လျော်ညီစွာ ဆရာ့နောက်ပါးတွင် ဖဝါးမကွာ သွားရာတိုင်း ခေါ်လာလျက်၊ အထက်လမ်းပညာနဲ့ပတ်သက်သမျှကို တစ်စမကြွင်း ချီးမြှင့်ခြင်းခံရသဖြင့်လည်း ဆရာကောင်းကြီး၏တပည့်ပီပီ တည်ကြည်တော်မှန် သစ္စာခံလျက်၊ ကိုယ်ကျင့်တရားဘက်တွင်လည်း ကျစ်လစ်သိပ်သည်း လုံခြုံကျပ်တည်းစွာ စောင့်စည်းခဲ့ရသည့်အတိုင်း နောက်နောင်ကစ၍ ယနေ့တိုင်အောင် အပွဲပွဲတွင် နွဲခဲ့သမျှ အောင်မြင်နိုင်နင်းခဲ့ရသည်ချည်းဖြစ်ရကား၊ ကျွန်တော့်မှာ ကျေးရူးရှင်ဆရာကြီး၏ အားရကျေနပ်စွာ ချီးမြှင့်ခြင်းပင်ခံခဲ့ရပြီး ဖြစ်ပါသတည်း။

ယင်းသို့ အရပ်ရပ်သို့ နှံ့စပ်အောင် လှည့်လည်ခဲ့ရာတွင် ကျွန်တော်မှတ်တမ်းတင်ခဲ့သည်တို့ကို ရေးသားလာသည်မှာလည်း နှစ်နှစ်ကျော် သုံးနှစ်

နီးပါးရှိခဲ့ပြီဖြစ်လေရာ အချို့မှတ်တမ်းတွင်ပါလျက် ငဲ့ကွက်ရမည့်ဝတ္ထုရားကြောင့် ချွင်းချန်ထားခဲ့ရသည်တို့လည်း အများပင်ကျန်ရှိနေခဲ့လျက် အချို့အကြောင်းများကား ထူးခြားဆန်းကြယ်၏။ သို့သော် ရေးသားစီစဉ်ရန် သင့်မသင့် ချင့်ချိန်စဉ်းစားလျက် ရုတ်တရက် မဆုံးဖြတ်နိုင်သေးသဖြင့် အခွင့်အခါသင့်မှ ရေးသားရန် ချွင်းချန်ထားရပေကြောင်း။

ယခုမှတ်တမ်းပါ အကြောင်းအရာများကား ကျွန်တော်တို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းအရပ်ဒေသ၏ အနောက်မြောက်ထောင့် ကချင်နယ်နှင့်မကွာလှသောဌာနတွင် တွေ့ကြုံခဲ့ရသောအဖြစ်အပျက်တစ်ခုကို ဖတ်ရှုသူတို့အတွက် မှတ်သားလွယ်ကူစိမ့်သောငှာ မူလမြို့ ရွာအမည် နေရပ်မှ အနည်းငယ်လွှဲပြောင်းတင်စားရေးသားသော အမည်များနှင့် တစ်စုံတစ်ဦးတွင် တိုက်ဆိုင်နေပါက ဤအဖြစ်အပျက်ကား ငါတို့၏ အဖြစ်အပျက်မဟုတ်၊ အစစ်အမှန်ဖြစ်ပျက်သူ ကာယကံရှင်၏အမည်ကို မသုံးစွဲဘဲ အမည်နာမကို အငှားသုံးစွဲရေးသားထားသည်ဟု ထိုကိစ္စတွင် သိမြင်ပြီးဖြစ်သော ကာယကံရှင်များအတွက် ငဲ့ကွက်ရေးသားခြင်းပင်ဟု ကျေနပ်ကြစေချင်ပါသတည်း။

နောင်မွန်စော်ဘွားကလေး စောခွန်ချီသည် ကျွန်တော်နှင့်တကွ ကျေးဇူးရှင်ဆရာကြီး ရှမ်းပြည်နယ်မြောက်ပိုင်းနယ်တဝိုက်တွင် လှည့်လည်နေသေးကြောင်း ကြားသိပြီးဖြစ်ရာတွင် အဆိုပါနောင်မွန်စော်ဘွားကြီးစောခွန်ချီ၏ ဦးကြီးတော်ဝမ်းကွဲဖြစ်သော မိုးပြနယ်ကို အစိုးရသည့် စော်ဘွားကြီးထံသို့ သွားစေလိုကြောင်း၊ ၎င်း၏ဘကြီးတော်မှာ စိုးရိမ်ဖွယ်ရာ အရေးကိစ္စကြီးတစ်ခု ပေါ်ပေါက်နေခဲ့ရာ မည်သည့်နည်းနှင့် ခုခံကာကွယ်ရမည်မသိ၊ အသက်အန္တရာယ်ကိုပင်၊ မကြာမီစိုးရိမ်ဖွယ်ရှိနေကြောင်းများနှင့် ယခုနောက် ဆုံးကြားသိရသည်မှာ ဘကြီးတော်တွင် ပယောဂနှင့်ယှဉ်သော အနှောင့်အရှက်များ တွေ့ကြုံနေရပြီထင်သဖြင့် တူတော်စောခွန်ချီက ဆရာကောင်း, သမားကောင်းများကို ကြိုးစားရှာကြံ အမြန်ပို့ရောက်စေလိုကြောင်း၊ မိကြီးတော်မိုးပြမဟာဒေဝီကြီးထံမှ အမိန့်တော်စာရောက်သဖြင့် ဆရာလေး၏ကျေးဇူးရှင်ဆရာကြီး

အား ပင့်ခေါ်ရန် ထမုံသူကြီးနှစ်ယောက်နှင့် နောက်ပါအမှုထမ်းများစေလွှတ်လိုက်ပါကြောင်း။ ကျေးဇူးရှင်ဆရာကြီးကိုပင့်၍ ၎င်းအမှုထမ်းများနှင့်အတူ မိုးဗြဲသို့လိုက်ပါပြီး ဘကြီးတော်စော်ဘွားကြီးအား ချီးမြှင့်စောင့်ရှောက်ပါမည့်အကြောင်းများ စောခွန်ချီထံမှ စာတမန်နှင့်တကွ ထမုံသူကြီးများ ရောက်လာပင့်ခေါ်ခြင်းအရ ကျွန်တော်တို့မှာ မိုးဗြဲသို့ရောက်လာရပေ၏။

မိုးဗြဲမဟာဒေဝီကြီးမှာ အသက်အရွယ်ငါးဆယ်မျှလောက်ရှိလျက် ရတနာသုံးပါးဘက်၌လည်း အထူးညွတ်ကိုင်းရှာသူဖြစ်သောကြောင့်၊ မဟာဒေဝီဟူသော ဂုဏ်အင်္ဂါနှင့်မမျှအောင် အစစအရာရာတွင် တရားရှင်ပီသစွာ သိမ်မွေ့နူးညံ့သော အပြောအဆိုရှိသူဖြစ်ရုံမက တူတော်စောခွန်ချီထံမှ အမှာအထားကြောင့်လည်း ကျေးဇူးရှင်ဆရာကြီးကို အထူးကြည်ညိုရှိသေခြင်းဖြင့် ဟော်ခေါင်းရင်းဘုရားဆောင်တော်တွင် နေရာထိုင်ခင်းများပေးလျက် ရိုသေစွာ ပြုစုညှဉ့်ခံပြီး၊ ကျွန်တော်တို့ လူငယ်များအားလည်း အထူးအရေးပေးလျက်ရှိလေ၏။

စော်ဘွားကြီးမှာ အသက်အရွယ်၊ ခြောက်ဆယ်နီးပါးမျှရှိလျက် အိုပင်အိုမင်းသော်လည်း စော်ဘွားကြီးတစ်ဦး ဖြစ်ထိုက်သည့်အဆင်းအင်္ဂါနှင့် ပြည့်စုံလျက် ဖြူဖွေးသောဆံပင်တွင် သက်န်းရောင် ပိုးပုသိမ်ပဝါကို ပေါင်းဆင်၍ ဖဲပေါက်ဂွမ်းထိုးအင်္ကျီ၊ ပိုးဖြူရှမ်းဘောင်းဘီကြီးကို ဝတ်ဆင်ထားသည်မှာ ခံ့ညားသောကျက်သရေကို တစ်မျိုးဆောင်၍နေသည်ဟု မှတ်ထင်ရပြီးလျှင်၊ အိုမင်းရင့်ရော်သည့်တိုင်အောင် ဖြူဖွေးလျက်ရှိသော ယာဘက်လက်သန်းတွင် ထူးခြားသောအရေးအတန့်များ ထင်လျက်ရှိသည့် ကြောင်မျက်ရှင် လက်ဝတ်တော်ကြီးကို ဆင်မြန်းထားသည်မှာ စော်ဘွားကြီး၏ ဘုန်းကျက်သရေများကို အထူးပိုမိုပေါ်လွင်စေသကဲ့သို့ရှိလေ၏။ သို့နှင့် စော်ဘွားကြီးမှာ အနည်းငယ် မကျန်းမာတော်မူသော အခိုက်အတန့်ဖြစ်၍ မင်းရေးမင်းခွင်၌ မပါဝင်ဘဲ၊ ရပ်နားတော်မူဆဲဖြစ်ပြီးလျှင်၊ အတွင်းဟော်ဦးဆောင်တော်မှာ စံတော်မူစဉ်ပင်၊ အခါခပ်သိမ်းထက် အထူးသဖြင့် စကားပြောနည်းကာ ငြိမ်သက်စွာစံနေသည်ကို တွေ့ရပေ၏။

ကျေးဇူးရှင်ဆရာကြီးလည်း စော်ဘွားကြီးနှင့်အခွင့်ရှိသလောက် စကားနိုးနှော စုံစမ်းစစ်ကြောတန်သမျှ စုံစမ်းခဲ့ရာ စော်ဘွားကြီးမှာ ဆရာကြီးအား ကြည်ညိုကိုးစားသောလက္ခဏာဖြင့် ဖြစ်ပျက်ခဲ့သော ထူးခြားသည့်အကြောင်းအရာများကိုပြောဆိုခြင်းကြောင့် စော်ဘွားကြီးမှာ သားတော်ကြီးလေးပါးရှိခဲ့ကြောင်း။ အကြီးဆုံးသော ပထမ သားတော်ကို ထုံးစံအတိုင်း ကျမိုင်းအရာထားခဲ့ရာများမကြာမီ ထိုသားတော်ကြီး ကျမိုင်းကြီးမှာ ဝါသနာအလျောက်တောလည်ရာတွင် ဥပစ္ဆေဒကံနှင့်သေဆုံးခဲ့ကြောင်း။ တစ်ဖန် ဒုတိယသားတော်ကို ကျမိုင်းအရာ ဆက်ခံစေသောအခါလည်း များမကြာမီပင် သည်းခြေဖောက်၍ ရူးနောက်ရာမှ ကိုယ့်ကိုယ်ကိုယ်ကြိုးဆွဲချ၍ သေဆုံးသွားကြောင်း။ နောက်တစ်ဖန် တတိယသားတော်ကို ကျမိုင်းအရာဆက်ခံစေပြန်ရာ ထိုသားတော်မှာလည်း ကျမိုင်းဖြစ်၍ မကြာမီပင် ကုဋ္ဌနူနာကြီး စွဲကပ်လာရာက ဝေဒနာသည်း၍ အသက်စည်းစိမ်ဆုံးရှုံးခဲ့ပြန်ကြောင်း ယခုရှိသော စတုတ္ထသားတော်မှာ အငယ်ဆုံးဖြစ်၍ ငယ်စဉ်ကပင် နိုင်ငံခြားသို့ ပညာသင်ရန်ပို့ထားရာမှ စော်ဘွားကြီး အိုမင်းပြီဖြစ်၍ အပါးတော်သို့ပြန်၍ ခေါ်ယူကာ ကျမိုင်းအရာကို လွှဲအပ်မည်ကြံစည်ကြောင်း။ သို့သော် ကျမိုင်းအရာပေးလိုက်က မတော်တဆ နောင်တော်များကဲ့သို့ တစ်နည်းနည်းနှင့် အသက်သေဆုံးလိမ့်ဦးမည်ဟု ထင်မြင်စဉ်းစားနေသောကြောင့် အပါးတော်သို့ပြန်ရောက်၍ တစ်နှစ်မျှကြာခဲ့သည်တိုင်အောင် ကျမိုင်းအရာကို မလွှဲအပ်ဝံ့သေးဘဲ ရက်လဆွဲ၍ ဆိုင်းငံ့လာခဲ့ရကြောင်းများသိရပြီး စော်ဘွားကြီးတွင်လည်း ရွှေ၊ ငွေ၊ ပစ္စည်းဘဏ္ဍာနှင့် ရတနာ၊ စိန်ကောင်း၊ ကျောက်ကောင်းများ များစွာရှိကြောင်း။

ငင်းပစ္စည်းများမှာ ယခုစော်ဘွားကြီးလက်ထက်မှမဟုတ် လွန်ပြီးသော ဘေးဘိုးဘီဘင်စော်ဘွားရိုက်ရာခံသူ အစဉ်အဆက်မှ ဆက်ကာဆက်ကာ ပိုင်ဆိုင်လာသော ပစ္စည်းဘဏ္ဍာများဖြစ်ကြောင်း၊ စော်ဘွားကြီးပိုင် မိုးမြနယ်အတွင်းမှာလည်း၊ ပယင်း၊ ဒုတ္တာ၊ နီလာ၊ ဂေါ်မုတ်၊ ဥဿဖရားမှစ၍ ပတ္တမြား၊ ကျောက်မျက်ရတနာများ ထွက်သောကျောက်တွင်းများ အများအပြားရှိပြီးလျှင် ထိုရတနာကျောက်တွင်းများမှာလည်း အားလုံးလိုလိုပင် စော်ဘွားပိုင်ဖြစ်

ကြောင်း။ စော်ဘွားကြီးမှာ အသက်အရွယ်ကြီးသည်တစ်ကြောင်း၊ အလှူဒါန ဖြင့်ကုန်ကျရသည်မှတစ်ပါး ဝါကြွားသုံးဖြုန်းခြင်းမပြုရှာဘဲ၊ ပစ္စည်းဘဏ္ဍာများ တိုးပွားခြင်း၌ လောဘစိတ်မရှိသဖြင့် ပိုင်ဆိုင်သော ရတနာကျောက်တွင်းများကို တူးဖော်ယူငင်စေခြင်းမရှိ အစောင့်အရှောက်များထား၍ ၎င်းတို့ စားသောက် နိုင်ရုံ အပရိကလောက်သာ တူးယူရောင်းချစားကြစေဟု အခွင့်အရေးပေးထား သော်လည်း ရိုးသားသောအစောင့်အရှောက် အမှုထမ်းများမှာ မမြင်ကွယ် ရာ၌ပင် ကောက်ကျစ်စဉ်းလဲသော စိတ်မထား စားသောက်လောက်ရုံဖော်ယူ စားသုံးခဲ့လျက် တစ်ခါတစ်ရံအထူးအမြတ် အဖိုးထိုက်၊ အဖိုးတန်၊ ကျောက်မျက် ရတနာများကိုရရှိလျှင် မင်းထိုက်စိုးတန်ဖြစ်၍ ရောင်းချခြင်းမပြုကြဘဲ၊ စော် ဘွားကြီးထံသို့သာ ရိုးသားစွာလာရောက်ဆက်သကြပေ၏။

၎င်းအမှုထမ်းသားတို့မှာ တစ်နှစ်လုံးလုံးတွင် မိမိတို့ထိုက်တန် သလောက် ရရှိသောကျောက်များကို စုဆောင်းထားပြီး မိုးဗြဲမြို့နှင့် ဆယ့်ငါး မိုင်ဝေးကွာသော ပေါ်တော်မူဆုတောင်းပြည့်ဘုရားပွဲတွင်မှ 'ပတ္တမြားပွဲ'ခေါ် ကျောက်အရောင်းအဝယ်ပွဲတစ်ခု ကြီးကျယ်စွာ ကျင်းပကြောင်း၊ ၎င်းဘုရားပွဲ မှာလည်း ရှမ်းပြည်နယ်တစ်ဝိုက်တွင် လွန်စွာကြီးကျယ်စည်ကားလျက် ကုန်းပွဲ ရေပွဲမှစ၍ ပွဲလမ်းသဘင်အမျိုးမျိုး ကစားပွဲ၊ နွားပွဲ၊ မြင်းပွဲ၊ ပတ္တမြားပွဲစသော ကုန်ရောင်းကုန်ဝယ်ပွဲကြီးမျိုးများကြောင့်၊ ကြိတ်ကြိတ်တိုးမျှ စည်ကားပြီးလျှင် ငွေသံရွှေသံမစဲ သောက်သောက်လဲ စည်ကားခြင်းဖြင့် ရှမ်း၊ ကချင်၊ ကရင်၊ တောင်ပေါ် ပလောင်၊ ဓနုငွေတောင်စသော တိုင်းရင်းသားများသည်လည်း ကောင်း မြန်မာ၊ တရုတ်၊ ကုလားစသောကုန်သည်များသည်လည်းကောင်း နယ်ခြားလူမျိုးစုံများပါ ပါဝင်သဖြင့် မိုးဗြဲစော်ဘွားကြီးက ကမကထပြုလျက် အခြားသော စော်ဘွားမြို့စားတို့ပါ လာရောက်ကြီးမှူးရမြဲပွဲတော်ကြီးဖြစ်ခဲ့ ကြောင်း။

ယမန်နှစ်က ထိုပွဲတော်ကြီးကို ကျင်းပရာတွင် ရတနာကျောက် ကောင်းများ အရောင်းအဝယ်ဖြစ်သော ပတ္တမြားပွဲ၌၊ နှစ်တိုင်းထက်ကောင်း သော ပတ္တမြား ကျောက်နီများ နီလာနှင့်ကျောက်စိမ်းများ အမြောက်အမြား

ရရှိကြသဖြင့် အရောင်းအဝယ်အထူးကောင်းနေစဉ် ရောင်းချသူတို့လက်မှသော်လည်းကောင်း ဝယ်ယူသူတို့ လက်ကသော်လည်းကောင်း ကျောက်ကောင်းအဖိုးတန်များ ထူးဆန်းစွာပျောက်ဆုံးကြပြီးလျှင် စော်ဘွားကြီးထံတွင် ပါလာသော အဖိုးတန်ရတနာများနှင့် အခြားသောနယ်စား၊ မြို့စား၊ စော်ဘွားစသောဧည့်သည်များထံတွင် ပါလာသော အဖိုးတန်ရတနာပစ္စည်းများ ထူးဆန်းစွာပျောက်ဆုံးမှုအတွက် အမှုထမ်းများ ကြိုးစားစုံစမ်းထောက်လှမ်းပါသော်လည်း မပေါ်ပေါက်ခဲ့သောကြောင့် လက်လျှော့ရတော့မလောက်ရှိစဉ် ယခု တစ်ဖန်မိုးပြဲစော်ဘွားကြီး ဟော်တော်ပေါ်၌ပင် ဆက်လက်ပျောက်ဆုံးနေပြန်ကြောင်း လျှို့ဝှက်ဘဏ္ဍာတော်တိုက်ကို စော်ဘွားကြီးမှတစ်ပါး မည်သူမျှမသိရသော်လည်း ရတနာပစ္စည်းများ တစ်စတစ်စလျော့ပါးလာသည်ကို တွေ့ရသဖြင့် စော်ဘွားကြီးကိုယ်တိုင် အထူးစောင့်ရှောက်နေရာမှ တစ်ညတွင် ဘဏ္ဍာတော်တိုက်အတွင်းမှ မည်းနက်သောသတ္တဝါကြီးတစ်ကောင်ကို တွေ့ရသဖြင့်၊ စော်ဘွားကြီးမှာ ထိတ်လန့်သွားမိရာက ယခုတိုင်ထိုသဏ္ဍာန်ကြီးကို မျက်စိတွင်မြင်ယောင်ကာ နှလုံးမသာမယာဖြစ်ရကြောင်း တစ်ခါတစ်ရံ မိမိလက်သန်းတွင် အမြဲဝတ်ဆင်ထားသော ကြောင်မျက်ရှင်လက်ဝတ်ရတနာကို တစ်စုံတစ်ယောက်က ချွတ်ယူရန် ကြိုးစားနေသည်ဟု ထင်ရကြောင်း စော်ဘွားကြီးမှာ လူကိုမမြင်ရဘဲ အေးစက်သော လက်တစ်ခုသည် မိမိလက်ဝတ်ရတနာကိုကိုင်တွယ် ချွတ်ယူရန် ဆွဲငင်နေခြင်းကိုမပြတ်ခံရလျက်သို့ခံရတိုင်းလည်း ကြက်သီးမွေးညင်း တဖျင်းဖျင်းထကာ ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် ကြောက်ဖျားလန့်ဖျား ဖျားနေသူကဲ့သို့ တစ်နေ့တခြား မစားနိုင်မသောက်နိုင် ကတုန်ကရီဖြစ်နေရကြောင်း သားတော်စောခွန်မြတ်မှာ အင်္ဂလန်တွင် ပညာသင်ယူခဲ့ရသည့်အတိုင်း ခမည်းတော်ကို စုန်း၊ တစ္ဆေစသော နာနာဘာဝ ပယောဂများနှောင့်ယှက်သည်ဟု အယူမရှိ မယုံကြည်နိုင်ဘဲ ခြောက်လုံးပြူးတကိုင်ကိုင်နှင့် ခမည်းတော်အပါးတွင် ကိုယ်တိုင်စောင့်ရှောက်ကာ ရောက်လာသောရန်သူကို ဖမ်းဆီးရန် အားထုတ်နေကြောင်းများ ကြားသိရလေတော့သတည်း။

ကျေးဇူးရှင်ဆရာကြီးသည် စော်ဘွားကြီးအား ဂမုန်းပေါင်းတစ်ထောင်ဖြင့် စီရင်သည့်ဆေးနှင့် ရေစင်တစ်ခွက်မျှသာတိုက်လျက် ဆရာကြီးလက်သုံး ဂုဏ်တော်ပုတီးကိုပေးအပ်ကာ ထိုပုတီးနှင့်မြတ်စွာဘုရားကို အာရုံထား၍ ဂုဏ်တော်များကိုပွားများနေရန် ဤအချိန်ကစ၍ စော်ဘွားကြီးအပါးသို့ ရန်သူအနှောင့်အယှက်များလာနိုင်တော့မည် မဟုတ်ကြောင်း အခြားပြုဖွယ်ကိစ္စကျန်သမျှကို ကျွန်တော်အား ဆောင်ရွက်ပေးစေမည်ဖြစ်ကြောင်း ပြောကြားနှစ်သိမ့်စေခြင်းဖြင့် စော်ဘွားကြီးမှာ သိသိသာသာ စိတ်တည်ငြိမ်အေးချမ်းသွားပြီး လက်ဝတ်ရတနာကို လာရောက်ချွတ်ယူခြင်းမခံရသည့်အတွက် အထက်ကကဲ့သို့ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိတော့၍၊ စောခွန်မြတ်လည်း ခမည်းတော်အနီးတွင် ခြောက်လုံးပြူးကြီးတကိုင်ကိုင်နှင့်ကိုင်၍ စောင့်ရှောက်ခြင်း မပြုရတော့သဖြင့် ကျွန်တော်နှင့်အခါများစွာ အလွမ်းသင့်၍ နေလေတော့၏။

ကျေးဇူးရှင်ဆရာကြီးက အစစယုံကြည်လွှဲအပ်ကာ အတွင်းစကားမှာကြားထားခြင်းကြောင့် ထိုအရှုပ်အရှင်း၏ အကောင်အထည်ကိုဖော်ရန် အချိန်အခါကို ငံ့တန်သမျှငံ့ကာနေခဲ့ရာ နှစ်ရက်၊ သုံးရက်အတွင်းမှာပင် စော်ဘွားကြီးမှာ ကောင်းစွာကျန်းမာ လန်းဆန်းလာခဲ့သောကြောင့် ကျေးဇူးရှင်ဆရာကြီးနှင့် ရတနာသုံးပါးနှင့် စပ်လျဉ်းသော စကားများကိုသာ ဟော်တော်ဦးတွင် ကြည်နူးနှစ်သိမ့်စွာ ပြောဆိုလျက်ရှိလေရာ သူတော်ကောင်းနှင့် ပေါင်းဖက်ယှဉ်ပါးပြီးဖြစ်သော မဟာဒေဝီကြီးမှာလည်း စော်ဘွားကြီးနှင့် ဆရာကြီးအပါးတွင် ကုသိုလ်ကောင်းမှုစကားများနှင့် သားတော်စောခွန်မြတ်အတွက် ကျမိုင်းအရာလွှဲရန် ဘေးအန္တရာယ်ရှိမရှိ ကာကွယ်သင့်က ကာကွယ်ပေးပါရန် တောင်းပန်လျက် ရှိလေ၏။

"ဆရာလေး ခမည်းတော်ဘုရားတော့ အတော်ပဲနေထိုင်ကောင်းသွားပြီ ကြည့်စမ်းပါဦး ပြုံးပြုံး ပြုံးပြုံးနဲ့ စကားပြောနေကြတယ်။ တစ်လောကလိုဖြင့် ခက်များခက်ရချေရဲ့လို့ တွေးပူနေရတယ်။ ခမည်းတော်ရဲ့

မျက်နှာဟာ အကြောက်လွန်နေတဲ့ လူမမာလို တစ်ခါတည်း ဖြူရော်နေတာပဲ ခုတော့ ဘယ်ဆေးမှလည်း မသောက်ဘဲနဲ့ ကြောက်တဲ့စိတ်မရှိဘူး ပကတိ လူကောင်းဖြစ်ပြီး မျက်နှာမှာလည်း အင်မတန် ကျန်းမာနေတဲ့လူများလို သွေးရောင်များလွှမ်းနေတယ်။ ဆရာကြီးတိုက်တဲ့ ရေတစ်ခွက်ဟာ ‘ဆာဆာ ပရိလာ’သွေးဆေးထက်တန်ခိုးကြီးပါကလား”

ဟု ပြောလေရာ ကျွန်တော်လည်း အယူသန်သော စောခွန်မြတ်ကို ကြည့်ကာပြုံးမိလျက် . . .

“ကျွန်တော်တို့ ကျေးဇူးရှင်ကြီးဟာ ပယောဂဝေဒနာမှန်သမျှ ဒီလို ရေမန်းတစ်ခွက်မျှနဲ့ သက်သာရာရခဲ့တာချည်းပါပဲ တော်ကြီးဘုရားမှာလည်း သရဏဂုံသုံးပါးနဲ့ ငါးပါးသီလ အထူးလုံခြုံတဲ့ ပုဂ္ဂိုလ်ကြီးမို့ ဒီမျှလောက် ခံရတာ ကပဲ စောခွန်မြတ်ရဲ့”

ဟုပြောလျှင် စောခွန်မြတ်မှာ ခပ်ပြုံးပြုံးနှင့် စိုက်ကာစဉ်းစား နေပြီး. . .

“ပယောဂ ပယောဂ အဲဒီပယောဂဆိုတာ ဘာကိုခေါ်တာလဲ ဆရာ လေးရဲ့ တစ္ဆေခြောက်တယ်ဆိုတာမျိုးလား”

ဟု အယုံအကြည်မရှိသယောင် မျက်နှာဖြင့်မေးပြန်လျှင် . . .

“ပယောဂဆိုတာ စုန်း၊ တစ္ဆေနဲ့ ကဝေ၊ မိစ္ဆာနတ်များ ပူးယှဉ် ဖမ်းစား ခြင်းသဘောကိုဆိုလိုပါတယ်”

“ကျွန်တော်ရဲ့ ခမည်းတော်ကြီးရဲ့ ဝေဒနာကိုလည်း ပယောဂအစွဲလို့ ဆိုတယ်ပေါ့”

“ဟုတ်တယ်လေ ပယောဂအစွဲပဲ၊ အခု ချမ်းသာရာရနေပြီ၊ စောခွန် မြတ်က အင်္ဂလန်ကပြန်လာတဲ့လူမို့ ဒါတွေအယူမရှိဘူး ပြောချင်တယ်မဟုတ် လား“

“အစကတော့ ဆရာလေးထင်သလို အယူမရှိတဲ့အကြောင်း ပြောချင်ပါတယ်သို့သော်လည်း ခမည်းတော်ဝေဒနာသက်သာတာ မျက်မြင်ဖြစ်

တဲ့အတွက်ကြောင့်လုံးလုံး အယုံအကြည်မရှိဘူးလည်း မပြောဝံ့ဖြစ်နေတာပဲ နို့ပြီး ဒီပယောဂဆိုတဲ့ဟာ ဘာလဲ၊ ပညာတစ်မျိုးလား၊ ဒီပညာမျိုးကို ဘယ်လို နေရာမှာသင်နိုင်သလဲ ဒီပညာရဲ့အကျိုးကျေးဇူးဘာရှိသလဲ အို . . ဒီပညာနဲ့ ပတ်သက်ပြီး အများကြီး မေးစရာတွေရှိတာပဲ ဆရာလေးရယ်၊ ဆရာလေး စိတ်ရှည်ရှည်နဲ့ ပြောပြရင် ကျွန်တော်ယုံကြည်သင့် မယုံကြည်သင့် ဆုံးဖြတ်နိုင် မှာပါပဲ”

“လောကီပညာတစ်ရပ်ပါပဲသို့သော်လည်း ဆရာလေးတို့လိုအထက် လမ်းဆရာများနဲ့ဆိုတော့ ဒီပညာမျိုးနဲ့ မအပ်စပ်ဘူး ယုတ်ညံ့တဲ့ ပညာရပ် များဖြစ်လို့ သူတော်ကောင်းနှင့် ဘုရားလူမှန်သမျှ ဘယ်သူမှ ဒီပညာမျိုးကို လိုက်စားလေ့မရှိပါဘူး၊ စင်စစ်အောက်လမ်းပညာခေါ်တဲ့ မိစ္ဆာညစ်ကြူး မကောင်းမှုပွားများရာ အဆိုပါပညာများကို လိုက်စား တတ်မြောက်ချင်လျှင် ထိုပညာသည်များထံမှာ သင်ကြားယူနိုင်တာမျိုးပါပဲ”

“အောက်လမ်းပညာဟာ ဘယ်လိုစွမ်းကြပါသလဲ”

“အောက်လမ်းပညာစနစ်အတိုင်း စီရင်တဲ့ ဆေးဝါးအင်းအိုင်များနဲ့ စုန်းတိုက်၊ နတ်တိုက်၊ ကြိုက်သလို တစ်ဖက်သားဒုက္ခရောက်အောင် ညှင်းဆဲ နှိပ်စက်နိုင်တယ်၊ အောက်လမ်းပညာသည်တစ်ဦးဟာ သူ့အိမ်ထဲမှာ သူကောင်း ကောင်းနေတဲ့ လူကောင်းတစ်ဦးတစ်ယောက်ကို အဝေးကနေပြီးလည်း အပင်း သွင်းနိုင်တယ်၊ အနီးကပ်ပြီးလည်း အပင်းသွင်းနိုင်တယ်၊ သူတို့သွင်းလိုက်တဲ့ အပင်းတုံးကြီးဟာ ဘယ်လောက်ပဲကြီးတဲ့ သွေးရဲရဲ သံရဲရဲ အသားတုံးကြီး ဖြစ်ပေစေ သူတို့လက်ဝါးပေါ်တင်ပြီး မန်းမှုတ်ပွတ်ခြေလိုက်ရင် တဖြည်းဖြည်း သေးငယ်ရာက လုံးလုံးပျောက်သွားပြီး ဟိုတစ်ဦးရဲ့ ဝမ်းထဲကို တစ်နည်းနည်းနဲ့ ဝင်သွားတာပဲ အဲဒီလိုအပင်းဝင်သွားပြီဆိုရင် ဒီလူကိုသူတို့ စီရင်ချင်သလို လက်ခုပ်ထဲက ရေဖြစ်သွားတာပဲ၊ ရူးအောင်လည်းတတ်နိုင်တယ်၊ သေအောင် လည်း တတ်နိုင်တယ်၊ အလိုလိုနေရင်း ငိုအောင်၊ ရယ်အောင် ထိတ်လန့် တုန်လှုပ်အောင် တတ်နိုင်တယ်၊ လူတစ်ဦးကို အမုန်းတိုက်နိုင်တယ်၊ ချစ်အောင်

လည်း တိုက်နိုင်တယ်၊ အင်မတန်ကျယ်ဝန်းတာပဲ စောခွန်မြတ်ရဲ့ အောက်လမ်းပညာရပ်ရဲ့ အံ့ဖွယ်သရဲတွေကို ပြောရမယ်ဆိုရင်ကုန်နိုင် ဖွယ်ရာမရှိပါဘူး၊ သေသွားတဲ့ လူတစ်ဦးရဲ့ ဝိညာဉ်ကိုလည်း သူတို့လက်ထဲမှာ ဖမ်းဆီးချုပ်နှောင်ထားနိုင်တယ် လူသေအလောင်းကြီး ငုတ်တုတ်ထထိုင်စေနိုင်တဲ့ နည်းတွေလည်း အသီးသီးရှိကြတယ်"

"ဒီလိုဆိုရင် အင်မတန်အဖိုးတန်တဲ့ ပညာမျိုးပေါ့ ဆရာလေးရဲ့ အနောက်နိုင်ငံမှာ ထူးထူးထွေထွေအမြဲကြံစည်နေတဲ့ လောကဓာတ်ပညာဆရာကြီးများဟာ သဘာဝဓမ္မတွေကို အခြေကျကျစုံစမ်းပြီး လူမသေနိုင်တဲ့နည်း လူသေကို ပြန်ရှင်အောင် ပြုပြင်ယူတဲ့နည်းတွေ ပကတိလူတစ်ဦးတစ်ယောက် ဖြစ်လာနိုင်တဲ့နည်းမျိုးတွေကို မနေမနားကြိုးစားကြံစည် နေခဲ့ကြတာတောင် မအောင်မြင်နိုင်ဘဲ ခုထက်ထိအမျိုးမျိုးသော ဆေးဝါးကိရိယာတွေ၊ လျှပ်စစ်ဓာတ်တွေ၊ အကြံဉာဏ်တွေသုံးပြီး လုံးပမ်းကြံစည်ကြဆဲဖြစ်တယ်၊ အခု ဆရာကလေး ပြောသလိုဖြင့် အဲဒီ လောကဓာတ်ဆရာကြီးများကပဲ အောက်လမ်းပညာသည်များကိုသာ အားထားပြီး နိဿရည်းယူရတော့မလိုဖြစ်နေပြီ ဒီအတိုင်းမှန်ရင် အောက်လမ်းပညာဟာ ကမ္ဘာသုံးအဖိုးတန်ပညာတစ်ရပ်မဖြစ်ထိုက်ဘူးလား ဆရာလေးရဲ့"

"ကျုပ်လည်း အင်္ဂလိပ်စာတတ်တစ်ယောက်မို့ စောခွန်မြတ်ပြောတဲ့ လောကဓာတ်ဆရာကြီးများအကြောင်း ကြားဖူးဖတ်ဖူးပါတယ်၊ သဘောချင်းတူသလိုလိုရှိပေတဲ့ စင်စစ်လောကဓာတ်ဆရာကြီးများက သဘာဝဓမ္မကိုလိုက်ပြီး လောကဓာတ်နည်းနဲ့ ပြုပြင်တဲ့စနစ်ကို အသုံးပြုကြတယ်၊ ကျုပ်တို့မြန်မာပြည်က လောကီအောက်လမ်းပညာများကတော့ အနောက်နိုင်ငံစနစ်လိုဖန်ဘူး၊ ဖန်ပြွန်အမျိုးမျိုး၊ လျှပ်စစ်ဓာတ်အမျိုးမျိုး၊ မိုးကြိုးဓာတ်အသွယ်သွယ်၊ ဖွယ်ဖွယ်ရာရာရှုပ်ရှုပ်ထွေးထွေးနဲ့ ကိရိယာတန်ဆာမကျယ်ဝန်းဘူး၊ ဂါထာအင်းအိုင်ဆေးဝါးအဆောင် အနည်းငယ်နှင့် ကိစ္စပြီးစီးနိုင်တယ်။

ကျုပ်တို့အောက်လမ်းဆရာတွေက လူသေကိုထလာအောင် ဖုတ်သွင်းဖို့ရာ မခဲယဉ်းဘူး၊ တစ်ခါတစ်ရံသူ့အလိုအလျောက်ပင် ဝင်နိုင်ရုံမက

ပကတိလူကောင်းတစ်ဦးနဲ့ နဖူးစာဆုံပြီး သားသမီးများတောင်ရတတ်သေးတယ် စောခွန်မြတ်ရဲ့။ အနောက်နိုင်ငံသားတွေဟာ လျှပ်စစ် ဓာတ်ပညာနဲ့ လူတစ်ဦး တစ်ယောက်ကို ကိုယ်ဖျောက်အောင် ဖျောက်နိုင်သလို ကျုပ်တို့မြန်မာ အောက်လမ်းပညာသည် လောကီပညာသည်တွေကလည်း ကိုယ်ဖျောက်နိုင် ကြတာပဲ၊ အနောက်နိုင်ငံစနစ်ကမှ လျှပ်စစ်ဓာတ်မပါရင်မဖြစ်လို့ ခဲယဉ်း ပါသေးတယ်။ ကျုပ်တို့ဆီကတော့ ကိုယ်ပျောက်တဲ့ ဆေးကလေးတစ်ခွက်ကို နဖူးမှာတို့လိုက်ရုံနဲ့ တစ်ခါတည်းကိစ္စပြီးသွားတာပဲ။

ရှေးကဗားမဲ့ဆရာတော်တို့ ဗားတမော့ဆရာတော်တို့ဆိုတာ လောကီ ဆေးဝါးဘက်တွင် တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူကြတယ်။ ဗားမဲ့ဆရာတော်ကြီးဟာ လောကီနည်းအရ ကိုယ်ပျောက်တဲ့ ဆေးတစ်ခုကို စမ်းသပ်ဖော်စပ်ရာမှာ ဆေးစွမ်း မစွမ်း သိလိုတာနဲ့ တပည့်ကိုရင်ကလေး တစ်ပါးကို ခေါ်ပြီး . . .

"ငါ့ကိုယ်ပျောက်ဆေးစွမ်း, မစွမ်း စမ်းသပ်လိုတယ်။ ဟောဒီ ဆေးကို ငါ့တပည့်ကလေးရဲ့ နဖူးမှာ မှန်ကူသားပေးလိုက်မယ် ဘုရင်မင်းတရားကြီးရဲ့ ပွဲတော်အုပ်ကို ခိုးစားချေ"

လို့ စေတော်မူလိုက်သတဲ့။ ကိုရင်ငယ်ကလေးလည်း နန်းတော်ထဲ ရောက်လာပြီး ဘုရင်မင်းကြီးဖို့ ပြင်ဆင်ထားတဲ့ ပွဲတော်အုပ်ကို ပလုပ်ပလွေး စားသောက်ပြီး ပြန်လာသော်လည်း ကိုယ်ပျောက်နေတဲ့အတွက် နန်းတော် ပေါ်က အစောင့်အကြပ်များ မတွေ့မြင်နိုင်ဘဲ၊ ဆရာတော်ကြီးထံ ချောမောစွာ ပြန်ရောက်လာတယ်။ ဒီတော့မှ ငါ့ဆေးအတော် စွမ်းသားပဲဆိုပြီး၊ ဆေးခွက် ကလေးကို အမှတ်မဲ့ အင်ပျဉ်အောက် ထိုးထားလိုက်တယ်။ ဒါပေမယ့် ကိုရင် ကလေးမှာ အင်မတန်မွှန်မြတ်တဲ့ မင်းထိုက် စိုးတန်ပွဲတော်စာတွေ စားလာရ တော့ လျှာလည်ပြီး "ကောင်းမှန်းသိသာအိတစိုစို"ဆိုတဲ့ စကားလို နေ့တိုင်း နေ့တိုင်း ဆေးခွက်လေးနားသွားပြီး နဖူးကို ဆေးတစ်စက်တစ်စက် တိတ် တဆိတ်တို့ပြီး မင်းကြီးပွဲတော်အုပ်ကို သွားသွားစားနေတာနဲ့၊ ဘုရင်ကြီးဟာ ကြာတော့. . .

"အင်း . . ငါလည်းမနှိုက်ရသေးဘဲနဲ့ ပွဲတော်စာတွေ ဘယ်ပျောက် ပျောက် ကုန်ပါလိမ့်မလဲလို့ မနည်းကြီး အံ့ဩမိပြီး တစ်နေ့လည်းမဟုတ် နေ့စဉ်ဒီနည်းနဲ့ချည်း ခံခံနေရတာနဲ့ ကြာတော့မဖြစ်ချေဘူး။ ဆရာတော်ကြီး လျှောက်ကြည့်ဦးမှပဲလို့ ဗားမဲ့ဆရာတော်ကြီး နန်းတော်ကြွလာတဲ့အခါ ထူးဆန်း တဲ့ အဖြစ်အပျက်များ လျှောက်ထားသတဲ့ ဆရာတော်ကြီးမှာ လျှာလည်နေတဲ့ ကိုရင်သာအိကလေး လက်ချက်ပဲလို့ ရိပ်မိပြီး ပြုံးမိတယ်တဲ့၊ နောက်ပြီးမှ. . .

"ဒကာတော် ရေမြေ့ရှင် ပွဲတော်ဟင်းများကို ငရုတ်သီးစပ်စပ် ထည့် ခတ်ထားပါစေ၊ ခိုးစားသူကို မိပါစေမယ်၊ သို့သော် ထိုသူကို ရာဇဝတ်အပြစ်မှ ချမ်းသာပေး၍ အေးချမ်းစွာလွှတ်လိုက်ပါဘိ"

လို့ အမိန့်ရှိတာနဲ့ နောက်တစ်နေ့ကစပြီး၊ စားတော်ကဲက ပွဲတော် အုပ်ကို ငရုတ်သီးစပ်စပ်စီရင်ထားပါရော၊ ကိုရင်သာအိလေးလည်း စားချိန် ကျတာနဲ့ရောက်လာပြီး ပလုပ်ပဖြီးလွေးလိုက်တာ ငရုတ်သီးစပ်တာနဲ့ ချွေးတွေ သံတွေထွက်လာလို့ နဖူးပေါ်မှ ရွှဲနေတဲ့ချွေးများကို လက်ဝါးနဲ့အသုတ်လိုက်မှာ ကိုယ်ပျောက်ဆေးပျက်ပြီး ငုတ်တုတ်ကြီးပေါ်လာပါရော အားလုံးက ကိုရင် ငယ်ကလေးကို အံ့ဩစွာကြည့်ပြီး အကျိုးအကြောင်းမေးလို့ ဆရာတော်ကြီးရဲ့ တပည့်ကိုရင်ကလေးကို ချမ်းသာခွင့်ပေးပြီး လွှတ်လိုက်တယ်။ ဘယ်လောက် လွယ်ကူသလဲ . . .

သို့သော်လည်း စောခွန်မြတ်ပြောတဲ့ အနောက်နိုင်ငံက ကိုယ်ပျောက် အောင် လုပ်တဲ့နည်းနဲ့ ကျုပ်တို့မြန်မာများရဲ့ လောကီပညာအရ ကိုယ်ပျောက် စေနိုင်တဲ့ ဆေးနည်းများဟာ နည်းစနစ်ချင်း နည်းနည်းမှ အကျုံးမဝင်ဘူး၊ တစ်လမ်းစီဖြစ်နေတယ်။ စောခွန်မြတ်က အင်္ဂလိပ်စာတတ်မို့ လောကဓာတ် ပညာကိုသာ ပိုပြီးယုံမယ်၊ ဆရာလေးပြောတဲ့ လောကီအောက်လမ်းပညာက ဒီလိုဖြစ်နိုင်တာကို ကိုယ်တွေ့မဟုတ်လို့ ဖြုန်းခနဲ ယုံကြည်နိုင်မယ် မဟုတ်ဘူး။ သို့သော် ယုံကြည်လောက်တဲ့ ကိုယ်တွေ့အဖြစ်အပျက်နဲ့ မကြာမီကြုံရတော့မှာ မို့ ဆရာလေးကကြိုးစားပြီး လက်တွေ့မျက်မြင်ပြပေးခဲ့ရဦးမှာပေါ့"

"ဩော် . . ဒါဖြင့် ဆရာလေး ဒီပညာတွေ တတ်တယ်ဆိုပါတော့ ဒီလိုဆိုရင် ခပ်မြန်မြန်ကလေး ကြည့်ပါရစေ၊ ကျွန်တော်က အယူသန်တာလည်း မဟုတ်ပါဘူး။ မျက်မြင်ကိုယ်တွေ့မဟုတ်ရင် သိပ်ပြီးယုံကြည်ချင်တဲ့ စိတ်မရှိလို့ပါ"

"သိရပါစေမယ် စောခွန်မြတ်ရယ်၊ ဒါပေမဲ့ ဒီလိုအောက်လမ်းပညာကို ဆရာလေးတို့က မလိုက်စားဘူး တတ်လည်းမတတ်ဘူး။ မတတ်ပေတဲ့ အထက်လမ်းဆရာဖြစ်နေလို့ အဲဒီအောက်လမ်းပညာသည်များကို အမြဲလွှမ်းမိုးဖျက်ဆီးနိုင်တဲ့ သတ္တိရှိတယ်။ သာမန်လူများကို သူတို့ပညာနဲ့ နှိပ်စက်ထားတာကို ဆရာလေးတို့ အထက်လမ်းသမားက ကယ်ဆယ်စောင့်ရှောက်နိုင်တယ်၊ ဒီလို သူတို့အလုပ်ကို ဆရားလေးတို့က ဝင်ပြီး နှောင့်ယှက်ဖျက်ဆီးပကောလို့ သူတို့က ဆရာလေးတို့ အထက်လမ်းဆရာများကို ရန်ငြိုးထားပြီး မစော်ကားဝံ့ဘူး၊ တကယ်လို့ တစ်ယောက်နဲ့တစ်ယောက် ရင်ဆိုင်တွေ့နေသည်တိုင်အောင် သူတို့က ပုန်းရှောင်အောက်ကျို့သွားရတယ်၊ ဆရာလေးတို့ကလည်း သူတို့ကို နိုင်တိုင်း မညှင်းဆဲရဘူး။ အထူးစောင့်ရှောက်ငဲ့ညှာသစ္စာတည်ရတယ်"

"သူတို့က အထက်လမ်းဆရာမှန်းမသိရင် သို့မဟုတ် ဆရာလေးတို့က သူတို့ကိုအောက်လမ်းပညာသည်မှန်း မသိရကြရင် တစ်ယောက်ကို တစ်ယောက် ဘယ်လိုရှောင်ကြမလဲ"

ဟာ . . သိတာပေါ့ စောခွန်မြတ်ရဲ့ အောက်လမ်းပညာသည်မှန်ရင် ယုတ်စွအဆုံးအိမ့်ဒလိမ့် စုန်း, ဝမ်းတွင်းစုန်းကစပြီး ဆယ့်နှစ်ကြိုးစီးတဲ့ ကဝေ, ဇော်ကနီအထိ အထက်လမ်းဆရာမှန်းသိပြီး ကြမ်းတစ်ပြေးထဲတောင် မထိုင်ဝံ့ဘူး။ နို့ပြီး သူတို့မျက်စိသူငယ်အိမ်ဟာ ဇောက်ထိုးနေတဲ့အတွက် လူရိပ်ထင်တဲ့အခါ သူတို့သူငယ်အိမ်ထဲမှာ ဇောက်ထိုးပေါ်နေတာကြီးက ထင်ရှားနေတော့ လူသိမှာစိုးတဲ့အတွက် သာမန်လူများနဲ့ပင် နီးနီးကပ်ကပ်မျက်လုံးချင်းဆိုင်ကြည့်လေ့မရှိကြဘူး။

သူတို့က ဦးအောင် မျက်နှာလွှဲလွှဲပစ်တတ်တယ် . . .

ကျုပ်တို့အထက်လမ်းဆရာများကတော့ ပညာသည် စုန်းကဝေများကို အဝေးကမြင်ရုံနဲ့ သိနိုင်တဲ့သတ္တိရှိတယ်၊ သူတို့မှာ ပညာအနု၊ အရင့်လိုက်လို့ ထိပ်မှာအမောက်ကြီး အမောက်ငယ်ကလေးများ အမြဲပေါ်နေတာကို သာမန်လူတွေက မမြင်နိုင်ပေမယ့် ကျုပ်တို့လိုအထက် လမ်းဆရာတွေကတော့ မမြင်ချင်လို့တောင် မနေရဘူး။ တွေ့မြင်နေရတော့ ဘယ်သူဟာစုန်း၊ ကဝေလို့ မသိတဲ့တခြားလူများကို မပြောရဘူး။ သစ္စာစောင့်သိရတယ်"

"နို့ ဆရာလေးတို့လို အထက်လမ်းဆရာမှန်သမျှကို သူတို့က ကြောက်ရတာပေါ့"

"ဒီလိုလည်း တစ်ထစ်ချ မယူဆနဲ့ အထက်လမ်းဆရာဆိုတိုင်းလည်း မနိုင်နိုင်ဘူး၊ ပရိယေသနအတွက် နည်းနည်းကို များများတတ်ကျွမ်း လေဟန်ဟိတ်ထုတ်နေတဲ့ အထက်လမ်းဆရာယောင်တွေလည်း ရှိသေးတယ်၊ နို့ပြီး စည်းကမ်းစနစ်မကျတဲ့ဆရာတွေ သစ္စာနည်းတဲ့ ဆရာတွေ ကိုယ်ကျင့်တရား ချို့ယွင်းပျက်ပြားဖူးတဲ့ဆရာတွေ ပညာနုနယ်တဲ့ဆရာတွေနဲ့ကျတော့၊ သူတို့က အရေးသာပြီး အကြီးအကျယ် လွှမ်းမိုးသွားပြန်ရော"

ဩော် တယ်လဲဖယားရှုပ်ပါကလား၊ ဒါပေတဲ့ဆရာလေး ပြောသလိုဖြင့် သူတို့အောက်လမ်းပညာတွေဟာ အတော်လည်းထူးဆန်း အံ့ဩစရာကောင်းပြီး ကြောက်ရွံ့ဖို့လည်း တစ်နည်းအားဖြင့် ကောင်းတယ်နော်"

"အင်း ထူးဆန်းတာတွေကို စောခွန်မြတ် မကြာခင်မြင်ရပါလိမ့်မယ်၊ ဒီဟော်ထဲမှာ ထူးဆန်းတဲ့ကိစ္စတစ်ခုကို ဆောင်ရွက်ပေးရမယ့်တာဝန် ဆရာကလေးမှာရှိနေပြီ၊ ဒီတော့မှ စောခွန်မြတ် ယုံကြည်နိုင်ဖို့အကွက်ဆိုက်လာပါလိမ့်မယ်"

"ကျေးဇူးပါပဲဆရာလေးရယ် . . ဒါနဲ့ ခမည်းတော်ကြီးတော့ စိတ်ချရပြီနော်"

"ဟုတ်ကဲ့-တော်ကြီးအတွက်ဖြင့် စိုးရိမ်စရာမရှိပါဘူး စိတ်ချရပါပြီ၊ သို့သော်လည်း ဒီဟော်တွင်းမှာ မရှင်းလင်းတဲ့ အရှုပ်မီးပွားကလေးများ ရှိနေ

သေးတဲ့အတွက် ဒီအတိုင်းသာထားရင် မီးပွားကလေးက တစ်စတစ်စ မီးတောက်ကြီးဖြစ်ပြီး၊ ဟော်ကြီးတစ်ခုလုံးကို လောင်ကျွမ်းသွားမှာ စိုးရိမ်ရတယ်"

"လုပ်စမ်းပါဦး ဆရာလေးရယ် ကျွန်တော်လည်း သတ္တိတော့မနည်းပါဘူး။ လူချင်းယှဉ်ရလို့ ရှိရင်တော့ ဘာပဲဖြစ်ဖြစ် စွန့်ဝံ့ပါတယ်၊ ခုလို မအူမလည်နဲ့ အကောင်အထည်မမြင်ရတဲ့ကိစ္စမျိုးမှာဆိုတော့ ဘာမလုပ်တတ်ညာမလုပ်တတ်နဲ့"

"ဒါနဲ့ ဆရာလေး တစ်ခုမေးစမ်းပါရစေ၊ စောခွန်မြတ်ရဲ့ နောင်တော်သုံးပါး သေဆုံးရတဲ့အခါ စောခွန်မြတ် ဒီဟော်မှာရှိသလား"

"မရှိဘူးဆရာလေးရဲ့ ကျွန်တော်က ငယ်ငယ်ကထဲက အင်္ဂလန်ရောက်နေတာပဲ"

"နောင်တော်များမှာ သားသမီးများ ကျန်ရစ်သေးသလား"

"မကျန်ပါဘူး၊ နောင်တော်အကြီးဆုံးမှာတော့ စောမြကြည်ဆိုတဲ့ ကြင်ယာတော်တစ်ပါး ကျန်ရစ်တယ်။ သားသမီးတော့ တစ်ယောက်မှမရှိဘူး။ အဲဒီ စောမြကြည်ဆိုတာလည်း တောင်ပိုင်းက စော်ဘွားတစ်ဦးရဲ့ သမီးတော်ပါပဲ။ နောင်တော်မရှိတဲ့နောက် ခမည်းတော်က သူ့ချွေးမတော်ကို အရေးတယူ မြှောက်စားတော်မူထားပါတယ်။ ဒါပေမဲ့ စောမြကြည်ဟာ နောင်တော်အတွက် စိတ္တဇနာကျပြီး မကြာမီပဲ သေဆုံးရှာတယ်။ သူ့ခမျာ နောင်တော်ကြီးကို အင်မတန်ချစ်ရှာတယ်။ နောင်တော်ကြီးရဲ့အလိုကိုလိုက်ပြီး၊ အကြိုက်ကို အမျိုးမျိုးပြုစုရှာသတဲ့ နောင်တော်ကြီးကတော့ သူချစ်သလောက် မချစ်သလို လိုပြောကြတယ်။ အရွယ်ကလည်း ထက်တုံး၊ မြက်တုံးအရွယ်၊ စော်ဘွားသားကျမိုင်းလည်းဖြစ်နေပြန် အပျော်အပါး၊ အသောက်အစားတွေ တစ်ဖက်ဆိုတော့ စောမြကြည်ရဲ့ အချစ်နဲ့ညီမျှအောင်မလိုက်နိုင်ဘဲ၊ အသောက်အစား အပျော်အပါးဘက် ပါသွားတာထင်ပါရဲ့၊ စင်စစ်မချစ်ဘူးလည်း မဟုတ်ပါဘူး။ သေခါနီးတော့ ပါးစပ်က 'စောမြကြည်ရေ မောင်တော်မှားပြီစောမြကြည်ရဲ့'နဲ့ မြည်တမ်းရင်း သေသွားရှာတယ်တဲ့"

"နေစမ်းပါဦး၊ အဲဒီနောင်တော်ကြီးဟာ တောထဲမှာတောလယ်ရင်း သေရတယ်ဆို"

"ဟုတ်ပါတယ်၊ နောင်တော်ကြီးရဲ့ဝါသနာက မကြာမကြာ တောလယ်ပြီး တောဝက်ကြီးများ၊ တောကျွဲကြီးများကိုတွေ့ရင် သေနတ်နဲ့ ပစ်သတ်တဲ့ဝါသနာဗရှိဘဲ ဒလကြမ်းမြင်းစီးလိုက်သွားပြီး လက်ထဲက မိုးနဲလှံကြီးနဲ့ အသေထိုးသတ်ရမှ ကျေနပ်ပါတယ်။ သူ့မြင်းများဟာ ဝက်ပက်တဲ့ဒဏ်ရာ၊ ကျွဲဝှေ့တဲ့ဒဏ်ရာတွေနဲ့ သေရတာအတော်များတယ်။ မသေဘဲအကျိုး အပဲ့ဖြစ်နေတာတွေလည်း အပုံပါပဲ၊ သူသေရတာလည်း တောလိုက်သွားရင်း အတော်ကြီးတဲ့ဝက်ကြီးကို မြင်းစီးပြီး လှံနဲ့လိုက် အထိုးမှာ ဝက်ကကြောက်အားနဲ့ ခုခံပြီး လှန်ပက်လိုက်တော့ မြင်းကို ပက်မိပြီး၊ မြင်းကြီးလက်ထောက်လဲလို့ နောင်တော်လည်း ရှေ့အားလွန်အကျ၊ လက်ကလှံကြီးနဲ့ ဝက်ကို တအား ထိုးလိုက်တုန်း ဝက်ကလည်း သွေးရူးသွေးတန်းနဲ့ ပြန်ပက်လိုက်တော့ ချက်ကောင်းထိပြီး သေရတာပါပဲ"

"အင်း . . တော်တော်ရဲစွမ်းသတ္တိရှိတဲ့လူပေါ့နော် နို့ နောင်တော် အငယ်နှစ်ယောက်မှာကော သားသမီးကျန်ရစ်သေးသလား"

"ဟာ . . သူတို့နှစ်ယောက်က လူပျိုတွေပါ"

"အော် . . ဒါနဲ့ စကားမစပ် ဒီနှစ်ဘုရားပွဲနဲ့၊ ပတ္တမြားပွဲဖြစ်ဖို့ နီးပြီလား"

"ဟာ . . နီးပါပြီ၊ ခုနေတဲ့တွေ ဘာတွေ ထိုးပြီးကုန်ပြီ၊ ဆယ့်ငါးရက်လောက် လိုတော့တယ်။ အဝေးက ဈေးသည်တွေဖြင့် မြို့ထဲမှာ အတော်ပြည့်နေပြီ"

"ကိုင်း ကိုင်း ဒါလောက်သိရရင် တော်ပါပြီ၊ ဒီနေ့ည လူခြေတိတ်မှာ စောခွန်မြတ် ကျုပ်တို့အခန်းကို ကူးလာခဲ့ပါ"

"ဘာကိစ္စလဲဆရာလေးရဲ့"

"အို . . စောခွန်မြတ် မျက်မြင်ဖြစ်အောင် ပြချင်လို့ပါ၊ ကျုပ်တို့ ဘာသာ လုပ်သွားရင်လည်း ပြီးတာပါပဲ၊ သို့ပေမဲ့ ဘာမဆိုကိုယ်တိုင် တွေ့မြင်

ရမှ ယုံကြည်နိုင်မယ်ဆိုတဲ့ စောခွန်မြတ်ရဲ့ ဇွဲကိုချတ်ချင်တာတစ်ကြောင်း ဒီပညာမျိုးဟာ ဒီအထိစွမ်းပါကလားဆိုတာ သိစေချင်တာတစ်ကြောင်း. . . "

"ဟာ လာမှာပေါ့ဆရာလေးရယ်၊ သိပ်မြင်ချင်တာကပဲ"

* * *

ကျွန်တော်သည် ထိုနေ့ည အလုပ်ကိုစတင်လုပ်ကိုင်ရတော့မည် ဖြစ်သဖြင့် ကျေးဇူးရှင်ဆရာကြီးမှထားသင်ကြားသောအမိန့်များကို နာခံကာ ထိုနေ့ညအဖို့ အသုံးပြုရန် လက်နက်ကိရိယာတည်းဟူသော ဒိဗ္ဗစက္ခုအင်းတော်ကြီးနှင့် လက်ဖွဲ့ကျော် ဂ္ဂစ္ဆာသယဆေးကြိမ်များကို အသင့်ပြင်ဆင်ထားလျက်၊ အထက်ဆရာကြီးများနှင့် အနန္တငါးပါးတို့ကို ကန်တော့ပွဲနှင့် ကန်တော့၍၊ အထက်နတ်ကြီးများကို အမိန့်ပြန်ပြီးလျှင် အင်းနှင့်လက်ဖွဲ့ဆေးကြိမ်တို့ကို သိဒ္ဓိတင်ကာ ဂါထာများကျူးနေခြင်းဖြင့် အချိန်ကုန်လျက် တစ်စတစ်စ ညဉ့်နက်လာပြီး ဟော်ကြီးတစ်ခုလုံးလည်း တိတ်ဆိတ်၍လာလေ၏။

ကျေးဇူးရှင်ဆရာကြီးကား အစစအရာရာ ကျွန်တော့်အား မှာကြားပြီးဖြစ်သဖြင့် ထုံးစံအတိုင်း ဘုရားခန်းသို့ဝင်ပြီး အပါးတွင် အမိဋ္ဌာန်ပုတီးစိပ်နေပြီးဖြစ်၍ ကျွန်တော်၏အနီးအပါးတွင် တပည့်ငယ် ကလေးနှစ်ယောက်မှတစ်ပါး အခြားသူမရှိဖြစ်လေ၏။

အချိန်လည်း တစ်စတစ်စ တိတ်ဆိတ်ညဉ့်နက်လာခဲ့လေရာ ကျွန်တော်လည်း စောခွန်မြတ်လာချိန်ကိုသာ ငံ့မျှော်နေရပေ၏။ သို့နှင့် တစ်ခဏမျှကြာလျှင်ပင် ကျွန်တော်တို့နေသော အဆောင်တံခါးကို ဖြည်းညင်းစွာ တွန်းဖွင့်လျက် ခြေသံမကြားအောင်ဝင်လာသော စောခွန်မြတ်ကို တွေ့မြင်ရလေလျှင် ကျွန်တော်ကတီးတိုးလေသံနှင့် . . .

"စောခွန်မြတ် ရောက်လာပြီလား၊ ကျုပ်မျှော်နေတာ အတော်ကြာပြီ၊ ကိုင်း . . အဆင်သင့်ပဲ ထွက်ကြစို့ ဒါနဲ့ စောခွန်မြတ်လာတုန်းက ဟော်ပေါ်မှာရှိတဲ့လူတွေအားလုံး အိပ်ပျော်နေကြပြီနော်"

"ဟုတ်ကဲ့ . . အားလုံးပဲ အတုံးအရုံးအိပ်မောကျနေကုန်ကြပြီ၊ ကျွန်

တော်တောင် ဒီနေ့များ အားကြီးအိပ်ချင်တာပဲ ဆရာလေးဆီ လာချင်တဲ့ ဇွဲကြောင့်သာ မနည်းကြိုးစားပြီး အောင့်ရတယ်"

"ကဲ . . ကဲ . . ဒါဖြင့်လာ သွားကြစို့ ဟေ့ . . တပည့်တို့ မင်းတို့ ခြေသံ မကြားရစေနဲ့နော် ကိုင်း . . စောခွန်မြတ်က ဘဏ္ဍာတိုက်ရှိတဲ့နေရာကို ရှေ့ကလမ်းပြသွားပေတော့ ဒါနဲ့ ဘဏ္ဍာခန်းမှာ မီးထွန်းထားရဲ့လား"

"ထွန်းပါတယ်။ ထွန်းတာမှ ဒိုင်နမိုနဲ့ အားပေးပြီး တစ်ညလုံး မီးအလင်းထွန်းစေတယ်။ ဒီဘဏ္ဍာတိုက်ဟာ အစကဒီနေရာမဟုတ်ဘူး ဆရာလေးရဲ့ ခမည်းတော်အဆောင်နဲ့ကပ်ရက် အုတ်တိုက်နဲ့ ပြုလုပ်ထားတယ်။ အခုဟာက ရတနာပစ္စည်းတွေ အပျောက်အရှများလာတာနဲ့ တမင်တကာ မြေတိုက်လုပ်ပြီး ပစ္စည်းထားတဲ့ မီးခံသေတ္တာကြီးတွေကို သံတိုင်တွေ တစ်ထပ်ကာပြီး သံလှောင်အိမ်ကြီးလို လုပ်ထားတယ်။ ဘယ်သူခိုးလာလာ တွေ့မြင်နိုင်အောင် မီးအလင်းထွန်းထားပြီး မြေတိုက်ကြီးကို ဆင်းတဲ့လှေကားထိပ်မှာ အစောင့်အရှောက်တွေ ဝိုင်းနေစေပါတယ်။ လူမပြောနဲ့ ပိုးဟပ်ကလေး၊ အိမ်မြှောင်ကလေးများ ဘဏ္ဍာခန်းအနီး ရောက်လာတာတောင် ထင်ထင်ရှားရှားကြီး တွေ့မြင်နိုင်တာကလား။ အဲဒါတောင် တစ်နေ့ကို အနည်းဆုံး အဖိုးတန်ပတ္တမြားကျောက်ကောင်းတွေထဲက နှစ်လုံးလျော့ သုံးလုံးလျော့ အမြဲလျော့လျော့သွားတယ်။ ဘယ်လိုအစွမ်းနဲ့ ယူတယ်ဆိုတာ မတွေးတတ်အောင် ဖြစ်နေတာပဲ"

"အဲလေ . . နောက်တော့ ဘယ်လိုအစွမ်းရှိတဲ့သူခိုးမျိုးဆိုတာ စောခွန်မြတ်သိလာမှာပေါ့ ဆရာလေးပြပါမယ်။ မြေတိုက်ထဲသာ ရောက်အောင်သွားပါ"

စောခွန်မြတ်သည် ဟော်ကြီးအတွင်းရှိ အခန်းအဆောင်များကို တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ရှေ့ကသွား၍၊ ကျွန်တော်တို့လည်း ၎င်း၏နောက်မှ အစဉ်တစိုက် လိုက်ခဲ့ရလေ၏။ ဟော်ကြီးမှာ သဘောရှိ ထင်တိုင်း ဆောက်လုပ်ထားသောကြောင့် များလှစွာသော အဆောင်အခန်းများကို မင်းသုံး

မင်းဆောင်တို့နှင့် ခမ်းနားတင့်တယ်စွာ ချယ်လှယ်ပြင်ဆင်ထားသည်များကို တွေ့ခဲ့ရပြီးလျှင် နောက်ဆုံးတွင်တစ်ခုသော အခန်းမကြီးအတွင်းသို့ ရောက်သွားကြပြီး အလှည့်ကျမိုးလင်းသည့်တိုင်အောင် စောင့်ရှောက်နေရသော ရှမ်းတိုင်းရင်းသားအမှုထမ်းများ ခန်းလုံးပြည့်မျှတွေ့မြင်ရပြီးလျှင် အချို့မှာ အလှည့်အချိန်တိုင်မရောက်သေးသဖြင့် ကိုယ့်အိပ်ရာတွင်ကိုယ် အိပ်ပျော်နေကြလျက် အချို့မှာလည်း ဓား၊ လှံ၊ သေနတ်ကြီးများ ကိုယ်စီကိုင်ကာ မြေတိုက်သို့ ဆင်းသော လှေကားဝတွင်ခြံရံလျက် လူးလာခေါက်ပြန် စကြံန်လျှောက်နေကြ၍ အချို့မှာ လှေကားပေါက်မှင့်လျက် အောက်မြေတိုက်ဘက်ရှိ ထိန်ထိန်တောက်သော သံတိုင်ကာဆီးသည့် ဘဏ္ဍာခန်းကြီးကို တစ်စုံတစ်ယောက် ဝင်၊ မဝင်မပြတ်ပင်ကြည့်၍ နေကြသည်ကို တွေ့မြင်ရလေ၏။ စောခွန်မြတ်က

"ကိုင်း ဒီအခန်းပဲဆရာလေး၊ ဒီအစောင့်တွေဟာ အသက်တောင် ပြင်းပြင်းမရှူဝံ့ကြဘူး။ ဟောဒီလှေကားထိပ်ကနေကြည့်ပါ၊ အောက်မြေတိုက် ခန်းကြီး ထိန်ထိန်လင်းနေတာ တွေ့ရဲ့မဟုတ်လား၊ ပစ္စည်းဘဏ္ဍာတွေထားတဲ့ မီးခံသေတ္တာကြီးငါးလုံးကိုလည်း အပြင်က သံတိုင်တွေ တစ်ထပ်ကာရံထားတယ်။ ဘယ်လိုလုပ်ဝင်မလဲ သံတိုင်တံခါးခတ်တဲ့သော့လည်း ခမည်းတော် လက်ထဲမှာ အမြဲသိမ်းထားတော့ မီးခံသေတ္တာကြီးတွေကို ဖွင့်ဖို့မပြောထားနဲ့ သံတိုင်ကာထားတဲ့ အခန်းထဲဝင်ဖို့ကို အများကြီးခဲယဉ်းပါတယ်။ သံတိုင်တွေကလည်း၊ တစ်တိုင်နဲ့တစ်တိုင် တစ်လက်မခွဲ နှစ်လက်မလောက်သာကွာတာမို့ လူမပြောနဲ့ ကြောင်ကလေး၊ ခွေးကလေးများတောင် အင်မတန်ငယ်မှ ဝင်နိုင်ရုံရှိမယ်။ အဲ ဒါလောက်လုံခြုံတာ ဘယ်လိုအစွမ်းနဲ့များ လာယူတယ်မသိဘူး ဆရာလေးရယ်"

ဟု ပြောပြလေရာ၊ ကျွန်တော်လည်း အခန်းကြီး၏ အခြေအနေများကို ကြည့်ပြီးနောက် အောက်ထပ်မြေတိုက်သို့ဆင်းသော အုတ်လှေကားထိပ်၏ ဘေးကျကျနေရာတွင် ထိုင်ကာ . . .

"ကဲ . . ဒီနေရာကပဲ စခန်းချတာပေါ့ စောခွန်မြတ်ရဲ့ အမှုထမ်းများကိုလည်း နည်းနည်းနောက်နားတိုးပြီး စောင့်ပါစေ"

ဟုပြော၏။ စောခွန်မြတ်လည်း၊ အမှုထမ်းဖြစ်သော လူယုံတော်ကြီးများကို လှေကားထိပ်မှသုံးလံကွာလောက်သို့ ရွှေ့၍စောင့်စေလေ၏။ သို့နှင့် ကျွန်တော်တို့လည်း ထိုနေရာတွင်ထိုင်မိ၍ ခဏမျှကြာလျှင်ပင် တစ်ယောက်ကို တစ်ယောက် စကားတစ်လုံးမျှ မပြောကြတော့ဘဲ ကျွန်တော်ကလည်း ထိုအရေးအတွက် စဉ်းစားတွေးတောလျက်ရှိ၍ စောခွန်မြတ်မှာလည်း ကိုယ်တွေ့မျက်မြင်ပြမည်ဆိုသောအရာများကို စိတ်အားထက်သန်စွာ မျှော်လင့်လျက်ရှိကာ တပည့်ငယ်နှစ်ယောက်မှာလည်း စောခွန်မြတ်နည်းတူ တွေ့ကြုံရမည့်အရေးကို မျှော်တွေးစဉ်းစားလျက်ရှိကြသဖြင့် တစ်ယောက်၏ အသက်ရှူသံများကို တစ်ယောက်ကြားရကာ လွန်စွာတိတ်ဆိတ်ငြိမ်သက်နေလေ၏။

ထို့အတွင်း ဟော်အပြင်ဘက်မှ လေပွေကြမ်းကြီး တစ်ချက်ဝှေ့ရမ်းတိုက်လိုက်သဖြင့် ဝီခနဲဟဲလိုက်သော လေသံကြီးတစ်ချက်နှင့် သစ်ပင်၊ သစ်ကိုင်းများ တရှဲရှဲလှုပ်ရှားသံများ အိမ်ခေါင်မိုးသွပ်ပြားများကို လေအားကြောင့် သစ်ကိုင်းများထိမိခိုက်မိခြင်းဖြင့် တဖြင်းဖြင်း တပြုန်းပြုန်း လှုပ်ရှားဆူညံသောအသံများကို ကြားရလေ၏။ ထို့နောက် လေသံများ အတော်ငြိမ်သွားပြီးလျှင် ကျွန်တော်တို့နေသောအခန်းထဲသို့ လေထဲမှ လွင့်စင်ပါလာသည် ထင်ရသောလိပ်ပြာကလေးတစ်ကောင်မှာ အတောင်ကလေးသွက်သွက်ခတ်လျက် ကြမ်းနှင့်တစ်တောင့်ထွာသာသာလောက်တွင် ပျံသန်းလာသည်ကို တွေ့ရပြီး အဆိုပါ လိပ်ပြာကလေး နောက်မှလည်း တစ်လသားမျှလောက်သာရှိဦးမည်ဖြစ်သော ပိန်ချုံ့နွမ်းနှောင်းသည့်၊ ကြောင်နာအနက်ကလေးတစ်ကောင်ပါလာပြီး မွတ်သိပ်ဆာလောင်လှသောလက္ခဏာနှင့် မနိမ့်မမြင့်ပျံလာသော လိပ်ပြာကလေးကို ခုန်၍ခုန်၍ဖမ်းရင်း လှေကားရင်းသို့ ရောက်လာသည်ကို တွေ့ရလေ၏။ အစောင့်တို့သည်လည်းကောင်း ကျွန်တော်တို့နှင့်တကွ စောခွန်မြတ်သည်လည်းကောင်း အရေးမကြီး အကြောင်းမထူးလှသော ကြောင်ငယ်ကလေးကို အရေးမစိုက်သော်လည်း လုံ့လတကြီး ခုန်ဖမ်းတိုင်း လိပ်ပြာကလေးကိုမမိဘဲ တလွဲတချော်ဖြစ်ကာ စားမာန်ထနေသော ကြောင်ပိန်ကလေးကိုမြင်မိသော ကျွန်တော်တို့မှာ ရယ်စရာကောင်းလှသဖြင့် ပြုံးမိကြလေ၏။

လိပ်ပြာကလေးမှာ မျက်စိလည် လမ်းမှားလာရာတွင် ထက်ကြပ်မကွာ ရန်သူပါလာသောကြောင့် တဝဲလည်လည်ပျံသန်းရင်း၊ မြေတိုက်တွင်းသို့ရောက်သွားလျှင် ကြောင်နက်ကလေးမှာလည်း ဒေါကြီးမာန်ကြီးနှင့်ပင် အုတ်လှေကားကဆင်းပြီး လိပ်ပြာကလေးနောက်သို့ တကောက်ကောက်ခုန်အုပ်ရင်း ပါသွားလေ၏။

ကျွန်တော်တို့လည်း တိတ်ဆိတ်ခြောက်ကပ်လှသဖြင့် အခြားအာရုံမရှိ ကြောင်ကလေးသွားရာသို့သာ မျက်လုံးကလိုက်ပါကြည့်မိလျက် ရှိကြလေရာ လိပ်ပြာကလေးမှာ မြေတိုက်ထဲတွင် ကွေ့ကာဝိုက်ကာ အတန်ကြာပျံဝဲလျက် တစ်ချက်တစ်ချက်လည်း ကြောင်နက်ကလေး၏ လက်သည်းကြားတွင် ပါသွားလုနီးနီးဖြစ်ရာမှ တစ်ခဏကြာလျှင် လိပ်ပြာကလေးမှာ သံတိုင်များကာရံထားသော အခန်းထဲသို့ ရောက်သွားပြန်ရာ ကြောင်နက်ကလေးမှာလည်း၊ သံတိုင်အခန်းထဲသို့ တိုးဝင်လိုက်ပါသွားပြီး ယခင်နည်းအတိုင်း လိပ်ပြာကလေးကိုခုတ်ရန် အချက်ကောင်းရွေး၍ နေလေ၏။ သို့နှင့် လိပ်ပြာကလေးကား၊ လိမ္မာပါးနပ်သွားသည့်အလား ခပ်မြင့်မြင့်ပျံရာက မီးခံသေတ္တာကြီးတစ်ခု၏ လက်ကိုင်ခလုပ်ပေါ်တွင်နားပြီး အမောဖြေဘိအလား၊ အတောင်ပံကလေးများကို စုချည်ကားချည် ပြု၍နေလျှင် အောက်တွင်ကျန်ရစ်သော ကြောင်နက်ပိန်ကလေးမှာ မခံချည့်၊ မခံသာ ဖြစ်နေဘိအလား၊ ဆောင့်ဆောင့်ထိုင်ကာ လိပ်ပြာကလေးရှိရာသို့ တမော့မော့ပြုနေရာမှ အတန်ကြာလျှင် အမြင့်သို့တက်ရန် လမ်းစရှာဘိအလား ဟိုပြေး ဒီလွှားနှင့်ရှိရာက နောက်ဆုံးတွင် မီးခံသေတ္တာကြီးများအကြား၌ ပျောက်ကွယ်သွားပြီးလျှင် လိပ်ပြာကလေးမှာလည်း ဘယ်အချိန်ကပျံသွားပြန်သည်မသိ ယခင်နားနေသော နေရာတွင် မတွေ့ရဘဲရှိလေတော့၏။

"ဟော . . လိပ်ပြာကလေးရော ကြောင်ကလေးရော မရှိဘူး။ ဒီကိုမလာဘဲနဲ့ ဘယ်အပေါက်က ထွက်သွားကြသလဲ . . စောခွန်မြတ်၊ မြေတိုက်ထဲမှာ တခြားအပေါက်များ ရှိသေးသလား"

"မရှိဘူးဆရာလေးရဲ့ ထွက်ဖို့အပေါက် မပြောနဲ့ လေဝင်ပေါက်ကလေးတစ်ခုတောင်မထားဘူး။ ဒီလှေကားက ဝင်ပေါက်ကြီးတစ်ခုပဲရှိပါတယ်"

"အဲ ဒါထူးတယ် ဒီကိုလည်းပြန်ထွက်မလာဘဲ ကြောင်ကလေးရော လိပ်ပြာကလေးရော ဘယ်အပေါက်က ထွက်သွားနိုင်သလဲ၊ စောခွန်မြတ် ဟို အစောင့်အမှုထမ်းတွေကို မေးစမ်းပါဦး ဒီကြောင်ကလေးဟာ ဒီဟော်ပေါ်က ကြောင်ကလေးဟုတ်ရဲ့လားလို့"

ဟုပြောလျှင် စောခွန်မြတ်လည်း ရှမ်းအမှုထမ်းကြီး တစ်ယောက်ကို ခေါ်မေးရာ မိမိတို့တော်ကြီးအမိန့်နှင့် ဤအခန်းတွင် စောင့်ရှောက်နေကတည်းက အဆိုပါကြောင်ကလေးကို နေ့စဉ်လိုလို တွေ့မြင်ရသောကြောင့် ဟော်တော်ပေါ်ကမွေးထားသောကြောင်များက ပေါက်ဖွားသည့် ကြောင်ကလေးပင်ဖြစ်မည်ထင်ကြောင်းပြောလျှင် ကျွန်တော်လည်း အနည်းငယ်သက်ာမကင်းလာသည့်အလား စိတ်ဝင်စားစွာ နားထောင်နေသော စောခွန်မြတ်၏မျက်နှာကို ကြည့်ကာ . . .

"ကဲ . . စောခွန်မြတ်၊ ဒီကြောင်ကလေးဟာ ဟော်ပေါ်မှာ မွေးထားတဲ့ကြောင်ဖြစ်စေ၊ တခြားကကြောင်ဖြစ်စေ အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီကြောင်ကလေး ဘယ်အပေါက်က ထွက်ပြေးတယ်ဆိုတာ သိဖို့က အရေးကြီးတယ်မဟုတ်လား"

ဟု ပြောသောကြောင့် စောခွန်မြတ်လည်း ခေါင်းညိတ်ကာ . . .

"ဟုတ်ပါတယ် သို့ပေတဲ့ မြေတိုက်ထဲမှာ တခြားအပေါက် မရှိပါဘူး၊ ထွက်ခြင်းထွက်ရင် ကျွန်တော်တို့ နေရာကသာ ထွက်နိုင်ဖို့ ရှိပါတယ်။ ယခုလို မျက်စိအောက်က ပျောက်ခြင်းမလှ ပျောက်သွားတာကို ဘယ်လိုစဉ်းစားရမှန်း မသိနိုင်အောင်ရှိတော့တာပဲ၊ အရင်ဆရာလေးပြောတဲ့ ဗားမဲ့ဆရာတော် တပည့်ကလေးများလို ဒီကြောင်ကလေး ကိုယ်ပျောက်သွားရော့သလား"

ဟု အတော်စိတ်ရှုပ်ဟန်နှင့် ခေါင်းကိုကုတ်ရင်းပြောလေ၏။ ကျွန်တော်လည်း မူလက အထက်လမ်းပညာနည်းအားဖြင့် ကြောင်ကလေး မရိုးကြောင်းရိပ်မိသော်လည်း အယူသီးသော စောခွန်မြတ် ဦးနှောက်ရှုပ်ပေစေဦးဟု အချိန်မျှောပေးခဲ့ခြင်းဖြစ်ရာ ယခုမှ ထိုကြောင်နက်ကလေးနှင့်

ပတ်သက်၍ စောခွန်မြတ်တွင် အတော်ကလေးဦးနှောက်ရှုပ်ထွေးစပြုပြီဖြစ်သောကြောင့် . . .

"စောခွန်မြတ်ဖြင့် အတော်အတွေးခက်နေပြီ . . ဟုတ်စ"

"ဟုတ်တယ်ဆရာလေး . . အတော်ပဲအတွေးရခက်နေပြီ၊ ဒီကြောင်ကလေးဟာ ရတနာပစ္စည်းတွေ ပျောက်တာနဲ့ ဘယ်လိုများ ဆက်သွယ်နိုင်ပါသလဲ"

"ဆရာလေး မြင်ရသလိုပြန်ပြောရင် စောခွန်မြတ်ယုံချင်မှယုံမယ်၊ ဒီတော့ ဒိဗ္ဗစက္ခုအင်းကိုရွတ်ပြီး အထက်လမ်းပညာနည်းနဲ့ ကြည့်စေရမှာပဲ၊ ကဲ ငါးပါးသီလမြန်မြန်ယူလိုက်စမ်း"

ဟု ပြောလျှင် စောခွန်မြတ်လည်း သိလိုဇောဖြင့် ကျွန်တော်ပြောတိုင်း ငါးပါးသီလယူပြီးသဖြင့် အထက်ဆရာကြီးများ အမိန့်ပြန်ကာ ဒိဗ္ဗစက္ခုအင်းတော်ကြီးကို ရွတ်စေလျက် ဘဏ္ဍာပစ္စည်းများ ထားရာသို့လက်ညိုးညွှန်ပြီး-

"ကိုင်း . . ကိုင်း . . ဟိုကိုကြည့်လိုက်စမ်း၊ ဘာမြင်ရသလဲ၊ စောခွန်မြတ် မြင်ရတာတွေကို ဆရာလေးကိုပြန်ပြော"

ဟု ပြောရာ စောခွန်မြတ်လည်း အင်းတော်ကြီးကို ခေါင်းပေါ် ရွက်ကာ ဘဏ္ဍာတိုက်ရှိရာသို့ စူးစိုက်စွာကြည့်လေ၏။

"ဆရာလေး ကြောင်နက်ကလေးရှိတယ်။ ဟော ပဒပ်ရပ်လိုက်ပြီ အို တဖြည်းဖြည်းကြီးသွားပြီ၊ ဟော ကြောင်နက်ကလေးမဟုတ်တော့ဘူး၊ အဝတ်နက်ကြီးခြုံပြီး လေးဘက်တွားသွားနေတဲ့ လူကြီးပါကလား၊ ကြောက်စရာကြီး သူ့မျက်နှာက ကြောင်ဝံပိုက်မျက်နှာကြီးလိုပဲ မျက်လုံးပြူးပြူးဝိုင်းဝိုင်းကြီး၊ သူ့ပါးစပ်ကြီးကလည်း နှုတ်ခမ်းတွဲတဲ့ ကပ္ပလီပါးစပ်သုံးခုစာလောက်ရှိနေတယ်။ မျက်နှာမှာ အမွှေးအမှင်တွေ အများကြီးပေါက်နေတယ်။ ဆရာလေး သိပ်ထူးဆန်းတာပဲ၊ ဟော ပြောရင်း၊ ဆိုရင်း၊ သံသေတ္တာလက်ကိုင်ပေါ် မှာနားနေတဲ့ လိပ်ပြာကလေးကိုဖမ်းယူပြီး သူ့လက်ဝါးပေါ် တင်ကြည့်နေတယ်။ ဟော လိပ်ပြာကလေးကို ဘာတွေ ပြောနေသလဲမသိဘူး၊ တိုးတိုး တိုးတိုးနဲ့ ပြောနေလိုက်တာ"

ဟု အံ့ဩစွာပြောနေပြီး မျက်လုံးကလည်းမြင်ရသောနေရာသို့ စူးစိုက်စွာ မျက်တောင်မျှ မခတ်နိုင်အောင် ကြည့်နေလေ၏။

"ဆရာလေး ဟာ သိပ်ဆန်းတာပဲ၊ ဟို လူမဲကြီးရဲ့လက်ပေါ်က လိပ်ပြာကလေးဟာ တဖြည်းဖြည်းပျောက်သွားပြီး တစ်ထွာလောက်ရှိတဲ့ မိန်းမအရုပ်ကလေး ဖြစ်သွားပြီ၊ ဟော လှုပ်ရှားနေတယ်၊ အရုပ်မဟုတ်ဘူး အသက်နဲ့ပါကလား၊ လူမဲကြီးပြောတဲ့စကားကို ခေါင်းညိတ်ပြီး နားထောင်နေတယ်။ ဟော ပြောရင်း ဆိုရင်း ငယ်သွားပြီ၊ ဟာ မီးခြစ်ဆံကလေးလောက် ရှိတော့တယ်။ ဟော ဟော လူမဲကြီးက မီးခံသေတ္တာသော့ပေါက်နား ပို့ပေးလိုက်ပြီ၊ အို ပြောရင်း ဆိုရင်း သော့ပေါက်ထဲကို ဝမ်းလျားထိုးပြီး ဝင်သွားပြီ၊ ဟာ ဒီလိုကြည့်နေလို့ မဖြစ်ဘူး၊ ပစ္စည်းတွေ သင်းတို့ ဒီနည်းနဲ့ ယူနေတာကိုး။ ကဲ-ဆရာလေး သေတ္တာသော့ပေါက်ကနေပြီး ပိတ်ဖမ်းမယ်လာ"

ဟု ပြောကာ ခါးကြားကသေနတ်ကိုစမ်း၍ ထမည်ပြုသဖြင့် ကျွန်တော်လည်း စောခွန်မြတ်ကို ဆွဲထားရကာ . . .

"နေပါဦး စောခွန်မြတ်ရဲ့ ဒါလောက်လည်း အရင်မလိုပါနဲ့ ဒီပစ္စည်းတွေ တစ်နေ့ အားလုံးပြန်ရပါစေမယ်။ ခုနှယ် စောခွန်မြတ် သွားဖမ်းလို့ သူခိုးမကလေးကိုမိပေမယ့် ဟိုလူမဲကြီးက ကြည့်နေမယ်မဟုတ်ဘူး၊ စောခွန်မြတ်အသက်ကို သူ့လက်ထဲ ယူသွားလိမ့်မယ်၊ နောက်ထပ် ဘာမြင်ရတယ်ဆိုတာသာ အစအဆုံးကြည့်ပြီး ပြောစမ်းပါဦး"

ဟု ဆိုသည်တွင်မှ စိတ်ကျေနပ်ကာ တွေ့မြင်ရသောအရာများကို စိတ်အားထက်သန်စွာ ဆက်လက်ကြည့်ပြီး . . .

"ဟော . . သော့ပေါက်ထဲကနေပြီး ခလုပ်ကိုနောက်ပြန်လှည့်ပေးနေတယ်ထင်တယ်။ သေတ္တာဖွင့်တဲ့ လက်ကိုင်ကြီး ပြောင်းပြန်လည်ကျသွားတာကို တွေ့လိုက်ရတယ် ဆရာလေးရဲ့ ဟုတ်ပါပြီ၊ မီးခံသေတ္တာတံခါး ပွင့်မှန်းမသိ တဖြည်းဖြည်းပွင့်လာတယ်။ အို အစသပ်တော့ သူခိုးမကလေးက အတွင်းကနေပြီး တဖြည်းဖြည်း တွန်းဖွင့်နေတာကို လက်နှစ်လုံးလောက် ဟလာပြီ၊

ဟော . . လူမဲကြီးက သိပ်မပွင့်စေနဲ့ဆိုတဲ့ အထိမ်းအမှတ်နဲ့ သတိပေးနေတယ်။ အင်း ထွက်လာပြန်ပြီ၊ ဟော . . သော့ပေါက်က လျှိုဝင်သွားတုန်းက ငယ်ငယ်ကလေး ခုထွက်လာတော့ တစ်ထွာလောက်ကြီးနေပါကလား၊ အင်း အင်း ပြန်ဝင်သွားပြန်ပြီ ဘာတွေများယူလာမလဲပဲ"

ဟု စောခွန်မြတ်မှာ ပြောရင်းပြောရင်း အသံကျယ်လာသဖြင့် . . .

"တိုးတိုးပြော စောခွန်မြတ်ရဲ့ အံ့ဩတိုင်းအသံကျယ်ကျယ် လာရင် သိသွားမယ်၊ ခုတော့ သူတို့ကိုယ်ဖျောက်ထားတာ ဒီကလူတွေ မမြင်ဘူးဆိုတဲ့ အနေနဲ့ စိမ်ပြေနပြေခိုးနေကြတာ၊ ကဲ ကဲ ပြောပါဦး ဘာလုပ်နေသလဲ၊ သေတ္တာထဲက ပစ္စည်းတွေဆွဲထုတ်မလာသေးဘူးလား"

"လာပြီ လာပြီ ဆရာလေးရေ့၊ မယ်တော်ဝတ်တဲ့ပတ္တမြား လယ်ကပ်ကြီး မနိုင့်တနိုင်နဲ့ ပွေ့ထွက်လာလိုက်တာ ဟော ဟိုလူမဲကြီး လက်ထဲထည့်လိုက်ပြီ အလို ဘုရားပြန်ဝင်သွားပြန်ပြီ၊ မကုန်မခြင်း သယ်နေတော့မှာ ထင်ပါရဲ့ ဟောဗျ စိန်လက်ကောက်ကြီးတစ်ဖက်ကို သံပွေလှိမ့်သလို လှိမ့်ထုတ်လာပြန်ပြီ ဆရာလေးကြည့်နေတော့မလား ကြာရင်ကုန်တော့မယ်၊ လက်စသပ်တော့ ဒီနည်းနဲ့ တွယ်နေကြတာကိုး"

"နေစမ်းပါစီလေ-သူတို့လိုသလောက်သာယူနေပါစေ၊ ကြိုးရှည်ရှည်နဲ့ လှန်တယ်ဆိုတာဒါမျိုးခေါ်တယ်၊ နောက်ဆုံးတစ်နေ့ သူတို့ယူသရွေ့ ပစ္စည်းတွင်မကပါဘူး တခြားကယူထားတဲ့ပစ္စည်းအဖိုးတန်တွေပါ အပိုရနေဦးမှာတွေ ရှိပါသေးတယ်၊ သူတို့ဟာ တော်ကြီးဘုရား ဝတ်ဆင်ထားတဲ့ ကြောင်မျက်ရှင် လက်ဝတ်ရတနာကြီးကို သာပြီးလိုချင်သေးတယ်၊ မရနိုင်သေးလို့သာ အောင့်နေရတာကလား"

"ဟော ဆရာလေးရေ့ ရွှေထုံးဘူးကြီးတစ်ခု မနိုင့်တစ်နိုင်နဲ့ ရွက်ပြီး ထွက်လာပြန်ပြီ အင်း ဒီတစ်ခါ ပြန်သွားပြန်ပြီ၊ ဟော တံခါးကြီးကို အတွင်းက ဆွဲပိတ်လိုက်ပြန်ပြီ ထွက်တော်မူတော့မှာထင်ပါရဲ့ ဟော လက်ကိုင်ကြီး ပြန်လည်ကျသွားပြီ၊ သြော် ဒီနေ့ညအတွက် ဒါလောက်နဲ့ တော်ပြီဆိုတဲ့ သဘော

ပေါ့နော် ဟော သော့ပေါက်နား လူမဲကြီးလက်ရောက်သွားပြီ ဩော် လက် စသတ်တော့ မမအငယ်ဆုံး ကိုယ်ကလေးနဲ့ သော့ပေါက်ထဲက လျှိုးပြီးပြန်ထွက် လာတာကိုး ဟယ် . . လူမဲကြီးလက်ထဲ ခုန်ဆင်းလိုက်ပြီ၊ ကိစ္စပြီးပြီ သွားကြ တော့မယ်ထင်တယ်၊ ဟော . . ကြမ်းပေါ် ချလိုက်ပြီ၊ အို . . လူပတိလောက် ကြီးလာတာပဲ၊ အလို ဘုရား ဘုရား ဒီဟာ မရီးတော် စောမြကြည်ပါကလား၊ အမယ်လေး စောမြကြည်မှ တကယ့်စောမြကြည်အစစ်ပါပဲ၊ ဘယ်နှယ့်လဲ ဆရာလေး လွန်ခဲ့တဲ့သုံးနှစ်လောက်က သေဆုံးသွားတဲ့ ကျွန်တော့်မရီးတော် စောမြကြည်ကို ဘယ်လိုလုပ်ပြီး ဒီလူမဲကြီးက စေခိုင်းနေရသလဲ၊ ဟော . . ပျောက်သွားကြပြီ"

ကျွန်တော်လည်း စောခွန်မြတ် ခေါင်းပေါ်တွင် တင်ထားသော အင်းကြီး ကိုရုပ်သိမ်းလိုက်လေ၏၊ စောခွန်မြတ်လည်း အံ့သြခြင်းကြီး အံ့သြကာ စကားပင်မပြောနိုင်ရှာအောင် ဖြစ်နေလေ၏။ ထိုအခိုက်မှာပင် ယခင်ကြောင် နက်ငယ်ကလေးသည် ပါးစပ်တွင် လိပ်ပြာသေကလေးကို ချီလျက် ဘဏ္ဍာ တိုက်တွင်းမှ လျင်မြန်သောအရှိန်နှင့် ပြေးထွက်လာပြီး ကျွန်တော်တို့အနီးက ဖြတ်ကာ လေ၏ လျင်မြန်ခြင်းမျိုးဖြင့် ရိပ်ခနဲ ပြေးထွက်သွားသည်ကို မြင်လိုက်ရ သောအခါ စောခွန်မြတ်မှာ မကျေနိုင် မချမ်းနိုင်နှင့် . . .

"ဟော ပြေးပြီ ပြေးပြီ၊ ဘယ့်နှယ်ကြောင့် မဖမ်းလိုက်တာလဲ ဆရာ လေးရဲ့"

ဟု ကျွန်တော့်ကိုပင် အပြစ်တင်နေပြန်သည်နှင့် . . .

"ဖမ်းပေးပါ့မယ် စောခွန်မြတ်ရဲ့ အခုနှယ်ဖမ်းလိုက်ရင် သူတို့ ဘယ်လို စီစဉ်တယ်ဆိုတာမသိရဘဲနေမယ်၊ ဒါကြောင့် အချိန်ဆွဲပြီး စောခွန် မြတ်ကိုလည်း ထူးထူးဆန်းဆန်းတွေ ပြချင်လို့ပါ၊ ဒါနဲ့ ခုနက မြင်လိုက်ရတဲ့ဟာ စောခွန်မြတ်မရီးတော် စောမြကြည်ဟုတ်လား၊ သေသေချာချာတူရဲ့လား"

"တူပါတယ်ဆရာလေးရယ် စောမြကြည်မှ ရေမရောပါဘူး"

"အင်း ဒီအကြောင်း ဘယ်သူ့မှမပြောနဲ့ စောခွန်မြတ်ရဲ့ စိတ်ထဲမှာပဲ ထားဦး"

"ဒါနဲ့ စောမြကြည်သေတာ သုံးနှစ်ရှိတော့မယ်။ ခု ဘယ်လို နည်းနဲ့ မသေဘဲရှင်နေပြန်တာလဲ"

"အဲဒါတွေပေါ့၊ စောခွန်မြတ် မယုံကြည်နိုင်သေးဘူးဆိုတဲ့ အောက်လမ်းပညာတွေဟာ. . ."

နောက်တစ်နေ့တွင်လည်း စောခွန်မြတ်မှာ ကျွန်တော်၏အနီးမှ မခွာနိုင်ဘဲ ညကတွေ့မြင်ရသည့် အဖြစ်အပျက်များကို တအံ့တဩ ပြောမဆုံးအောင် ဖြစ်နေရှာလေ၏။ ကျွန်တော်လည်း အထက်ဆရာကြီး အစီအရင်နှင့် ဘဏ္ဍာပစ္စည်းများထားသော မီးအာမခံသေတ္တာကြီးငါးလုံးအတွက် မှိုင်းကိုင်စက္ကူပေါ်တွင် အင်းတစ်ခုစီရေးပြီး အင်းစီးဂါထာတော်ကြီးများနှင့် အညွှန်းအတိုင်း စီရင်ထားကာ စောခွန်မြတ်နှင့်အတူ ဘဏ္ဍာခန်းသို့သွား၍ မီးခံသေတ္တာကြီးများ၏ သော့ပေါက်တစ်ခုလျှင် အင်းပုံစံပါသောမှိုင်းကိုင်စက္ကူတစ်ချပ်နှင့် ကော်ကပ်၍ပိတ်ထားခဲ့ပြီးနောက်. . .

"ကိုင်း စောခွန်မြတ် အံ့ဩနေတဲ့ အောက်လမ်းပညာသည်များကို ကျုပ်တို့ အထက်လမ်းပညာသမားများက ဘယ်ပုံ ဘယ်နည်း နိုင်နင်းတယ်ဆိုတာ ယနေ့ညစောင့်ပြီး ပြရဦးမှာပေါ့"

ဟု ပြောပြီးလျှင် မယ်တော်မဟာဒေဝီကြီးအဆောင်သို့ အပျင်းပြေလျှောက်လာခဲ့ကြပေ၏။

မဟာဒေဝီကြီးလည်း ကတ္တီပါကွပ် သင်ဖြူးကလေးပေါ်တွင် တစ်ကိုယ်တည်းပုတီးစိပ်ရင်း အေးအေး လူလူစံတော်မူလျက် အပါးက ရှမ်းအပျိုတော်ကလေးများနှင့် မောင်းမမိဿအခြွေအရံများမှာ ယပ်ခပ် သူက ခပ် ခြေဆုပ်လက်နယ်ပြုသူကပြုလျက် မဟာဒေဝီတည်းဟူသော စည်းစိမ်ဖြင့်၊ ရိပ်ငြိမ်ချမ်းသာစွာနေသည်ကို တွေ့မြင်ရလျှင် မဟာဒေဝီကြီးမှာ သားတော်နှင့် ကျွန်တော်ဝင်လာကြသည်ကိုမြင်သောအခါ လောကွတ်ပြုငှာဖော်ရွေစွာ ခေါ်ယူနှုတ်ဆက်ပြီး အပျိုတော်ကလေးများကို သင်ဖြူးခင်းပေးစေခြင်း၊ ကွမ်းဆေးလက်ဖက်အုပ်များ တည်စေခြင်းစသဖြင့် အဆောင်တွင်းရှိ အပျိုတော်ကလေးများမှာ မအားမလပ်ပြာယာခတ်၍ နေလေတော့၏။

"သားတော်ခွန်မြတ်ကယ် မောင့်ဆရာကလေးပျင်းပါ့မယ်။ တစ်ခါတလေ အညောင်းအညာပြေ လမ်းများလျှောက်ပါစေ၊ ဆရာကြီးကတော့ လူကြီးမို့ တော်ကြီးနဲ့၊ တရားစကားဆွေးနွေးနေရတဲ့အတွက် ပျင်းမယ်မထင်ဘူး"

"မပျင်းစေရပါမယ်မယ်ဘုရား၊ သားတော် ဂရုစိုက်ပါတယ်"

"ဒါနှင့်ဆရာကလေးကို ကျုပ်တို့ အန္တရာယ်ရှိတာများ လွတ်ကင်းအောင် ဆောင်ရွက်ပေးဖို့ ဆရာကြီးက တာဝန်လွှဲအပ်ထားတယ်လို့ အမိန့်ရှိပါတယ်။ ဘယ်လိုအန္တရာယ်များကို တွေ့မြင်ရသလဲ ရတနာပစ္စည်းအဖိုးတန်တွေလည်း ပျောက်လှပါပြီ၊ ခုတလောမှ ဟော်ထဲက မိန်းကလေးတွေလည်း အတော်ပဲ အလန့်အထိတ်ဖြစ်နေကြတယ်။ ဒီတော့ ခပ်မြန်မြန်ကလေး အန္တရာယ်ကင်းအောင် ဂရုပြုပါဆရာလေးရယ်"

"မှန်ပါတယ် မယ်တော်ကြီးများအတွက် ဆောင်ရွက်လျက်ပါ မကြာစေရပါဘူး"

"သာဓုပါမောင်ရယ် ဒါနဲ့ မောင့်ကို ရှမ်းပြည်နယ်ဖြစ် အစားအစာများ ကျွေးမွေးရဦးမယ်"

ဟု ပြောကာ ခြေရင်းက ယပ်ခပ်နေသော ရှမ်းမပျိုတစ်ဦးအား ရှမ်းဘာသာစကားနှင့် ပြောလိုက်လျှင် ရှမ်းမပျိုကလေးလည်း ရိုသေ ကျိုးနွံသော အမူအရာနှင့် ခေါင်းငုံ့ကာ ထွက်သွားပြီး မကြာမီပင် 'လဲဂျား' နယ်မှထွက်သော ရွှေရွှေသစ်စေးသားရိုးနက်ကိုင် ပွဲတော်အုပ်တစ်ခုကို ပိုက်ကာ ရောက်လာလေ၏။ မဟာဒေဝီကြီးလည်း အုပ်ကြီးကိုဖွင့်ကာ . . .

"ကိုင်း . . ဆရာလေး စားစမ်းပါဦး ရှမ်းစော်ဘွားသုံးစွဲလေ့ရှိတဲ့ အစားအစာတွေပါ၊ ဟော . . ဒါက ပန်ထွေဖျော်ရည်ဆရာလေးရဲ့ မြေပဲနဲ့ ခရမ်းချဉ်သီးကို မ,တည်ပြီး အဆာ အရာ စုံစုံနဲ့ ဖျော်တာပါ၊ ဟော . . ဒါက သားရေကြော်၊ ဟောဒါက ကောက်ညှင်းပြားကြော်၊ ဒါက တို့ဟူး ခြောက်ကြော်၊ ဆရာလေးတို့ဆီက မုန့်လေပွေများလို အင်မတန်နူးညံ့ပါတယ်။ ဒီအကြော်များကို အဲ . . ဟိုပန်ထွေဖျော်ရည်နဲ့ ဖက်ပြီးစားရပါတယ်။ ဒါက ပုစဉ်းရင်ကွဲကြော်၊

ချိုဆိမ့်တဲ့အရသာ ရှိပါတယ်။ ဟော ဒါက (အီကုပ်)နဲ့ ကြက်ဥနဲ့ကြော်တာ ဆရာလေးရဲ့ ဆိမ့်အီတဲ့အရသာ ရှိပါတယ်၊ အီကုပ်ဆိုတာ မြေကြီးထဲမှာ အောင်းနေတဲ့ ပိုးကောင်တစ်မျိုးပဲ၊ ဟောဒါက တောဝက်သားခြောက်ကြော်၊ ဒါက ခေါပြင် ဒါကပိုးကောင်ကြော်၊ သစ်ကြားသီး၊ လိမ္မော်သီး၊ ပျားနဲ့ ဟောဒီ ရှမ်းကြံသကာနှင့် ရှမ်းမြေပဲယိုကလည်း ဟောဒီ မိုးလွတ်ရွှေဖီဖူး လက်ဖက်ရည်ကလေးနဲ့ မြည်းစရာ မယ်တော်ကြီးတို့ဆီမှာ လက်ဖက်ခြောက်ကို လှော်ပြီးမှ သုံးလေ့ ရှိပါတယ်။ မောင်တို့ဆီကအရသာနှင့် မတူဘူးမောင်ရဲ့"

ဟု တစ်ခုပြီးတစ်ခုပြကာ ညှော်ဝတ်ကြေကုန်စွာနှင့် စားစေချင်သော စေတနာကို အရင်းခံထား၍ တိုက်တွန်းနေရှာလျှင် ကျွန်တော်လည်း မယ်တော်ကြီးအား ကျေးဇူးတင်ပါကြောင်းနှင့်တကွ ကျွန်တော်မှာ အထက်လမ်းပညာလိုက်စားသူတစ်ဦးဖြစ်သည့်အားလျော်စွာ သက်သတ်လွတ်သော အစာအာဟာရများကိုသာ ခြိုးခြံနိုင်သမျှ ခြိုးခြံစားသောက်နေရသူဖြစ်သည့် အကြောင်းပြောပြရကာ မဟာဒေဝီကြီးကျေနပ်စေရန် အသက်သတ်မပါသော စားစရာများကို ရွေးချယ်စားသောက်ကာ စပ်မိ စပ်ရာစကားများ ပြောဆိုနေကြစဉ် စောခွန်မြတ်မှာကား စားစရာရှိသည်များကိုစားလျက် တစ်ချက်တစ်ချက် မဟာဒေဝီကြီးအနီးတွင် ခစားနေသော ရှမ်းအပျိုတော်ကလေးတစ်ဦးထံသို့ မျက်စိကစားလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

မဟာဒေဝီကြီးမှာ လူကြီးဖြစ်၍ မရိပ်မိစေကာမူ ကျွန်တော့်မှာမူကား ပျိုရွယ်သောယောကျ်ားပျိုခြင်းဖြစ်သဖြင့် တစ်ကြိမ်နှင့်ပင် ၎င်းတို့၏ အကဲကို ရိပ်မိပေ၏။ သို့ စောခွန်မြတ်နှင့်ဆက်သွယ်နေသော ရှမ်းအပျိုတော်ကလေး၏ ရုပ်ရေမှာ ရှမ်းပီပီချောသူကလေးဖြစ်စေကာမူ မဟာဒေဝီကြီး၏ အဆောင်တော်မှာ အောက်တန်းအကျဆုံးသော အပျိုတော်ကလေးဖြစ်လျက် လုပ်ဆောင်ရန် တာဝန်ရှိသည်တို့ကို အစေခံပမာလုပ်ကိုင်ဆောင်ရွက်နေရှာရသော အမှုဆောင်မောင်းမယ် ကလေးမျှဖြစ်လေရာ စောခွန်မြတ်မှာ စော်ဘွားကြီး၏ သားဖြစ်၍ ဟော်ပေါ်တွင် အထက်တန်းကျသော ချောမောလှပသည့် ဆွေတော်

မျိုးတော်ထဲကသော်လည်းကောင်း စော်ဘွား၊ မြို့စား၊ နယ်စား၊ ပယ်စားတို့၏ သမီးချောများနှင့် အထက်တန်းစားအပျိုတော်များကို ရရှိနိုင်ပါလျက် အခြား မိန်းမပျိုများကို မမက်မောဘဲ ဤမောင်းမငယ်ကလေးအား အဘယ်ကြောင့် ဣန္ဒြေပျက်လောက်အောင် အရေးထားလေဘိသနည်းဟု စဉ်းစားမိပြီးလျှင် စောခွန်မြတ်ကိုယ်တိုင်ကလည်း အစေခံမောင်းမငယ် ကလေးကို ကိုင်းညွတ်မိ ခြင်းများအား အခြားသူ ရိပ်မိသိရှိသွားမည်ကို များစွာရှက်စနိုးဟန်ရှိသဖြင့် ကျွန်တော်လည်း မသိချင်ပြု၍ပင် နေလိုက်မိလေ၏။

သို့သော် စောခွန်မြတ်မှာ အချော၊ အလှ၊ ထိပ်တန်းကျသူတွေကို မမြင်ဘဲ ရွက်ကြမ်းရေကျို့မျှသာရှိသော အစေခံမောင်းမငယ် ကလေးအား ချစ်ခင်ရပေသနည်း ရှမ်းမကလေး၏ရုပ်ရည်မှာ တစ်စုံတစ်ရာမက်မောလောက် စရာမတွေ့ရပါဘဲ စောခွန်မြတ် စွဲလမ်းနေသည်မှာ အဆိုပါမောင်းမငယ် ကလေးတွင် ထူးခြားခြင်းတစ်ခုရှိရမည်ဟု ယူဆမိသည့်အတိုင်း၊ မယ်တော်ကြီး အဆောင်မှ ပြန်လာကြ၍ စောခွန်မြတ်လည်း သူ့အဆောင်သို့ လမ်းခွဲပြန်တော့ မည်အပြုတွင် ယမန်နေ့ကကဲ့သို့ ညလာခဲ့ရန်မှာလိုက်ပြီး၊ ကျွန်တော်လည်း ဆရာကြီးရှိရာသို့ ပြန်ခဲ့ရာမှ အဆောင်ကြားထဲတွင် ရှမ်းအမှုထမ်းအဘိုးကြီး တစ်ယောက်နှင့် တွေ့ရသောကြောင့် ခေတ္တရပ်၍ စကားပြောနေစဉ် ယခင် တွေ့ခဲ့ရသော စောခွန်မြတ်အဆက် မောင်းမငယ်ရှမ်းမကလေးသည် ကွမ်းအုပ် တစ်ခုကိုကိုင်ကာ ကျွန်တော်တို့အပါးမှဖြတ်ပြီး စော်ဘွားကြီး၏အဆောင်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရသောကြောင့် ကျွန်တော်လည်း အဆင်သင့်ပင် အမှုထမ်းအဘိုးကြီးအား အမှတ်မဲ့စုံစမ်း မေးမြန်းကြည့်ရာ အမည်မှာ နန်းထူး ဖြစ်ကြောင်း . . .

မိမဲ့ဖမဲ့ဆင်းရဲလှ၍ ၎င်း၏အဘိုးတော်သူ ရှမ်းအဘိုးကြီးမှာလည်း အိုမင်းလှ၍ မကျွေးမွေးနိုင်သဖြင့် အစေအခိုင်းပြုရန် မဟာဒေဝီသခင်မကြီး ထံသို့ အပြီးအပိုင်ပေးထားသည်မှာ လေးငါးနှစ်ရှိပြီဖြစ်ကြောင်း နန်းထူးမှာ ဖျပ်ဖျပ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်တတ်သောကြောင့် မဟာဒေဝီကြီး၏ အဆောင်ကိုလည်းကောင်း၊ စော်ဘွားကြီး၏အဆောင်ကိုလည်းကောင်း၊

သားတော်စောခွန်မြတ်၏အဆောင်ကိုလည်းကောင်း၊ သူတစ်ဦးတည်း လှည်းကျင်းသုတ်သင်ရန် ရှိသည်တို့ကိုလှဲကျဉ်းသုတ်သင်ရ၍ အိပ်ရာနေရာပြင်ဆင်ပေးရခြင်း၊ သောက်ရေ၊ မျက်နှာသစ်ရေများ အချိန်သင့်ထားရခြင်းစသော ဝတ်ကြီးဝတ်ငယ်များပြုစုရကြောင်း။ စော်ဘွားကြီးမှာ ရှေးရှမ်းစော်ဘွားများ ထုံးစံအတိုင်း မဟာဒေဝီကြီးမှတစ်ပါး၊ အခြားစော်ဘွားကတော် လေးငါးဦး မျှထားရှိရာ၊ ထိုစော်ဘွားကတော်ငယ်များအဆောင်သို့ကား နန်းထူးမသွားရကြောင်း စသည်များကို ကြားသိရလေ၏။

ကျွန်တော်သည် နန်းထူးကို သက်ာမကင်းရှိသည့်အတိုင်း ဆက်လက်စုံစမ်းလိုပြန်သဖြင့်၊ နေဝင်ရီသရောအချိန်လောက်တွင် ဟော်ဘေးရှိ ရှည်လျားသော ကြမ်းပြင်ဝါးရုံတာလေးမှ တဖြည်းဖြည်းလျှောက်၍ လာမိလေ၏။ ဝါးရုံတာကလေးအထက်ပိုင်း နေကာရန် ပြုလုပ်ထားသော ရာဇမတ်ကွက်များတွင် ပြင်သစ်သဇင်ခေါ် အင်္ဂလိပ် ပန်းနွယ်ကြီးများ ထူထပ်စွာ နွယ်တက်နေလျက် တောင်ဘက်အစွန်းသို့ဆုံးအောင် လျှောက်သွားသောအခါ နွယ်ပင်ကြီးမှာပိုမိုထူထဲလျက် ဟော်နံရံကိုပင် ထိနေသဖြင့်၊ နွယ်အောက်သို့ ဝင်မိသော လူတစ်ဦးတစ်ယောက်ကို အပြင်ကသော်လည်းကောင်း၊ အတွင်းကသော်လည်းကောင်း ရုတ်တရက် မြင်စွမ်းနိုင်ရန် ခဲယဉ်းပေ၏။

ကံအားလျော်စွာပင် ထိုဝါးရုံတာ၏ အစွန်ဆုံးတွင်ရှိသော တရုတ်ကပ်ပြတင်တစ်ခုမှာ စောခွန်မြတ်အဆောင်က ပြတင်းဖြစ်နေပြီးလျှင် နွယ်ပင်များမှာ မပြုပြင်ဘဲထားသဖြင့် တရုတ်ကပ်ပြတင်းကို ဖုံးလွှမ်းပိတ်ဆို့နေသလိုရှိသောကြောင့် ထိုနေရာမှ စောခွန်မြတ်အဆောင် အချိန်မှာ တစ်စတစ်စ မှောင်လာရာ အခန်းတွင်းမှ မီးရောင်ပေါ်လာသဖြင့် ကျွန်တော်သည် တရုတ်ကပ်ကြားမှ ချောင်းမြောင်းကြည့်မိရာ စောခွန်မြတ်မှာ ဆိုဖာပေါ်တွင် တစောင်းမှီထိုင်ကာ အင်္ဂလိပ်ပုံဝတ္ထုစာအုပ်တစ်ခု ဖတ်နေသည်ကို တွေ့ရလေ၏။ ထို့နောက် နန်းထူးသည် ငွေလင်ဗန်းတစ်ခုနှင့် သောက်ရေဖန်ချိုင့် ရွှေရေသောက်ဖလားများ ထည့်ယူလာပြီး စောခွန်မြတ်ခုတင်အနီးရှိစားပွဲပေါ်တွင် တင်ထားပြီး တွန့်လိမ်ရှုပ်တွနေသောအိပ်ရာခင်းများကို ပြုပြင်လျက်ရှိလေ၏။

စောခွန်မြတ်သည် စာဖတ်ရာမှ နန်းထူး၏နောက်ပိုင်းကို လှမ်းကြည့်လိုက်ပြီးပြုံးကာ နေရာမှထလာလျက် နန်းထူးဝင်လာသော အဆောင်တံခါးကြီးကိုပိတ်၍ မင်းတုပ်ချလိုက်ကာ နန်းထူးအနီးသို့ ကျားချောင်းသလို ချောင်းလာပြီး အနီးသို့ရောက်မှ ဖြန်းခနဲဖက်ရမ်း၍ ကြမ်းကြမ်းကြီးချစ်လိုက်လေရာ နန်းထူးမှာ စောခွန်မြတ်အလိုသို့ ပြုံးပြုံးကလေးပါလာလျက် အိပ်ရာပေါ်သို့ ပက်လက်လဲကျသွားလေ၏။

"နန်းထူး နင်ဒီနေ့ ဘာပြုလို့ နောက်ကျသလဲ ငါမျှော်နေတာ ကြာလှပြီ အချိန်ကျလို့ နင့်မျက်နှာကလေး မမြင်ရရင် ငါနေမထိ၊ ထိုင်မထိ ဖြစ်နေတယ်ဆိုတာ နင်မသိဘူးလား"

ဟု တအားညှစ်၍ အချစ်မာန်ဖီရင်းပြောလေရာ၊ နန်းထူးကလည်း

"မယ်တော်ကြီးက ခိုင်းနေလို့မလာရတာ ကိုယ်တော်လေးရဲ့ နန်းထူးကသာ ပြီးလာချင်သေးတယ်။ မတော်တဆ ရိပ်မိသွားမှာလည်း စိုးရိမ်ရလို့"

ဟု ပြောရင်း စောခွန်မြတ်၏လည်ပင်းကို တင်းကျပ်စွာဖက်ကာ ညှိုးငယ်သောမျက်နှာသို့ ပြောင်းလဲသွားပြီး ဇာတ်လိုက်မင်းသမီးအိုက်တင်သို့ အခြေအနေစောင့်ကြည့်ရန် ရပ်ဆိုင်းနေမိလေ၏။ မျိုးနှင့် . . .

"ဒါနဲ့ ကိုယ်တော် နန်းထူးကို တကယ်ချစ်တာလား နောက် စော်ဘွား ဖြစ်ကာမှ တခြားစော်ဘွားသမီး၊ မဟာဒေဝီလောင်းတွေနဲ့တွေ့ရင် နန်းထူး ကိုမေ့မှာပါ"

ဟု မိမိကိုစွဲနေမှန်းသိသဖြင့်၊ အပိုအရှိက် အချွဲတွေနှင့် ညှုလိုက်ရာ စောခွန်မြတ်မှာ နန်းထူးအား မြတ်မြတ်နိုးနိုးကြီးဖက်ထားပြီး . . .

"ငါ့ကိုရန်စကားမပြောနဲ့ နန်းထူး နင့်ကိုငါသိပ်ချစ်တယ်၊ ဘယ်လို ချစ်မှန်းမသိဘူး၊ ငါ့မျက်စိထဲမှာ နင့်ကို နတ်သမီးလေးထင်နေတယ်။ နင်က လွဲရင် ဘယ်သူ့ကိုမှ ငါမမြင်ဘူး၊ ငါစော်ဘွားဖြစ်ရင် နင်လည်းမဟာဒေဝီပေါ့"

ဟု ပြောလိုက်ရာ နန်းထူးက ခပ်ငေါ့ငေါ့မျက်နှာနှင့် . . .

"တယ်ဖြစ်ရပါလိမ့်မယ် မဟာဒေဝီကြီး၊ တော်ကြီးဘုရားက တခြား စော်ဘွားသမီးကိုသာ သဘောတူမှာ နန်းထူးလို မောင်းမငယ်ကလေးများ

မဟာဒေဝီထားလို့ သားတော် ခြေတော်တင်နေတာသိသွားရင်ပဲ အရှက်တော်ကွဲတယ်လို့ အမျက်တော်ရှပြီး နန်းထူးကို ဟော်ကြီးပေါ်က နှင်ချပါလိမ့်မယ်"

ဟု ပြောပြန်လျှင် စောခွန်မြတ်မှာ နန်းထူး၏ကိုယ်ကလေးကို ယုယစွာပိုက်ထွေးပြီး. . .

"ခမည်းတော်အတွက်တော့ မစိုးရိမ်ပါနဲ့ဟယ်၊ အိုလည်းအိုလှပါပြီ၊ အောင့်နိုင်ရင်အကျိုးရှိသတဲ့ ခမည်းတော် အသက်ထင်ရှား ရှိတုန်းကို တို့အဖြစ်အပျက်တွေ လုံအောင်ဖုံးဖိထား ခမည်းတော် ကံတော်ကုန်လို့ ငါစော်ဘွားအရာဆက်ခံရတဲ့နေ့ကျတော့ ငါ့သဘောအတိုင်း ဖြစ်နိုင်မယ်မဟုတ်လား၊ မယ်တော်ကြီးဆိုတာတော့ ငါထားရာမှာ နေပါတယ်"

ဟု အကျိုးအကြောင်းဖျောင်းဖျပြောဆိုလျှင် နန်းထူးက ငေါ့ပြုံးကလေးပြုံးပြန်ကာ. . .

"အင်း . . ကိုယ်တော့်ခမည်းတော်ကြီးက မာလိုက်တာမှ သံချောင်းကျလို့ နန်းထူး ဘယ်ကမ္ဘာလောက်ကြာအောင် စောင့်ရဦးမယ်မသိဘူး"

ဟု ပြောရာ စောခွန်မြတ်မှာ ကိုက်မနိုင်ခဲမရ အချစ်တန်ခိုးတွေအမျိုးမျိုးကြွလာဘိအလား၊ နန်းထူးကိုဖက်ရမ်း ပွေ့ပိုက်ကစားရင်း. . .

"နင်ကလေးလား ဟင်းနော်-ဒါမျိုးတွေကြောင့် သိပ်ချစ်တာ သိလား"

ဟု တအားဖျစ်ညှစ်ပြီး လောကီဘုံသားများ နည်းအတိုင်း. . ကျွန်တော်လည်း အကျိုးအကြောင်းသိရပြီဖြစ်၍ ရှေ့အဖို့ဆက်လက် ကြည့်နေရန် မလျှောက်ပတ်တော့သဖြင့် ထိုနေရာမှဖြည်းညင်းစွာ ထွက်ခွာလာခဲ့ပြီး ကျေးဇူးရှင်ဆရာကြီးအပါးတွင် ဝတ်ဖြည့်ရန်ရှိသည်များကို ဖြည့်လျက် ညဉ့်နက်ချိန်ကို စောင့်စားနေရလေသတည်း။

ထိုည လူခြေတိတ်လျှင် ယမန်နေ့ကအတိုင်း ကျွန်တော့်ထံသို့ စောခွန်မြတ် ရောက်လာသည်နှင့် ဘဏ္ဍာတိုက်ဆီသို့ လိုအပ်သောပစ္စည်းများယူလျက် ထွက်လာကြပြီး ယခင်နည်းအတိုင်း လှေကားအနီးမှ စောင့်ဆိုင်းကြည့်ရှုနေကြရာ၊ အတန်ကြာလျှင် ယမန်နေ့ကလာသော ကြောင်နက်ကလေးသည် လိပ်ပြာတစ်ကောင်ကို လိုက်ခုပ်ရင်း အခန်းတွင်းသို့ ရောက်လာလေ၏၊

စောခွန်မြတ်မှာ ကြောင်နက်ကလေးကို မြင်လျှင် ဒေါပွလာသည်နှင့်. . .

"ဟိုမှာ ဆရာလေး ကြောင်နက်ကလေးလာပြီ ဒင်းတို့ ဒီနည်းနဲ့ချည်း လှိမ့်နေကြတာ ဘယ်လောက်ကြာပလဲ ဒီတစ်ခါ မလွတ်အောင်ဖမ်းမှပဲ"

ဟု ပြောလျှင် ကျွန်တော်လည်း 'အသာနေပါ'ဟု အတန်တန် ကုတ်ထားရလေ၏။

ကြောင်နက်ကလေးနှင့် လိပ်ပြာကလေးတို့လည်း မနေ့ကနည်းအတိုင်း ရီးတီးယားတားနှင့် နောက်ဆုံးသံတိုင်အခန်းကြီးအတွင်း လိပ်ပြာကလေး တဝဲဝဲလုပ်နေသည်ကို ကြောင်နက်ကလေးက အောက်က တမော့မော့ ချောင်းလျက်ရှိလေ၏၊ လိပ်ပြာကလေးမှာ မီးခံသေတ္တာ၏ သော့ပေါက်ပေါ်တွင် ယမန်နေ့ကကဲ့သို့ သွားနားရာ နားသည်နှင့် တပြိုင်နက် လန်၍ကျလေ၏၊ လိပ်ပြာကလေးလည်း ဆက်ကာဆက်ကာ နားရာ နားတိုင်းပင် လန်ကျပြန်သဖြင့် လိပ်ပြာကလေးမှာ အခြားသံသေတ္တာသော့ပေါက်များသို့ သွား၍ နားပြန်လေ၏၊ သို့နှင့်လည်းနား၍မရ လန်၍သာကျနေသည်ကို စောခွန်မြတ် တွေ့ရလေလျှင်. . .

"ဆရာလေး ဘယ်နှယ်လဲ လန်ကျနေပါကလား ဆရာလေး ကပ်ထားတဲ့အင်းကြောင့်ထင်တယ်"

ဟု ပြောသဖြင့်. . .

"ဟုတ်တယ် စောခွန်မြတ် ဒီအင်းဟာ အထက်လမ်းပညာနဲ့ စီရင်ထားတဲ့အင်းဖြစ်တဲ့အတွက် သူတို့အောက်လမ်းဘက်က လူတွေကို ဘယ်လိုနိုင်နင်းတယ်ဆိုတာ မြင်ပြီလား"

ဟု ပြောမှ စောခွန်မြတ်လည်း အံ့သြခြင်းကြီး အံ့သြကာ. . .

"တယ်ဟုတ်ပါကလား ဆရာလေးရဲ့ အခု သူတို့ကို ဆရာလေး ဘယ်လိုစီရင်မလဲဆိုတာ အမိန့်ရှိစမ်းပါဦး"

ဟု မေးသဖြင့် ကျွန်တော်လည်း အခုချက်ခြင်းမဖမ်းဆီးလို သေးကြောင်း ပော်တွင်းမှာ သူလျှိုတစ်ဦးရှိနေ၍ ၎င်းသူလျှိုကိုပါ စောခွန်မြတ်

မြင်အောင် ဖမ်းပြဦးမည်ဖြစ်ကြောင်း ၎င်းကြောင်နက်နှင့် လိပ်ပြာများ ညစဉ်လာသော်လည်း သော့ပေါက်ကိုပင်နားနိုင်မည် မဟုတ်ကြောင်းများ ပြောကြားနှစ်သိမ့်စေရပေ၏။

သို့နှင့် ကျွန်တော်လည်း စောခွန်မြတ်အား မိန်းမနှင့် ပတ်သက်၍မှားယွင်းတတ်သည့် ယောကျ်ားများအကြောင်းကို ပုံပြင်ဝတ္ထုကြီးတို့ဖြင့်သက်သေတင်လျက် အခါမပြတ်ပြောကြားခြင်း ယုတ်ညံ့သောမိန်းမများသည် ယောကျ်ားတစ်ဦးတစ်ယောက်အား ယုတ်ညံ့သောအဆောင်ဆေးများနှင့် လှည့်ပတ်ဖျားယောင်းထားတတ်ကြောင်း ထိုသို့ ဖြားယောင်းခြင်းခံရသော ယောကျ်ားများမှာလည်း ယုတ်နိမ့်သော ဆေးဝါးများဝင်ခြင်းကြောင့် ဘုန်းကျက်သရေယုတ်တတ်ပြီး အညွန့်အတက်မထွက်နိုင်ဘဲ တစ်ဘဝလုံး အညွန့်တုံးရပြီးလျှင် ခြပုန်းစားသော သစ်ဆွေးတုံးကြီးကဲ့သို့ နောက်ဆုံးတွင် ဘုန်းဘုန်းလဲ၍ သေပွဲဝင်ရကြောင်းများ စောင်းပါးရိပ်ခြေ နားရည်ဝရန် ပြောထားလျက် ၎င်းအားလည်း အချိန်အရွယ်ရောက်လာက လောကီသားမှန်လျှင် မိန်းမမှုနှင့် ပတ်သက်၍ တွေ့ဆုံဖြစ်ပျက်ရမည့်သူချည်းဖြစ်သဖြင့် အထူးစဉ်းစား ရွေးချယ်သင့်ကြောင်း ပြောကြားသတိပေးလေရာ စောခွန်မြတ်မှာ ကျွန်တော်ပြောသည်တို့ကို နားထောင်၍နေသော်လည်း ၎င်းနှင့်နန်းထူးတို့၏ အဖြစ်အပျက်ကိုမူကား လုံးဝဖုံးဖိ၍ထားသောကြောင့် ကျွန်တော်မှာ အတိအလင်းထုတ်ဖော်မပြောသာအောင်ရှိခဲ့ရာ နောက်ဆုံး၌ နှစ်ရက်၊ သုံးရက်အတွင်းတွင် ဟော်တွင်းအရှုပ်အထွေးကြီးတစ်ခုကိုပေါ်အောင် ပြုလုပ်ပေးမည့်အကြောင်းလောက်သာ ပြောထားရလေတော့၏။

* * *

ထိုနေ့ညနေလူခြေတိတ်ချိန်တွင်ကား ကျွန်တော်သည် စောခွန်မြတ်ကိုခေါ်ကာ ဟော်ကြီး၏အနောက်ပိုင်းသို့ ထွက်လာခဲ့ပြီး အစေခံမောင်းမငယ်ကလေးများနေသော တန်းလျားသို့ ရောက်ခဲ့လေ၏။ ကျွန်တော်စုံစမ်းထားပြီးဖြစ်သည့်အတိုင်း နန်းထူးနေထိုင်သော အခန်းကလေးအနီးသို့ တရွေ့ရွေ့တိုး

လာလျှင် စောခွန်မြတ်မှာ ရှေ့ပိုင်းတွင် ကြီးရသူဖြစ်သည့်အားလျော်စွာ နောက်ပိုင်းသို့ အလာအသွားမရှိသူဖြစ်ခြင်းကြောင့် ထိုအခန်းကလေးတွင် နန်းထူးနေထိုင်သည်ကို မသိရှိလေ၏။ ထို့ကြောင့် . . .

"ဆရာလေး ဒီကိုဘာလုပ်ဖို့ လာတာလဲ၊ ဘာများချောင်းကြည့်ဦးမလို့လဲ" .

ဟု မေးနေသဖြင့်၊ သူ၏နားအနီးသို့တီးတိုးကပ်ကာ . . .

"ဟောဒီအခန်းထဲမှာ ဘယ်သူဘာလုပ်နေတယ်ဆိုတာ အသာချောင်းကြည့် စောခွန်မြတ် စိတ်ဆိုးစရာတွေ့သည်ဖြစ်စေ ဝမ်းမြောက်စရာတွေ့သည်ဖြစ်စေ ရုတ်တရက် ဘာမှမပြောပါနဲ့ မြင်သ၍ကို အစအဆုံး ဆရာလေးနဲ့ အတူကြည့်နေပါ"

ဟု ပြောထားပြီး ထရံပေါက်နှစ်ခုမှ ကိုယ်စီကိုယ်ငှ ငြိမ်သက်စွာ ချောင်းကြည့်နေရာ စောခွန်မြတ်တွင် အခန်းထဲမှတွေ့ရသူမှာ ၎င်း၏ ချစ်သဲညာကလေး နန်းထူးဖြစ်နေသည်ကိုတွေ့ရ၍ ရုတ်တရက် အံ့အားသင့်သကဲ့သို့ ဖြစ်သွားသည်ကို တွေ့မြင်ရလေ၏။

သို့နှင့် တစ်ခဏမျှ ငြိမ်သက်စွာကြည့်နေခဲ့ရာ နန်းထူးသည် ၁ဘီရင်လျှားနှင့်မိန်းမဗွေတာ ပန်းပွင့်သည့်အခါ အသုံးပြုသည့် အလွန်ာရာညစ်ပတ်ပေကျံနေသော ထဘီဟောင်းများကို တစ်ခုသော စဉ့်အင်တုံကြီးတွင် ရေဖြင့်စိမ်လျက် အညစ်အကြေးများထွက်အောင်ဖွပ်နေပြီး လျှော်ချသည့်ချေးရေဟောင်းများကို အခြားခွက်ငယ်တစ်ခုတွင် စုဆောင်းကာ အနယ်များထိုင်လာသည်တွင် အပေါ်ရေကြည်ကို သွန်ပစ်လျက် နေစဉ် ကြောင်နက်ကလေးနှင့် လိပ်ပြာကလေး ဖျပ်ခနဲဝင်လာပြီး ကြောင်နက်ကလေးမှာ အဝတ်နက်ခြုံထားသော မျက်လုံးပြူးပြူသရဲ သဘက်တမျှ ကြောက်စရာကောင်းလှသည့် လူမဲကြီးဖြစ်လာပြီး လိပ်ပြာကလေးမှာလည်း စောမြကြည်အဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့မြင်ရလေ၏။

နန်းထူးသည် လူမဲကြီးအား မြင်နေကျ တွေ့နေကျ လူများကဲ့သို့ များစွာအရေးမကြီးလှသောမျက်နှာဖြင့် ပြုံးရယ်ကာ . . .

"အဘ မလာတာကြာလှပြီ ဘာကိစ္စရောက်လာသလဲ အဘ ပေးတဲ့ဆေးတွေလည်း ကုန်သွားတာ လေးငါးရက်ရှိပြီ၊ အဘလာရင် ဆေးထပ်ဖော်ဖို့ အဆင်သင့်စုထားတာ ခုပဲအခဲကလေးတစ်ခဲရလို့ အခြောက်လှမ်းဖို့ပြင်နေတယ်"

ဟု ပြောကာ လက်ထဲက အညစ်အကြေးခဲကလေးကို မြှောက်ပြလေ၏။ လူမဲကြီးလည်း ပြုံးပြုံးကြီးကြည့်ပြီး နန်းထူးလက်က အခဲကလေးကိုယူကာ အင်္ကျီအိတ်ထောင်ထဲမှ ပါလာသော ဝါးဆစ်ကြုတ်ငယ်ကလေးကို ထုတ်ယူဖွင့်လှစ်ပြီး အတွင်းမှပါလာသော သေးငယ်လှသည့် ဒူးလေးငယ်တစ်ခုကို ထုတ်ပေးပြီး အညစ်အကြေးခဲကလေးကို ဝါးဆစ်ကြုတ်ထဲသို့ထည့်၍ အိတ်ထောင်ထဲသို့ ပြန်ထည့်လိုက်လေ၏။ တစ်ဖန်ဒူးလေးငယ်ကိုကိုင်ကာ . . .

"နန်းထူး . . ဒီဒူးလေးကို ကောင်းကောင်းသိမ်းထား နင့်အတွက် အထူးစီရင်ထားတယ်။ စောခွန်မြတ် စော်ဘွားဖြစ်တဲ့အခါ စည်းစိမ်ရစ်ပြီး နင့်ကိုအချစ်လျော့ပါးမသွားရအောင် အသုံးပြုရမယ်။ အသုံးချတဲ့နည်းကို နင်နားလည်ပြီမဟုတ်လား"

ဟု ပြောရာ နန်းထူးလည်း ခေါင်းညိတ်ကာ ဒူးလေးငယ်ကို တရိုတသေကိုင်ထားလေ၏။ စောမြကြည်ကား ၎င်းတို့သားအဖအား အတွင်းတွင်ကျန်ရစ်သော ချေးအနှစ်အနယ်များကိုဆယ်ယူပြီး အဝတ်ပါးတစ်ခုနှင့်ညှစ်၍ ရေများစစ်ထုတ်ကာ သနပ်ခါးခဲပမာ သေးငယ်စွာသော အခဲကလေးကိုရလာသည်တွင် ဝမ်းမြောက်ဝမ်းသာ ကိုင်တွယ်ကြည့်ရှု အရှင်သခင်ပမာ များစွာကြောက်ရွံ့ရိုသေရှာသောလက္ခဏာဖြင့် ကြောင်စာစာမျက်လုံးလေးဖြင့် ကြည့်နေရှာသည်ကို တွေ့မြင်ရလေ၏။ စောခွန်မြတ်လည်း အတော်စိတ်ထွက်နေဟန်လက္ခဏာ အံ့သွားမကြာမကြာကိုက်နေသည်ကို တွေ့မြင်ရလေ၏။ လူမဲကြီးလည်း နန်းထူးအနီးသို့တိုးကာ . . .

"နေစမ်းပါဦးနန်းထူးရဲ့ ဟိုဆေးတွေကုန်အောင် သုံးပစ်တာ ဟုတ်ပါပြီ၊ ဒီဆေးကိုသုံးတော့ စောခွန်မြတ်မှာ ဘယ်လိုထူးခြားလာသလဲ"

ဟု မေးရာ နန်းထူးလည်း စိတ်ရောမာန်ပါနှင့် . . .

"အဘပေးတဲ့ဆေးကို သူ့သောက်ရေဖန်ချိုင့်ထဲမှာ နေ့တိုင်းပဲ နည်းနည်းစီခတ်ထားတယ်။ ဒီရေသောက်မိတဲ့ အချိန်ကစပြီး ကျွန်မကို ဘယ်လိုနည်းချစ်မှန်းမသိဘူး။ လူကဘိလပ်ပြန် အင်မတန်ဗိုလ်ဆန်ပြီး စိတ်ကြီးဝင်ရက်သား‌နဲ့ ကျွန်မလိုဟာကို မခွဲနိုင်မခွာရက်ဖြစ်နေတာ အဘဆေး သိပ်စွမ်းလို့သာပေါ့"

ဟု ပြုံးတစ်လှည့် ရယ်တစ်ခါ အားရစွာပြောလေ၏။

"အေး အေး မပြတ် မပြတ်ခတ်ပေး၊ ဆေးကုန်ရင် အဆင်သင့် ဖော်ရအောင် ဆေးဘက်လည်း စုနိုင်သလောက်စုထားနန်းထူး၊ ငါတို့ အကြံအောင်ရင် နင်လည်း စော်ဘွားကတော်ကြီးတစ်ယောက်ဖြစ်မယ် ငါလည်းလိုတဲ့အရာများရမယ် ကြောင်မျက်ရှင်လက်စွပ်ကိုရအောင် ချွတ်နိုင်တဲ့ တစ်နေ့မှာ ငါတို့အောင်မြေနင်းရမှာပဲ ဒါနဲ့ အခုတလော ဘဏ္ဍာခန်းမှာ အကွယ်အကာတွေ ရောက်နေပါကလား၊ ငါသွားတာ နှစ်ရက်ရှိပြီ ခါတိုင်းလိုအတွင်းမဝင်နိုင်ဘူး။ အဲဒါ နင်အမှတ်တမဲ့သွားပြီး သေတ္တာမှာ ကပ်ထားတဲ့အင်းကို ခွာပေးစမ်းပါလား"

ဟု ပြောလျှင် နန်းထူးမှာ အနည်းငယ်စဉ်းစားပြီး . . .

"မဖြစ်ဘူးအဘရဲ့ ဒီနေရာမှာဖြင့် သိပ်ကျပ်တည်းနေတယ်။ ကျွန်မသွားရင် မသက်ာဖြစ်ကြမှာပဲ ပြီးတော့လည်း ဟော်ဦးမှာ ဆရာလိုလို၊ ဘာလိုလိုဧည့်သည်တွေ ရောက်နေတယ်။ ဒီ အင်းဆိုတာ အဲဒီ ဆရာတွေရဲ့ အစီအရင်များလားမသိဘူး၊ ဒါပေတဲ့ အရေးမကြီးပါနဲ့ ဘရယ်၊ ကြောင်မျက်ရှင်ကို ချွတ်လို့ရရင်ပြီးတာပါ၊ နို့ အရင်တလောက ဟိုကောင်မကို အချွတ်ခိုင်းတယ် မဟုတ်လား"

ဟု စောမြကြည်ကိုမေးငေ့ါပြလေ၏။

"အေး . . ခိုင်းတယ် မရဘူး၊ ငါကိုယ်တိုင်လည်းချွတ်တယ်၊ လက်စွပ်က တော်တော်ကလေးအစွမ်းထက်လို့ ရုတ်တရက်မရနိုင်ဘူး၊ ဒီဟာစင်စစ် ငါ့ဘိုးအေလက်စွပ်ပဲ"

ကျွန်တော်လည်း စောခွန်မြတ်လက်ကို ဆွဲခေါ်လာခဲ့ရာ စောခွန်မြတ်မှာ ရုတ်တရက်မလိုက်လိုသေးဘဲ ရုန်းကန် ရုန်းကန်နှင့် ပါလာလေ၏။ ဟော်တွင်းသို့ ရောက်သောအခါ . . .

"ဆရာလေးရဲ့ ဒင်းတို့ အကြံညာဏ်တွေပါကလား၊ ဆုံးအောင်မှ နားမထောင်ရဘူး၊ ဘာဖြစ်လို့ ကျွန်တော့်ကို ခေါ်လာရတာလဲ"

ဟု အခဲမကြေဟန်နှင့်ပြောလေရာ . . .

"ဒါလောက်ကြားရမြင်ရရုံနဲ့ အရေလယ်ခဲ့ပြီ မဟုတ်လား စောခွန်မြတ်ရဲ့ ဆက်ပြီးနားထောင်နေလို့ အပိုပါပဲ၊ နို့ပြီး ကျုပ်တို့ အထက်လမ်းဆရာများ သူတို့အပါးမှာ ခပ်ကြာကြာနေလို့မဖြစ်ဘူး၊ သူတို့မှာအလိုလိုပူပြီး နိုင်သူအနီးအပါးမှာ ရောက်နေတာ ရိပ်မိသွားတတ်တယ်"

ဟု ပြောရာ စောခွန်မြတ်လည်း နန်းထူးအား များစွာစိတ်ဆိုးလျက်

"ဆရာလေးရဲ့ ဒင်းဆေးနဲ့ လုပ်ထားတဲ့အတွက် ကျွန်တော် ဒီလောက်အောက်တန်းကျတဲ့ ကျွန်စုတ်မကို ကြိုက်ရတာပဲ၊ ကျွန်တော်သောက်တဲ့ ရေထဲမှာ ညစ်ညစ်ပတ်ပတ်ဆေးတွေ ခပ်ပေးတယ်။ ကျွန်တော်မကြေဘူး ဒီကျွန်မကိုသတ်မယ်၊ သိပ်ယုတ်မာတဲ့ အကောင်မပါကလား၊ ရှေ့လျှောက်ပြီး ဒင်းတို့ဒီထက်တောင် ဒုက္ခပေးဖို့ ကြံနေတာသိရပြီ၊ အဲဒီ ဒူးလေးဆိုတာက ဘယ်လိုလုပ်ဖို့လဲ"

ဟု စိတ်လည်းဆိုး သိလည်းသိချင်နှင့် မေးနေပြန်သောကြောင့် ကျွန်တော်လည်း မပြောမပြီးသဖြင့် အားနာနာနှင့်ပင် . . .

"ဒီဆေးတွေဟာ ဘယ်လိုအညစ်အကြေးမျိုးနဲ့ စီရင်တယ်ဆိုတာ စောခွန်မြတ် မျက်မြင်တွေ့ခဲ့ရပြီမဟုတ်လား။ ဒူးလေးယေကလည်း တစ်မျိုးပဲ စောခွန်မြတ်ရဲ့ ဒီနည်းနှစ်ခုဟာ ယခုမှပေါ်တာမဟုတ်ဘူး၊ ရှေးကထဲက အောက်လမ်းဘက်မှာ အစဉ်အဆက်နာမည်ရခဲ့တဲ့ နည်းတွေပဲ မိဖုရားကြီးတစ်ပါးဟာလည်း ဒီနည်းကိုသုံးခဲ့တဲ့အတွက် ရှင်ဘုရင်ကြီးကို ဘယ်အထိနိုင်နင်းခဲ့တယ်ဆိုတာ တိုင်းသိပြည်သိမဟုတ်လား၊ ဒူးလေးစီရင်တဲ့ နည်းအစစ်

ဟာ လူသေမီးသင်းဂြိုလ်ရာမှာ အသုံးပြုတဲ့ တစူးဝါးကို လေးကိုင်းလုပ်ပြီး၊ မိုးကြိုးပစ်တဲ့ သစ်သားစကို မြှားတံပြုရတယ်။ လေးကြိုးကတော့ ရှင်ဘုရင်ကြီးရဲ့ ဆံတော်ခုနစ်ပင်ကို မရှိသေးကား မိဖုရားကြီးရဲ့ ယုတ်နိမ့်လှတဲ့ နေရာက (. . . )ခုနစ်ပင်နဲ့ လွန်းပေါင်းတင်ကြိုးကျစ်ပြီး လေးကြိုးအဖြစ်တပ်ဆင်ကာ၊ ဂါထာမန္တန်နဲ့ စီရင်ထားတာပဲ၊ မြှားမှာအထစ်သုံးထစ်ထားတယ်။

ပထမအထစ်ကိုတင်ရင် မခွာနိုင်အောင် ချစ်စေတယ်။ ဒုတိယ အထစ်ကိုတင်ရင် အချစ်လွန်ကြူးပြီး ရူးစေတယ်။ တတိယအထစ်ကို တင်ရင် ရူးရာက ဘဝတုံးပြီး လုံးလုံး အသက်ထွက်ရပါရော၊ လင်တစ်ယောက်ကို လက်ခုပ်တွင်းက ရေမျှားလို သွန်လိုသွန် မှောက်လိုမှောက် ဖျောက်လိုဖျောက် ဖျက်လိုဖျက် သက်ဦးဆံပိုင် စီရင်နိုင်တဲ့နည်းရယ်လို့ အောက်လမ်းပညာဘက်မှာ အစဉ်အဆက်နာမည်ထွက်ခဲ့တာပဲ အခုလည်း နန်းထူးရဲ့အဖေကြီးဟာ အောက်လမ်းပညာဝိဇ္ဇာမိုရ်ရနေတဲ့ လူကြီးမို့၊ ဒီနည်းကိုအသုံးပြုပေးတယ်။ အဲဒီဒူးလေးဟာ စောခွန်မြတ်ရဲ့ ဆံပင်နဲ့ ဟိုနည်းအတိုင်းစီရင်ထားတာဖြစ်မှာပဲ၊ စောခွန်မြတ်ကလည်း ဘိလပ်ပြန်မို့ ဗိုလ်ဆန်ပြီး ဗိုလ်ကေရှည်ရှည်မထားဘဲ၊ ခဏခဏဆံပင် ညှပ်နေတဲ့အတွက် နန်းထူးဆံပင်ရဖို့ မခက်ဘူးပေါ့၊ နို့ပြီးတော့ ဟိုမိဖုရားကြီးဟာ ထုံးစံမှမ္မတာဖြစ်ပေါ်တဲ့အခါ ခုနစ်ရက်တစ်ပတ်လည်အောင် ရေမချိုးဘဲအောင်းနေပြီးမှ ငွေအင်တုံကြီးခံပြီး ရေချိုးတယ်။ အဲဒီရေအနယ်ကို အခြောက်လှမ်း ဆေးစီရင်ပြီး ဘုရင်ကြီးသောက်တော်ရေ သဂေါင်းထဲမှာ ခပ်လိုခပ်၊ ခုလည်းစောခွန်မြတ်ရဲ့ သောက်ရေထဲမှာ. . . ”

“ထွိ . . တော်စမ်းပါဆရာလေးရယ် ရွံ့စရာကြီး ကျွန်တော်မှားပြီ၊ ဒီကျွန်မကိုမထားဘူး ရိုက်ထုတ်ပစ်မယ်။ ဆရာလေးသာမပြောရင် ကျွန်တော် ဘယ်အထိ မှားမယ်မသိဘူး၊ ကျေးဇူးတင်တယ် သိပ်ကျေးဇူး တင်တာပဲ၊ ဒီကောင်မကို ခုညတွင်းချင်းဖမ်းမယ်”

ဟု ရှက်လည်းရှက် ဒေါသလည်းထွက်သဖြင့် ရုတ်တရက်မွှန်နေသည်ကို တွေ့ရလေ၏။

သို့နှင့်ကျွန်တော်လည်း အချိန်အခါရောက်၍ စောခွန်မြတ်လည်း သဘောပေါက်ပြီဖြစ်သောကြောင့် နန်းထူးကိုဖမ်းလိုက အခု ညတွင်းချင်း ဖမ်းချုပ်ထားပြီး သူ၏လက်တွင် ဆေးစီရင်ပြီး ဖြစ်နေသော ဒူးလေးငယ်ကို ရအောင်သိမ်းဆည်း၍ မီးရှို့ပစ်စေရန် မှာကြားရပေ၏။ စောခွန်မြတ်လည်း ခမည်းတော်နှင့် မယ်တော်မဟာဒေဝီကြီးတို့အား အကျိုးအကြောင်းအလုံးစုံပြော ကြားလေရာ စော်ဘွားကြီးမှာ များစွာအမျက်ထွက်တော်မူလျက် အကြံပက်စက် လှသောနန်းထူးအား ညတွင်းချင်းပင် ဖမ်းဆီးချုပ်နှောင်ထားလေ၏။

နံနက်လင်းလျှင်ပင် ညကဖမ်းထားသော နန်းထူးအတွက် ဆက်လက် စစ်ဆေးရန် စော်ဘွားကြီးနှင့် စောခွန်မြတ်တို့မှာ ကျွန်တော်နှင့် အတူ ဟော်ရှေ့ သို့ရောက်ကြ၍ ချုပ်ထားသောနန်းထူးကို ရှေ့တော်သို့ ခေါ်လာရန် ရှမ်းအမှု ထမ်းများအား စေခိုင်းလိုက်ရာ အမှုထမ်းများ ပြန်လာသောအခါ၌ နန်းထူး မပါလာဘဲရှိလေ၏။

စော်ဘွားကြီးက အကျိုးအကြောင်းမေးရာ နန်းထူးမှာ နံနက်လင်း အားကြီးကပင် အချုပ်ခန်းထဲ၌ သေဆုံးနေပြီဖြစ်ကြောင်း ယခုအချိန်တွင် အလောင်းမှာ အေးစက်တောင့်တင်းနေကြောင်းများပြောရာ စော်ဘွားကြီးသည် လည်းကောင်း၊ စောခွန်မြတ်သည်လည်းကောင်း၊ နန်းထူးအသေစောသည်ကို အခဲမကြေနိုင်ရှိကြပြီး ကျွန်တော့်အားလည်း မည်သို့ပြုရမည်ဟု အကြံဉာဏ် တောင်းသောကြောင့် စောခွန်မြတ်ကိုယ်တိုင်ကြီးကြပ်၍ နန်းထူးအလောင်းကို သုသာန်တွင်မြှုပ်ပြီးမှ အလောင်းမြေပုံအနီးသို့ ယနေ့ညသွားရောက်ပြီး နန်းထူးအဖေ အောက်လမ်းဆရာကြီးကို လက်ရဖမ်းဆီးမည်ဖြစ်ကြောင်း ပြောလိုက်သည်နှင့် စောခွန်မြတ်လည်း နန်းထူးအလောင်းကို ကိုယ်တိုင် ကြီးကြပ် မြှုပ်နှံစေရန် ဟော်ပေါ်မှ ဆင်းသွားလေ၏။

ထိုညကား လဆုတ်ပက္ခဖြစ်သောကြောင့် ကောင်းကင်တွင် ခွန်အား ယုတ်လျော့နေသော လခြမ်းကလေးမှိန်ရေးရေးသာရှိသဖြင့် သုသာန်တစပြင်မှာ ဝိုးဝါးမှုံသာ အလင်းရနေပေ၏။ ကျွန်တော်နှင့် စောခွန်မြတ်တို့မှာ တပည့်ငယ်

နှစ်ယောက်နှင့် ရှမ်းအမှုထမ်းသုံးယောက်ကို အဖော်ပြုလျက် နန်းထူး၏ အလောင်းမြေပုံအနီး ချုပုတ်ကြီးအတွင်းတွင် အဆင်သင့်စောင့်ဆိုင်းနေကြလေ၏။ သို့နှင့် သုသာန်တစပြင်တို့၌ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာတို့ကို ပမာမထားကြသော တပည့်ငယ်သားများနှင့် အတန်ကြာစောင့်ဆိုင်းနေခဲ့ကြရာ ညဉ့်အတန်နက်လာသည်နှင့် တပြိုင်နက် တဟဲဟဲမြည်သော လေကြမ်းကြီးတစ်ချက် ကျလိုက်ပြီး သချိုင်းအနီးတစ်ဝိုက်တွင် အသက်ဝင်လာသလို သဲသဲရုတ်ရုတ် အသံတွေ ပေါ်လာလျက် တောတန်းတစ်ဖက်စီမှလည်း ဝမ်းနည်းပက်လက် အူကြသော တောခွေးသံများကို ကြားရလေ၏။

"ဟော ဟော လာပြီဆရာလေး"

ဟု စောခွန်မြတ်က တီးတိုးပြော၍ လှည့်ကြည့်လိုက်ရာ အဝတ်နက်ကြီးခြုံထားသောလူမဲကြီးသည် သွေးသံတရဲရဲဖြစ်သော လူ၏ အသည်းကလီစာကြီးတစ်ခုကို ဆွဲကိုင်ကာ စောမြကြည်နှင့်အတူ ရောက်လာသည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း ကျေးဇူးရှင်ဆရာကြီး ပေးလိုက်သော နဂါးပတ်ကျော့ကွင်း အင်းနှံထားသည့်ကြိုးကွင်းတစ်ခုကို အဆင်သင့်ကိုင်ကာ လူမဲကြီး၏ အမူအယာကို အစအဆုံးကြည့်နေရာ လူမဲကြီးမှာ လက်ထဲက အူအသည်းနှလုံးတွဲကြီးကို စောမြကြည်လက်သို့ ပေးထားပြီး နန်းထူး၏မြေပုံကို ဖနောင့်နှင့် ပေါက်လိုက်ရာ မြေပုံကြီးမှာ တစ့်စ့်တမွမွ ပွထလာပြီး အတွင်းက နန်းထူး အလောင်းကြီး အစန့်သားပေါ်လာလေ၏။

တစ်လမ်းသွားကြီးလည်း နန်းထူးအလောင်းကို မြေမှုန့်များ ဖယ်ရှားလျက် ထက်မြသောဓားမြှောင်ဖြင့် ရင်ကိုထက်ခြမ်းခွဲလိုက်ရာ နန်းထူး၏ ရင်ဘတ်ကြီးမှာ ဟက်တက်ကွဲပြီး အထဲမှအူအသည်းဆို၍ တစ်စုံတစ်ရာမရှိ၊ ဟာလာဟင်းလင်းကြီးဖြစ်နေသည်ကို တွေ့ရလေ၏၊ စောခွန်မြတ်လည်း များစွာ အံ့သြလျက်. . .

"ဘယ့်နှယ်လဲဆရာလေး သိပ်အံ့သြဖို့ကောင်းတာပဲ"

ဟု တီးတိုးပြောနေပြန်သဖြင့် ကျွန်တော်လည်း ၎င်းအား အတန်တန် လက်ကုပ်ထားရပေ၏၊ ထို့နောက် လူမဲကြီးသည် နန်းထူး ရင်ခေါင်းထဲသို့

ယူလာသော အူအသည်းတွဲကြီးကိုထည့်ပြီး ဟက်တက်ကွဲနေသည့်ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖေး၍စေ့စေပြီး ၎င်း၏ပါးစပ်ထဲမှ ဝင်းဝင်းလက်လက် ပြိုးပြိုး ပျက်သော လျှာရည်များကိုထုတ်လျက် ဓားခွဲရာကို သုတ်လိမ်းဆက်စပ်ပေး လိုက်ရာ နန်းထူးရင်ဘတ်မှာ ပကတိအကောင်းသား ဖြစ်သွားသည်ကို တွေ့မြင် ရလေ၏။

၎င်းနောက် လူမဲကြီးသည် နန်းထူးအလောင်းအား လက်ဝါး ဖြန့်ကာ ဖြန့်ကာ အာဏာပေးသလိုလုပ်လိုက် အဝေးသို့တစ်စုံတစ်ခု ခေါ်သလို လက်မြှောက်ခေါ်လိုက် လေထဲသို့ တစ်စုံတစ်ခုကို လှမ်းဖမ်းပြီး နန်းထူးပါးစပ် တွင်းသို့ သွင်းပေးသောသဏ္ဍာန်လုပ်လိုက်နှင့် ခုနစ်ကြိမ်တိတိလုပ်နေရာ နောက်ဆုံးနန်းထူးမှာ လှုပ်လှုပ်ရှက်ရှက်နှင့် အသက်ဝင်လာပြီး မြေပုံကြီး ပေါ်တွင် ငုတ်တုတ်ကြီးထိုင်ကာ အရပ်လေးမျက်နှာသို့ လူမိသောကျီးပမာ ပြူးကလူးပြာကလာနှင့် လောကကြီးကို ထူးဆန်းအံ့သြစွာ ကြည့်နေလေ၏။

စောခွန်မြတ်ကား များစွာအံ့သြကာ. . .

"သိပ်ဟုတ်တာပဲ . . . သေတဲ့လူဟာ တစ်ခါတည်းပြန်ရှင်လာ တယ်"

ဟု တီးတိုးမြည်တမ်းလျက်ရှိလေ၏၊ လူမဲကြီးလည်း နန်းထူးနှင့် စောမြကြည်ကို လက်တစ်ဖက်တစ်ချက်စီဆွဲကိုင်ကာ မိမိလာရာလမ်းသို့ ပြန်လှည့်မည်အပြုတွင် ကျွန်တော်လည်း ချုံထဲမှ နဂါးပတ်ကျောက်ကွင်း အင်းနှင့် စီရင်ထားသည့်ကြိုးကွင်းဖြင့် လူမဲကြီးကို ပစ်ဖမ်းလိုက်ရာ လူမဲကြီးမှာ ဝင်းလက် သောကြိုးကွင်းအလယ်၌ ချာလပတ်လယ်ကာ ပြင်းစွာသောအသံကြီးနှင့် အော်ဟစ်ရုန်းကန်ရင်း နောက်ဆုံးတွင် မလှုပ်နိုင်အောင် အချုပ်မိရှာလေ၏။

စောမြကြည်နှင့်နန်းထူးတို့မှာလည်း မျက်လုံးကြီးတွေအကြောင် သားနှင့် ရပ်ကြည့်နေပြီး ပါးစပ်ကလည်းစကားမပြောနိုင် အသိဉာဏ်ဆို၍ လည်း အလျဉ်းမရှိသကဲ့သို့ အသက်ရှိသည်ပင်ဆိုရသော်လည်း စက်ရုပ်ကြီး များကဲ့သို့သာဖြစ်နေသဖြင့် အမှုထမ်းများတွဲခေါ် ဖမ်းလာရာသို့ လူမဲကြီးနှင့် အတူ ပါလာလေ၏။

နံနက်လင်းလျှင် ဟော်တွင်း ဟော်ပြင်တို့၌ လှုပ်လှုပ်ယှယှ ဖြစ်နေကြ၏၊

"အောက်လမ်းဆရာကြီးတစ်ဦးကို ဖမ်းလာတယ်၊ စောမြကြည်နဲ့ မောင်းမငယ်နန်းထူးဟာလည်း သေရာက ပြန်ရှင်နေတာ တွေ့ရလို့ ဖမ်းလာပြီး အချုပ်ခန်းကြီးထဲမှာ ချထားတယ်"

ဟူသောသတင်းဖြင့် သူ့ထက်ငါတိုးဝှေ့လာရောက်ကြည့်ကြလေ၏။

စော်ဘွားကြီးမှာ ချွေးမတော်ကိုမြင်ရ၍ နှုတ်ခွန်းဆက်သသော်လည်း၊ စောမြကြည်မှာ ရုပ်သာစောမြကြည်ဖြစ်လျက် အသိဉာဏ်ကား စောမြကြည် ဘဝက အသိဉာဏ်အမှတ်သညာမျိုးမရှိသဖြင့် မည်သူ့ကိုမျှ မသိတော့ဘဲ၊ စိမ်းစိမ်းစိုက်စိုက်ကြီးသာ ကြည့်နေသောကြောင့် မဟာဒေဝီကြီးမှာ ဝမ်းနည်းနေရှာလေ၏။

ကျွန်တော်လည်း ထိုသူမှာ စောမြကြည်ပင်ဖြစ်သော်လည်း ဘဝခြားပြီးဖြစ်၍ မသိတော့သည့်အပြင် အောက်လမ်းဆရာကြီး အလိုရှိသောအခါ ခိုင်းရာလုပ်ပေးရုံလောက်သာ အသိအမှတ်သညာရှိတော့ကြောင်း။ အောက်လမ်းသမားများအလိုအားဖြင့် စေစားရန် ဝိညာဉ်ငှားနှင့် ဖုတ်သွင်းထားသူများသာဖြစ်ကြောင်း ပြောပြပြီး ၎င်းတို့ လိုရာသို့သွားနိုင်ရန်အခွင့်ပြုကာ ရေစင်ဖြင့် ပက်ဖျန်းလိုက်သည့်ခဏ၌ စောမြကြည်နှင့်နန်းထူးသည် ဗိုင်းခနဲလဲကျသွားပြီးလျှင် ရုပ်နှင့်ဝိညာဉ်တစ်လမ်းစီ ကွဲပြားသွားလေ၏။

ထို့နောက် အောက်လမ်းဆရာကြီးအား မည်သည့်အတွက် စော်ဘွားကြီး၏ပစ္စည်းများကို ခိုးယူနှောက်ယှက်နေရကြောင်းများ မေးလျှင် ဆရာကြီးမှာ ရွံစရာကောင်းလှသောမျက်နှာကြီးဖြင့် ကျွန်တော့်ကိုသာ အခဲမကြေပြန်မပြောဘဲရှိသဖြင့် ကျွန်တော်လည်း နှစ်ကြိမ်မက သုံးကြိမ်ရှိသောအခါ စိတ်မရှည်ဖြစ်လာသောကြောင့် မာနကျိုးရုံ အကြောင်းပြလိုက်သည့်သဘောနှင့် ကြိုးကွင်းကို ခပ်တင်းတင်းဆွဲစေရန် အစောင့်များကို အမိန့်ပြန်လျက် ဆေးကြိမ်ဖြင့် သုံးချက်ထိလိုက်လျှင်ပင် အလူးအလဲဟစ်အော်ကာ ၎င်း၏အဖြစ်အပျက်များကို ပြောပါ

တော့မည်ဟု ဝန်ခံရရှာလေပြီး စိတ်အလျှော့ကြီး လျှော့လိုက်ကာ စော်ဘွား ကြီး၏ မျက်နှာကိုစိမ်းစိမ်းကြည့်ရင်း . . .

"မင်းနဲ့ ငါနဲ့ ညီအစ်ကိုတော်တယ်ကွဲ့ မင်းအဖေဟာ ငါ့အမေကို တရားပျက်ကွက်အနိုင်ကျင့်ရုံမက ငါ့အဘိုးရဲ့အမြတ်တနိုးထားတဲ့ ကြောင်မျက်ရှင်လက်ဝတ်ကို အတင်းသိမ်းယူတယ်၊ ငါ့အမေမှာ ငါ့ကိုပဋိသန္ဓေနဲ့ မင်းအဖေကပစ်သွားပြီး အဖေအိုကြီးနဲ့ ဆင်းရဲသားဘဝ လုပ်ကိုင်စားခဲ့ရတယ်၊ မင်းအဖေဟာ စော်ဘွားဖြစ်တော့လည်း ငါတို့ကို လာမကြည့်တဲ့အပြင် သူ့နယ်ထဲကပင်နှင်ထုတ်တယ်၊ တခြားမိန်းမကို မဟာဒေဝီမြှောက်ပြီးရင်လည်း ငါတို့ကို အထိုက်အလျောက် ထောက်ပံ့ရင်ကျေနပ်ပါသေးတယ်၊ အခုတော့ မထောက်ပံ့တဲ့အပြင် ငါ့အမေဟာ နည်းနည်းပညာတတ်တာသိလို့ သူ့ကိုရန်မူလိမ့်မယ်ထင်ပြီး ငါ့အဘိုးဆီမှာရှိတဲ့ စုန်းမပြုစားနိုင်တဲ့ကြောင်မျက်ရှင်လက်စွပ်ကို မင်းအာဏာနဲ့ မတရားသိမ်းယူဝတ်ဆင်ထားပြီး ငါတို့မိသားတစ်စုကို သူ့နယ်ကနှင်ထုတ်ထားတော့ နောက်ဆုံးစိတ္တဇနဲ့ သေရတယ် . . .

မသေခင် ငါ့ကိုအကြောင်းမျိုးစုံဖွင့်မှာပြီး ငါဒုက္ခကြီးခံရသလို ဒင်းတို့ကိုလက်စားခြေပြီး ဟော်နန်းကြီးကို တစ်နည်းနည်းနဲ့ ကြိုးဆွဲကြိုးကိုင်လုပ်နိုင်ပါစေလို့ အတန်တန်မှာတာနဲ့ ငါလည်းအမေ့ထံမှာ ကတိထားပြီး၊ မင်းတို့ကိုလက်စားခြေဖို့ အောက်လမ်းပညာကို အထူးဂရုပြုပြီး လိုက်စားလာခဲ့တယ် မင်းကိုသတ်ရအောင်ကြံတာ နှစ်ပေါင်းကြာလှပြီ ဒီကြောင်မျက်ရှင်လက်စွပ်ကြောင့် အကြံမမြောက်နိုင်ဘူး။ ဒီလက်စွပ်မရတာနဲ့ နန်းထူးဆိုတဲ့ကလေးမလေးတစ်ယောက်ကို ကောက်ယူမွေးစားပြီး သမီးအဖြစ်ထားလို့ အောက်လမ်းပညာများ သင်ပေးပြီး စောခွန်မြတ်နဲ့ ငြိတွယ်မိအောင်နေရာရှာပြီး လာပို့ထားတယ်၊ အရင်သေသွားကြတဲ့ မင်းသားသုံးယောက်လည်း ငါ့လက်ချက်ပဲ၊ မင်းချွေးမလည်း ငါ့လက်ချက်ပဲ၊ မင်းချွေးမကိုတော့ မင်းပစ္စည်းတွေ ခိုးယူစေဖို့ အသက်သွင်းပြီးစေခိုင်းထားတယ် . . .

မင်းသားသုံးယောက်သတ်ရပေမယ့် မင်းကိုမသတ်ရသေးတာ ငါ မကျေနပ်လို့ လက်စွပ်ကို ချက်နိုင်ဖို့ လူရှာနေတာ စောခွန်မြတ်ကို မိန်းမ မာယာနဲ့ လှည့်စားပြီး နန်းထူးကို အချုတ်ခိုင်းနိုင်အောင်လည်း ကြိုးစားနေတုန်း ပဲ စောခွန်မြတ်တော့ နန်းထူးစကားကို မလွန်ဆန်ဝံ့ဘဲ ထားရာကနေရမယ့် လူဖြစ်တဲ့အတွက် အသက်မသေစေဘဲ စော်ဘွားအရာဆက်ခံစေပြီး ငါ့သမီး နန်းထူးကို မဟာဒေဝီမြှောက်ထားစေမယ်။ ငါက မင်းတို့ ဆွေမျိုးအဆက်ဆက် စုဆောင်းလာတဲ့ ရတနာတွေကို သိမ်းပိုက်မယ်ဆိုပြီး အကြံကြီးကြံခဲ့တယ် အကြံအောင်ခါနီးပြီ၊ စောခွန်မြတ်လည်း တို့လက်ထဲရောက်နေပြီ၊ ဟောဒီ ဆရာတွေမလာရင် မင်းကို ငါလက်စားခြေရမှာပဲ အခုတော့ နည်းနည်း ကံကောင်းသွားတယ်၊ နန်းထူးကို အဖမ်းစောသွားလို့ မင်းတို့အပြစ်ပေးမခံရ အောင် ငါ့အတတ်နဲ့ အရင်ဦးအောင် အူနုတ်ထားပြီး၊ နောက်မှအသက်ပြန် သွင်းပြီး ငါ့နေရပ် ပြန်ခေါ်သွားဖို့ လာခဲ့မိတာနဲ့ အခုလိုဖြစ်ရတယ်။ ကိစ္စမရှိ ပါဘူးကွယ် မင်းသားသုံးယောက်နဲ့ ချွေးမတစ်ယောက်ကို ငါ့ပညာနဲ့ သတ်လိုက် ရပါပြီ"

ဟု ပြောလေလျှင် စော်ဘွားကြီးမှာ ဒေါသစိုက်တွေဝေ၍နေရာမှ . . . .

"မင်းနဲ့ငါ ညီအစ်ကိုတော်တာပေါ့၊ မင်းသိပ်မှားတယ်။ အစက ငါ့ကို အကျိုးအကြောင်းပြောရင် မင်းတို့မနစ်နာရအောင် ငါကြည့်ရှုမှာပဲ၊ ငါ့အဖေက ဆိုးခဲ့ပေမယ့် ငါဟာလူတစ်ဖက်သားကို အများကြီးသနား တတ်တယ်။ ခုတော့ ငါ့သားကြီးသုံးယောက်လည်း အကျိုးမဲ့သေဆုံးရပြီ"

ဟု ကြေကွဲစွာအမိန့်ရှိသော်လည်း၊ အောက်လမ်းသမားကြီးက ခေါင်းခါလျက် . . .

"ဒီအရွယ်ကျမှ ကြည့်ရှုထောက်ပံ့ဖို့မလိုပါဘူး၊ ငါ့အမေမှာတဲ့အတိုင်း မင်းတို့ကို လက်စားချေသင့်သလောက် ချေလိုက်ရတာပဲ ကျေနပ်လှပါပြီ"

ဟု ပြောနေသဖြင့်၊ ကျွန်တော်လည်း . . .

"ကဲ . . ဒါတွေပြောမနေနဲ့ဦး ခိုးချင်တိုင်းခိုးထားတဲ့ ပစ္စည်းတွေ ဘယ်မှာလဲ၊ ဒီကတော်ကြီးဘုရားပစ္စည်းတွေချည်းမခိုးဘဲ၊ ပတ္တမြားပွဲမှာ တခြား

ကလာတဲ့ ဒည့်သည်တွေရဲ့ ပစ္စည်းတွေကို ဘာပြုလို့ ခိုးယူရသလဲ အားလုံးပြန် အပ်ပါ"

"မအပ်ဘူးဟေ့ မအပ်ဘူး၊ တတ်နိုင်ရင် မင်းပညာနဲ့ရှာယူ၊ သူများ ပစ္စည်းယူတာ ငါလိုချင်လို့ ယူတာပေါ့"

ဟု ခေါင်းမာခက်ထန်စွာပြောနေပြန်သဖြင့် ကျွန်တော်လည်း အချိန် ကုန်မခံနိုင်သောကြောင့်၊ ရေစင်ဖြင့်ပက်ဖျန်းလိုက်ရာ၊ ဆရာကြီးမှာ ရေစင်ထိ သည့်နေရာများတွင် မီးဟုန်းဟုန်းတောက်နေသည်ဟုထင်ရကာ နာကျင်စွာ ဟစ်အော်ပြီး နောက်ဆုံးတွင်ပစ္စည်းထားသောနေရာကို ထုတ်ဖော်ပြောရလေ ၏။

ကျွန်တော်လည်း မယုံကြည်သေးသဖြင့် စောခွန်မြတ်အား သူပြော သောနေရာကို အမြန်သွားရောက်ယူစေရာ အကယ်ပင် ပစ္စည်းများရလာသည် နှင့် . . .

"ကဲ . . . ဘယ်လိုများစီရင်ချင်ပါသလဲ စောခွန်မြတ်"

ဟု မေးရာ စောခွန်မြတ်မှာ လတ်ဆတ်သော အရွယ်ဖြစ်သဖြင့် သတ်ပစ်ဖို့ပြောသော်လည်း စော်ဘွားကြီးမှာ သက်ရွယ်ကြီးရင့်ပြီး ညာတာတတ် သူဖြစ်ပြီးလျှင် အဖေတူသားချင်းဖြစ်၍လည်း တစ်နည်းငဲ့ညာကာ မိမိသား တော်များ ဆုံးရှုံးရသည်ပင်လည်း မနာကြည်းဘဲ သည်းညည်းခံပြီး နောက်နောင် ရန်မရှာရန် ကတိခံက အပြစ်မှချမ်းသာပေးပြီး ထမံ့သူကြီးနေရာတစ်ခုကိုပင် ပေးကမ်းချီးမြှင့်ထားမည်ဖြစ်ကြောင်းပြောသဖြင့် ကျွန်တော်လည်း အောက် လမ်းသမားကြီးအား နောက်နောင်မဖောက်ပြားစေရန် အတင်းအကျပ် သစ္စာ ပေးလိုက်ရလေ၏။

ထို့နောက် ကျွန်တော်၏ကျေးဇူးရှင်ဆရာကြီးကိုယ်တိုင် တရားဓမ္မ ဟောပြလျက် ဆုံးမချေချွတ်ပြန်သည်တွင် အစွယ်များကျိုးပြီး အကျွတ်တရား အရကြီးရသွားကာ ငါးပါးပဉ္စသီလတော်ကြီးကိုပင် ခံယူကာ သရဏဂုံတည် သွားရှာလေ၏။

ယခင်က ပတ္တမြားပွဲကြီးလည်း နောက်လေးငါးရက်ရှိလျှင် စည်ကားကြီးကျယ်စွာ ဆုတောင်းပြည့်ပွဲတော်နှင့်အတူဖြစ်ခဲ့ရာ ယမန်နှစ်က ပျောက်ဆုံးသောပစ္စည်းရှင်များလည်း မိမိတို့ပစ္စည်းအသီးသီး ပြန်ရကြသဖြင့် ဝမ်းမြောက်ချမ်းသာဖြစ်ကြရပြီးလျှင် လောကီလမ်းပညာများနှင့်တကွ အထက်လမ်းပညာများကို ကိုယ်တွေ့မဟုတ်၍ မယုံဟု ဆိုထားသော စော်ဘွားလောင်းကလေး [illegible]ခွန်မြတ်မှာလည်း ကျွန်တော်တို့အား ကျေးဇူးများစွာတင်လျက် 'အယုံအကြည်ခိုင်' ဟူသော အဆိုကို ရုပ်သိမ်းကာ . . .

"ယုံကြည်ပါပြီ အောက်လမ်းပညာများဟာ တယ်ပြီးဆန်းကြယ်ပါကလား သူတို့ဆန်းကြယ်သလောက် အထက်လမ်းပညာသည်များက ချုပ်ချယ်နိုင်နင်းကြတာက သာပြီးဆန်းကြယ်ပါသေးတယ်"

ဟု အခါမပြတ် အထပ်ထပ်ချီးမွမ်းမဆုံးဖြစ်၍ နေပေတော့သတည်း။

☼ ☼ ☼

# မိုးနေသယ်

(၁၉၃၄-ခု၊ ဇန်နဝါရီလတွင်ရေးသည်။)

ကျွန်တော်နှင့် ဆရာကြီးတို့သည် မတ္တရာမြို့ ဦးဘကြွားခေါ် ဇာတ်မင်းသားစိန်ဖေကြီး၏ ပယောဂအစွဲကို ချွတ်လွှဲကုသ၍ ပျောက်ကင်းပြီဖြစ်သဖြင့် နောက်တစ်နေ့တွင် တောပုရွာနှင့်တောပုဘုရားသို့ သွားရောက်ကြမည်ဟု ပြင်ဆင်လျက်ရှိကြရာ ထိုနေ့ညနေ နေဝင်ရီတရော အချိန်လောက်မှာပင် မတ္တရာမြို့သူကြီးဟောင်း ဦးအုန်းပန်းသည် ပြာယီးပြာယာနှင့် ရောက်လာပြီး ၎င်း၏တူတစ်ယောက် ကယောင်ချောက်ချားနှင့်စုန်းလား နတ်လားမသိထင်မိထင်ရာ ပြောဆိုငိုယိုလျက် ရှိသောကြောင့် ကြွရောက်ကုသပါမည့်အကြောင်းပြောလာရာ ကျွန်တော်နှင့်ဆရာကြီးလည်း နောက်တစ်နေ့သွားမည့်ခရီးကို ဖျက်ဆီးရုပ်သိမ်းလိုက်ရကာ ဦးအုန်းပန်းခေါ်ရာသို့လိုက်ပါရန် ကျွန်တော်တစ်ယောက်တည်းပင် ဆရာကြီးကိုယ်တိုင်က တာဝန်လွှဲအပ်ထည့်လိုက်သည်နှင့် မတ္တရာမြို့မြောက်ပိုင်းအရပ်ရှိ ဦးအုန်းပန်းနေအိမ်သို့ လိုက်ပါခဲ့ရလေ၏။

ဦးအုန်းပန်းမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ဂုင်းမြို့တွင် သူကြီးပြုလုပ်အုပ်ချုပ်ခဲ့ရပြီးနောက် တစ်စုံတစ်ခုသော အပြစ်ကြောင့် သူကြီးအရာကျခဲ့ပြီးလျှင် ယခုအချိန်အရွယ်တိုင်ပင် ထိုရာထူးကို ပြန်လည်ရရှိစေရန်မကြိုးစားတော့ဘဲ ဂုင်းပိုင်ဥက်ပျောခြံများနှင့် ကွမ်းသီးခြံများမှ ထွက်သည့်အသီးအနှံတို့ကို ရောင်းချစားသောက်ခြင်းဖြင့် အေးချမ်းလွတ်လပ်စွာ နေထိုင်ခဲ့သောအဘိုးကြီးတစ်ယောက်ဖြစ်လေ၏။

ကျွန်တော်လည်း ဦးအုန်းပန်း၏နေအိမ်သို့ ရောက်သောအခါ စိမ်းလန်းညို့မှိုင်းသော သစ်ပင်၊ ပန်းပင်၊ ဥယျာဉ်ပန်းမန်တို့ကို တံတိုင်းပမာ ကာရံပြုပြင်လျက် သက်ငယ်စိမ်းကလေးတို့ဖြင့် အမိုးလဲလှယ်ပြီးစ အိမ်ငယ်ကလေး၏သပ်ရပ်သန့်ရှင်းခြင်းနှင့် အိမ်ရှေ့တွင်လည်း ကြည်လင်သောရေများ စိမ့်ယိုပြည့်လျက်ရှိသော မတိမ်လွန်း၊ မနက်လွန်းသည့် မောင်းငင်ရေတွင်းကလေးကိုလည်းကောင်း တစ်ဖက်ရှိ ကွမ်းခြံကလေးသည်လည်းကောင်း၊ မျက်စိပသာဒကိုအထူးပေးလျက် အေးမြကြည်လင်စေသောကြောင့် သူနာကိုကြည့်ရန် လိုက်ပါလာခဲ့သူ ကျွန်တော်မှာ လာရင်းကိစ္စကိုပင် မေ့လျော့သွားသကဲ့သို့ ရှိချေ၏။

ထို့နောက် ဦးအုန်းပန်းက . . .

"ကဲ . . ဆရာလေး၊ အမောပြေရေကလေးဘာလေးသောက်ပါဦး ဟောဒီပင်မှည့်ဥက်ပျောကလေးလည်း သုံးဆောင်စမ်းပါ အင်မတန် အရသာ ရှိပါတယ် ကျုပ်တို့အရပ်မှာတော့ ဘယ်လိုစေတနာရှိရှိ ဒါပဲ တတ်နိုင်တယ်"

ဟု ဆိုသဖြင့် ကျွန်တော်လည်း ဦးအုန်းပန်းကျွေးမွေးသည်ကို စား သောက်ပြီးမှ လူနာကိုသတိရ၍ မမြင်ရသေးသည်နှင့်မေးမြန်းရာ ဦးအုန်း ပန်းလည်း . . .

"ဆရာလေး အမောပြေရင်လိုက်ပြပါမယ်။ လူနာက တခြားသူလည်း မဟုတ်ဘူးဆရာလေးရဲ့ ကျုပ်တူတော်ကလေးပဲဆိုပါတော့ ဒါပေမယ့် ခမျာများ လုပ်စား ကိုင်စားဆင်းရဲသားဆိုတော့ ရပ်ရွာရဲ့ စရိုက်အတိုင်း အခိုက်သင့်တဲ့

အလုပ်လုပ်စားရတယ်. . . ဆရာလေးရဲ့၊ ကဲ ကဲအမောပြေရင် ခြံနောက်ပိုင်းမှာ သူတို့နေတဲ့တဲကလေးရှိပါတယ်။ ဟောဒီလမ်းကလေးအတိုင်းပါပဲ၊ ဆရာလေးရှေ့ကကြွပါ”

ဟု ဆိုသောကြောင့် ကျွန်တော်လည်း အိမ်ဘေးလမ်းမှ ခြံတွင်းသို့လျှောက်ခဲ့ရာ ဦးအုန်းပန်းလည်း ကျွန်တော်နှင့်အတူ နောက်မှပါလာလေ၏။ ခြံ၏နောက်ပိုင်းတွင်ကား ရှည်လျားမြင့်မားသော ကွမ်းသီးပင်ကြီးများဖြင့် ပြည့်လျက် အချို့အပင်များမှာ အပွင့်၊ အဖူး၊ အသီး စသည်ဖြင့် ပင်လုံးမြိုင်ဝေဆာလျက်ရှိပြီးလျှင် အချို့အပင်မှခူးဆွတ်ပြီး ကွမ်းသီးအမှည့်များကို အခစားလုပ်ကိုင်သော မိန်းကလေးများလည်း ဟိုတစ်စုဒီတစ်စုထိုင်ကာ ဓားမောက်ငယ်ကလေးများနှင့် ကွမ်းသီးများကို အခွံမှခွဲယူလုပ်ကိုင်နေသည်ကိုတွေ့ရပြီးလျှင် အချို့ယောကျ်ားများမှာလည်း မြင့်မတ်သေးသွယ်လှသော ကွမ်းသီးပင်စောက်များကို အသက်တစ်ဖျား စွန့်စားတက်ရောက်ကာ မှည့်နေသောကွမ်းသီးခိုင်များကို ချွေချပြီးလျှင် တစ်ပင်နှင့်တစ်ပင်ကိုလည်း ဆင်းချည်တက်ချီကူးမနေဘဲ ပင်လုံးချင်းလွဲ၍လွဲ၍ ကူးပြောင်းကြသည်မှာ အဝေးက ကြည့်ရလျှင် မျောက်သတ္တဝါကလေးများတမျှ ကျင်လည်လှပေ၏။

ဦးအုန်းပန်းလည်း တစ်ပင်မှတစ်ပင်လွဲ၍ ကူးပြောင်းဆွတ်ခူးနေကြသော ကွမ်းသီးခိုင် အငှားတက်သူများကိုပြလျက် . . .

“ကျုပ်တူ ဘသက်လည်း ဒီလိုကွမ်းသီးအငှားတက်တဲ့အလုပ်ကို လုပ်ရှာတာပေါ့ဆရာလေးရယ်၊ ဒီကရတဲ့ အခကြေးငွေကလေးနဲ့ သူ့အမေအိုကြီးလုပ်ကျွေးနေရှာတာကလား၊ အရင်သူ့အဖေ(ကျုပ်ညီနှစ်ဝမ်းကွဲပေါ့လေ) အဲ . . ဒီသူ့အဖေရှိစဉ်တုန်းကတော့ အဝေးမှာ သူ့မယားနဲ့ ဘာသိဘာသာလုပ်စားနေရှာတာပဲ၊ လွန်ခဲ့တဲ့ငါးလလောက်ကမှ အဖေအိုကြီးဆုံးလို့ သားမယားပစ်ပြီး အမေအိုကြီးလုပ်ကျွေးနေရှာတယ် ဆရာလေးရယ်”

ဟု ပြောသဖြင့် ကျွန်တော်လည်း အဘိုးကြီးပြောသောစကားများကို နားထောင်ရင်းလိုက်ခဲ့ရာ မကြာမီ အလွန်ကြီးသောညောင်ပင်ကြီးအောက်ရှိ

တဲငယ်ကလေးတစ်ခုအတွင်းသို့ရောက်ခဲ့ရာ ဘသက်ဆိုသော လူမမာနှင့်တကွ အနီးတွင် ခေါင်းတုန်လည်တုန်နှင့် ပြုစုယုယနေသော အဘွားကြီးတစ်ယောက်ကို တွေ့ရလေ၏။

ဦးအုန်းပန်းလည်း အမယ်ကြီးကို ဆရာပင့်လာကြောင်းပြောကာ ကျွန်တော့်အား နေရာထိုင်ခင်းများပေးသဖြင့် ကျွန်တော်လည်း ကျေးရွာရှင် ဆရာကြီးမပါသဖြင့် ထိုအခါတွင် ဆရာသမားပီပီ တည်ကြည်ခံ့ငြားစွာ ထိုင်လျက် လူနာ၏ အကဲကိုခတ်လျက်ရှိရာ လူနာမှာခြေဖျားမှ ပေါင်ရင်းတိုင်အောင် အဆမတန်ယောင်ဖောလျက် ခါးအထက်ပိုင်းတွင်မူကား နံရိုးကြဲကြဲ အရေတွဲတွဲနှင့်ပိန်လှီခြောက်ခန်းပြီး မျက်လုံးကြီးများမှာလည်း ကျွတ်ထွက်ခန်းပြူးကျယ်လျက်ရှိကာ ကျွန်တော်ရှိရာကို မျက်နှာကောင်းစွာ မပြဘဲနေလေ၏။

အမယ်ကြီးသည်ကား သား၏ချစ်ခြင်းပြင်းလှရကား ကျွန်တော့်အား များစွာအားထားဘိအလား . . .

"တဆိတ်ကယ်ပါဦး ဆရာလေးရယ်၊ အမေကြီးမှာ ဒီသားကလေး တစ်ယောက်ပဲ အိုစာနာစာ ရှိပါတယ်။ ကြည့်ပါဆရာ ကယောင်ကတမ်းတွေ ပြောပြောပြီး အစားခဏခဏတောင်းနေတာပဲ၊ အမေကြီးလည်း အိုကြီးအိုမပင် ဒုက္ခတွေ့ရတယ်မောင်။ တောင်မလုပ်တတ် မြောက်မလုပ်တတ်နဲ့ ပြုမယ့်စုမယ့် လူကလည်းမရှိ သူ့မိန်းမမှာရအောင်ကလည်း သူတို့နေတာက ဟိုတောင်ဘက် ကိုးခရိုင်မှာတဲ့ လူကြုံလည်း မရှိဘူးဆရာရဲ့ ပြီးတော့ သူ့အဖေရှိတုန်းကလည်း သားကို ရိုက်မောင်း ပုတ်မောင်းလုပ်ထားတော့ လာဝံ့မှာလည်းမဟုတ်ဘူး။ သူ့အဖေမမာတုန်းကမှ လိုက်မလာချင်တာဆရာရဲ့ သားကလေး အခုလို မကျန်းမမာဖြစ်နေတော့ အမေကြီးလည်း အင်မတန်ဒုက္ခကြီးရောက်ရပါတယ် မောင်ရယ် သူ့ဝေဒနာမြန်မြန်ပျောက်ပါမှပဲ"

ဟု ခေါင်းတုန်တုန် လည်တုန်တုန်နှင့် မျက်ရည်ကလေးများ မကြာခဏသုတ်ရင်းပြောလေရာ ကျွန်တော်လည်း လူမမာထက် အဘွားကြီးကို ပိုသနားလှသဖြင့် . . .

"ကိစ္စမရှိပါဘူး အမေကြီးရယ် မစိုးရိမ်ပါနဲ့ ကျွန်တော်တတ်နိုင်သလောက်ကုပ့်မယ်။ ဒါလောက်လည်း အားမငယ်ပါနဲ့၊ ဒီကဦးကြီးလည်း ရှိပါသေးတယ်။ ကိုင်း . . ကိုင်း မူလစပြီးဖြစ်ပုံ ပြောစမ်းပါဦး"

ဟု ဆိုသောကြောင့် အဘွားကြီးလည်း . . .

"ဖြစ်ပုံကတော့ ဒီလိုလားဆရာ. . ."

ဟု ပြောမည့်ဟန်ပြင်လိုက်လျှင် လူမမာလည်း တုံးလုံးလဲ့ နေရာမှ ဘာဖြစ်သည်မသိ . . .

"အမယ်လေး အလိုလေး ကယ်ကြပါ နာလှချည်ရဲ့၊ အမေ အမေ ကျုပ်ကိုပစ်မထားပါနဲ့အမေရဲ့ ဖက်ပါ၊ အမယ်လေး ကြောက်ပါတယ်ဖက်ပါ၊ ဒီလူတွေ ကျုပ်အနားမလာစေနဲ့ နှင်လိုက်ပါအမေ ကျုပ် သေလိမ့်မယ်၊ သူတို့ကို အမေစကားမပြောနဲ့နော် ပြောရင်မှားလိမ့်မယ်။ သူတို့ကိုစကားပြောရင် အမေနဲ့ ကျုပ်နဲ့ ကွဲလိမ့်မယ်ဗျ။ ကျုပ်ကိုသာ ချစ်ရင်ဖက်ထားပါ"

စသည်ဖြင့် လူးသလိုလို လှိမ့်သလိုလို မရပ်မနားရေပက် မဝင်အောင် စကားတွေများနေရာ အမေကြီးမှာလည်း ပြောမည့် စကားကိုရပ်ပြီး၊ သားကို ဂရုတစိုက်ပိုက်ဖက်ယုယနေသောအခါ ကျွန်တော်လည်း လူမမာ၏အကဲကို သိလိုသောကြောင့် ဦးအုန်းပန်းကို လက်တို့ပြီး . . .

"ကဲ . . . ဖြစ်ပုံကို ဒီကဘကြီးလည်း သိရဲ့မဟုတ်လား"

ဟု မေး၍ ဦးအုန်းပန်းလည်း သိကြောင်းပြောသည်နှင့် . . .

"ဒါဖြင့် တဲအပြင်ထွက်ရအောင်ဗျာ၊ အပြင်ကျရင်ဘကြီးသိတာ ပြောပေတော့"

ဟု ဆို၍ . . . ကျွန်တော်နှင့်ဦးအုန်းပန်းတို့တဲငယ်၏အပြင်ဘက် ညောင်ပင်ရိပ်အောက်တွင် ကွပ်ပျစ်ငယ်တစ်ခုတွင် ထိုင်ကြပြီးနောက် . . . .

"ကဲ . . . ဘကြီးသိသလောက်ပြောစမ်းပါ"

ဟု ဆိုရာ ဦးအုန်းပန်းလည်း . . .

"ဒီလို ဆရာလေးရဲ့၊ ဟိုလွန်ခဲ့တဲ့ နှစ်လကျော်ကျော်လောက်က မောင်ဘသက်ဟာ ခါတိုင်းလိုပဲနေ့စဉ် ကွမ်းသီးတက်တက်နေပလားဆို အပင်

အောက်က ဖိန်းမတစ်ယောက်တဲ့ သဲသဲကွဲကွဲမျက်နှာလည်း မမြင်ရဘဲနန္ဒင်းစိုစို၊ ဆီစိုစို၊ ဆံပင်ကလည်း ဖိုးယိုးဖားယား၊ လက်တစ်ဖက်က သားကလေးပိုက်ပြီး၊ လက်တစ်ဖက်ကလက်မောင်းနှင့် မျက်နှာပိတ်ရင်း တရှိုက်ရှိုက်ငိုနေတာတွေ့ ရသတဲ့၊ သူကတော့ ဘယ်သူဘယ်ဝါ မသိဘူးပေါ့၊ ကွမ်းသီးခိုင်တွေကြိုးနဲ့ချည်ပြီး အောက်ချပေးမလို့ ငုံ့ကြည့်လိုက်တိုင်း မြင်ရသတဲ့။ ကွမ်းသီးခွဲတဲ့ မိန်းကလေး တွေလည်း အောက်မှာရှိကြတော့ သူတို့တတွေရဲ့ အသိအကျွမ်းထင်ပြီး အမှတ် တမဲ့ပဲ နေလာခဲ့တယ်။ ဒါပေတဲ့ နေ့စဉ်နှင့်အမျှဆိုသလို နန္ဒင်းစိုစို ဆီစိုစိုနှင့် ငိုငိုနေတဲ့ အဲဟို သူငယ်မကို တွေ့ရပါမြင်ရပါများလာတော့ တစ်နေ့တော့ ကွမ်းသီးခွဲတဲ့မိန်းကလေးတွေကို အဲဒီမိန်းမ တငိုငိုနဲ့ ဘာဖြစ်လို့ ခြံထဲလာလာ နေတာလဲလို့မေးတော့ မိန်းကလေးတွေလည်း အံ့အားသင့်ပြီး ဘသက်ကို အူ ကြောင်ကြောင်လုပ်ကြည့်နေကြပြီး . . .

"ရှင်ဘာဖြစ်နေတာလဲ။ ဘယ်က မိန်းမမှ ငိုပြီးလာတာမတွေ့ရပါ ကလား . . ရှင်ဘယ်သူ့စွဲလမ်းပြီး ထင်နေမှန်းမှမသိဘဲ၊ ဘာတဲ့၊ ညာတဲ့နဲ့ ဝိုင်းပြီးလှောင်ကြသတဲ့ . . . ဘသက်ကလည်း သူမြင်ရတဲ့ပုံပန်းသဏ္ဌာန်နဲ့တကွ ပြောပြသတဲ့။ ဒါပေတဲ့ မိန်းကလေးတွေက မြင်ရတာမဟုတ်တော့ မယုံကြ ဘူးတဲ့၊ မယုံကြတော့လည်း နောက်ထပ်မပြောင်းဘဲ၊ သူ့ဟာသူအလုပ်လုပ်မြဲ လုပ်နေတာပေါ့ဆရာရယ်။ အဲဒီ သားသယ်အမေလည်း နေ့တိုင်းတငိုငိုနဲ့တွေ့ရ တာပဲတဲ့၊ လူပြတ်တဲ့ကွမ်းသီးပင်တောထဲကျရင် သာပြီးနီးနီးကပ်ကပ်မြင်ရ တယ်။ ငိုသံရှိုက်သံတွေလည်း ကြားရတယ်တဲ့ ဒါနဲ့ တွေ့ပါ မြင်ပါများတော့ ဘသက်လည်း စိတ်ထဲမှာ ဒီမိန်းမ ဘာကြောင့် သူ့နောက်ခ ဏခဏလိုက်နေပါ လိမ့်မတုံးလို့ စဉ်းစားလို့လည်းမရ မေးမလို့လည်းကြံရဲ့ ကြံပေတဲ့မေးဖို့စကားကို ပါးစပ်ကထွက်လို့မရဘူးတဲ့ တစ်ခါတလေ အပင်အောက်ရောက်မှ မေးပါတော့ မယ်လေဆိုပြီး အလုပ်ပြီးလို့ သစ်ပင်ပေါ်ကဆင်းလာတဲ့အခါကျရင်၊ ဒီမိန်းမ လည်း ဘယ်လမ်းကဘယ်လို ထွက်သွားလိုက်မှန်း မသိရဘူးတဲ့ . . .

ဒီအတောအတွင်းမှာပဲ ဘသက်ဟာစိတ်ဘယ့်နှယ်ဖြစ်မှန်း မသိဘူး တဲ့၊ တစ်ခါတစ်ခါ စိတ်တွေ လေးလံထိုင်းမှိုင်းပြီး ငိုချင်သလိုလို ရယ်ချင်သလိုလို

တောင်တွေးမြောက်တွေးပေ့ါလေ စိတ်လေတယ်ဆိုပါတော့ အဲဒီလိုဖြစ်ဖြစ်နေတယ်။ တစ်ခါတလေ သစ်ပင်ပေါ် တက်ရင်းပေတဲ့ သတိလစ်ပြီး မြေကြီးပေါ်မှာနေသလိုထင်ပြီး အမှတ်တမဲ့ လက်လွှတ်စပယ်နေမိသတဲ့၊ ပြီးမှသတိရပြီး ကပျာကယာသစ်ပင်ကို ဖက်တွယ်လိုက်ရတယ်ဆိုပဲ၊ ကျွမ်းကျင်ရာလိမ္မာဆိုတာလို ဒီလိုအလုပ်နဲ့ အသက်မွေးနေတဲ့လူဆိုတော့ စိတ်သတိလစ်ပေတဲ့ ကိုယ်ကအကျင့်ရနေလို့ လက်လွှတ်နေပေတဲ့ ခြေထောက်ကလိမ်ပြီး ချိတ်ထားရက်ဖြစ်နေတော့ ပြန်းခနဲ ကျမသွားနိုင်ဘူးပေ့ါ ဆရာလေးရဲ့ . . .

ဒါနဲ့ တိုတိုပြောကြပါစို့လေ ညညကျရင်အမေကြီးဝေယျာဝစ္စလုပ်ကိုင်ပေးပြီး ဘသက်ဟာ ဟောဒီကွပ်ပျစ်ကလေးပေါ် အိပ်နေကျကိုးဒီလိုအိပ်နေရင် တစ်ခါတစ်ခါ တစ်ယောက်ယောက်က ဖျတ်ခနဲရိုက်လိုက်သလိုဖြစ်သွားပြီး လန့်နိုးလို့ အနားလူရှိသလားလို့ ကြည့်လိုက်ရင် အခြားလူတော့မမြင်ရဘူး၊ မနီးမဝေးမှာကလေးပိုက်ပြီး ငိုနေတဲ့နန္ဒင်းဝါဝါ လိမ်းထားတဲ့မိန်းမကိုပဲ မြင်ရသတဲ့၊ မေးမယ်ထပြီး လိုက်သွားတဲ့အခါလည်း သစ်ပင်ကြိုသစ်ပင်ကြားထဲဝင်သွားပြီး မျက်ခြည်ပြတ်သွားတာနဲ့ မမေးရတော့ဘူးတဲ့၊ အဲဒီလို မကြာမကြာဖြစ်တာလည်း သူကိုယ်တိုင် ကျုပ်ကိုပြောပြပါတယ်၊ ဒါနဲ့တစ်ခါတလေ ဟောဒီညောင်ကျပ်ပင်ကြီးပေါ်က သီချင်းတွေတကျော်ကျော်နဲ့ ပုခက်လွှဲပြီး ကလေးသိပ်သံ၊ ကလေးငိုသံ ကြားရသတဲ့ . . .

ကြားရတဲ့အသံကလည်း အသံနက်ကြီးဆိုပဲ တစ်ခါတော့ လရောင်ဖြိုးပျက်ကျနေတဲ့ ညောင်ပင်ကြီးအရိပ်အောက်မှာ ရောမအတွင်္ဘောကြီးနဲ့ဆံပင်ကလည်းဖားယားချလို့ ထဘီဇောက်ထိုးကြီးဝတ်ပြီး ဆောင့်ကြောင့်ထိုင်ရက် ပုခက်လွှဲနေလိုက်တာဆရာရဲ့ ပုခက်ထဲမှာလည်း ရောင်စုံစက္ကူတွေနဲ့ချယ်ထားတဲ့ ပျဉ်ခေါင်းကြီးထည့်ပြီး အထဲကတော့ ခေါင်းကြီးကိုယ်သေးကလေးငယ်လေးက တဝဲဝဲနဲ့ငိုလို့တဲ့ နံလိုက်တဲ့ မီးနေစော်ကလည်း နှာခေါင်းအပြီးသားစွဲနေတာပဲတဲ့ ဒါနဲ့ သူလည်း မှင်သက်ကြီးမိပြီး ကြောက်ကြောက်နဲ့ ငေးကြည့်နေတော့သတဲ့ နောက်တော့ ကြည့်ရင်းကြည့်ရင်း ဘယ့်နှယ်ခေါင်းထဲက ကလေးငယ်ဟာ ကြည့်ရင်းကြည့်ရင်းကြီးကြီးလာ ရောမအကောင်ကြီး ဖြစ်သွားပြီး

ညောင်ပင်ပေါ် ဓောက်ထိုးတက်သွားပြီး ခွကြားထဲထိုင်ရင်း သစ်ပင်ပေါ် မှာရှိတဲ့ ကျီးကန်းသိုက်တွေကို အဆမတန်ရှည်ရှည်သွားတဲ့လက်ကြီးနဲ့ ထိုင်ရာမထ ကျီးဥတွေနှိုက်နှိုက်ပြီး ပါးစပ်ကြီးနဲ့ တကျွတ်ကျွတ်ဝါးစားနေတော့ ကျီးတွေ, ငှက်တွေလည်း တသောသောလန့်ပြီး အာလိုက်ကြတာတဲ့ အောက်ကထိုင်နေတဲ့ မည်းမည်းကြီးဟာလည်း ခြံစောင့်ခွေးတွေနဲ့ တွေ့ပြီး ခွေးတွေက လည်းဝိုင်း အူကြတာဆူလို့တဲ့ အဲဒီသတ္တဝါကြီးကလည်း ခွေးတွေအူတော့ ခွေးတွေဘက် လှည့်ကြည့်လိုက်တာ ဘယ်လိုကြောက်စရာကောင်းတဲ့ မျက်နှာကြီးမှန်းမသိ ဘူးတဲ့ အနီးအပါးမှာ လာပြီးအူကြ ဟောင်ကြတဲ့ခွေးတွေကို အင်မတန်ရှည်တဲ့ လျှာကြီးနဲ့ ရှောခနဲ ရှောခနဲ ရစ်ပတ်ဖမ်းဆီးပြီး သူ့ပါးစပ်ပြဲကြီးထဲကိုလိပ်ယူပြီး သွင်းလိုက် အစွယ်ရှည်ကြီးတွေနဲ့ ကောင်လုံးဝါးစားလိုက်နဲ့ အစားခံရတဲ့ ခွေးတွေ မှာလည်း တဂိန်ဂိန်နဲ့အော်ရင်း အသက်ထွက်ပြီး ပွဲတော်စာဖြစ်သွားရှာကြ တယ်တဲ့ . . .

အဲဒီညက ဘသက်လည်း အူယားဖားယားနဲ့ ပြေးလာ အိမ်တံခါး ပုတ်ပြီး "ဦးကြီး ဦးကြီး ထပါဦး ဒီလိုဒီလိုပဲ သရဲအခြောက်ခံရတယ်" လို့ လာပြောတာနဲ့ ကျုပ်လည်း ဒီခြံနေလာတာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ၊ ဘယ်တော့မှ အခြောက်အလှန့်မခံရဘူး၊ သူ့ပြောပုံလက္ခဏာကလည်း သရဲဟာ မီးနေသယ်သေလို့ဖြစ်တဲ့လက္ခဏာ၊ ဒီအနီးအနားမှာလည်း ဘယ်တော့ကမှ မီးဖွားပြီး သေဖူးတာ မရှိတော့ မဟုတ်နိုင်ကြောင်း ခံပြောတာပဲ၊ ဘသက်လည်း ဓာချေးကြီးများပြန်လို့ဆရာရဲ့ မဟုတ်ဘဲနဲ့ ဒါလောက်ပြာယီးပြာယာဖြစ်လာဖို့ မရှိပါဘူး ဒါနဲ့ သူ့ကို ဖျောင်းဖျချော့မော့ပြီး ပြန်လွှတ်လိုက်လို့ သူလည်းပြန်သွား တယ် နောက်လည်း ဒီလိုပဲ နှစ်ရက်ခြား၊ သုံးရက်ခြား ညောင်ပင်အောက်က ကြောက်စရာသဏ္ဍာန်ကြီးတွေနဲ့ ချောက်ပြတဲ့အကြောင်း အချိန်မတော်လာနှိုး နှိုးပြီးပြောတာကိုး . . .

ဒါနဲ့ ကျုပ်လည်း စိတ်ပြေလက်ပျောက်မှရှိစေတော့လို့ ကဲကွယ် မင်း ဒီလိုညစဉ်တွေ့မြင်နေရရင်လည်း စိတ်ပြေ၊ လက်ပြေ မေ့မေ့ပျောက် ပျောက်

ရှိအောင်ဟာ လေးငါးရက်ကွမ်းသီးမတက်နဲ့တော့ အရှေ့ခြံကထွက်တဲ့ ငှက်ပျော တစ်ထောင့်ငါးရာ မန္တလေးအိုးဘိုဆိပ်ကို ပို့စရာရှိတယ် လှေထိုးသားလည်း အခန့်သင့်မရှိတဲ့အတူ မင်းပဲလိုက်သွားပါလားလို့ ပြောတာနဲ့ သူလည်းသဘော တူပြီး သွားပါမယ်လို့ ဝန်ခံတာနဲ့ ကျုပ်လည်း နောက်တစ်နေ့ ရွှေတချောင်းက ငှက်ပျောတစ်ထောင့်ငါးရာကို လှေနဲ့ အပြည့်တင်ပြီးလွှတ်လိုက်တယ်၊ ဘသက်လည်း လှေထိုးတတ်တာနဲ့ သူ့တစ်ယောက်တည်း ငှက်ပျောလှေကြီး တစ်စင်းနဲ့ ထွက်သွားလိုက်တာ အိုးဘိုဆိပ်မှာ ပွဲစားလက်ကိုငှက်ပျောအပ်ပြီး ငါးရက်ရှိတော့ သူပြန်ရောက်လာတယ်၊ ဒီတော့ ဦးကြီးက ဘယ့်နှယ်လဲ လေးငါး ရက်သွားလိုက်တာ တော်တော်မေ့မေ့ပျောက်ပျောက်ရှိသွားပလားလို့ မေးရင်ပဲ ဘသက်မှာ စိတ်ပျက်တဲ့မျက်နှာနဲ့ သက်ပြင်းကြီးချပြီး . . .

"ဟာ မပြောပါနဲ့တော့ ဦးကြီးရာ ကျွန်တော်ဖြင့် ဘာဖြစ်ချင်လို့ လည်း မသိပါဘူးဗျာ ဘယ်သွားသွား ဒီဟာကောင်ကြီးနဲ့ကို မလွတ်နိုင်ဘူး ကျွန်တော်သွားရာကို တကောက်ကောက်လိုက်နေတော့တာပဲ အခုလည်း ဦးကြီးက လွတ်ရာလွတ်ကြောင်းနေရာရှာပြီးလွှတ်တာ သူနဲ့မလွတ်တဲ့အပြင် အသွားရောအပြန်ရောတစ်လမ်းလုံး လိုက်နှောင့်ယှက်နေတာပဲ ကျွန်တော် လည်း တစ်ယောက်တည်းသွားရပြန်ရတော့ နေ့နေတော့ကိစ္စမရှိဘူး။ ညကျ တယ်အားငယ်တာပဲဗျာ ခုအပြန်ဖြင့် မတတ်သာလို့ မတ္တရာလိုက်ချင်တဲ့ ခရီးသွားဖော်ရှာပြီး အခမရှိအဖော်ရရဆိုပြီး တင်လာခဲ့ရတယ်"

လို့ ပြောတာနဲ့ ကျုပ်လည်းဘယ်လိုလိုက်နှောင့်ယှက်တယ် ချောက် လှန့်တယ်ဆိုတာမေးကြည့်တော့. . .

ထွက်ကထဲက ရွှေတချောင်းမြောင်းတာရိုးပေါ်က ပျောက်ချည် ပေါ်ချည်နဲ့ လိုက်လာတာပဲတဲ့ လူသဏ္ဌာန်အတိုင်းပေါ့လေ နနွင်းစိုစိုနဲ့ ကလေးလက်တစ်ဖက်က ပွေ့လိုက်လို့ လက်မောင်းတစ်ဖက်က မျက်နှာအုပ် ပြီးငိုလိုတဲ့ လှေသွားရာနောက်က တကောက်ကောက်လိုက်လာသတဲ့ ရွှေ တချောင်းဆိုတာလည်း ဆရာလေးသိတဲ့အတိုင်း ပေ ၄-၅ ဆယ်လောက်သာ

ကျယ်တော့ အတိုင်းသားမြင်ရပေ့ါ၊ နေ့ခင်းကျရင် တစ်ခါတလေသူက ရှေ့ရောက်သွားတဲ့အခါသွား နောက်ကျန်နေရစ်တဲ့အခါနေ၊ ယှဉ်ပြီးလိုက်တန်တဲ့ အလှည့်လိုက်တယ်တဲ့ ညနေနေဝင်ရီတရိုးအချိန်နဲ့ ညညကျပလားဆိုတော့ ဂှင်း ဇာတိဝရုပ်ပုံဖော်ပါရောတဲ့ . . .

လှေဦးကနေပြီး တာရိုးတစ်ဖက်တစ်ချက်ခွပြီး မည်းမည်းသဏ္ဍာန်ကြီးနဲ့ ရုပ်ပြလိုပြ နောက်ကနေပြီး ရေထဲတစွက်စွက်ဆင်းလိုက် ဆင်လက်မောင်းလိုရှည်တဲ့လက်မည်းကြီးနဲ့ လှေနောက်မြီးဆွဲထားလိုထား လှေမသွားနိုင်အောင် ရှေ့ကကန့်လန့်လူသေကြီးလို လုပ်နေတဲ့အခါနေ တစ်ခါတလေလည်း ငှက်ပျောလှေပေါ် မည်းမည်းကြီး ငုတ်တုတ်ထိုင်လိုက်လိုလိုက်တဲ့၊ ဘသက်လည်း တော်တော်သတ္တိကောင်းတဲ့အကောင်ပဲ၊ ဒါပေတဲ့ တွေ့ရဖန်ကများတော့ အတော်သွေးပျက်နေတဲ့ပုံပဲ၊ ကျုပ်လည်း သူ့ကိုတယ်ပြီးစိတ်မချတာနဲ့ ပုတီးနဲ့ မကောင်းဆိုးဝါးများမလှန့်နိုင်တဲ့ လက်ဖွဲ့တစ်ခုချည်ပေးထားတယ်၊ ပြီးတော့ မတော်တဆ သစ်ပင်ပေါ်က ခြေချော်၊ လက်ချော်ကျခဲ့ရင်လည်း အထိအခိုက်အနာအကျင်မရှိပါစေနဲ့တော့လို့ သူ့ပေါင်မှာကြောင်ညီနောင် အတက်အဆင်းဟသ်ာပြဒါးနဲ့ ထိုးပေးပြီး ဒီနည်းအတိုင်း ရင်ဘတ်မှာလည်း ကျားခေါင်းကိုးလုံးစလွယ် သိုင်းထိုးပေးထားတယ်-

နောက်တော့ ၄-၅ရက် ကွမ်းသီးတက်တဲ့အလုပ်ဆက်လုပ် နေတာ ဟိုမိန်းမသဏ္ဍာန်ကို အရင်လိုမမြင်ရတော့ဘူးလို့ ပြောတာပဲ၊ အဲ . . ဒီလိုပြောပြီးဘာမှမကြာဘူး နှစ်ရက်လောက်သာကြာမယ် ကွမ်းသီးတက်နေတုန်း အောက်က ကွမ်းသီးခွဲတဲ့ သူငယ်မလေးတွေကိုလှမ်းပြီး . . .

"ဟေ့ . . ဟေ့ နင်တို့ကိုငါပြောဖူးတဲ့မိန်းနေသယ်လာပြီဟေ့။ နင်တို့နောက်နားကငိုပြီးရပ်နေတယ် ဟော ဟော ငါ့ကိုမကြည့်ဘဲနဲ့ လက်ယပ်ခေါ်နေတယ် မမြင်ကြဘူးလားဟ"

လို့ ပြောတာနဲ့ သူငယ်မလေးတွေလည်း တောင်ကြည့်မြောက်ကြည့် ကြည့်လို့မမြင်တာနဲ့ ဘသက်ကိုမမြင်ရကြောင်းပြောမလို့ လှည့်ကြည့်ရုံရှိသေး

ဘသက်ဟာ ကွမ်းသီးပင်တစ်ပင်နဲ့တစ်ပင် ပင်လုံးချင်း ယိမ်းပြီးအကူးမှာ အဆစ်ပါကျိုးပြီး တဟုန်ထိုး မြေပေါ် ကျလာတာမြင်ရလို့ သူငယ်မတွေ အလန့်တကြားပြေးပြီး ဘသက်ကို ထူကြပွေ့ကြနဲ့ စိုးရိမ်တကြီးမေးမြန်းကြတော့ အတော်ကလေးမြင်တဲ့ ကွမ်းသီးပင်အိုကြီးက လိမ့်ကျတာတောင် သူ့မှာ ဘာမှမဖြစ်သလိုပဲ ပြုံးလားရယ်လားနဲ့ ဖုတ်ဖတ်ခါပြီး ဒယီးဒယိုင်နဲ့ ထလိုက်ပြီး-

"အမယ် ငါဘာမှမဖြစ်ပါဘူး ဒါလောက်တော့အပျော့ပေါ့၊ ငါဘယ်ဖြုံမလဲ နင်တို့သွားပြီး လုပ်မှာလုပ်ကြ"

လို့ ပြောရင်း တဲရှိရာကိုစိုက်စိုက်၊ စိုက်စိုက်နဲ့ ထွက်သွားရောတဲ့၊ ဒီလိုသာပြောတယ် သူ့ခြေထောက်က ဒယီးဒယိုင်ဆိုပဲ၊ နံရိုးလည်း သုံးချောင်းကျိုးလို့ နံဘေးဘက်ဟာ ဘပ်လပ်ကြီးဖြစ်လို့တဲ့ ဆရာလေးရဲ့။ အဲဒီနေ့ကစပြီး မူမမှန်ပါဘူး။ တောင်ပြော၊ မြောက်ပြောပြောပြီး မတော်မတဲ့တွေလုပ် ငိုချင်ငို၊ ရယ်ချင်ရယ်၊ မထိတရီလုပ်ချင်လုပ် တစ်ခါတလေ ဟောဒီအောက်ပိုင်းယောင်ကြီးနဲ့ပေတဲ့ ထသွားပြီး ဟိုညောင်ပင်ကြီးကို နောက်ပြန်တက်မလိုလို, ဘာလိုလိုလုပ်လို့ ကျုပ်တို့မနည်းဝိုင်းဆွဲထားရတယ်၊ ခြေထောက်တွေ၊ ပေါင်တွေလည်း တစ်နေ့တခြား ယောင်ဖောလာလိုက်တာ အခုဖြင့်လက်နဲ့ထိလိုက်ရင် စိစိ-စိစိနဲ့မြည်နေပြီး အထဲမှာ ပုပ်ယိများနေသလားမသိရဘူး။ တစ်ခါတလေ နန္ဓင်းဘူး မရမကတောင်းပြီး သူ့ကိုယ်သူ လျှောက်လိမ်းထားလိုက်တာ ထိန်ထိန်ကိုဝါသွားတာပဲ။ ဒီအထဲခေါင်းအုံးကြီးကို ကလေးလုပ်ပိုက်ပြီး အို အိုးနဲ့ ကလေးသိပ်တဲ့သီချင်းကြီးတွေ နားငြီးအောင်ဆိုနေတာပဲ၊ ကျုပ်ဖြင့်မဟုတ်မှ လွဲရော ဟိုမီးနေသယ်တစ္ဆေဝင်နေတယ်ထင်တာပဲ ဆရာလေးရဲ့ . . .

ခုလည်း ဘယ့်နှယ်ရှိစ ဆရာလေးကို သူ့အမေကြီးက အဖြစ်အပျက်တွေ မှန်ရာပြောမှာစိုးလို့ ပရိယာယ်ဆင်ပြီး ဘာလေး၊ ညာလေးလုပ်တာ အတော်မာယာများတယ်။ ဒီဟာ ဆရာလေးဘယ်လိုထင်သလဲ ကြည့်ပါဦး၊ သူ့အောက်ပိုင်းကြီးတစ်ပိုင်းလုံး ပုပ်နေတဲ့အတွက် အသက်မှ ရှိပါဦးမလား မသိပါဘူး။ ကွမ်းသီးပင်ပေါ်က ကျကတည်းက ဖုတ်တစ္ဆေ ဝင်ပူးနေပြီထင်တာ

ပဲ ဆရာလေးတို့တော့ ဆရာမို့ ဟုတ်တိုင်းမှန်ရာ သိမှာပေါ့လေ ကြည့်ပါဦး ဦးကြီးလည်း ဖြန်းခနဲ ဆရာလေးတို့ ပြန်တော့ မယ်သတင်းကြားတာနဲ့ အူယား ဖားယား ပြေးလာခဲ့ရတယ်။ ကဲ ကဲ အထဲကြွပြီး တဆိတ်အကဲကြည့်စမ်းပါဦး ဆရာရယ်၊ အမယ်ကြီးလည်း သနားစရာဖြစ်နေပါပြီ”

ဟု ရှည်လျားသော ဇာတ်ကြောင်းကိုပြန်ပြောင်းပြောပြသောကြောင့် ကျွန်တော်လည်း ဦးအုန်းပန်းနှင့်အတူ တဲထဲသို့ ပြန်ဝင်ခဲ့ရာ ယခင် ညည်း ညူလူးလှိမ့်နေသော မောင်ဘသက်မှာ ထမင်းများကို ပလုပ်ပပြမြိန်ရေ, ရှက်ရေ စားသောက်နေသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ အတော်အံ့အားသင့်၍ သွားမိပေ၏။

ထို့နောက် တဖြည်းဖြည်းအနီးသို့ တိုးသွားရာ မောင်ဘသက်လည်း ထိုအခါမှ ကျွန်တော့်ကိုမြင်၍သွားသောကြောင့် မျက်နှာကိုရှုံ့မဲ့လျက် လက် တစ်ဖက်ဖြင့် ဗိုက်ကိုထောက်ကာ ခွံ့သောအစာကို မစားနိုင်သည့်သဏ္ဍာန် ဝမ်းထဲက လက်မခံသလို ပျို့မလိုလို, အန်မလိုလိုနှင့်ပင် မစားနိုင်ဘဲ၊ ကြိုးစား၍ စားနေသည့်အလား‘အက်တင်’တစ်မျိုးပြောင်းသွားသည်ကို တွေ့ရပြီးလျှင် ထိုခဏ၌ပင် ယခင်ကအတိုင်း အမယ်လေး အလိုလေးတကာ လူးလှိမ့်နေပြန် သောကြောင့် အမယ်ကြီးလည်း ကျွန်တော်တို့အား လှည့်ကြည့်လျက် . . .

“ဆရာရဲ့ တဆိတ်အပြင်ထွက်လိုက်ပါဦး၊ ဆရာလာရင် လူမမာ မသက်သာတဲ့အပြင် သာလို့ပင်ဆိုးဆိုးနေပါသေးတယ်၊ ခုတင်က အကောင်း သား ဆရာတို့လည်းဝင်လာရော ဘယ့်နှယ်ဖြစ်သွားမှန်းမသိဘူး”

ဟု သားအတွက် ရတက်များရှာသည့်အားလျော်စွာ ဘာကိုမျှ မစဉ်းစားနိုင်ဘဲ ပြောလိုက်ရာ ဦးအုန်းပန်းသည် ကျွန်တော့်အား များစွာ အားနာ သည့်အလား မျက်နှာထားများပျက်ကာ . . .

“အို မဘွားမယ်နှယ် ဘယ့်နှယ်ပြောလိုက်ရတာလဲ ခင်ဗျားသား ဝေဒနာကို ပျောက်အောင်ကုသဖို့လာတဲ့ဆရာကို ဒီလိုရိုင်းရိုင်းပြပြ ပြောရ သလား၊ ဆရာလေးရယ် အမယ်ကြီးပြောတာ စိတ်များမရှိလိုက်ပါနဲ့နော် ကျွန်တော်က တောင်းပန်ပါရစေ”

ဟု တောင်းပန်သောအခါ ကျွန်တော်လည်း . . .

"ဟာ ကိစ္စမရှိပါဘူး ဦးကြီးရယ်၊ အကြောင်းမသိရှာလို့ပါ၊ ပြီးတော့ သားအတွက်လည်း ပူပင်သောက များနေတော့ပြောမိပြောရာ ပြောတာပေါ့၊ ကဲ ကဲ သူ့သားဟုတ်မဟုတ်ကို သူ့ကိုပဲကြည့်ခိုင်းရတော့မှာပေါ့"

ဟု ပြော၍ ကျွန်တော်၏လက်သုံးဖြစ်သော မျက်ကွင်းဆေးကို သွေးပြီးလျှင် အမယ်ကြီး၏မျက်လုံးကို ကွင်းစေလျက် ကျေးဇူးရှင် ဆရာကြီး၏ ဂုဏ်တော်ပုတီးကြီးကို ရေတွင်စိမ်၍ ဂါထာများမန်းမှုတ်လျက် ရေစင်ဖြင့် မောင်ဘသက်ကိုပက်ဖျန်းပြီးနောက် . . .

"ကိုင်း-အမေကြီးသားကို ကြည့်စမ်းပါ၊ ကြည့်ပြီး ဘယ်လို ပုံပန်း သဏ္ဍာန်မျိုးမြင်ရသလဲဆိုတာပြော"

ဟု ဆိုရာ အဘွားကြီးလည်း နားမလည်သလိုလို ကြောင်တီး ကြောင် တောင်နှင့် ငေးနေသောကြောင့်၊ ဦးအုန်းပန်းက . . .

"ကြည့်လေ . . . ကြည့်ပါတော့လား၊ ခင်ဗျားသားလား အပမှီပြီး ဖုတ်များဝင်နေတာလားဆိုတာ သိရအောင်အကြည့်ခိုင်းတာ၊ သေသေချာချာ ကြည့် ကြည့်ပြီးဘယ်လိုမြင်ရတယ်ဆိုတာပြော. . .

ဟု ဆိုမှ အဘွားကြီးလည်း သွက်လက်စွာဖြင့် . . .

"အော်. . အင်း ဟုတ်ကဲ့ ကြည့်တာပေါ့၊ ဒါထက် ကျုပ်သား မရှိတော့ ဘူးထင်လို့လား အမယ်လေး ဒီလိုဖြင့် ကျုပ်ကိုယ်ကျိုးနည်းရချေရဲ့ မောင်သက် လူလေး အမေ့ ဘယ်သူလုပ်ကျွေးပါ့မယ်"

ဟု ရင်ထုကာ ငိုမလိုလိုလုပ်ပြီးလျှင် ကွပ်ပျစ်ကလေးတစ်ခုပေါ်၌ ကျီးကန်းတောင်းမှောက်ပမာ ဂဏှာမငြိမ်နိုင်သောမျက်လုံးများနှင့် အသားများ ဆပ်ဆပ်တုန်နေသော မောင်ဘသက်ကို စိုးရိမ်စွာစူးစိုက် ကြည့်ပြီးနောက် အမယ်ကြီးလည်း တစ်စုံတစ်ခုကိုမြင်လိုက်သည့်အလား ထိတ်လန့်တကြားနှင့်

"အမယ်လေး . . ဆရာရဲ့ ဘယ်ကသရဲကြီးတုံး ကိုအုန်းပန်း ကိုအုန်းပန်း ရှင့်တူမဟုတ်ဘူး၊ မောင်သက်ရေ မောင်သက် လူကလေး အမေ ဘယ်လိုနေရမလဲ လူကလေးရဲ့. . . "

ဟု ရင်ကိုထုပြီးငိုလေရာ ကျွန်တော်လည်း အဘွားကြီးကို ချော့မော့ပြီးလျှင် . . .

"အို . . အမေကြီးရဲ့ ငိုမနေပါနဲ့၊ ဘာများမြင်ရလို့တုံး အမေကြီး ဘာမြင်ရတယ်ဆိုတာပြောမှပေါ့"

ဟု ဆိုမှ ဦးအုန်းပန်းကလည်း မရမကမေးသဖြင့် အမယ်ကြီးလည်း ငိုရှိုက်ရင်း . . .

"အမယ်လေး ကျုပ်သားမဟုတ်ဘူး ကိုအုန်းပန်းရဲ့ ထမီဇောက်ထိုးကြီးနဲ့ ဆံပင်ဖားလျားချပြီး လက်တစ်ဖက်က ကလေးအသေကလေးပိုက်လျက် မျက်လုံးကြီးဖြပြီး ကျုပ်ကိုကြည့်နေတယ်။ ဟော . . ပြောရင်းဆိုရင်း ကျုပ်ကိုအံခဲကြည့်နေပြန်ပြီ ဆီတွေ နနွင်းတွေလည်း တစ်ကိုယ်လုံးပေလို့ မီးနေသယ်သေလို့ဖြစ်တဲ့သရဲမကြီးပါ၊ အမယ်လေး ကျုပ်သားကို သူပဲအမြဲခြောက်လှန့်နေတယ်ဆိုတာ ဟုတ်မှာပါပဲ၊ အို ဆရာရဲ့ အမေကြီးသားဘယ်ရောက်သွားပလဲ ပြန်ခေါ်ပေးပါဆရာရဲ့ ဒီလိုနဲ့ ဆုံးရတော့မှာထင်ပါရဲ့၊ မကယ်နိုင်တော့ဘူးလား"

ဟု ရင်ကိုထုကာ ထုကာ ငိုရင်းပြောနေသဖြင့် ကျွန်တော်လည်း အမယ်ကြီးမျက်နှာတွင်လိမ်းထားသော မျက်ကွင်းဆေးများကို ရေဖြင့်သပ်၍ ဖယ်ပေးပြီး . . .

"ကဲ ကဲ အမေကြီးသားရှိသားပဲ၊ စိတ်ထင်လို့မြင်ရတာပါ၊ ကိုင်း ကြည့်လေ၊ ဒီဟာ မောင်ဘသက်မဟုတ်လား"

ဟု ဆိုမှ အမယ်ကြီးလည်း သားကိုကြည့်ပြီး မယုံကြည်သလိုလိုနှင့်

အို-ခုနတုန်းကတော့ သရဲမကြီးပါလား၊ ခု မောင်သက်ဖြစ်နေပြီ။ သားရေ . . မောင်သက်ရေ မင်းမသေဘူးနော်၊ အမေဝမ်းသာလိုက်တာကွယ်"

ဟု ရယ်လားမောလားပြောလျက် ကျွန်တော့်ကိုတစ်လှည့်ဖက်ပြီး

"ဆရာရယ် ဆရာ့ကျေးဇူးမမေ့ပါဘူး၊ အခု ကျုပ်သားပြန်ရှင် လာပြီလား ဟုတ်လားဆရာရဲ့"

စသည်ဖြင့် လျှာထက်တံတွေးမတင်ပြောလျှင် ကျွန်တော်လည်း အမေကြီးအား ဒုက္ခမရောက်စေလိုသဖြင့် တော်သင့်ရုံ ဖျောင်းဖျပြောဆို၍ နေရာရှာပြီး အပြင်သို့လွှတ်လိုက်ပြီးနောက် ကျွန်တော်နှင့် ဦးအုန်းပန်းနှစ်ယောက်ထဲရှိသောအခါ၊ ဦးအုန်းပန်းလည်း စိုးရိမ်စွာနှင့် . . .

"ဘယ့်နှယ်တုံး ဆရာလေးရဲ့ ဟန်ရပါဦးမလား"

ဟု မေးရာ ကျွန်တော့်မှာ . . .

"လွန်နေပြီထင်တယ် ဦးကြီးရဲ့ ဒီကိုယ်ထဲမှာ ဘသက်ရဲ့ အသက်တော့မသိဘူး မီးနေသယ်သရဲမဝင်နေပြီ"

"ဟင် . . ဒါဖြင့် အမယ်ကြီးတော့ဒုက္ခပဲ၊ ဆရာမကယ်နိုင်တော့ဘူးလား"

"အတော်နောက်ကျသွားပြီ ဦးကြီးရဲ့ သို့ပေမယ့် ရနိုင်သလောက် ကျွန်တော်စမ်းပါဦးမယ်"

ဟု ပြောရာ၊ ဦးအုန်းပန်းသည်စိတ်ပျက်စွာနှင့် . . .

"တဆိတ်လုပ်ပါဦး ဆရာလေးရယ်။ ဘသက်မရှိရင် အမယ်ကြီးသာ ဒုက္ခရောက်တာမဟုတ်ဘူး၊ ဦးကြီးလည်း လက်မောင်းတစ်ဖက် ပြုတ်တာပါပဲ၊ အလုပ်လုပ်တဲ့နေရာမှာ အင်မတန် ဖွဲကောင်းတဲ့လူကလား ဦးကြီးတော့ သွေးသားလည်းဖြစ်နေပြန် အလုပ်လုပ်တဲ့နေရာမှာလည်း အင်မတန်အားထားရပြန်ဆိုတော့ သိပ်နှမြောတာပဲ နောက်လည်းသူ့လို လူရဖို့လမ်းမမြင်ပါဘူး"

"ကဲ . . သူ့ကံရှိသေးရင်လည်း ချမ်းသာနိုင်ပါသေးတယ်။ အားမငယ်ပါနဲ့ ဦးကြီးရယ်၊ ဟော အမယ်ကြီးဝင်လာပြီ၊ ကျွန်တော် မေးစရာရှိတာတွေ သရဲမကိုမေးမယ်။ ဦးကြီးတို့လည်း ဘေးကနေ နားထောင်ပေတော့"

ဟု ပြောပြီး၊ ကျေးဇူးရှင်ဆရာကြီး၏အမိန့်တော် တရားတော်၏ အမိန့်တော် သံဃာတော်တို့၏အမိန့် သိကြား၊ ဗြဟ္မာ၊ စတုလောက ပါလနတ်ကြီး၊ နတ်ကောင်း၊ အထက်နတ်မင်းကြီးအပေါင်းတို့၏အမိန့် အထက်ဆရာကြီးများ၏အမိန့် ငါဆရာ၏အမိန့် အစွဲရှင်ရောက်စေ"

ဟု ဆိုပြီး ချည်မန်းကွင်းနှင့် လည်ပင်းကိုစွပ်လိုက်ရာ နန္ဒင်း ဝါဝါ လိမ်းလျက် ကလေးသေကို ပွေ့ဖက်ထားသောအစွဲရှင်သရဲမလည်း ဝမ်းနည်း လှိုက်လှဲစွာ ငိုယိုရင်း ကျွန်တော့်အား လက်ယှက်ရှိခိုးလျက် . . .

"ချမ်းသာပေးတော်မူပါဆရာရဲ့၊ အမယ်လေး ပူလှချည်ရဲ့ ချမ်းသာ ပေးတော်မူပါ တော်ရာပြေးပါတော့မယ် ဆရာမနေစေလိုရင် မနေပါဘူး။ သွားပါတော့မယ်"

ဟု အသွယ်သွယ် တောင်းပန်ခယနေသောကြောင့် . . .

ကျွန်တော် ။ ။ နင်သွားချင်ပေတဲ့ အခုမသွားရသေးဘူး။ မေးစရာတွေ ရှိသေးတယ် မှန်မှန်အစစ်ခံပြီးရင် သွားချင်ရာသွားတော့. .

သရဲမ ။ ။ ဘာကိုပြောရမှာလဲဆရာရဲ့မေးပါ၊ မှန်ရာတွေ ပြောချင်နေ တာ ကြာပါပြီ။

ကျွန်တော် ။ ။ နင်ဘယ်ကလဲ ဒီကို ဘာကြောင့်လာနေရသလဲ . . .

သူရဲမ ။ ။ ကျုပ်လား ကျောက်ဆည်ဟိုဘက်ပေါက်ကုန်းရွာက မယ်ရင် ဆိုတာပဲလေ ဘသက် လုပ်သွားပုံ မကျေနပ်လွန်းလို့ ဒင်းနောက်လိုက်လာတာ . . .

ကျွန်တော် ။ ။ ဘသက်က ဘာလုပ်လို့မကျေနပ်ရတာလဲ ဘသက်နဲ့သိလို့ လား . . .

သူရဲမ ။ ။ သိရုံဘယ်ကမလဲ ဘသက်ဟာ ကျုပ်လင်ဆရာရဲ့ ကျုပ် ကိုယ်ဝန်ကြီးနဲ့တစ်လပါဆိုပြီး ပစ်သွားတာ ပြီးတော့ ကျုပ် မသိအောင် ခယ်မ မယ်ဇင်ကို တိတ်တဆိတ်မတရားစော် ကားသွားတာလည်း အခုတော့ အရပ်ထဲကသိအောင် ကိုယ်ဝန်ကြီးပေါ်လာလို့ လှလှကြီးအရှက်ကွဲကြပြီဆရာရဲ့ ကျုပ်လည်းဒီစိတ်ကတစ်မျိုး တစ်လဆိုပြီး ခုတောင်ပြန်မလာ ဘဲ လိမ်ထွက်သွားတဲ့အတွက် ရှက်လည်းရှက် ဒေါသက လည်းထွက်နဲ့ ကလေးအသေကလေးမွေးပြီး သွေးတက်လို့ သေခဲ့ရတယ်ဆရာရဲ့ သေခါနီးအယူမဖြောင့်ဘဲ အသက်

ထွက်ရလို့ သရဲသဘက်ဘဝရောက်ပြီး နောက်နောင်က အငြိုးကြောင့် ကျုပ်အပေါ် ဆိုးသွားတဲ့ ဘေသက်ကို လက်စားချေချင်တာနဲ့ လိုက်ခဲ့ပါတယ်ဆရာရဲ့ ခုတော့ ကျုပ်အကြံအတိုင်း ဘေသက်ကို လက်စားချေရုံမကဘူး။ သူ့အိမ်မှာ အံ့ခွအောင်စားပြီးပြီ ကျွန်မရပ်ထဲ ပြန်ပါတော့မယ်။

ကျွန်တော် ။ ။ ဘေသက်ကို နင်သတ်လိုက်သလား . . .

သရဲမ ။ ။ ဟုတ်တယ် သူ့နောက် တကောက်ကောက်လိုက်နေတာ ကြာလှပြီ ကံကလေးက ကောင်းနေတုန်းမို့ တော်တော်နဲ့ အကြံမမြောက်ဘူး။ နောက်ဆုံးမှာ ကွမ်းသီးပင်ပေါ်က လိမ့်ကျတုန်း ဒင်းကိုယ်ထဲ ဝင်နေပါတယ်။

ကျွန်တော် ။ ။ အခုဘေသက်မရှိတော့ဘူး သေပြီပေါ့။

သရဲမ ။ ။ သစ်ပင်ပေါ်ကလိမ့်ကျတဲ့ နေ့ကတည်းက သေတာပဲ၊ မသေဘယ်ခံနိုင်မှာလဲဆရာရဲ့ နံရိုးသုံးချောင်းသွင်သွင်ကျိုးသွားတာပဲ။

အသည်းနှလုံးတွေလည်း ကြေကုန်ပြီ . . .

ကျွန်တော် ။ ။ ဘေသက်ဘယ်ရောက်သွားပလဲ နင်သိသလား။

သရဲမ ။ ။ ကိုယ့်ကို ရက်ရက်စက်စက်ပစ်သွားတဲ့အကောင်မို့ စိတ်နာလွန်းလို့ ဂရုမစိုက်နိုင်ဘူး။ ဘယ်သွားတယ်ဆိုတာ သိနိုင်ပါ့မလား။

ဦးအုန်းပန်း ။ ။ ဆရာလေး ကျုပ်သိပြီ ပေါက်ကုန်းရွာမှာ ကျန်ရစ် တယ်ဆိုတဲ့ သူ့မယားပဲ၊ အထင်လွဲပြီး ရန်ငြိုးကြီးတာကိုး၊ သူပြန်မလာတာက ဒီလိုကွဲ့သူငယ်မရဲ့ သူ့အဖေကြီးမသက်သာဘဲ သေဆုံးသွားတာနဲ့ အမေအိုကြီးအားကိုးရာမဲ့ဖြစ်ပြီး၊ လုပ်ကျွေးပြုစုမယ့်လူမရှိလို့ မင်းတို့ဆီပြန်ချင်ရက်နဲ့ ရှတ်တရက်မပြန်နိုင်ရှာတာကလား။ ငါ့ကို သွားခေါ်ချင်တဲ့အကြောင်း မကြာ

မကြာပြောလို့ ငါကလည်း သူမရှိမဖြစ်တာနဲ့ မသွားပါနဲ့ဦး၊ အလုပ်အကိုင်တွင်ကျယ်အောင်လုပ်ပြီးမှ ပိုက်ဆံကြေးငွေ များများနဲ့ သွားခေါ်တာပေါ့လို့ ပြောထားတာနဲ့ အေးနေရှာ တာပါ။ သူငယ်မအထင်မှားပြီး ရန်ငြိုးထားလို့ ကိုးရိုးကားယား ဖြစ်ကုန်ကြပြီပေါ့ ခုတော့ မင်းမှာလည်းအကျိုးမရှိ သူ့ခမျာ မှာလည်း အသက်ဆုံး အမေကြီးလည်း လုံးလုံးအားကိုးရာမရ၊ အတိဒုက္ခရောက်ကြရတယ်။

ဟု ပြောပြရာ ဒေါ်ဘွားမယ်မှာ ရင်ဘတ်စည်တီး ငိုယိုလျက်ဖြင့်. . .

"အမယ်လေး ရက်စက်ပါပေရဲ့ ကိုယ့်လင်ကိုယ်သတ်တဲ့ မိန်းမတဲ့၊ ကောင်းကြပါပေရဲ့တော် အို မောင်ဘသက်ကဲ့ အမေ့သား မယားယူကောင်း တော့ အသက်တစ်ချောင်းဆုံးရလေသတော့. . . "

ဟု ပြောဆိုငိုယိုနေရာ . . .

ကျွန်တော် ။ ။ ကဲ ကြားရဲ့လား၊ နင့်လုပ်ပုံတွေ တရားရဲ့လား၊ ကိုယ့်လင် ကိုယ့်သားကို ဒီလိုရက်ရက်စက်စက် လုပ်လိုက်ရသလား။

သရဲမငိုလျက်။ ။ အမယ်လေး လက်စသတ်တော့ ကျုပ်အဆိုးကျနေပါကလား၊ မှားပြီ မှားပြီ အစက ဒီလိုမှန်းမှ မသိဘဲကိုးဆရာရဲ့ အရင် ညားကာစက လိုက်လာတုန်းကတော့ သူ့အဖေကြီးကဆီးပြီး ဆိုလား ရိုက်လား လုပ်ထားဖူးလို့ ခုတစ်ခေါက်လည်း သူ့ အဖေစကားနားထောင်ပြီး ကျုပ်တို့ညီအစ်မကို ပြောင်ပြောင် ကြီးရက်စက်သလားလို့ ရန်ငြိုးကြီးထားမိတယ် မှားပါပေါ့ ဆရာရယ်။

ကျွန်တော် ။ ။ ကိုင်း မှားမှန်းသိရင် နင်ဘယ်လိုလုပ်ပြုပြင်မလဲ၊ အသက်ကို ပြန်မရနိုင်ဘူးလား။

သရဲမ ။ ။ မရနိုင်တော့ဘူး ဆရာရဲ့ လွန်ပြီ လွန်ပြီ ဆရာတို့က အရောက် နောက်ကျပေတာကိုး ခုနေ ကျုပ်ထွက်သွားရင် ကိုဘသက် ကိုယ်မှာ လောက်တဖွားဖွားနဲ့ ပုပ်ယိနေလို့ ဘယ်သူမှအနား

ကပ်နိုင်တော့မယ်မဟုတ်ဘူး တောက် . . ရိုင်းလိုက်လေ
နော် မှားလေခြင်းနော် ဩော် ကိုဘသက် ကိုဘသက်
ကျုပ်အပေါ် တော်မရက်စက်ဘဲနဲ့ ကျုပ်အထင်လွဲမိလေခြင်း
နော်။

ဒေါ်ဘွားမယ် ။ ။ အမယ်လေးဆရာရဲ့ မကယ်နိုင်တော့ဘူးလား၊ ကျုပ်သား
ဘယ်ဘ၀ရောက်နေရှာပါလိမ့်မလဲ၊ လူကလေးရေ မောင်ဘ
သက်ရေ အမေမနေဘူး၊ ငါ့သားမရှိရင် အမေမနေဘူးကွဲ့
အမေ့ကို လုပ်ကျွေးလှည့်ပါဦးလား သားကြီးရဲ့. . .

စသည်ဖြင့် ရင်ကိုထုကာ ထုကာ ဖွဲ့နွဲ့ငိုကြွေးနေသောအခါ၊ သရဲမ မှာလည်း နောင်တကြီးရဘိအလား အကြောင်းသား ငေးမှိုင်စဉ်းစားနေရာမှ တစ်စုံတစ်ခုသတိရသကဲ့သို့ ရုတ်တရက်ငြိမ်သွားရာမှ လှုပ်ရှားလာကာ. . .

"ဆရာ ဆရာ ကိုဘသက်ကို တွေ့ခဲ့ပြီ၊ ပေါက်ကုန်းရွာ ရောက်နေတယ် ကျုပ်ညီမ မယ်ဇင်လည်း မျက်နှာမြင်နေပြီ၊ အဲဒီအနားမှာ သူ့ဝတ္ထုရားရှိတဲ့အတိုင်း မီးနေသယ်နားမှာ မီးနေစောင့်နေတာတွေ့ခဲ့ရတယ်၊ ကျုပ်ဖယ်နေမယ် သူ့ကိုဆရာ့အမိန့်နှင့်ပြန်ခေါ်ပေတော့"

ဟု အားရဝမ်းသာပြောလိုက်သောအခါ အားလုံးပင် မယုံကြည်နိုင်အောင်ရှိကြသည်နှင့် ကြောင်၍နေကြရာ၊ ကျွန်တော်လည်း မယားဖြစ်သူ ပဋိသန္ဓေနှင့် လင်ယောက်ျားသေဆုံးခဲ့မှု ထိုသေဆုံးသူ လင်ယောက်ျားမှာ မယားဖြစ်သူ မွေးဖွားခြင်းကိစ္စမပြီးမခြင်း မကျွတ်သေးဘဲ အမြဲစောင့်ရှောက်နေရသော ဝတ္တရားရှိတတ်သည်ကို တွေးမိသောကြောင့် သရဲမပြောသောစကားကိုယုံကြည်လာကာ. . .

"ကိုင်း ဒါဖြင့် နင့်ကိုခဏလွှတ်ထားမယ်၊ ဘယ်မှမသွားနဲ့ဦး ငါ့အာဏာဖီဆန်ရင် ဟောဒီဆေးကြိမ်လုံးနဲ့အနှံ့ပဲ"

ဟု ကြိမ်းဝါးပြီးလျှင် ချည်မန်းကွင်းကိုဖြေ၍ထားပြီးနောက် ကျွန်တော်လည်း ရတနာသုံးပါးနှင့် အထက်နတ်ကြီးများ အထက်ဆရာကြီးများ အမိန့်တော်ပြန်၍ မောင်ဘသက်ကို ဆေးကြိမ်လုံးနှင့် နှက်၍ခေါ်လေရာ၊ မောင်ဘသက်

၏ကိုယ်ထဲသို့ မောင်ဘသက်အစစ် ဝင်ရောက်လာပြီး ငိုကြီးချက်မနှင့်. . .

"အမယ်လေးပူလှချည်ရဲ့, ကြောက်လှချည်ရဲ့, ဘယ့်နှယ်အပြစ်ကြောင့် ကျွန်တော့်ကိုခေါ် ရပါသလဲခင်ဗျာ၊ ကျွန်တော့်မှာ လွတ်လပ်သူမဟုတ်ပါဘူးဆရာရဲ့၊ ကျွန်တော့်မိန်းမ မယ်ဇင်ကလေးမျက်နှာမြင်နေလို့ မီးနေသယ်နားမှာ မီးနေစောင့်ရပါတယ်၊ မယ်ဇင်ကို စိတ်မချလို့ ပြန်ပါရစေတော့ခင်ဗျာ၊ ခိုင်းစရာရှိရင်မီးထွက်လို့ ကျွန်တော် စောင့်ရက်ကုန်ရင် လာခဲ့ပါ့မယ်၊ ပြောပေးပါဦး ဦးကြီးရဲ့ ကျွန်တော် ပြန်ပါရစေခင်ဗျာ၊ အမေ့ကိုလည်း ဦးကြီးစောင့်ရှောက်ပါ။ ကျွန်တော်ကိစ္စပြီးရင် ဒီကိုပြန်လာမှာပါ ဘယ်မှမသွားပါဘူး၊ မယ်ရင် မယ်ရင် ဘယ်တုန်းက ရောက်နေသလဲ နင်-ငါ့ကိုသတ်တဲ့မိန်းမပါကလား၊ သွား **သွား** နင့်မျက်နှာငါမကြည့်ချင်ဘူး၊ ဘာလဲ နင်ကခုမှငိုမနေပါနဲ့ ဘာ ဘာပြောတယ်၊ မှားတယ်ဟုတ်လား၊ အေး နင်ကတော့မှားရုံရယ် ငါ့မှာဖြင့်ဘဝခြား ရပြီ၊ ဒီအမေအိုကြီး ဘယ်သူလုပ်ကျွေးမလဲ၊ ဟင် အလို. . . နင်လုပ်ကျွေးမယ် ဟုတ်လား၊ ထင်းခွဲမယ်. . . တံမြက်စည်းလှည်းမယ် . . အို . . တယ်တော် ခုမှ နောင်တရသကိုး၊ သွား သွား နင့်စိတ်နာနေသေးတယ်၊ နင့်မျက်နှာ ငါမကြည့်ချင်သေးဘူး၊ အမေရဲ့ အမေ့သားကြီး မလွတ်လပ်သေးတဲ့အခါမို့ မလာတာနော်၊ မီးထွက်ရင် အမေ့ချွေးမခေါ်ပြီး အမေ့အနား ပျော်ပျော်ကြီးလာနေမယ် အမေရဲ့ ဟော ကလေးငိုနေပြီ . . ပြန်တော့မယ်၊ အမယ်လေး ပူလှချည်ရဲ့ နာလှချည်ရဲ့ ပြန်ပါရစေတော့ ဆရာရဲ့ ကျွန်တော့်အလှည့်ကျရင် ပြန်လာခဲ့ပါမယ်"

စသည်ဖြင့် ပျာပျာသလဲပြောဆိုတောင်းပန်ကာ လွန်စွာမောဟိုက်၍နေရှာလေ၏။

ထိုအခိုက်တွင် ဒေါ်ဘွားမယ်လည်း ရင်ဘတ်စည်တီး ဝမ်းနည်းလှိုက်လှဲစွာ ငိုကြွေးလျက်. . .

"အမယ်လေး ဖြစ်ရလေခြင်းသားရဲ့ အမေမကြားရက်ဘူးကွဲ့ လူကလေးရဲ့ မင်းပြောတဲ့အတိုင်း ဆက်ဆက်လာခဲ့ပါနော် အမေမျှော် နေမကွဲ့ သားရဲ့ ကံဆိုးကောင်ကလေးရဲ့ သွားတော့ဟဲ့ ပူလှပလား နာလှပလား အမယ်

လေးလွှတ်လိုက်ပါ၊ သွားပါစေတော့ဆရာလေးရဲ့ အမကြီးသား ပူလှရှာပါပတဲ့၊ နောက်လာပါလိမ့်မယ်"

စသည်ဖြင့် မိခင်တို့စရိုက်အတိုင်း ကရုဏာမကင်းရှိသဖြင့် ကျွန်တော့် အားတောင်းပန်လေလျှင် ကျွန်တော်က ဘယ်နှရက်ရှိရင် လာမလဲဟုမေးရာ. . မောင်ဘသက်လည်း ငိုကြွေးရင်း. . .

"အမယ်လေး . . ပူလှပါပြီဆရာရဲ့ ကျွန်တော်မြန်မြန်ကြီး ပြန်လာပါမယ်၊ မယ်ဇင်ကိုခေါ်ပြီး အမေကြီးနဲ့အတူ လာနေပါ့မယ်၊ မယ်ဇင်လည်း မီးထွက်ဖို့သုံးရက်လောက်လိုပါတော့တယ်၊ အခုတော့ ပြန်ပါရစေဦး၊ အမေရေ . . . အမေမပူနဲ့နော်၊ အမေ့သားဘဝခြားပေမယ့် သားမယားနဲ့ အမေတို့ တစ်သက် ကွမ်းသီးတက်ကျွေးမယ်အမေရဲ့ ဦးကြီးအုန်းလည်း ကျွန်တော် မလာခင် လူသစ်မငှားပါနဲ့ ကွမ်းသီးတက်ဖို့ ကွမ်းသီးချွေဖို့ အလုပ်တွေမှန်သမျှ အများလုပ်မယ့်အတွက် ကျွန်တော်တစ်ယောက်တည်း ခံလုပ်ပါ့မယ်၊ ရသင့် ရထိုက်တဲ့ အခကြေးငွေကို အမေတို့ ပေးပါ၊ ဒါပေတဲ့ တစ်ခုတော့တောင်းပန် ပါရစေ ဦးကြီးအုန်းရဲ့ ဒီခြံထဲကအပင်တွေ ဦးကြီးအုန်းပိုင်တော့ ကျွန်တော် တက်နိုင်ခွင့်ပေးထားပါ၊ ဒီလိုမလုပ်ရင် ရုက္ခစိုးတွေရဲ့ အရိုက်အနှက်ခံရ ပါလိမ့်မယ် ဟုတ်လားဦးကြီးအုန်းရဲ့ ကဲ . . အမေရော ဦးကြီးအုန်းရော ဆရာ ရော ကန်တော့ခဲ့ပါသေးရဲ့ ကျွန်တော်သွားပါရစေခင်ဗျာ"

ဟု ငိုယိုရင်း ဝမ်းနည်းလှိုက်လှဲစွာပြောသောအခါ ကျွန်တော်လည်း လွန်စွာသနားမိသဖြင့် ကတိမပျက်စေရန်မှာထားပြီး ချည်မန်းကွင်းကို ဖြေပေး လိုက်ရလေ၏။ ဦးအုန်းပန်းနှင့် ဒေါ်ဘွားမယ်တို့မှာလည်း ဘသက်အတွက် ဝမ်းနည်းကြေကွဲလျက် မျက်ရည်မဆည်နိုင်အောင် ရှိကြလေတော့သတည်း။

ဦးအုန်းပန်းလည်း ဝမ်းနည်းလှစွာသောငိုသံပါကြီးနှင့် . . .

"အေး . . အေး . . ငါ့တူ သွားပေဦးတော့၊ နောက်ပြီးဆက်ဆက် လာခဲ့နော် ဦးကြီးဘယ်သူ့မှ အငှားမခေါ်ဘူး၊ ငါ့တူသဘောရှိ ဒီခြံတစ်ခုလုံး ငါ့တူစောင့်ရှောက်ပြီး နေချင်သလိုနေနိုင်ပါတယ်"

ဟု အသံတုန်ကြီးနှင့်ပြောရှာလျှင် ဒေါ်ဘွားမယ်တွင်ကား ဆိုဖွယ်ရာမရှိ တအိအိရှိုက်ငင်ငိုကြွေးလျက် . . .

"ဆက်ဆက်လာခဲ့နော်။ ငါ့သားကို အမေမျှော်နေမကွဲ့ နောက်ငါ့သားမျက်နှာကလေး အမေမြင်ချင်လို့ ဘယ့်နှယ်လုပ်ကြည့်ရပါ့မလဲ၊ အမေအသည်းနာလှချည်ရဲ့"

ဟု ပြောဆိုမှာထားပြီးနောက် မောင်ဘသက်လည်း ပျောက်သွားလေ၏၊ ထိုသို့မောင်ဘသက် ထွက်သွားလျှင်သွားခြင်းပင် သရဲမ မယ်ရင်ဝင်လာပြန်ပြီး . . .

"ဆရာရဲ့ ကျွန်မလွန်မိတာတွေ အမေကြီးနဲ့ဦးကြီးကို တောင်းပန်ပေးတော်မူပါ၊ ကျွန်မလည်းနောင်တရပါပြီ၊ ကိုဘသက်လာရင် သူနဲ့အတူ အမေကြီးကိုလုပ်ကျွေးပြုစုနေပါတော့မယ်၊ ဘယ်အရပ်မှမသွားပါဘူး ဆရာရဲ့ နေရဖို့အခွင့်လည်းပေးတော်မူပါ"

ဟု ပြောပြန်သောကြောင့် ကျွန်တော့်မှာ ဆရာအဖြစ်နှင့် ပယောဂဝေဒနာ အကုအသလိုက်လာသောသူပင် ဖြစ်လင့်ကစား၊ ယခုအခါ သရဲတစ္ဆေများနှင့် ရောဝင်ရင်းနှီး မိတ်ဆွေကြီးဖြစ်နေရတော့သဖြင့် ၎င်းတို့ဖြစ်အင်ကိုသနားကြင်နာမိသည်တစ်ကြောင်း။ ကျန်ရစ်သူများအတွက် သနားကရုဏာသက်မိသည်တစ်ကြောင်း၊ ဤသို့သော အကြောင်းများကြောင့် ကြေအေးရာကြေအေးကြောင်း တောင်းပန်ပေးလျှင် သရဲမမယ်ရင်ကိုလည်း ကောင်းကောင်းနေချင်လျှင် နေပါစေဟု ဦးအုန်းပန်းနှင့်ဒေါ်ဘွားမယ်တို့က အခွင့်ပြုချက်အရကောင်းစွာနေထိုင်ရန် အမိန့်ပြန်ပေးရပြီးနောက် မယ်ရင်လည်း ဝမ်းသာအားရနှင့် . . .

"ဝမ်းသာလိုက်တာဆရာရယ်၊ ကျွန်မဟောဟိုညောင်ကျပ်ပင်ကြီးမှာအမြဲနေပါမယ်၊ ဘယ်လိုရန်သူမှ ခြံထဲမဝင်ရအောင် အထူးစောင့်ရှောက်ပါ့မယ်၊ ခြံကထွက်တဲ့ အသီးအနှံများကိုလည်း ဘယ်လိုသူခိုး၊ သူဝှက်မှ မကြံစည်နိုင်အောင် အမြဲကြည့်နေပါ့မယ်၊ ဒီအချိန်ကစပြီး ကျွန်မ ကိုဘသက်ကိုယ်ထဲမှာမနေတော့ပါဘူး၊ ထွက်ပါတော့မယ်၊ ဩော် ဒီကိုယ်ခန္ဓာထဲကထွက်ရင်

အင်မတန်ပုပ်ပောင်ယိပွနေတဲ့ကိုယ်ကြီးကို ဘယ်နည်းနဲ့မှ ဦးကြီးတို့ အနားကပ်နိုင်ဖို့မရှိဘူး၊ ကိုဘသက်ရဲ့ရုပ်ကလပ်ကြီးဟာ ပျက်စီးချင်တိုင်း ပျက်စီးပုပ်ပွနေပြီ၊ ဒီတော့ သုသာန်ရောက်အောင် ကျွန်မဝင်နေဦးမယ်၊ သို့ပေမယ့် စကားတော့မပြောဘူး၊ အသေများလို မှိန်းနေမယ်နော်၊ ဦးကြီးတို့တော်သလို ခပ်မြန်မြန်သုသာန်ရောက်အောင် မသာချပေတော့၊ ကဲ . . ကဲ . . အိပ်လိုက်တော့မယ်"

ဟု ဆိုကာ မောင်ဘသက်၏ကိုယ်သည် လူသေကဲ့သို့ ပက်လက်ကြီးလှန်ချလိုက်ပြီးနောက် မလှုပ်မရှက်ငြိမ်သက်တိတ်ဆိတ်၍ သွားလေ၏။

အမေကြီးဒေါ်ဘွားမယ်လည်း ထိုအခါမှပင် ရင်ကိုထုကာ၊ ထုကာနှင့် . . .

"အမယ်လေး . . သားကြီးရဲ့ သားကြီးမျက်နှာ အဟုတ်တကယ်ခုမှပဲ ကွယ်ပေပေါ့သားရဲ့ ငါ့သားဖြစ်ပုံဆန်းလွန်းလို့ အမေမချမ်းသာလေခြင်းကွဲ့"

စသည်ဖြင့် ရှေးအမယ်ကြီးဖြစ်သည့်အားလျော်စွာ လေးလေးတွဲ့တွဲ့ဆွဲငင်ငိုကြွေးနေရှာလေသတည်း။

ကျွန်တော်လည်း ဦးအုန်းပန်းအား ဈာပနကိစ္စများကို ပြီးစီးအောင်ဆောင်ရွက်ရန်ပြောဆိုမှာကြားပြီး ဆရာကြီးနှင့်ကျွန်တော်တို့ တည်းခိုနေထိုင်ရာအိမ်သို့ ပြန်မည်ဟု နှုတ်ဆက်သောအခါ ဦးအုန်းပန်းနှင့်ဒေါ်ဘွားမယ်တို့လည်းကျွန်တော့်အား မောင်ဘသက်ပြောသွားသည့်အတိုင်း မှန်မည်၊ မမှန်မည်ကိုသိလိုသောကြောင့် မကြာခဏကြွရောက်ခဲ့ပါမည့်အကြောင်း မှာထားကြပြန်သည်နှင့် လာခဲ့ပါမည်ဟု ဝန်ခံပြီးတည်းခိုသော နေအိမ်သို့ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်လျှင် ကျေးဇူးရှင်ဆရာကြီးလည်း ဆီး၍ပြုံးကာ . . .

"ဘာများ အကြောင်းထူးသေးသလဲ တပည့်ရဲ့ ဆရာတော့လိုက်လို့အကျိုးမထူးဘူးထင်လို့ မလိုက်တော့ဘဲ ငါ့တပည့်ချည်း လွှတ်လိုက်တယ်"

ဟု ပြောသောကြောင့် ကျွန်တော်လည်း ဆရာကြီး၏သီလ၊ သမာဓိ၊ အကျင့်သိက္ခာနှင့် ဉာဏ်မျှသိနေသောအဖြစ်ကိုသိရသောကြောင့် တိုးတက်ကြည်ညိုကာ တွေ့ကြုံလာခဲ့သော အဖြစ်အပျက်များကို အိမ်သူအိမ်သားများနှင့်

တကွ ဆရာကြီးအား အစမှအဆုံးတိုင် ပြန်လည်ပြောဆိုသောအခါ ဆရာကြီး မှတစ်ပါး ကြားရသူတို့သည် များစွာအံ့သြကြကာ၊ မောင်ဘသက်ကိုလည်း လွန်စွာသနားလျက် စုတ်တသတ်သတ်နှင့် နားထောင်ပြီးလျှင် ကျွန်တော်၏ စကားဆုံးလျှင် အလျင်စလို မောင်ဘသက်၏ဈာပနကို လိုက်ပို့သင်္ဂြိုလ်ရန် ထသွားကြလေ၏။

ထိုညတွင် ကျွန်တော်လည်း မန္တလေးရွှေမြို့တော်ကြီးတွင် ကျန်ရစ်ရှာသူ ဇနီးချောကလေး မခင်ယုံထံသို့ ဝတ္တရားမပျက် ထုံးစံအတိုင်း စာတစ်စောင်ရေး၍ နံနက်တွင် စာတိုက်မှထည့်လိုက်ပြီးနောက် ထိုနေ့နံနက် (၁၀) နာရီလောက်တွင် ဆရာကြီးနှင့်အတူ မတ္တရာမြို့အနီးရှိ 'စောပု'ဘုရားသို့ တောလမ်းခရီးဖြင့် သတ္တဝါတစ်ဦးတစ်ယောက် ရှုန်းဆွဲသောလှည်းယာဉ်စသည် တို့ကို မစီးသောဆရာကြီးနှင့်အတူ နဝင်္ဂသီလတော်မြတ်ကြီးကို (၉)ရက်တိတိ အဓိဋ္ဌာန်နှင့် ဆောက်တည်လျက် နောက်တစ်နေ့မတ္တရာမြို့၊ တည်းခိုရင်းအိမ် သို့ ပြန်လည်ဆိုက်ရောက်လာသဖြင့် တစ်ညအိပ်၍ အမောအပန်းများဖြေပြီး လျှင် နံနက်တွင်ကတိအတိုင်း ဦးအုန်းပန်းတို့ တဲဘက်သို့ ကျွန်တော် တစ်ယောက်တည်း ထွက်လာခဲ့ရာ အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်တွင် အခန့်သင့် ထိုင်နေသော ဦးအုန်းပန်းနှင့် မျက်ရည်မစဲသေးသော အမယ်ကြီးဒေါ်ဘွားမယ် တို့ကို အခန့်သင့် တွေ့ရှိ၍၊ ၎င်းတို့လည်း ကျွန်တော်လာသည်ကိုမြင်လျှင် ပြာယီးပြာယာ ခရီးဦးကြိုပြုလျက် နေရာထိုင်ခင်းများပေးပြီး၊ သရဲမမယ်ရင်၏ အကြောင်းများကို စတင်ပြောဆိုကြသဖြင့် ကျွန်တော်လည်း ၎င်း၏စကား အတိုင်း ကောင်းစွာနေ မနေမေးမြန်းရာ အမေကြီးက . . .

"အမယ် ဆရာရယ် ဆရာ့တပည့်မက လိမ္မာလိုက်တာလွန်ရော၊ အမေကြီးနံနက်အိပ်ရာထမှဖြင့် ဘာမှမလုပ်ရဘူး။ တစ်ခြံလုံး အမှိုက်သရိုက် တွေ လှည်းပြီးသား၊ အမေကြီး တဲကလေးထဲများပြောင်လို့ မီးဖိုထဲမှာရှိတဲ့ရေအိုး တွေလည်း ရေအပြည့်၊ ထင်းခြောက်ကလေးတွေလည်း ခွဲပြီးပုံထားတယ်၊ ကွမ်းခြံထဲရေသွင်းတဲ့ မောင်းငင်ရေတွင်းကြီးဟာလည်း လူမမြင်ရဘဲနဲ့ ရေဆွဲ

ဆွဲပြီးသွင်းပေးတယ်၊ နေ့စဉ် နေ့စဉ် အချိန်မှန်လို့ သူခိုးတွေဘာတွေဆို ခြံနား တောင် မသီဝံ့ဘူး”

ဟု အားရဝမ်းသာပြောရာ ကျွန်တော်လည်း . . .

“အင်း . . ဒါဖြင့် အမေကြီး ဟန်ရနေတယ်ပေါ့လေ ဒါလည်း ကုသိုလ်တစ်မျိုးပဲပေါ့”

ဟု ပြောရာ ငိုအားထက် ရယ်အားသန်ဆိုသလို ဒေါ်ဘွားမယ်နှင့် ဦးအုန်းပန်းတို့လည်း ပြုံးရယ်ကာ. . .

“ဒါပေါ့ဆရာ လူမစွမ်းနတ်မဆိုတဲ့စကားအတိုင်း ကြံကောင်းစည်ရာ အံ့ဩစရာ ဖြစ်လာရတာပေါ့”

ဟု ပြောနေကြစဉ် ခြံထဲသို့ အသက်နှစ်ဆယ်ရွယ်မိန်းမတစ်ယောက် သည် မွေးကာစကလေးငယ်ကို ပိုက်ထွေးလျက် ကျွန်တော်တို့ဘက်သို့ လာနေ သဖြင့် အံ့အားသင့်၍ကြည့်နေကြစဉ်. . . မိန်းမငယ်ကစတင်၍. . .

“ကိုဘသက်ရဲ့မိခင် ဒေါ်ဘွားမယ်နဲ့ ဦးကြီးအုန်းတို့ ရှိကြသလားရှင်”

ဟု မေးရာ ဦးအုန်းပန်းလည်း. . .

“အေး သူငယ်မ ဦးအုန်းပန်းဆိုတာငါပဲ၊ ဒေါ်ဘွားမယ်လည်း ဒီထိုင် နေတာပဲ ဘာကိစ္စရှိလို့လဲကွဲ့”

ဟု ပြောရာ. . .

“တွေ့ချင်လို့ပါရှင်. . . ကျွန်မကိုဘသက်ရဲ့မိန်းမ၊ မယ်ဇင်ပါ ပေါက် ကုန်းရွာက ကိုဘသက်နဲ့ အတူတူပင်လိုက်လာခဲ့ပါတယ်။ ကိုဘသက် တောင် ဘက်နားမှာကိစ္စရှိလို့ဆိုပြီး ချန်နေရစ်ပါတယ်။ ကျွန်မကိုသာ ဒီခြံထဲဝင်သွားနှင့် ဆိုလို့ လာခဲ့ပါတယ်”

ဟု ပြောလိုက်ရာ၊ ကျွန်တော်တို့မှာ လွန်စွာအံ့ဩလျက် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်မိလေ၏။

ထို့နောက်မှ သူငယ်မ အားငယ်နေမည်စိုး၍ အလိုက်သင့် ဖော်ရွေစွာ နှင့် ကျွန်တော်ကပင်. . .

"ဩော် . . ဟုတ်ကဲ့လား၊ လာ . . လာ ထိုင်ပါ မောင်ဘသက်တို့ လာမယ်ဆိုတာတော့ သိသားပေါ့၊ မယ်ရင်ရဲ့ညီမ မယ်ဇင်ဆိုတာ မဟုတ်လား"

ဟု မေးရာ သူငယ်မလည်း၊ အားတက်ကာ

"ဟုတ်ပါတယ်ရှင် မမရင်တော့ လွန်ခဲ့တဲ့၃လလောက်ကပဲ မျက်နှာမြင်လို့ ဆုံးသွားပါတယ်။ ကိုဘသက်လည်း သူ့အဖေသေတာနဲ့ အမေကြီးခွဲမနေနိုင်ဘူး။ ပြုစုမယ့်လူလည်းမရှိလို့ ကျွန်မတို့သားအမိလိုက်နေဖို့ခေါ်လာတာနဲ့ လိုက်ခဲ့ရပါတယ်"

ဟု ဆိုရာ ဦးအုန်းပန်းနှင့် ဒေါ်ဘွားမယ်တို့လည်း တပြိုင်တည်း လိုလိုပင်

"အို . . မောင်ဘသက် လာခေါ်တယ်ဟုတ်လား၊ ခုမိန်းကလေးတစ်ယောက်တည်း သွေးနု၊ သားနုနဲ့ လာခဲ့ရသကိုး"

ဟု ဆိုမှ မိန်းမငယ်မယ်ဇင်လည်း. . .

"ကျွန်မတစ်ယောက်တည်းတော့ မဟုတ်ပါဘူးဦးကြီးရဲ့ ကိုဘသက်နဲ့အတူ လိုက်လာတာပါ"

ဟု ပြောလိုက်သောအခါ သာ၍အံ့ဩသွားပြီးလျှင်. . .

"ဘယ့်နှယ် . . မောင်ဘသက်နဲ့ မင်းနဲ့အတူတူ လာကြတယ် ဟုတ်လား"

ဟု မေးကြပြန်သည်တွင် မယ်ဇင်က . . .

"ဟုတ်ပါတယ် . . . ကိုဘသက်နဲ့ ကျွန်မနဲ့ အတူတူလာကြတာပါ။ မီးမထွက်ခင်ထဲက စောင့်ခေါ်နေတာ ကျွန်မက သွေးနုနုနဲ့မို့ မီးရထားမစီးဝံ့သေးတာနဲ့ ခုမှလိုက်ခဲ့ရပါတယ်။ ခုလည်း သူဟိုအနားဝင်စရာ ရှိသေးတယ်ဆိုပြီး နေရစ်တာပဲ၊ ဟုတ်ပါရဲ့ လာခဲလိုက်တာ ကျွန်မပြန်ခေါ်ချေဦးမယ်ရှင်"

ဟု ပြောရာ . . ကျွန်တော်တို့သုံးယောက်မှာ သာ၍အံ့အားသင့်နေကြလေ၏။ မယ်ဇင်သည် မိမိလင်သေသည်ကို မသိရှာ၍၊ ဤသို့ ပြောနေကြောင်းသိရှိကာ သုံးဦးသားမျက်လုံးနှင့် တပြိုင်တည်း သနားကြင်နာစွာ ကြည့်မိလေ၏။

ဒေါ်ဘွားမယ်သည်ကား မိမိသားပြန်လာပြီဟု ရိပ်မိသဖြင့် လွန်စွာဝမ်းမြောက်လျက် မျက်နှာများရွှင်ပျလာလေ၏။ ထို့နောက် မယ်ဇင်၏ သားကလေးကို တောင်းယူပွေ့ချီကာ. . .

"အမေ့မြေးကလေးက တစ်တုံးတစ်ခဲကြီးပါကလား အမယ်လေး ငါ့သားနဲ့ တစ်မျက်နှာတည်းပဲ၊ တော်သေးရဲ့ ငါ့သားမျက်နှာကလေး လွမ်းရင် အစားကြည့်ရအောင် ဘုရားမလို့ မြေးအလှကလေးရပေတယ်။ ဟဲ့ . . . ယောက်ျားကလေးပါလား၊ အို. . . အားရစရာကြီး"

ဟု ပြောကာ ကလေးကိုနမ်းရှုပ်ရင်း မျက်ရည်ပေါက်ကြီးများ တဖြိုင်ဖြိုင်ကျ၍လာလေ၏။

မယ်ဇင်လည်း စကားပြောရင်းပင် ခြံဝသို့ မကြာခဏ လှည့်ကြည့်ကာ. . .

"ကိုဘသက်နှယ် ကြာလိုက်တာနော် ဘာများလုပ်နေလို့ပါလိမ့် သူလုပ်မှုဖြင့် ဒီလိုချည်းပဲ အမေကြီးရဲ့ အခုတစ်ခေါက်ပြန်လာမှလည်း တစ်မျိုးကြီးဖြစ်လို့ ဣန္ဒြေကြီးနဲ့စကားကလည်း နည်းလိုက်တာ ကျွန်မအနားဆိုတာ ဘယ်တော့မှမကပ်ဘူး၊ အဝေးက မတ်တတ်ရပ်စကား ပြောတယ်ဦးကြီးရဲ့ ဦးကြီးတူက မမရင်လောက် ကျွန်မကိုမချစ်ဘူးရှင့် မမရင်သေတာသူလာမှ သိတယ် မမရင်ကိုအောက်မေ့လို့ စိတ်မကောင်း ရှာဘူးထင်တာနဲ့ ကျွန်မလည်း သူ့ကိုမနှောင့်ယှက်ဘဲ ဘာသိဘာသာ နေခဲ့တာပဲ"

ဟု ဆိုရာ ဦးအုန်းပန်းမှာ မျက်နှာပျက်သထက်ပျက်၍ လာလေ၏။ ဒေါ်ဘွားမယ်လည်း ဟစ်အော်မငိုမိရန် အတော်ကြိုးစားနေသည်ကို တွေ့မြင်ရသဖြင့် ကျွန်တော်လည်း မယ်ဇင်တို့သားအမိကို သနားသော စိတ်များနှင့် မျက်ရည်များလည်၍ပင်လာမိလေ၏။

မယ်ဇင်လည်းပြောရင်းပင် နောက်ဆံတင့်ငင်နှင့် ခြံဝလှည့်ကာလှည့်ကာမျှော်ရင်း . . .

"ဩော် . . ကိုဘသက်နှယ် ခက်တဲ့လူပဲ၊ ဘာများဖြစ်နေပါလိမ့် အမေနေဦးနော် ကျွန်မသွားခေါ်လိုက်ဦးမယ်"

ဟု ဆိုကာ သွားမည်ပြုရာ ဒေါ်ဘွားမယ်လည်း . . .

"အို . . နေပါစေသမီးရယ်၊ သူလာလိမ့်မပေါ့၊ အမေတို့ဆီ ရောက်မှပဲ ပျော်ပျော်ရွှင်ရွှင်နေပါ။ ဘာမှအားမငယ်နဲ့နော်၊ ဒါလည်း မောင်သက်ကဲ့ ဦးကြီး ညည်းဦးကြီးပေါ့၊ အမေတစ်ခု သမီးတစ်ခုပေါ့အေ"

ဟု ညာဝါးကာ ပြောဆိုနေရသော်လည်း၊ အမေကြီးမှာ ပြောရင်း ပြောရင်း ငိုသံပါလာပြီးလျှင် မျက်ရည်တွေလည်း တသွင်သွင်ကျ၍ နေသဖြင့် မယ်ဇင်မှာ သင်္ကာမကင်းဖြစ်ကာ . . .

"အို . . အမေဘာပြုလို့ ငိုတာလဲအမေရဲ့၊ ဘယ့်နှယ်ဖြစ်တာလဲ ကျွန်မကိုပြောပါဦး အမေ့ဟာက စကားပြောရင်းငိုလိုက်တာ"

ဟု ပြောသောအခါမှ ဒေါ်ဘွားမယ်မှာ ဆက်လက်အောင့်အီးခြင်းငှာမတတ်နိုင်တော့ဘဲ အက်ကွဲလှိုက်လှဲသောအသံနှင့် ကြုံကြုံပါအောင် ဟစ်ငိုကာ . . .

"သမီးရဲ့ ညည်းလင်အဖြစ်ကို ညည်းမသိဘူးလား။ ဘသက်ရေ အမေဘယ်လိုပြောရမလဲကွဲ့ လူကလေးရဲ့ မင်းမိန်းမ မင်းခေါ်လာပြီး ခုတော့ ဘာပြုလို့ တော်ရာရှောင်နေရသလဲကွဲ့၊ လိမ်မယ့်လိမ်ရင် အစအဆုံးလိမ်ပါတော့လားဟဲ့။ အမေတို့ရှေ့တော့ ကိုယ်ထင်မပြဘူးပေါ့လေ"

ဟု ဆိုကာ ငို၍ပစ်လိုက်တော့မှ မယ်ဇင်လည်း တောင်မသိ၊ မြောက်မသိနှင့် ကျီးလူမိသလို ဟိုမျက်နှာကြည့် ဒီမျက်နှာကြည့်၊ သိကလည်း သိချင်လှသဖြင့် ကျွန်တော့်ဘက်သို့လှည့်ကာ . . .

"ဘယ့်နှယ် ဖြစ်ကြတာလဲရှင် ကျွန်မလည်း အကျိုးအကြောင်း သိပါရစေ။ ကိုဘသက်ဘာဖြစ်သလဲ၊ အို . . ကျွန်မနဲ့တစ်လမ်းလုံး မီးရထားအတူစီးလာတာပါ၊ ခုမှ ဟောဟိုခြံဝကျမှ လမ်းခွဲထွက်သွားတာကပဲ ကျွန်မအသည်းနှလုံးတုန်လှချေရဲ့ ပြောကြစမ်းပါ"

ဟု ဆိုရာ ဤအခါတွင်မှ ကြာရှည်ဖုံးဖိထားသော်လည်း မလုံမည့်အတူ ဦးအုန်းပန်းကိုပြောပြရန် မျက်ရိပ်ပြလိုက်သည်နှင့် ဦးအုန်းပန်းလည်းခရီးရောက်မဆိုက် သွေးနုနုဖြစ်၍ ရုတ်တရက် ဒဲ့ဒိုးမပြောသေးဘဲ တဖြည်းဖြည်း

ဖြောင်းဖျသွယ်ဝိုက်ကာ တရားပြလာပြီးမှ လိုရာခရီးသို့ရောက်အောင် အကြောင်းအရာအုပ်စုံ အကုန်အစင်ပြောပြမှ မယ်ဇင်မှာ ဟင် ခနဲသက်ပြင်းကြီးချလျက် ဝမ်းနည်းပက်လက်ရှိုက်ငင်ငိုကြွေးရှာလေ၏။

ကျွန်တော်နှင့်တကွ ဦးအုန်းပန်း ဒေါ်ဘွားမယ်တို့လည်း မယ်ဇင်ကို အားပေးချော့မော့ကာ အားမငယ်စေရန် ဖြောင်းဖျပြောဆိုမှ အတော်အတန် သက်သာရာရပြီး ငိုပြီးရှိုက်မောလျက်နှင့်ပင် . . .

"မမရင်, မမရင် တော်ပါပေရဲ့ရှင် ကိုယ့်လင်ကို ဒါလောက် ရက်စက်ရသလား၊ ကျွန်မလည်း ဒီအကြောင်းတွေ ဘာမှမသိရဘူး အမေရဲ့၊ သြော် . . ကိုဘသက် ကျွန်မအပေါ်မှာ ရှင်ဒါလောက်စိတ်မချတာ ခုမှသိရတော့တယ် နော် အမေ အမေကျွန်မဘယ်လိုဖြေရမလဲအမေရဲ့ ကျွန်မကလေးမျက်နှာ မြင်တုန်းက အနားမှာ မျက်နှာငယ်ကလေးနဲ့ ထိုင်ထိုင်စောင့်နေတာ မြင်နေ တယ်အမေရဲ့ မီးရထားပေါ်မှာလည်း ကျွန်မကိုညှာတာလိုက်တာလေ၊ တစ်လမ်းလုံး ရေကြည်တစ်ပေါက် မစွန်းရဘူး၊ သူ့အမူအရာဟာ ခါတိုင်း ထက်ထူးပါတယ်လို့တော့ အထင်သားပဲ အမေရဲ့ ဒါပေတဲ့ အဖေသေ မယား သေနဲ့မို့ စိတ်မကောင်းလို့ ကြွေကြီးနေတယ်ထင်တာကိုး၊ အို ကိုဘသက်ရဲ့ ရှင့်အဖြစ်အပျက် ရှင်မပြောဘဲနေတာအံ့ပါရဲ့ ငါကိုယ်တိုင်တော့ မပြောဘူး ဒီကျမှ အမေတို့ပြောလိမ့်မယ်ဆိုပြီး မျက်နှာလွှဲလိုက်တာပေါ့နော် တော်ပါပေ ရဲ့ရှင် လိမ်ပုံပိရိပါပေရဲ့။ အမေနဲ့မယားကို လုပ်ကျွေးမလို့ဟုတ်လား၊ ရှင့်လုပ်စာ ကျွန်မဘယ်လိုလုပ်စားရမှာလဲ ကိုဘသက်ရဲ့"

စသည်ဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ တသဲသဲ ငိုကြွေးတမ်းတလွမ်းစဖော်၍ နေလေ ရာ ကျွန်တော်လည်း တာရှည်နားထောင်နေရမှာ စိတ်မချမ်းသာ ကိုယ့်မှာလည်း လွမ်းနာကလေးမကင်းခဲ့သူဖြစ်သောကြောင့် ဦးအုန်းပန်းကို နှုတ်ဆက်ကာ တည်းအိမ်သို့ တဖြည်းဖြည်း ပြန်လာခဲ့လေ၏။

၎င်းအဖြစ်အပျက်များ ဖြစ်ပျက်ပြီးသည့်နောက် နှစ်နှစ်ကျော်လောက် ရှိသောအခါ၊ ကျွန်တော်သည် မတ္တရာမြို့သို့ ကိစ္စတစ်ခုနှင့် ခေတ္တသွားရောက် ရာတွင် ယခင်အဖြစ်အပျက်များကို သတိရသည်နှင့် ဘယ်လိုများ နေကြသည်

ဟု သိရှိလို၍ ဦးအုန်းပန်းခြံသို့ သွားရောက်လည်ပတ်ရာ ခြံကြီးမှာ ရှေးကထက် မြိုင်ဆိုင်ဝေဆာလျက် ကွမ်းသီးခိုင်တွေလည်း ပဒေသာတမျှ ထွက်နေသည်ကို တွေ့ရပြီးလျှင် မယ်ဇင်၏ သားကလေးမှာလည်း မတ်တတ်ပြေးလျက် ပြောင် ပြောင်လက်လက် ရွှေတိုရွှေစကလေးများ ဆွဲဆင်ထားပြီးလျှင် အဘွားကြီးမှာ လည်း ကျန်းမာဝဖြိုး အသားအရေတွေတိုးလျက် ရှေးက ပျက်လုပျက်ခင် တဲငယ်ကလေးမှာလည်း နှစ်ဆောင်ပြိုင် ပျဉ်ထောင်သွပ်မိုးအိမ်အသစ်ကလေး ဖြစ်ကာ မယ်ဇင်မှာလည်း မြို့ကြီးသူမသာအောင် ဖြီးလိမ်းဝတ်စားထားပြီး များစွာသော ကွမ်းသီးခွဲသည့် လုပ်သားသူငယ်မများအပေါ်တွင် ဩဇာပေး လျက်ရှိသည်ကိုတွေ့ရသောကြောင့် ကျွန်တော်လည်း ၎င်းတို့အတွက် မုဒိတာ တရားသက်ရောက်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည့်အတွက် မောင်ဘသက် အကြောင်းနှင့်တကွ ဦးအုန်းပန်းကို မေးမြန်းစုံစမ်းကြည့်ရာ. . .

မိမိတို့မှာ မယ်ရင်နှင့်မောင်ဘသက်တို့ ကူညီစောင့်ရှောက်လုပ်ကိုင် ပေးနေသည့်အတွက် ရှေးကထက်စီးပွားဥစ္စာတက်နေကြောင်း မယ်ဇင်နှင့် ဒေါ်ဘွားမယ်တို့မှာလည်း မောင်ဘသက်က လေးငါးယောက်လုပ်ရမည့်အလုပ် ကို သူတစ်ယောက်တည်းနှင့် ပြီးအောင်လုပ်ပေး၍ အခကြေးငွေ များပြားစွာရ သဖြင့် စားရုံမျှမက ပိုမိုစုဆောင်းမိနေကြောင်း . . .

ကွမ်းသီးမှည့်ခူးချွေသောလုပ်ငန်းမှာ လူသားစင်စစ်လုပ်သည်ထက် လူကိုမမြင်ရသော မောင်ဘသက်က ပိုမိုတွင်ကျယ်စွာလုပ်နိုင်ကြောင်း ထူးခြား သောအကြောင်းတစ်ခုမှာ မယ်ဇင်အား အခြားတစ်ပါးယောကျ်ားများနှင့် ရောဝင်ပြောဆိုသည်ကို အထူးပိတ်ပင်တားဆီးတတ်ကြောင်း မသိ၍ပြောမိလျှင် လူကိုမမြင်ရဘဲ ကြောက်မက်ဖွယ်ကောင်းသော လက်မည်းကြီးဖြင့် ပြင်းထန်စွာ ရိုက်တတ်ကြောင်း စသည်တို့ကို ဦးအုန်းပန်းထံမှတစ်ဆင့် ကြားသိခဲ့ရသည် ဖြစ်ပါကြောင်း။

☼ ☼ ☼

# ငြိုပလေနတ်မင်း

(၁၉၃၄-ခု ၊ စက်တင်ဘာလတွင်ရေးသည်)

"ကြည်ကြည်ရေ ခုတလော ငါ့သမီးတငိုင်ငိုင်တမှိုင်မှိုင်နဲ့ ပါကလား၊ ဘာများစိတ်ညစ်နေသလဲ အဝတ်ကလေးဘာလေးလဲလို့ အပျိုရွယ်လေးပဲ အေ ဖြီးဖြီးလိမ်းလိမ်းနေမှပေါ့၊ မေမေဝယ်ပေးထားတဲ့ လက်ဝတ်လက်စားတွေကော ဘာဖြစ်လို့မဝတ်ရတာလဲ တစ်နေ့ကလည်း စိန်တစ်လုံးနားကပ်ကြီး မီးဖိုခန်းထဲ မေ့ထားခဲ့ပြီး ဒီနေ့မနက်လည်း အမှိုက်လှည်းတဲ့အထဲမှာ စိန်ကြိုးကြီးတစ်ကုံးပါ လာတယ်၊ ငါ့သမီးဘယ်လိုဖြစ်နေတာလဲ စိတ်ညစ်စရာရှိလည်း မေမေတို့ ပြောပါလား၊ မရှက်ပါနဲ့သမီးရယ် ညည်းတို့အရွယ်ဆိုတာ အခက်ကြီးကလား၊ ရည်းစားများ ဘာများရှိပြီး လူကြီးမိဘအသိမခံဝံ့တဲ့ အပူမျိုးများ မိနေသလား အေ . . ငါ့သမီးမှိုင်မှိုင်နေတာ မေမေမကြည့်ရက်နိုင်ပါဘူး"

ဟု ဒေါ်ဦးသာခေါ် မင်းကတော်ကြီးက သမီးခင်ကြည်ကြည်ကို ကျောကလေးသပ်ကာ သပ်ကာ မကြာမကြာချော့မော့မေးမြန်းစုံစမ်းနေခြင်းဖြင့် လွန်ခဲ့သော နှစ်လလောက်ကစ၍ အကြောင်းမသိ တငေးငေး တငိုင်ငိုင် တမှိုင်မှိုင် တတွေတွေမျက်ရည်တလယ်လယ်နှင့်နေခဲ့သော ခင်ကြည်ကြည်မှာ မအီမသာဖြစ်ရာတွင် မိခင်၏မေးခွန်းကိုလည်း ကျေနအောင်အဖြေမပေးနိုင်ဘဲ မျက်ရည်ဝဲသောမျက်လုံးများဖြင့်သာ ဝမ်းနည်းစွာကြည့်၍ ကြည့်၍ချည်းနေ သောကြောင့် ဒေါ်ဦးသာမှာ သမီးအတွက် မတွေးရခက်ရှုမကာ၊ မကြာမကြာ

သက်ပြင်းကြီးချပြီး 'ဒုက္ခ ဒုက္ခ'ဟု ညည်း၍သာ အချိန်ကုန်ခဲ့ရသည်တွင် ထိုနေ့ အဖို့မှာ အခါတိုင်းထက် တိုး၍ ချော့မော့မေးမြန်းသောကြောင့်၊ ခင်ကြည်ကြည် မှာ မျက်ရည်ဝဲရာမှ မိခင်ကို ညှိုးငယ်စွာ မော့ကြည့်ပြီး တစ်စုံတစ်ခုသော အကြောင်းကို ပြောတော့အံ့ဟု အားယူဟန်ပြင်နေသဖြင့် မိခင်ကြီးမှာ အား တက်လာပြီး . . .

"သမီးရဲ့ ပြောသာပြောပါ မိခင်ဆိုတာရှက်ရတာမျိုး မဟုတ်ဘူးကွဲ့ ငါ့သမီးက အရှက်အကြောက်ကြီးလွန်းလို့ ခက်တယ်၊ ပြောပြော . . ပြောစမ်းပါ၊ ညည်းဘယ်လို ဘယ်လိုဖြစ်တာလဲ မေမေလည်း ရိပ်မိပါတယ်အေ . . ညည်း တို့ကလေးချင်းကြိုက်နေတာရှိရင်လည်း ဒီလောက် ဒုက္ခခံမနေနဲ့ ပြောသာပြော၊ ညည်းဖေဖေ မဆူစေရပါဘူး၊ မေမေနေရာကျအောင် စီမံပေးမပေါ့၊ ငါ့သမီး ဒုက္ခတော့ခံမနေနဲ့"

ဟု စိတ်အားထက်သန်စွာပြောလျှင် ခင်ကြည်ကြည်မှာ အနည်း ငယ်ခေါင်းခါပြီး. . .

"သမီး ဒီလောက်မမိုက်ပါဘူး မေမေရယ် မေမေထင်သလိုလည်း မဖြစ်သေးပါဘူး၊ ဒါပေတဲ့ သမီးလေ မေမေရဲ့ အပျိုအရွယ်ကလေးဖြစ်လာ ကတည်းက အခုအသက်နှစ်ဆယ်အစိတ်ရှိလာပြီ ဘယ်အခါဆီကမှ မေမေ တို့မသိရအောင် အတွင်းကြိတ် ရည်းစားဆိုတာ ထားဖို့ဝေးလို့ စိတ်ကူးလို့မှ တွေးမကြည့်မိပါဘူး၊ တကယ်လို့ ချစ်သူများတွေ့ ရည်းစားထားချင်တဲ့ စိတ်မျိုးရှိတောင်မှ ဖေဖေ့ဒေါသကိုကြောက်လွန်းလို့ ထားဖို့ခဲယဉ်းပါတယ်"

"နို့ ဘယ်အတွက် မှိုင်မှိုင်နေရတာလဲသမီးရဲ့ နေလို့ထိုင်လို့လည်း ကောင်းရဲ့မဟုတ်လား၊ အစားအသောက်ကော ဘာများစားချင်တာရှိသလဲ"

"ဘာမှစားချင်တာလည်း မရှိပါဘူးမေမေရယ်၊ ကျွန်မလေ အခု တလော ညညကျအိပ်လို့မရဘူး မေမေရဲ့၊ နေ့နေ့တော့လည်း အိပ်ချင်သလိုလို ငိုချင်သလိုလို တသမ်းသမ်းတဝေဝေနဲ့ တစ်ခါတလေလည်း ငုတ်တုတ်ထိုင်ရင်း၊ ဘာတွေလျှောက်စဉ်းစားမိတယ်မသိပါဘူး၊ သမီး စိတ်တွေဟာ ရောက်ချင်ရာ ရောက်သွားလိုက်တာ မေမေတို့က ရုတ်တရက်ခေါ်လိုက်တဲ့အခါမှ၊ ပြန်းခနဲ

သတိရလာတယ်၊ တစ်ခါတလေလေလည်း ရင်ထဲက အသည်းညှာကလေးဟာ လေလာတိုင်းလှုပ်ရှားနေသလို တဖိုဖို တလှျပ်လှျပ်နဲ့ ဖျပ်ခနဲ၊ ဖျပ်ခနဲ၊ လန့်လန့်သွားတယ် မေမေရဲ့ ဒီလိုဖြစ်တဲ့အခါ လက်ဖျား ခြေဖျားတွေဟာ၊ တစ်ခါတည်း အေးမြပြီး စေးကပ်သွားတာပဲ"

"အို . . ဒါဖြင့် အစကဘာပြုလို့ မပြောသလဲ။ အိမ်မှာသွေးဆေးတွေရော ရေမွှေးတွေရော စုံလို့ရှိရက်သားနဲ့ ကဲ ကဲ သကြားနဲ့ သွေးဆေးကလေး သောက်လိုက် မေမေတိုက်မယ်"

"နေပါစေဦး မေမေရယ် ပြီးတော့သောက်တာပေါ့ မေမေ့ကို သမီး တစ်ခုပြောပါရစေဦး၊ ညညကျရင် အိပ်မပျော်ဘဲ မျက်လုံးတကြောင်ကြောင်နဲ့ ဖြစ်နေတဲ့အခါ ကျွန်မအိပ်ရာခေါင်းရင်းနားမှာလေ မွှေးလိုက်တာ မေ့မေရယ် ဘယ်လိုမွှေးမှန်းမသိဘူး၊ ကရမက်နံ့ကလေးလိုလို ပန်းညိုနံ့ကလေးလိုလို အဲဒီလို အမွှေးနံ့ကလေးတွေရပြီး ကျွန်မလည်း ကြက်သီးတွေ ထ ထ လာတယ်၊ စိတ်ထဲမှာ၊ လန့်သလိုလို၊ ပျော်သလိုလို၊ ငိုချင်သလိုလိုပဲ၊ ဘယ်လိုဖြစ်တယ်ရယ်လို့ သေသေချာချာမပြောနိုင်ဘူး မေမေရဲ့"

"အို ဒီလိုဖြင့်လည်း အစဉ်းစားရခက်လှပါကလား၊ ညည်း ဖေဖေ ပြောမှပဲ၊ ငါလည်းဘာမှန်းမှမသိဘူး"

"နားထောင်ပါဦး မေမေရဲ့။ အဲ ဒီလိုမွှေးကြိုင်တဲ့ ရနံ့တွေရ၊ ကြက်သီးတွေထလာပြီး ကျွန်မစိတ်ထဲ ဝမ်းနည်းသလိုလို ငိုချင်သလိုလိုဖြစ်ရာက ကျွန်မ မျက်စိထဲ လူတစ်ယောက်ရဲ့ပုံသဏ္ဌာန်ဟာ အမြဲပေါ်လာတယ်မေမေရဲ့ အဲဒီလူကလည်း မေမေရယ်။ လှလိုက်တာ၊ အသားဝါကလေး၊ နှာတံပေါ်ကလေးမို့။ ကျွန်မစိတ်ထင်ဖြင့် ကုလားဆင်ကလေး ချောတယ်လို့ ဆိုချင်တာပဲ၊ ပန်းစင်းပုဆိုးကလေး အမြဲခါးတောင်းကျိုက်လို့ သူဝတ်ထားတဲ့ ထိုင်မသိမ်း အင်္ကျီအဖြူကလေးပေါ်မှာ ရဲပဝါကလေးရင်စီး၊ ဆံမြိတ်တွဲရောင်ကြီးတစ်စောင်း ထုံးပြီး ရဲပဝါကလေးဘေးနှစ်ဖက်မြိတ်ချပေါင်းလို့၊ သူ့လက်ထဲအမြဲကိုင်တဲ့ ငှက်ကြီးတောင်ဓားကြီးကလည်း အရောင်တဖိတ်ဖိတ်နဲ့ သိပ်ကြည့်ကောင်းတာပဲ။ အဲဒီလူဟာလေ သမီးကိုပြုံးပြုံးကြီး ကြည့်ကြည့်ပြီး အနီးအနားမှာ

ကပ်ထိုင်လိုက်သလိုထင်တာပဲ။ ဒီလိုလည်းထင်လိုက်ရော။ အိပ်ငိုက်သလို ဖြစ်သွားရာက ပြောရမှာရှက်လှတယ်မေမေရယ်။ သူကကျွန်မကို ပွေ့ပိုက် ယုယပြီးချစ်မူ ချစ်ဟန်နှင့် . . ဒါလောက်ပြော သိရောပေါ့ မေမေရယ်၊ ညတိုင်း ဒီလိုပဲ။ နေ့နေ့ကျတော့ ကျွန်မလည်း အတွေ့အကြုံကများပြီး ယဉ်ပါးနေတော့ သူမလာရင် ကျွန်မကိုက တွေ့ချင် မြင်ချင်သလိုလို ဖြစ်မိတယ်။ အကောင် အထည်နဲ့ ဘယ်သူဘယ်ဝါကို ရည်းစားထားမိတာမျိုးတော့ မဟုတ်ဘူး။ စိတ်ကူးလိုလို အိပ်မက်လိုလိုနှင့် "အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်" ဆိုတာလိုပဲ သမီးတော့ သူ့ကိုစွဲနေပြီထင်တယ်၊ သူကပေတဲ့ မေမေရယ် အဝတ်အစားရှေးရိုးကျသလောက် လူကမရိုးဘူးထင်တယ်။ တစ်ခါတလေ သူ့ပါးစပ်က အရက်နံ့ကလေး ဘာကလေးနဲ့ မေမေရဲ့"

"အလိုလေး . . တယ်ဆန်းပြားပါကလား။ အင်း . . ကာလက လည်း အခက်သားကိုး မိန်းကလေးကမကြိုက်ပေတဲ့ ဆေးနဲ့ဝါးနဲ့ အစိမ်း တိုက်တဲ့ အောက်လမ်းဆရာဆိုတဲ့ဟာတွေကလည်းအရှုပ်သား မေမေ့စိတ်ထင် တော့ ယောကျာ်းတစ်ယောက်ယောက်က ငါ့သမီးကိုဆေးနဲ့ကြံနေပြီထင်တယ်"

"မပြောတတ်ဘူး မေမေရယ်။ အကောင်အထည်နဲ့လည်း လက်ဆုပ် လက်ကိုင်ပြနိုင်တာမဟုတ်တော့ အခက်သားပဲ"

"ဩော် . . သမီးအတွက်ခက်လှချည်ရဲ့နော်။ သူ့အဖေတိုင်ပင်ရမှာ ကလည်း အာကျယ် ပါကျယ် တယူသန် ဒေါသလုံးကြီးမို့။ တိုးတိုးတိတ်တိတ် တိုင်ပင်ဖို့ သိပ်ခက်တာပဲ"

* * *

"မင်းကတော်ကြီးတို့ ဘယ်ကြွကြွပါသလဲ။ ရှိကြပါရဲ့လား"

ဟု ဧည့်ခန်းမှအသံကြားသဖြင့်၊ ဒေါ်ဦးသာသည် ဆေးပေါ့လိပ်ကြီး လက်ကြားညှပ်၍ ထွက်လာရာ ကျားခေါင်းလက်ကောက်နှင့် ပုလဲနားကပ် အုံပွကြီး ဝတ်ဆင်ထားကာ ဘီးဆံပတ်မှာ နှင်းဆီပန်းတွေ ထိုးပန်ပြီး ဒေါနခက် ကြီးတွေ ဘေးထိုးပန်ထားသည့် သနပ်ခါးဘဲကြားနှင့် အသက်ငါးဆယ်ကျော်

အရွယ် အမယ်ကြီးတစ်ယောက်ကိုတွေ့ရလျှင် ဒေါ်ဦးသာသည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် . . .

"အို . . အထိန်းတော်ကြီးပါလား။ ဘယ်အရပ်ကများ မျက်စိလည်လာသလဲ"

ဟု ပျာပျာသလဲမေး၍ အမယ်ကြီးလည်း ညည်းညည်းညူညူဖြင့်

"သြော် . . မရောက်နိုင်ဘူး မင်းကတော်ကြီးရဲ့။ ကိုယ့်သခင် ပွဲတော်ကြီးလိုက်နေရသကိုး နို့ . . အားလုံးကျန်းကျန်းမာမာပဲနေ၁်၊ ဝန်ထောက်မင်းကော တောသွားသလား။ အကြည်တစ်ယောက်လည်း မမြင်ပါဘူး"

"ကိုအောင်ကြီး တောသွားတာ ငါးရက်လောက်ရှိပြီ၊ အထိန်းတော်ကြီးရဲ့။ သန်ဘက်ခါမှ ပြန်ရောက်မယ်။ အကြည်လည်းရှိပါရဲ့ နေထိုင်မကောင်းလို့ အိမ်ခန်းထဲမှာ အောင်းအောင်းနေတယ်"

"အို . . နေမကောင်းရင် အိမ်တွင်းအောင်းလို့ ဖြစ်ပ့ါမလား ဆေးကလေး ဘာကလေးစားမှပေ့ါ"

"စားပါရဲ့ ဒါနဲ့နေပါဦး အထိန်းတော်ကြီး အတော်ဟောရရဲ့မဟုတ်လား၊ တစ်နေ့က ကျွန်မမိတ်ဆွေဖွဲ့ပေးလိုက်တဲ့ အခွန်ဝန်ကတော်ဟာလေ သူ့ယောက်ျားနဲ့ ပြန်ပေါင်းမိသွားပြီး တလောဆီကတောင် အထိန်းတော်ကြီး ဟောချက်မှန်လွန်းလို့ ပဝါတစ်ပိုင်ကန်တော့မလို့တဲ့ ကျွန်မကိုပြောသွားသေးတယ်။ ကျွန်မတို့ဝန်ထောက်မင်းလည်း ရာဇဝတ်ဝန်ကြီးတန်းတက်ရအောင် အရှင်သခင်များ ဆုတောင်းပေးပါ။ ရာထူးတိုးရင် အရှင်သခင်များအတွက် ပေါင်းတော်နဲ့ ဝတ်လဲတော်ပုဆိုးဆက်ပါမယ်။ သောက်ပွဲလည်းကျင်းပမယ်"

"ကောင်းပါပြီလေ ဝန်ထောက်မင်းမှာ အညှ့်ကလေးနည်းနည်းရှိသေးတဲ့အတွက် မွေးလကလွန်ရင် အကောင်းဘက်ရောက်ပါပြီလို့ ဟိုလထဲဆီက တစ်ခါဟောခဲ့ပြီ မဟုတ်လား၊ မွေးလဟိုဘက်ကို ရာထူးတက်စေရမယ်လို့ မင်းကလေးကလည်း အပြောသားပဲ၊ စိတ်သာချ လူက အာမခံတာမဟုတ်ဘူး။ နတ်ကအာမခံတာပါ"

"ဒါဖြင့်လည်း၊ ပြီးပါလေရောရှင်. . . ညြော် ဒါနဲ့ အထိန်းတော်ကြီး လာတာနဲ့ အခန့်သင့်ပဲ၊ အကြည်တစ်ယောက်လည်း ပယောဂလိုလို၊ ဘာလိုလို ဖြစ်နေတယ်။ တယ်လည်းမကျန်းမာဘူး။ အရှင်သခင်များ ပင့်ပြီး၊ မေးစမ်းပါဦး ရော့ရော့ ရေစင်ဖိုးငွေတစ်ကျပ် ဟဲ့ . . မယ်အိ သောက်ရေတစ်ဖန်ခွက်ယူခဲ့၊ ညည်းမမလေးလည်း အပြင်ထွက်ခဲ့ဖို့ ပြောလိုက်"

မယ်အိသည် ဖန်ခွက်နှင့်ရေယူလာလေ၏။ ခင်ကြည်ကြည်လည်း မိခင်၏အနီးတွင်ထိုင်မိလေ၏။ အထိန်းတော်ကြီးလည်း၊ ခင်ကြည်ကြည်ကို ကြည့်ကာ . . .

"အို . . ငါ့တူမနည်းနည်းပိန်သွားပါကလား၊ အေး . . အေး အမေ အရှင်သခင်များ မေးကြည့်မယ်နော်"

ဟု ဆို၍ ဖန်ခွက်ထဲငွေတစ်ကျပ်ထည့်ပြီး၊ အရှေ့ဘက်လှည့်၍ ကြုံ့ကြုံ့ထိုင် ရှိခိုး တိုးတိုး . . တိုးတိုးရွတ်ကာ နတ်ပင့်လေ၏။ တစ်ခဏမျှကြာ လျှင် ရှိခိုးထားသော လက်နှစ်ဖက်လည်း၊ နဖူးကိုတဖျပ်ဖျပ်ချကာ တဆတ် ဆတ်လှုပ်ရှားလာရာမှ တစ်ကိုယ်လုံးရှေ့ထိုးနောက်ငင်၊ ဆန်ကောဝိုင်းသလို ယိမ်းထိုး၍လာလေ၏။ ဝါးခနဲ ဝါးခနဲသန်းဝေလိုက်သော အသံများမှာလည်း၊ အိမ်နီးနားချင်းတို့ပင် နားညည်းစရာဖြစ်၍နေလေ၏။

ဝါသနာပါသောဒေါ်ဦးသာမှာ အချက်အလက် သိစွာဖြင့် ကြုံ့ကြုံ့ ကလေးပြင်ထိုင်ကာ. . .

"ယခုကြွလာတာ ဘယ်အရှင်သခင်ပါတုံး"

ဟု မေးလျှင် နတ်ကတော်ကြီးလည်း ယိမ်းယိုင်နေရင်းပင် ဒူးတစ်ဖက် ထောင် တစ်ဖက်ချထိုင်ရာမှ တစ်ချက်တစ်ချက် ခင်ကြည်ကြည်ကို ပြုံးပြုံးကြီး ကြည့်သလိုနေပြီး. . .

"ကျုပ်နှမကြီး ဘာအလိုရှိလို့ ပင့်သလဲ၊ ကျုပ်တောင်ပြုံးမင်းကလေး ပဲဗျ နှမကြီးဘာမေးချင်လို့တုံး"

ဟု ဒေါ်ဦးသာကိုပြောလိုက်သည်တွင် ဒေါ်ဦးသာက . . .

"နှမကြီးအတွက် မေးချင်လို့ ပင့်တာမဟုတ်ဘူး သခင်ကလေးရဲ့ ဟောဒီက တနင်္လာသမီး နှမကလေးအတွက် မေးချင်လို့ပါ၊ တနင်္လာသမီး ကလေးရဲ့ အကျိုးအပြစ်သိရအောင် ကြည့်ပေးတော်မူပါ"

ဟု ပြောသည်တွင် နတ်ကတော်ကြီးမှာ. . .

"အင်း တနင်္လာသမီး ကျုပ်နှမကလေး ဘာမှဘေးရန်မရှိပါဘူး၊ လူချစ်၊ လူခင် အင်မတန်များတာပဲ၊ ရွှေ့ငွေ့ကျောက်စုတ်ကြီး၊ လာဘ်ကြီးများရဖို့ ရှိတယ်။ ဘာမှ ဘေးဥပါဒ်အန္တရာယ်မရှိဘူးဗျ၊ ဩော် ဒါထက်ဒီအိမ်မှာ အကြီး အကဲ တနင်္ဂနွေသားများအတွက်နှင့်ပတ်သက်ပြီး တနင်္လာသမီး ကျုပ်နှမ ကလေးမှာ ရန်ရှိသဗျ"

ဟု ပြောရာ ဒေါ်ဦးသာမှာ သမီးဖြစ်သူ ခင်ကြည်ကြည်ဘက်သို့ လှည့်လျက် . . .

"အင်း ကြားရဲ့လားသမီးရဲ့၊ အဲတာ ညည်းဖေဖေနဲ့တူတယ်၊ သူက လည်း အင်မတန်ဒေါသကြီးတဲ့လူဆိုတော့ ဟုတ်မှာပဲ၊ ဒါထက် မှန်မှန်ဟောပါ သခင်လေးရယ်၊ တနင်္လာသမီးမှာ ဥပါဒ်အန္တရာယ်များ ရှိသလား"

"ဘယ်ဥပါဒ်မှ မရှိပါဘူး။ ကျုပ်နှမကလေးမှာ ဘေးမသိ ရန်မခဘဲ၊ မိမွေးတိုင်း ဖမွေးတိုင်း ပါပဲကလားဗျ"

"ဒါတော့မှားပြီထင်တယ် သခင်လေးရဲ့၊ တနင်္လာသမီးမှာ သရိုးသယီ ဖြစ်နေတာ တစ်လကျော်၊ နှစ်လလောက်ရှိပါပြီ၊ ညညမှာလည်း အိပ်လို့မပျော်၊ နေ့နေ့ကျပြန်တော့လည်း တမှိုင်မှိုင်၊ တငေးငေး၊ ဆေးဝါးပယောဂနဲ့ တစ်စုံ တစ်ယောက်က ကြံစည်ထားသလားမသိရလို့ သခင်ကလေးပင့်မေးတာပါ ဘယ်လိုဟာဆိုတာ သခင်ကလေးအတတ် ဟောစမ်းပါ"

"ဟား ဟားဟား ဟား ဒီအတွက်လား၊ တနင်္လာသမီးက တယ်ပြီး လိပ်ပြာလှတာကိုးဗျ၊ ကျုပ်ကလည်း တယ်မိန်းမများများယူချင်တဲ့လူပဲ"

"အို-ဒါက ဘာစကားတွေတုံးမင်းကလေးရဲ့၊ တနင်္လာသမီးအတွက် ပယောဂအနှောင့်အယှက်ရှိသလားလို့ ကြည့်ပေးစမ်းပါဆိုနေတာ တနင်္လာ

သမီးကို ညညလာရှုပ်တဲ့ သဏ္ဌာန်တစ်ခုအတွက် စိုးရိမ်နေတယ်၊ ဘယ်သူ၊ ဘယ်ဝါမှန်းလဲမသိ၊ စုန်း၊ ပယောဂများ ဖမ်းထားသလားလို့ တဆိတ်ကြည့်စမ်းပါ မင်းကလေးတတ်နိုင်တာဖြင့်လည်း အဲဒီ လူသဏ္ဌာန်ကိုမလာအောင် ဖယ်ရှားပေးစမ်းပါ"

"ဟား. . . ဟား. . . ဟား. . . ဟား-ကျုပ်ကဖယ်ရှားပေးရမယ်၊ ဟုတ်ကဲ့လားနှမကြီးရဲ့ အင်း အဲဒီတနလ်ာသမီးနှမကလေးဆီကို ညညလာတဲ့ လူဟာ ဘယ်လိုပုံသဏ္ဌာန်နဲ့ လာသလဲ ဟဲဟဲ . . ဟဲဟဲ. . "

"ဆံမြိတ်ကွင်းရောင်တွဲကြီးနဲ့ ရှန်နီစခေါင်းစီးပြီး ပန်းစင်းပုဆိုး ခါးတောင်းကျိုက်နဲ့ ပွဲထဲက မင်းသားကြီးဂိုက်မျိုးပေါ့"

"အဲဒါဘယ်သူထင်သလဲနှမကြီးရဲ့"

"မသိလို့ မေးနေတာပေါ့သခင်လေးရဲ့၊ သိမှအလကားမေးပါ့မလား"

ဟု ဒေါ်ဦးသာကပြန်ပြောရာ နတ်ကတော်မှာ သွက်သွက်ကြီး ယိမ်းထိုးလျက် အားရပါးရအော်ကြီးဟစ်ကျယ် ရယ်မောလိုက်ပြီး . . .

"ဟား ဟား ဟား ဟား အဲဒါသူများမမှတ်နဲ့၊ ကျုပ်ဗျ ကျုပ် ကျုပ် တနလ်ာသမီးကလေးကို ကျုပ်အားကြီးကြိုက်နေတယ်။ ဒါကြောင့် ညည နှမကလေးအဆောင်ကိုလာလာပြီး လူပျိုလှည့်တာ ကျုပ်နှမကလေး ဘာမှမစိုးရိမ်ပါနဲ့၊ မင်းကလေးကကောက်တဲ့နောက် ချမ်းသာရေပေါ့ဗျာ၊ မကြာခင် နတ်ကန္တားပေးပြီး ကြီးကြီးကျယ်ကျယ် လက်ထပ်ရလိမ့်မယ် ဟဲဟဲ . . ဟဲဟဲ"

ဟု ပြောလေရာ၊ ဒေါ်ဦးသာမှာ ထိပ်မြွေခဲသလို . . .

"အမယ်လေး"

ဟု လန့်၍ အော်လိုက်မိပြီးလျှင် ခင်ကြည်ကြည်မှာလည်း အကြောက်ကြီး ကြောက်၍သွားကာ၊ ဒေါ်ဦးသာဘက်ကိုလှည့်လျက် . . .

"မေမေရဲ့ မင်းကလေးကကောက်မလို့ ဆိုပါကလား ကျွန်မကြောက်လှချည်ရဲ့ ဘယ့်နှယ်ကြံရမတုံး အစကဒီလိုမှန်းသာသိရင် ကျွန်မဖြင့်ကြောက်တာနဲ့ လိပ်ပြာစင်သွားမှာပဲ"

ဟု ငိုမတတ်မဲ၍ ပြောသောအခါ ဒေါ်ဦးသာမှာလည်း မိမိ သမီး နုနုထွတ်ထွတ်ကလေး နတ်ကောက်ခံရမည်ဖြစ်လျှင် မကြာခင် နတ်ကတော် ဖြစ်သွားရတော့မည်ဟု တွေးတောမိကာ ရှက်လည်းရှက်၊ ကြောက်လည်း ကြောက်၊ နှမြောလည်းနှမြော အတော်အပြောရခက်နေတော့လေ၏။ မိမိသမီး ပျို့ရွယ်ကလေး နတ်ကတော်လုပ်ရမှာကိုလည်း အနည်းငယ်မျှ သဘောမတူ နိုင်အောင် ရှိချေ၏။ ထို့ကြောင့် တယိမ်းယိမ်းပူးဝင်လျက်ရှိသော နတ်ကတော် ကြီးအား . . . .

"သည်းခံပါ့မင်းကလေးရယ်၊ တနင်္လာသမီးရဲ့ ဖခင်က သဘောတူမှာ မဟုတ်ပါဘူး"

ဟု ကြောက်ကြောက်ရွံ့ရွံ့နှင့် စွန့်စား၍ပြောလိုက်လေရာ၊ နတ် ကတော်ကြီးက . . .

"ဟား ဟား ဟား ဟား ဒီလိုပြောလို့ ဘာရမလဲဗျ၊ မင်းကလေးကြိုက် လို့ ကောက်မယ်ဆိုရင် ဘယ်တော့မှနောက်မဆုတ်ဘူးဗျ၊ ကျုပ်နှမကလေးက လည်း လိပ်ပြာလှတော့ ကျုပ်ကမကြိုက်ဘဲလည်း မနေနိုင်ဘူးဗျ"

"ဒါကတော့ တောင်းပန်ပါရစေမင်းကလေးရယ်၊ သူ့အဖေ ကလည်း နတ်တို့ စုန်းတို့ လုံးလုံး အယုံအကြည်မရှိတဲ့အပြင် အင်မတန်လည်း ဒေါသကြီး ပါတယ်။ သခင်ကလေးတို့ ကိုးကွယ်တာတောင် သူမမြင်အောင်ပုန်းလျှိုး ကွယ်လျှိုးလုပ်ရတာအသိသားနဲ့"

"ဟဲ ဟဲ ဒီလိုဟာတွေ ကျုပ်ကောက်လာတာ များပကောလေ၊ ကျုပ် နတ်ကတော်တွေထဲမှာ အသားမည်းမည်းနဲ့ ဇေဒဘာရီမတွေလည်းပါတယ်။ အယူသီးတဲ့အင်္ဂလိပ်သမီးကလေးတွေလည်းပါတယ်။ ခင်ဗျားသမီးကို ကျုပ်က တမင်ချီးမြှောက်ဖို့ ရွေးကောက်တာပဲ တောင်းပန်နေရသေးသလားဗျ၊ မရဘူး၊ မရဘူး ကောက်ရလိမ့်မယ်။ ခင်ဗျားတို့က တခြားလူထင်ပြီး ကျုပ်ကိုနှင်ပေးပါ လေး၊ ဘာလေးနဲ့ ကျုပ်ကိုယ်ကျုပ် နှင်မပေးနိုင်ဘူး နှမကြီးရဲ့"

"နှမကလေးကိုချစ်ရင်လည်းသည်းခံပါသခင်လေးရယ်၊ အပျိုအရွယ် ကလေး နတ်ကောက်တယ်ဆိုရင် လူကြားလို့ ရှက်စရာကြီးဖြစ်နေပါတယ်"

"သယ် ဘာမဟုတ်တဲ့မြို့အုပ်ကလေးစ၊ ဝန်ထောက်ကလေးစ သမက်တော်ရမှာတော့မရှက်ဘူး၊ ငမ်းငမ်းတက်သမက်ဖမ်းချင်ကြတယ်။ ငါ့ကိုတော့ ကြောက်သလေး၊ ရှက်သလေးနဲ့ နင်တို့အကုန်သေသွားချင်ကြသလား"

ဟု ကြမ်းကို ဖနောင့်နှင့်ဆောင့်၍ပြောလိုက်ရာ ဒေါ်ဦးသာနှင့် ကြည်ကြည်မှာ နေစရာမရအောင် ကြောက်ရွံ့ထိတ်လန့်လျက် တစ်ယောက်ကို တစ်ယောက်ဖက်၍ ထားကြလေ၏။ နတ်ကတော်ကြီးမှာလည်း တစ်ကိုယ်လုံး ယိမ်းထိုးနေရာက ဒေါသတကြီးဖြင့် 'တောက်'တစ်ချက်ပြင်းထန်စွာခေါက်လျက်

"တောက် ရိုင်းလိုက်လေနော် အရောဝင်လို့ အရိုသေတန်သလား၊ နင်တို့ကောင်းကောင်းသတိထား၊ ၁၅ရက်အတွင်း တနင်္လာသမီးနဲ့ လက်ထပ်ဖို့ နတ်ကန္နားပေးရမယ်။ ငါ့အာဏာပယ်ရင် နင်တို့တစ်အိမ်သားလုံး စီးတော်ကျားနဲ့ တိုက်သတ်မယ်။ မင်းကလေးအကြောင်း သိချင်ရင် နင်တို့စမ်းကြဟဲ့"

ဟု ဓားရိုးဆောင့်သလို လက်သီးဆုပ်နှင့် ကြမ်းကိုဆောင့်ကာ၊ ဒေါနှင့်ပြောပြီး အနည်းငယ်ယိမ်းထိုးနေပြီးနောက် တဝါးဝါးသမ်းကာ နတ်ကတော်ကြီးမှာ အကောင်းပကတိမျက်နှာသို့ပြောင်းသွားပြီး. . .

"မင်းကလေး ဘာများအမိန့်ရှိသွားသလဲ မင်းကတော်ကြီးရဲ့"

ဟု မေးလျှင် ဒေါ်ဦးသာနှင့်ခင်ကြည်ကြည်မှာ ငိုမဲ့မဲ့မျက်နှာထားနှင့် မင်းကလေးပြောသွားသောစကားများ ပြန်၍ကြားလျှင် နတ်ကတော်ကြီးလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရာမှ . . .

"အင်း . . အရှင်သခင်ဆိုတာ သူတို့အလိုမလိုက်လို့ စိတ်ကြိုက်မတွေ့ရင် ထိုက်တန်တဲ့အပြစ်တော့ပေးမှာပဲ အရှင်သခင်ကောက်တာ မခံဘဲ ဂလန်ဂဆန်လုပ်ရင်တော့ အမှန်ဒုက္ခရောက်မှာ မင်းကတော်ရဲ့"

ဟု ကြောက်ရာမှ ကြောင်နှင့်တို့သလို အားတက်ဖို့မရှိသော စကားများပြောကြား၍ ပြန်သွားလေရာ ခင်ကြည်ကြည်တို့သားအမိမှာလည်း အကြောက်ကြီးကြောက်၍ ကျန်ရစ်ကြလေသတည်း။

* * *

"ဟဲ့ ကောင်မ နင့်စကားနင်ပြန်သိမ်း၊ နောက် ဘယ်တော့မှ ငါ့အိမ်ပေါ်မှာ နတ်မမေးနဲ့ နင့်ကိုက အင်မတန်ကဲတယ်။ ဟော့ လောကကြီးမယ် ဘယ်ကနတ်မှမရှိဘူးကွ နားလည်လား၊ နင်တို့လို အမိုက်မတွေကို လိမ်စားဖို့ နတ်ကတော်တို့ ဘာတို့ပေါ်နေတာ၊ တယ် ဒီကောင်မ ထချလိုက်ရ ပြကွဲကုန်ရော့မယ်"

စသော ရာဇဝတ်ဝန်ထောက် ဦးအောင်ကြီး၏ဒေါသသံများမှာ တစ်အိမ်လုံးဆူညံ၍နေလေ၏။ လက်ကြီးနှစ်ဖက်ကို နောက်ပစ်လျက် မည်းနက်သော နှုတ်ခမ်းမွေးကြီးများထောင်လာကာ အခေါက်ခေါက် အခါခါ စကြံ့န်သွား၍နေသောကြောင့် အိမ်သားတစ်စုတို့မှာ ကြောင်လာ၍ ငြိမ်သော ကြွက်များပမာ အသက်ရှူသံများကိုပါ ကြားရမတတ် ငြိမ်နေလေ၏။ ဒေါ်ဦးသာမှာလည်း မပြောမပြီး မတီးမမြည်သောစကား ဖြစ်၍ လင်သားကိုသိအောင် ကြောက်ကြောက်နှင့် စွန့်ကာပြောရခြင်း ဖြစ်လေရာ၊ ဦးအောင်ကြီး ဒေါ်ပွလာသောအခါ၌ကား များစွာကြောက်ရွံ့မိလေ၏။ သို့နှင့်လည်း ဦးအောင်ကြီးထက် မင်းကလေး၏စားတော်က ထက်သဖြင့် ဒေါသထွက်သည်ကို မကြောက်နိုင်ဘဲ လှည့်ကာပတ်ကာ ချော့မော့ဖြားယောင်းခါပြောမှသာ ဖြစ်ချေတော့မည်ဟု စိတ်ရင်းရှိသည့်အတိုင်း တဒုန်းဒုန်း တဒိုင်းဒိုင်း လမ်းလျှောက်ဆူပွက်နေသော ဦးအောင်ကြီးအနီးသို့ ဇွတ်တိုး၍ကပ်ကာ 'မဟုတ်ပါဘူးကိုအောင်ကြီးရယ် ရှင့်မလဲအစစအရာရာ ဒေါသတယ်ကြီးတာကို၊ ကျွန်မပြောတာများ အစအဆုံး နားထောင်စမ်းပါဦး၊ အောက်နတ်တွေဆိုတာ အထက်နတ်ကြီးတွေလိုမဟုတ်ဘူး ရှင့်၊ ကောင်းကျိုးကိုသိသိသာသာ မပေးနိုင်ပေတဲ့ မကောင်းကျိုးပေးတဲ့ နေရာမှာတော့ အလွန်မြန်တာကလား၊ ဒီတော့ လာမယ့်ဘေး အဝေးကရှောင်ရသတဲ့ ရှင့်မှာလည်း ရာထူးကြီးနဲ့ဆိုတော့ လိမ့်လိမ့်လဲလဲဖြစ်မှာ ကျွန်မအင်မတန် စိုးရိမ်တာပဲ၊ ကျွန်မသမီးကလေးနုနုထွတ်ထွတ်ကိုလည်း အစတုံး အညွန့်တုံး လူကြားမကောင်းအောင် နတ်ကတော်ဖြစ်သွားမှာ အင်မတန်မှစိုးရိမ်လှပါတယ်၊ သို့ပေတဲ့ မင်းကလေးက ခင်ကြည်ကို ကန္တားပေးပြီး လက်မထပ်ရင် ကျွန်မတို့

တစ်တွေရဲ့အသက်ကို သတ်လိမ့်မယ်၊ ဒီတော့ "အတ္တသမံပေမံနတ္ထိ"ဆိုတာလို ကိုယ်မချိတော့ သမီးလှကလေးကို ရန်စအေးပါစေလို့ သဘောထားပြီး လူမသိ အောင် မင်းကလေးနဲ့လက်ထပ်ပေးစားထားရင် မတော်ဘူးလားရှင့်၊ ကျွန်မ စကားလည်း စဉ်းစားစမ်းပါဦး အားလုံးဒုက္ခဖြစ်ကုန်မှာစိုးလို့ ပြောတာပါ"

ဟု ပြောရာ ဦးအောင်ကြီးသည် ရှူးရှူးရှားရှားနှင့် . . .

"သယ် လာပြန်ပလားဒီစကား သွားသွား နင်သွားပြီးနတ် ကတော် လုပ်ချေ၊ ငါ့သမီးကို မျှစ်ချိုးမှိုချိုးမပြောနဲ့ ကောင်မဟာ ကြာလေ သဲလေဖြစ် နေပါကလား၊ ဗိုင်းတာမ၊ ဟဲ့ နတ်ရူးမ၊ နင့်လင်နတ်ကိုနင်နဲ့လက်ထပ်၊ ငါ့သမီးနဲ့ လက်မထပ်ဘူး"

"ခက်တယ်နော် ရှင်က ကျွန်မချည့် အော်အော်မနေနဲ့ဦး၊ ရှင့်သမီး ဘယ်လိုဖြစ်နေတယ်ဆိုတာ သိရဲ့လား"

"ဘာ . . ဘာဖြစ်တယ် ငါ့သမီးဘာဖြစ်သလဲ၊ ဘာမှမဖြစ်ဘူး၊ ငါ့သမီးဟာ နင့်လိုနတ်ရူးမ မဟုတ်ဘူး"

ဟု ပြူးတူးပြဲတဲနှင့် အော်ဟစ်ဆူပူနေပြန်ရာ ဒေါ်ဦးသာမှာ . . .

"ရှင့်သမီး ခေါ်မေးဦး အဖေနဲ့သမီး မအပ်စပ်တဲ့စကားမို့ ကျုပ်က ပြောတာ၊ ည ည မင်းကလေးကိုယ်တိုင် ရှင့်သမီးအခန်းထဲ လာလာနေတယ်၊ အကြည်လည်း ဘာဖြစ်မှန်းမသိဘူး တုန်တုန်ရီရီ အိပ်မပျော် စားမဝင်နဲ့ မကြာခင် သေမင်းငင်တော့မယ်"

"အဲဒါသိလား ငါ့သမီးကိုနင်က နတ်လေး၊ စုန်းလေးနဲ့ ကြောက်လန့် အောင်တမင်လုပ်ထားလို့ အကြောက်လွန်ပြီး ရောဂါရနေတာ၊ တယ်လေ ဒီကောင်မနဲ့ငါ့သမီး တာရှည်ထားလို့မဖြစ်ဘူး၊ မြန်မြန်နေရာချမယ်၊ ငါ့တူ ကျော်မြနဲ့ ပေးစားမယ်၊ နင်သာနတ်ကတော်လုပ်နေ ဟဲ့ မောင်လှိုင်"

ဟု အော်ခေါ်လိုက်ရာ မောင်လှိုင်မှာလည်း ကြောက်လန့်တကြားဖြင့် ပြေးလာကာ. . .

"ဘုရား"

"လာခဲ့ ကြေးနန်းသွားရိုက်လိုက်၊ ကိုင်း ရေး ရေး"

"တင်ပါ့ဘုရား"

"ကျော်မြ တောင်းရှစ်အော့ဖစ်ဆာ ပခုက္ကူမြို့ ပြီးပလား"

"ပြီးပြီဘုရား"

"ဟုတ်ပြီ၊ ကျော်မြ၊ ကမ်းမ်ရှပ်၊ ရိုက်သူအောင်ကြီးလို့ ရေးလိုက်"

"ပြီးပါဘုရား"

"အေး အေး မြန်မြန်သွား ရော့ငွေတစ်ကျပ် . . . "

ဟု မောင်လှိုင်ကို သံကြိုးရုံသို့ အမြန်ပြေးရန် ငွေပေးစေလွှတ်လိုက်ရာ ဒေါ်ဦးသာမှာ စိတ်ညစ်သောအမူအရာဖြင့်ပင် . . .

"ခက်ကုန်ပြီ၊ ခက်ကုန်ပြီ ကိုအောင်ကြီးကြောင့်၊ ကျွန်မတော့ စိတ်ညစ်တာပဲ၊ ရှင်ထင်တာတွေ တဇွတ်ထိုးကြီး မလုပ်ပါနဲ့ဦး၊ အရှင်သခင်တွေ ငြိုငြင်ရင် ရှင်တို့ ကျွန်မတို့တစ်အိမ်သားလုံး ကျားစာဖြစ်ကုန်တော့မှာပဲ"

"နင်သာ နတ်ယုံတဲ့ကောင်မ၊ နင့်သာကျားစားမှာ၊ ငါ့မစားဘူး ငါ့ခြောက်လုံးပြူးက ကျားသတ်ချင်နေတာကြာလှပြီ"

"အလိုလေး အမိုက်အမဲ ဇွဲမယူပါနဲ့ အရှင်သခင်များဘုရား၊ သည်းခံတော်မူပါ၊ ကျွန်တော်မ ပြော ချောတဲ့သခင်၊ ကျွန်တော်မ ချော့ပြောတဲ့ သခင်၊ ကိုအောင်ကြီးရှင် မလေးမခန့်တွေမပြောနဲ့လေ"

"ဟော့ . . ဒါကဘာစကားတွေလဲ သွား သွား ငါ့အနားလာရွတ်မနေနဲ့ ငါမကြားချင်ဘူး"

"နေစမ်းပါဦး ကိုအောင်ကြီးရဲ့ ဒါလောက်ဒေါသမကြီးပါနဲ့ မောင်ကျော်မြ နဲ့ ပေးစားဖို့လည်း ကျွန်မကသဘောကျပါတယ်၊ ဒါပေတဲ့ အရှင်သခင်များ ကျေနပ်အောင်တော့ တိတ်တိတ်လက်ထပ်လိုက်ဦးမယ် ပြီးတော့မှ ကျော်မြကို ထမင်းအိုးထမ်း ဟင်းအိုးထမ်း ဆိုပြီးပေးစား"

"ဟဲ့ ကောင်မ၊ နင့်မှာဒီစကားလွဲပြီး ပြောစရာစကား မရှိတော့ဘူး လား ဟင် တမင် ငါမကြိုက်မှန်းသိလို့ အရွဲ့တိုက်ပြောနေတာလား"

"ရွဲ့တာမဟုတ်ပါဘူး၊ ကျွန်မက စိုးရိမ်လို့ ပြောနေတာပါ"

"တော်ကွာ ဟော့ ဘာမှစိုးရိမ်မနေနဲ့၊ ငါ့သမီးကို ကျော်မြရောက်ရင် ချက်ချင်းပေးစားမယ်။ ဟော့ သမီး အကြည်လာဦး ဖေဖေ့ဆီကို"

ထိုအခိုက် ခင်ကြည်ကြည်သည် ဖြူပတ် ဖြူရော်မျက်နှာထား အားမရှိသောဟန်နှင့် အခန်းတွင်းကထွက်လာလေ၏။ ဦးအောင်ကြီးလည်း သမီးကို ခြေဆုံး ခေါင်းဆုံးကြည့်ပြီး . . .

"ဟဲ့ သမီး အကြည်။ နင်နေကောင်းရဲ့လား။ ဘာဖြစ်နေတာလဲ"

ဟု မေးမြန်းသဖြင့် ခင်ကြည်ကြည်လည်း. . .

"အခုတလော နေလို့မကောင်းဘူးဖေဖေရဲ့၊ ညညလည်း အိပ်မပျော်ဘူး။ နေရတာလည်း ကြောက်သလိုလို ရွံ့သလိုလို ခဏခဏ ကြက်သီးထ ထနေတယ်။ ရင်ထဲကလည်း တလှပ်လှပ်နဲ့. . ."

"အင်း ဟုတ်ပါတယ်လေ၊ နင့်အမေနတ်ရူးမက၊ နတ်စကားပြောလို့ ကြောက်လန့်နေတာပါ။ ဖေဖေရှိပါတယ်သမီးရဲ့ ဒီအရူးမပြောတဲ့စကား ယုံမနေနဲ့။ ဒါနဲ့ ကြောက်ဖျား၊ လန့်ဖျား ဖြစ်သွားလိမ့်မယ်။ ငါ့သမီး ဘာမှ ကြောက်စရာမရှိဘူး။ ပျော်ပျော်ရွှင်ရွှင်နေ လောကကြီးမှာ နတ်တို့ ဘာတို့ဆိုတာ ရှိတာမဟုတ်ဘူး။ အလကားကလေးများကို လူကြီးတွေက ဝတ္ထုပုံပြင်လုပ်ပြီး ယုံတမ်းစကားပြောကြလို့ တကယ်ရှိတယ် ထင်နေကြတာသိလား။ ငါ့သမီး ဒီဟာတွေစဉ်းစားပြီး ကြောက်မနေနဲ့နော်"

"ဟုတ်လား ဖေဖေ ဒါပေတဲ့ မကြည်ပြောဦးမယ် တောင်ပြုံး မင်းကလေးဆိုတာကို ကျွန်မမျက်လုံးထဲမှာ တစ်ခါတစ်ခါ မြင်ရပလားဆို တစ်ကိုယ်လုံးတုန်ပြီး အင်မတန်ကြီး ကြောက်မိတယ်ဖေဖေရဲ့၊ ကြောက်လွန်းလို့ မကြည့်ဝံ့တာနဲ့ မျက်လုံးမှိတ်ထားလည်း မှိတ်ထားတဲ့အထဲက လာမြင်နေရတာပဲ။ ဒီလိုမှန်းမသိခင်ကတော့ မကြောက်ပါဘူး။ ဟိုတစ်နေ့က နတ်ကတော်ကြီးကို ပူးပြီးပြောသွားမှ တောင်ပြုံးမင်းကလေးမှန်းသိရတော့ သိပ်ကြောက်တာပဲ"

"အဲ ဒါ ငါ့သမီး သူတို့ပြောတာကို အဟုတ်ထင်ပြီး မကြောက်တန်ရာ ကြောက်နေတာ၊ ဒီနေ့ကစပြီး ဘာမှမကြောက်ရဘူး။ မကြောက်နဲ့ ငါ့သမီး ပျော်ပျော်နေ စားကောင်းအောင်စား အိပ်ပျော်အောင်အိပ်ကြောက်လို့ ညအိပ်မပျော်ရင် ငါ့သမီးအနား ဖေဖေစောင့်အိပ်မယ်၊ ဘယ်နတ်မှမလာရဘူး။ လာတာမြင်တယ်ထင်ရင် ဖေဖေ့ပြ တစ်ခါတည်း မလာဝံ့အောင် ခြောက်လုံးပြူး နဲ့ ပစ်သတ်လိုက်မယ်"

ဟု သမီးဖြစ်သူအား မကြောက်စေရန် အားတက်သရော ပြောဆိုနေသော ဦးအောင်ကြီး၏ပြောစကားကို ကြားရသော ဒေါ်ဦးသာမှာ ထိတ်ထိတ်ပြာပြာနှင့် . . .

"အို ကိုအောင်ကြီး ရှင့်အတွက်ခက်တယ်နော်။ ဘာတွေပြောနေရတာလဲ၊ ခက်ပြီ ခက်ပြီ ကျွန်မတို့တော့ အကုသိုလ်ဖိစီးပြီထင်တယ်"

"အေး အေး အကုသိုလ်ဖိစီးလို့ သေချင်သေပါစေ၊ ငါ့သမီး နတ်ကတော်ဖြစ်တာမကြည့်နိုင်ဘူး၊ နားလည်လား"

ဟု အချီအချပြောနေကြပြန်ရာ ခင်ကြည်ကြည်မှာ အနေရကျပ်လာသဖြင့်. . .

"ကဲ ဖေဖေနဲ့မေမေ တော်ကြပါ၊ ကြာရင် ကျွန်မ ရင်တွေတုန်လာတော့မှာပဲ"

ဟု ငိုမဲ့မဲ့ကလေးနှင့်ပြောလိုက်လေ၏။

* * *

ထိုနေ့သည် (၁၅)ရက်မြောက်သောနေ့ ဖြစ်လေ၏။ ဒေါ်ဦးသာသည်ကား နတ်ကန္တားပေးရန် ဦးအောင်ကြီးကိုပြောမရသဖြင့် ဩချ၍ နေရရုံမက ကျော်မြနှင့်ခင်ကြည်ကြည်ကို လက်ထပ်ရန်ဖိတ်ကြားစီရင်လျက် လက်အောက်ငယ်သားတို့ကို စီမံခိုင်းစေနေသော ဦးအောင်ကြီးအား မျက်လုံးအကြောင်သားနှင့် ငေး၍ကြည့်နေရလေတော့သတည်း။

ခင်ကြည်ကြည်ကား ခေါင်းကြီးအပြင်းအထန် ကိုက်ခဲနေသဖြင့် အိပ်ရာထဲတွင်လဲနေသည်မှာ လေးငါးရက်မျှကြာလေပြီ၊ ဒေါ်ဦးသာလည်း မကြံ တတ်အောင်ရှိသဖြင့် ပန်းနှင့်လက်ဖက်ကိုသာ အဆက်မပြတ်မြှောက်၍ အရှင် သခင်များကို တောင်းပန်လျက်ရှိလေ၏။

"မောင်ကျော်မြ . . . ဒေါ်ဒေါ်တော့ အင်မတန်စိုးရိမ်တာပဲကွယ့် တို့တတွေ အားလုံးဒုက္ခရောက်ကုန်တော့မှာပဲ၊ အခုလည်း အကြည် ခေါင်းခဲ နေပြီ ဒီလိုဖြင့် မင်းတို့လက်ထပ်မယ့်နေ့ အကြည့်ကို ပွဲထုတ်နိုင်မှာတောင် မဟုတ်ဘူး"

ဟု ညည်းညည်းညူညူပြောသောအခါ ဘုမသိ၊ ဘမသိ ရောက်လာ သော ကျော်မြမှာလည်း ဦးအောင်ကြီးကို မပြောဝံ့သည်က တစ်ဖုံ၊ ဒေါ်ဦးသာ ပူပုံကို သနားမိသည်ကတစ်ဖြာ၊ ကြင်ယာလောင်း ခင်ကြည်ကြည်ကလေး အတွက် မအေးရသည်ကတစ်မျိုး၊ နောင်ရေးအတွက် ခက်ကုန်ကြမည်စိုးသည် ကတစ်နည်း အပူမီးကလေးတွေ ဝိုင်း၍နေလေ၏။

အခန်းတွင်းမှ ခင်ကြည်ကြည်၏ ညည်းညူသံကလေးများ ကြားရ သောအခါ ကျော်မြမှာ နေစရာမရအောင် မွှန်၍သွားသဖြင့်. . .

"အကြည်ရေ ဘယ့်နှယ်နေလို့လဲ အနှိပ်လည်း ခံမှပေါ့ကြည်ရဲ့"

ဟူ၍တစ်မျိုး. . .

"အကြည် ခေါင်းအင်မတန်ခဲရင် ဟောဒီ 'စမဲလင်းဆော့'ကို ငယ်ထိပ်ပေါက်သွားအောင်ရှူလိုက်နော်၊ ဇီဝကခေါင်းကိုက်ဆေးနဲ့ အိန်အန် တောင် ခေါင်းကိုက်ဆေးတွေလည်းအရှိသား ကြိုးစားစမ်းပါ အကြည်ရဲ့"

ဟု ၎င်းကပြောလိုက်သောအခါ အခန်းတွင်းက ခင်ကြည်ကြည်က လည်း ညည်းညူနေရာမှ . . .

"နှိပ်တာပဲကိုကိုရဲ့ နှိပ်ရလွန်းလို့ အသားတွေလည်း ပွန်းကုန်တာပဲ အနှိပ်သည်ဒေါ်သိန်းလည်း လက်တွေကြိမ်းကုန်ပေါ့၊ ခေါင်းခဲက မပျောက်တဲ့ အပြင် သာဆိုးနေသေးတယ်ကိုကိုရဲ့ သောက်လိုက်ရတဲ့ဆေးကလည်း မောလို့"

ဟု မချိုသောလေသံနှင့် ပြန်ပြောလိုက်ခြင်းဖြင့် ကျော်မြမှာ သာ၍ စိတ်ပူသွားရလေ၏။

ထိုနေ့တွင်ကား ကျော်မြမှာ ခင်ကြည်ကြည်၏ညည်းညူသံများ ခါတိုင်းထက်များကာ၊ တစ်ခါတရံ ငိုနေသောအသံများပင်ကြားရသဖြင့် ရှက်ခြင်း၊ ကြောက်ခြင်းများကိုပင် ပမာမထားနိုင်ဘဲ ခင်ကြည်ကြည်၏ အခန်းထဲသို့ ဇွတ်ဝင်လာမိလေ၏။

"အကြည် ဘယ့်နှယ်နေသလဲ၊ မငိုပါနဲ့ကွယ် ပျောက်မှာပေါ့၊ ဒီနေ့ ဆရာဝန်ခေါ်ပြီး အင်ဂျက်ရှင်းထိုးပေးမယ်နော်"

ဟု ယုယုယယ အနီးမှထိုင်၍ပြောမိရာ ခင်ကြည်လည်း ကျော်မြကို အစ်ကိုဝမ်းကွဲဖြစ်၍တစ်ကြောင်း၊ ဝေဒနာခံစားနေရသဖြင့်တစ်ကြောင်း၊ ရှက်ကြောက်ရမည်ကို သတိမရနိုင်ဘဲ တရှိုက်ရှိုက်ငိုရင်း. . .

"ခက်ပြီကိုကိုရဲ့၊ အကြည်တော့ သေချင်တာပဲ၊ ဒီလောက်တောင် ခေါင်းခဲတာတော့ မခံနိုင်ဘူး။ တစ်ခါတစ်ခါလည်း မူးမူးပြီးသွားတယ်"

ဟု ညည်းသံနှင့်ပြောငိုသောကြောင့် . . . .

"အို မငိုပါနဲ့ကြည်ရယ် ပျောက်ပါလိမ့်မယ်၊ ဘယ်နေရာက ခဲသလဲ ပြစမ်း ကိုကိုနှိပ်ပေးစမ်းမယ်"

ဟု ဆို၍ ခင်ကြည်ပြသောငယ်ထိပ်ဆီသို့ လက်တစ်ဖက်နှင့် ဖိကာ လက်တစ်ဖက်ဖြင့် ဇက်ကိုပင့်၍ နှိပ်လိုက်မိသည်တွင် ခင်ကြည်ကြည်မှာ စူးရှစွာအော်လျက် ထိုင်ရာမှရုတ်တရက် နောက်သို့လဲကျပြီး အကြောင်းမသိ မွေ့ရာကြီးပေါ်တွင် ငါးဖယ်ပုံသလို လူးလှိမ့်၍နေလေ၏။

ထိုအချိန်ကလေးမှာပင် အိမ်ရှေ့ဝင်းအတွင်း ပရိသတ်များကို ဧည့်ခံရန်ခင်းကျင်းပြင်ဆင်ထားသော ဧည့်ခံမဏ္ဍပ်ကြီးမှာ လေမလာဘဲ အလိုလို ဝုန်းခနဲ ယိုင်လဲပြိုကျသွားသောအသံများနှင့် 'ဟယ် အို အလို' ဟု အော်လိုက်ကြသောလူသံ, သူသံတွေလည်း ဆူညံ၍နေလေ၏။

ထိုခဏ၌ အိမ်ပေါ်မှ ဒုံးဒုံးဒိုင်းဒိုင်း ဆောင့်သံများနှင့် . . .

"သယ် ရိုင်းလေနော်၊ ဒင်းတို့အားလုံး ငါ့ကိုပမာမခန့်မလေး မစား လုပ်လို့"

ဟု အော်လိုက်သော ဒေါ်ဦးသာ၏အသံကို ကြားသဖြင့် အိမ်သား အားလုံးနှင့်တကွ ဦးအောင်ကြီး, မောင်ကျော်မြတို့ပါ ဒေါ်ဦးသာရှိရာသို့ ပြေးလာကြရာ ကြမ်းပေါ်တွင် ဒူးတစ်ဖက်ထောင်တစ်ဖက် ချထိုင်ရင်း အပြင်း အထန်ယိမ်းထိုးနေလျက် တစ်ချက်တစ်ချက် လက်ဖနောင့်နှင့်ကြမ်းကို ဆောင့် ပြီးလျှင် မင်းကလေးပူးဝင်ကြိမ်းဝါးနေသည်ကို တွေ့ရလေ၏။

မင်္ဂလာကိစ္စအတွက် လာရောက်ကူညီကြသော မိန်းမကြီးငယ် တစ်စု တို့လည်း အနီးသို့ဝိုင်းလာကြသဖြင့် ၎င်းတို့အထဲမှမိန်းမခပ်ကြီးကြီးများက ဦးအောင်ကြီးအား . . .

"ဝန်ထောက်မင်းရဲ့ မင်းကတော်ကြီး နတ်ပူးနေတယ်။ ဘယ် အရှင် ကြီးလဲလို့ မေးစမ်းပါဦး"

ဟု ဆိုသောအခါ အယူမရှိသောဦးအောင်ကြီးမှာ . . .

"အို ခင်ဗျားတို့ကလည်း လာပြန်ပလား၊ အလကား ဒီကောင်မ နတ်ရူးမို့ နတ်ကပ်သလေး နတ်ပူးသလေးဖြစ်တာ၊ ဘယ်ကလာနတ်ရှိရမလဲ၊ ကဲ . . ပူးရင် ကျုပ်ကိုပူးစမ်းပါစီဗျာ"

ဟု ခက်ထန်စွာပြောလေသဖြင့် မိန်းမအချို့တို့လည်း ဦးအောင်ကြီး အတွက် စိုးရိမ်ကာ ထိတ်ထိတ်ပျာပျာဖြစ်၍နေကြပြီး အချို့ကလည်း ဦးအောင် ကြီးအယူမရှိကြောင်း သိကြသဖြင့် အကျိုးသင့်၊ အကြောင်းသင့် မိမိတို့က ဝင်၍မေးမြန်းစုံစမ်းမှ နေရာကျတော့မည်ဟု သဘောပိုက်ကာ . . .

"ယခုကြွလာတာဘယ်အရှင်ကြီးပါလဲ မည်သည့်အတွက်အမိန့် ရှိလိုပါသလဲ"

စသောမေးခွန်းများကို မေးမြန်းသောအခါ နတ်ဝင်ပူးနေသော ဒေါ်ဦးသာလည်း မျက်ထောက်များနီကာ လွန်စွာစိတ်ဆိုးနေသော မျက်နှာ ကြီးဖြင့် လူများကိုကြည့်ပြီး ကြမ်းကို ဒုန်းခနဲ ဖနောင့်နှင့်ဆောင့်လျက်. . .

"နင်တို့အသက်တွေ အကုန်သတ်ပစ်မယ် သယ် စော်စော်ကားကား ငါ့ကိုမလေးမစားလုပ်ကြသဟဲ့ သိစေ့မနော်၊ နင်တို့တတွေ စီးတော်ကျားကို အစားခိုင်းမဟဲ့၊ ငါ့အမိန့်ကိုပမာမထားဘဲ သင်းတို့ ထင်သလိုလုပ်ကြတယ်။ ပျံလေတဲ့ငှက်ခါး၊ နားကာမှသိစေ့မဟဲ့နော်"

ဟု ဟစ်အော်ကြိမ်းမောင်းပြောလျှင် မိန်းမများလည်း ကြောက်ရွံ့စွာနှင့် . . .

"ဘယ်အရှင်ကြီးတုံး မိန့်တော်မူပါ၊ ဘာအလိုတော်မကျသလဲ၊ ကွဲပြားအောင်မိန့်တော်မူပါမှပေါ့၊ အရှင်သခင်များအလိုတော်ရှိရာ ဆက်သပါမယ်"

ဟု တောင်းပန်ကြပြန်သောကြောင့်. . .

"ဟဲ့ နင်နဲ့ ဘာမှမဆိုင်ဘူး၊ ကာယကံရှင်များ အပြစ်ဟဲ့၊ ဒင်း တို့ကို ငါသတိပေးထားပြီးသား (၁၅)ရက်အတွင်း တနလ်ာသမီးကို ငါနဲ့ လက်ထပ်ဖို့ ကန္နားပေးရမယ်ဆိုတာမလုပ်ဘဲ ဒင်းတို့ထင်ရာလုပ်တာ မြင်ရဲ့လား၊ ဒင်းတို့ မဏ္ဍပ်ကို ငါ့ခြေနဲ့ဖျက်လိုက်သဟဲ့ တနလ်ာသမီးလည်း အလိုတူ၊ အလိုပါမို့လို့ ဖနောင့်နဲ့ ပေါက်ထားခဲ့ပြီး အကြီးအကဲလုပ်တဲ့ လူများတော့ ငါ့စီးတော်ကျားနဲ့ တိုက်မယ်။ တောင်ပြုံးမင်းကလေးအကြောင်း မသိကြလို့လား ကျပ်ကျပ် သတိထားကြဟဲ့နော်"

ဟု ဆိုမှ နားထောင်နေကြသော မိန်းမတစ်စုမှာ အကျိုးအကြောင်း သိရကာ. . .

"အမယ်လေး . . ခင်ကြည်ကြည်ကို မင်းကလေးက ကောက်ထားတယ်ဆိုပါကလား ဒီလိုဖြင့် မဖြစ်ဘူး မဖြစ်ဘူး၊ ကြောက်စရာသိပ်ကောင်းတယ် ဝန်ထောက်မင်းရဲ့ သူတို့အလိုရှိတဲ့အတိုင်း အရင်ကန္နားပေးလိုက်ပါ၊ ဒါမှ မလုပ်ရင် လက်ထပ်ပွဲကို နှောင့်ယှက်နေမှာပဲ"

ဟု ဦးအောင်ကြီးကို ဝိုင်းပြောကြသောအခါ ဦးအောင်ကြီးမှာ မရှုမရှဲ ဒေါသထွက်ကာ. . .

"ဟာ. . . ခင်ဗျားတို့က ယုံမနေကြပါနဲ့ဗျာ ဒီကောင်မကြီး အင်မတန်နတ်ဝါသနာပါတဲ့မိန်းမဗျ၊ ဒါကြောင့် သမီးကို နတ်ကောက်သလေး

ဘာလေးနဲ့ညာပြီး သူထင်တာသူလုပ်ရအောင် အရှုပ်ဇာတ်ခင်းတာကလား၊ သက်သက်မဲ့မူယာမာယာများပြီး သူများအထင်မှားအောင်လုပ်နေတာ၊ ကိုင်းကိုင်း အရှုပ်မကြီးကို ခင်ဗျားတို့ကြည့်နေလိုက်ကြပါတော့၊ ကျုပ်တော့ လက်ထပ်ပွဲ အပျက်မခံနိုင်ဘူး စီမံစရာရှိတာတွေ စီမံရဦးမယ်။ ခင်ကြည်လည်း အင်မတန် ခေါင်းခဲနေတယ်။ မောင်ကျော်မြ မင်းကိုယ်တိုင် ဆရာဝန်ခေါ်ပြီး အင်ဂျက်ရှင်း ထိုးပေးလိုက်ပါ၊ ငါမဏ္ဍာပ်အတွက် စီမံစရာရှိသေးတယ်”

ဟု ပြောဆိုထွက်သွားပြီး ဦးအောင်ကြီးသည် အိမ်ရှေ့တွင် ပြိုကျနေသော မဏ္ဍာပ်ကြီးကို မနက်ဖြန်မင်္ဂလာဆောင်ညည့်ခံမီအောင် ထူထောင်ပြင်ဆင်ရန် စီမံခိုင်း၍ နေလေသတည်း။

တစ်အိမ်လုံးရှိ လုပ်သူကိုင်သူ ကူညီသူတို့လည်း အချင်းချင်း တီးတိုးစကားပြောကာ ဦးအောင်ကြီးခေါင်းမာပုံကိုတွေး၍ မင်းကလေးကို ကြောက်လျက်ကပင် လုပ်ကိုင်ရန်ရှိသည်တို့ကို ဆက်လက်လုပ်ကိုင်နေကြရလေ၏။

အခန်းထဲတွင် လူးလှိမ့်နေရသော ခင်ကြည်ကြည်တွင်လည်း ဆရာဝန်ကြီး ဆရာဝန်ကလေးများ ဝိုင်းရံလျက် လက်ထပ်ခါနီးမှ ခေါင်းခဲချက်ဆန်းပုံကို အစွမ်းကုန်ကု၍နေကြရလေ၏၊ တစ်ဖက်သော အခန်းမှ တဖြုံးဖြုံး တဒိုင်းဒိုင်း ကြမ်းကိုဆောင့်ကာ ပူးဝင်ကြိမ်းဝါးနေသော မင်းကလေးမှာလည်း ဝိုင်းဝန်းမေးမြန်းကြသူများကပင် ကန်တော့ပွဲထိုး၍ တောင်းပန်ခြင်းဖြင့် . . .

“ကောင်းပြီ နင်တို့သတိထား ငါ့အာဏာဖီဆန်လျှင် နင်တို့ကို အကုန်သေအောင်စီးတော်ကျားလွှတ်လိုက်မယ်”

ဆိုကာ ထွက်သွားလေ၏။

ထို့နောက် ဒေါ်ဦးသာမှာ ထိုင်ရာက လေးဖက်ထောက်တွား၍ သွားရင်း မျက်လုံးကြီးများမှာလည်း မီးကဲ့သို့ ဝင်းဝင်းတောက်ကာ ကျားမျက်လုံးပမာ ဝိုင်း၍နေပြီးလျှင် နှာခေါင်းကြီးမှာပွလျက် လေးဖက်ထောက်ရာမှ ကျားများ ကျွမ်းပစ်သလို နောက်ကျွမ်း ရှေ့ကျွမ်းပစ်ကာ မာန်ဖီနေသောကြောင့် အနီးတွင် မည်သူမျှ မနေဝံ့ကြတော့ဘဲ အိမ်ခန်းကလေးထဲတွင် သော့ခပ်ကာလှောင်ပိတ်၍ ထားခဲ့ကြပြီးလျှင်. . .

"အမယ်လေး . . စီးတော်ကျားပူးနေပြီ"

ဟု အပြင်ကသာ ချောင်းမြောင်းကြည့်ရှုရင်း ကြောက်ရွံ့စွာ တီးတိုးပြောဆိုနေကြရလေတော့သတည်း။

* * *

ထိုနေ့ကား မောင်ကျော်မြနှင့်ခင်ကြည်ကြည်တို့ လက်ထပ်မည့်နေ့ဖြစ်လေ၏။ အိမ်ရှေ့ဧည့်ခံမဏ္ဍပ်အတွင်း၌ ကြွရောက်လာကြသော မင်းပရိသတ်တို့အား နှုတ်ခမ်းမွှေးအကားသားနှင့် အားပါးတရ ရယ်မော ပြုံးရွှင်စွာ ဧည့်ခံနေသော ဝန်ထောက်ဦးအောင်ကြီး၏ မျက်နှာထားမှာကား လောကကြီးတွင် မည်သူ့ကိုမျှ ဂရုမစိုက် မိမိစိတ်ကြိုက် ထင်ရာလုပ်သမျှ အမှန်ချည်းသာဟု အယူသီးသော မျက်နှာထားနှင့် ရှိချေ၏၊ အိမ်အထက်ထပ်ရှိ မိန်းမပရိသတ်တို့အလယ်တွင်မူကား ဝန်ထောက်ကတော်ကြီး ဒေါ်ဦးသာမှာ ဧည့်မခံနိုင်ဘဲ တစ်ခုသောအခန်းကလေးထဲတွင် ဦးအောင်ကြီးအမိန့်အရ ရွှေ့ပြောင်းသော့ခတ်ထားခြင်းခံရလေရာ၊ အဆိုပါ အခန်းကလေးအတွင်းမှ တပြုံးပြုံး တဗိုင်းဗိုင်း ကျွမ်းပစ်သံများ၊ တရှူးရှူးတရှားရှား အသက်ရှူသံများကို အတိုင်းသား ကြားရလေကုန်၏။

· မင်္ဂလာဆောင် သတို့သမီးဖြစ်သူ ခင်ကြည်ကြည်၏အခန်းတွင်မူကား ဆရာဝန်၏အစွမ်းကြောင့်လေလား၊ ကန်တော့ပွဲနှင့် တောင်းပန်ထားခြင်းကြောင့်လေလား မသိရ၊ ထိုနေ့ မိုးလင်းစ အချိန်ကစ၍ ခင်ကြည်ကြည်မှာ ခေါင်းခဲခြင်းဝေဒနာပျောက်ကင်းလျက် အကောင်းပကတိဖြစ်၍နေသောကြောင့် အားလုံးပင်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ၊ မိန်းမအပျိုအဖော်ကလေးများက ခင်ကြည်ကြည်ကိုပွဲထုတ်ရန် လှပစွာပြင်ဆင်ဖြီးလိမ်းလျက် လက်ရှည်ထိုင်မသိမ်း၊ ရွှေချည်ထိုးထဘီ၊ စိန်ရွှေလက်ဝတ်လက်စားများကို ကိုယ်ပိုင်ပစ္စည်းများအပြင် အပိုဝတ်ဆင်ရန် ထပ်၍ငှားရမ်းတတ်ကြသည့် ထုံးစံအတိုင်းများပြားလှစွာ ဝတ်စားဆင်ယင်ပြီး အလှပြင်၍ပေးနေလျက်ရှိကြလေ၏။

ခင်ကြည်ကြည်မှာလည်း မိန်းမပျိုကလေးတို့ ဓမ္မတာ ဤသို့ ဝတ်စားဆင်ယင်လျက် ပရိသတ်၏အလယ်သို့ထွက်ရမည်ပင် ရှက်စနိုးဖြစ်၍ နေရှာပြီး လျှင် ဖြီးလိမ်းပေးကြသော အပျိုဖော်မိန်းကလေးများက ထိကပါး၊ ယိကပါး ပြောင်လှောင်ကျီစားကြခြင်းများကြောင့် စိတ်ပျော်သလိုလိုရှိရာတွင် ရှိန်းခနဲ၊ ဖိန်းခနဲ ရှက်သွေးကလေးမွှန်လျက် ထင်သောနေရာကို အလှထပ်၍ ပြင်ရမှာ ပင် မရဲသကဲ့သို့ရှိချေ၏။

အပြင်မှစည့်ပရိသတ်တို့ ပြောကြ၊ ဆိုကြ၊ စားကြ၊ သောက်ကြသော အသံများကိုလည်းကောင်း၊ စန္ဒယားထိုင်ဆိုအငြိမ့်မှ တသိမ့်သိမ့် တအေးအေး ဖျော်ဖြေတီးမှုတ်ကြသော အသံများကိုလည်းကောင်း၊ ရုတ်ရုတ်သဲသဲ မစဲ အောင်ကြားရလေ၏။

မင်္ဂလာသတို့သားနှင့် သတို့သမီးတို့ထိုင်ရန် ပရိသတ်အလယ်တွင် ပြင်ဆင်ခင်းကျင်းထားသော နေရာထိုင်ကြီးများမှာလည်း များပြားသော ငွေဖလား ငွေအုပ် စသည်တို့အလယ်မှာ တင့်တယ်သားနားစွာ ရှိလေ၏။ မင်္ဂလာအောင်ပန်းကြီးတွေလည်း ငွေဖလားကြီးတွေထဲမှာ ညွှန့်လန်းဝေဆာ၍ ပဒေသာတမျှ အဖြာဖြာကျ၍ နေလေသတည်း . . .

ထိုအတွင်း ခေါင်းဆောင်လုပ်သူတို့၏အထဲမှ. . .

"ကဲ ကဲ အချိန်တော်ပြီ၊ သတို့သမီးနဲ့ သတို့သားကို လက်ထပ်မည့် နေရာသို့ အသီးသီးတွဲမခေါ်ခဲ့ကြပါ"

ဟု ပြောလိုက်သံကြားရပြီးနောက် လက်ယာဘက်ထိုင်ခုံပေါ်သို့ မောင်ကျော်မြကို လူပျိုရံများက တွဲမခေါ်ယူလာကြလေ၏။ ပရိသတ်တို့လည်း သတို့သား၏တင့်တယ်ခံ့ညားခြင်း ချီးမွမ်းကြလျက် တစ်ဖန်လည်း သတို့သမီး ထွက်လာမည့်နေရာသို့ မျှော်၍နေကြလေရာ မကြာမီပင် ခင်ကြည်ကြည်လည်း လှပစွာဝတ်ဆင်ဖြီးလိမ်းလျက် သက်ရွယ်တူမျှသော အပျိုဖော်ချင်း တွဲထုတ် လာကြပြန်ရာ မျှော်လင့်နေသော ပရိသတ်များမှာလည်း အသီးသီးပင် သတို့ သမီးကို ချီးမွမ်းစုတ်သတ် လက်ထပ်မည့်နေရာသို့ ငေးကြည့်နေကြပြန်လေ၏။

ပုဏ္ဏားလည်း ထုံးစံအတိုင်း မင်္ဂလာဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး သတို့သမီးနှင့် သတို့သားကို မင်္ဂလာဩဘာစကားတို့ဖြင့် ပြောကြားလက်ထပ်ပေးပြီးနောက် မိဘများကိုကန်တော့ကြပြီးသည်တွင် ညင်သာစွာတီးမှုတ်ကြသော တူရိယာသံတို့ကို အာရုံခံစားကြခိုက်တွင် ခင်ကြည်ကြည်မှာ များစွာသော ပရိသတ်တို့အလယ်တွင် ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်တတ်သည့်အလား ပျောက်ကွယ်၍သွားလေ၏။

ပရိသတ်များလည်း ခင်ကြည်ကြည်မှာ ၎င်းတို့မျက်စိအောက်မှ ဖျတ်ခနဲ ပျောက်ခြင်းမလှ ပျောက်သွားသဖြင့် အံ့အားသင့်၍ နေကြပြီးနောက် တစ်ယောက်တစ်ယောက်လက်တို့ပြီး တချို့ကသူ့ဘာသာ ထသွားလို့၊ တချို့ကလည်း ကြောင်တောင်ပျောက်သွားသည်၊ တချို့ကလည်း ဟင် ခုထိုင်ရက်က ထသွားတာလဲမမြင်ရဘဲ၊ ဘယ့်နှယ်ကြောင့် ပျောက်သွားပါလိမ့်မလဲ စသည်ဖြင့်၊ အငြင်းအခုံဖြစ်နေကြရင်းပင်၊ စားစားသောက်သောက် ပြောပြောဆိုဆိုနှင့် မိန်းမအချင်းချင်း၊ အဝတ်အစား စိန်ရွှေတို့ကို ဂုဏ်ပြိုင်ကာအချိန်ကုန်သဖြင့် အသီးသီးပြန်ကြလေ၏။ ခင်ကြည်ကြည်၏အပျိုရံများလည်း မိမိတို့အနားတွင် ထိုင်နေသော ခင်ကြည်ကြည်ကို သတိရ၍ကြည့်မိသောအခါ ခင်ကြည်ကြည်မှာ မိမိတို့ထားရာတွင် မရှိတော့သဖြင့် ရုတ်တရက်အံ့အားသင့်၍သွားလေ၏။ အချို့က အခန်းတွင်းသို့ ဝင်များသွားလေသလားဟု လိုက်ကြည့်ကြရာ၊ အခန်းတွင်းမှာလည်း ခင်ကြည်ကြည်ကိုမတွေ့သဖြင့် မောင်ကျော်မြကို မေးကြရာ မောင်ကျော်မြလည်း ထိုင်ရာမထ မိမိနှင့် ခင်ကြည်ကြည် အတူထိုင်ရာက ထသွားသည်ကိုလည်း မမြင်ရဘဲ ပျောက်ကွယ်သွားသောအခါ များစွာပူပင်ထိတ်လန့်သွားလေ၏။

အပျိုရံများမှာလည်း ခင်ကြည်ကြည်ကို ပြာလောင်ခပ်အောင် ရှာဖွေလျက် ခန်းဝင်ပြင်ထွက် ယောက်ယက်ခတ်၍နေလေ၏။ ဦးအောင်ကြီးမှာလည်း ခင်ကြည်ကြည် လူများအလယ်မှ ထူးဆန်းစွာ ပျောက်ကွယ်သွားကြောင်း ပြောကြသဖြင့် အယူသန်လှသော ဦးအောင်ကြီးလည်း သမီးအတွက်ရတက်

မအေး အပြေးအလွှားခန်းဝင်ပြင်ထွက် ရှာဖွေလျက် ရှိလေ၏။ မောင်ကျော်မြ တွင်မူကား ပြောဖွယ်ရာမရှိတော့ပြီ။ ခင်ကြည်ကြည်မှာ တခြားရည်းစား သနာလည်းရှိသည်မဟုတ်သဖြင့် တခြားတစ်ပါးသော ယောက်ျားနှင့် ဖောက် ပြားထွက်ပြေးသည်ဟုလည်းမဆိုသာ မိမိအနီးအပါးမှာ များစွာသော ပရိသတ် အလယ်တွင် ထိုင်ရာမှထသွားသည်လည်း မည်သူမျှအတတ်မမြင်ရဘဲ ပျောက် ခြင်းမလှ ပျောက်သွားရသဖြင့် များစွာအတွေးရခက်လှသောကြောင့် တစ်ရှာ တည်း ရှာဖွေကာ အငြိမ်မနေနိုင်ဖြစ်၍ နေလေ၏၊ ဦးအောင်ကြီးနှင့်တကွ အိမ်သားတစ်စုတို့ ရှာဖွေကြရာတွင်လည်း မည်သူ့ထံကမှ သဲလွန်စမရဘဲ မတွေ့ဘူး၊ မရှိဘူး စသောအဖြေများသာ ဆက်ကာ ဆက်ကာကြားရသဖြင့် စိတ်ပျက်လက်လျှော့ကာ လှပစွာပြင်ဆင်ထားသော ကြေးခုတင်ကြီးပေါ်တွင် အဖော်ကင်းမဲ့သူ ကျော်မြမှာ တ တ တ တညည်းညည်းနှင့် သည်းအူမြောင်း ဆန်ကာ တစ်ခါတစ်ခါလည်း ကျလာသောမျက်ရည်များကို လူမမြင်အောင် သိမ်းဆည်း၍နေရလေ၏။ ဦးအောင်ကြီးမှာ မောင်ကျော်မြကို သနားတာ တစ်မျိုး၊ သမီးတစ်ယောက်လုံး စုံးစုံးမြုပ်ပျောက်ကွယ်သွားသည်ကို ပူရသည်က တစ်ဖြာ ခင်ကြည်ကြည်တွင် ဝတ်ဆင်ပါသွားသော များစွာသော စိန်ကျောက် ရတနာ၊ လက်ဝတ်လက်စားများမှာ ကိုယ်ပိုင်ပစ္စည်းထက် ပွဲထိုင်ထုံးစံအတိုင်း အဆမတန်ငှားရမ်းထားသောပစ္စည်းတွေက များပြား၍နေသဖြင့် ပစ္စည်းရှင်များ လာတောင်းသောအခါ မည်သို့လုပ်ရပါမည်နည်း။ စိုက်ထုတ်လျော်ရမည်က လည်း မိမိစည်းစိမ်ထက် နှစ်ဆ၊ သုံးဆမျှမက များပြားလေရာ ဦးအောင်ကြီးမှာ ယခုမှပင် မျက်လုံးပြူး၍လာချေ၏။ ပုလိပ်ပီပီ ဂါတ်ကိုလည်း သမီးပျောက် ကြောင်း လက်ဝတ်လက်စား၊ အဖိုးတန်ပစ္စည်းများပါသွားကြောင်း တိုင်ကြား လေ၏။ တစ်မြို့လုံးမှာလည်း ပုလိပ်များ၊ စုံထောက်များကို မြောက်မြားစွာ စေလွှတ်စုံထောက်ခိုင်းထားလေ၏။

စိန်ရွှေလက်ဝတ် လက်စား ငှားရမ်းလိုက်ကြသော ပစ္စည်းရှင်များက လည်း သတင်းကြားနှင့် အူယား ဖားယား ပြေးလွှားလာကြပြီးလျှင် အလျင် အမြန်ပစ္စည်းတွေပြန်ပေးရန် တောင်းကြသဖြင့် ဦးအောင်ကြီးမှာ အကျိုး

အကြောင်းပြောပြလျက် ခေတ္တဆိုင်းငံ့ကြပါမည့်အကြောင်း တောင်းပန်ပါသော်လည်း ပစ္စည်းထိက မချိအောင်နာလှသော လောကကြီး၏ မိတ်ဆွေတို့မှာ သည်းမခံနိုင်ကြဘဲ ဦးအောင်ကြီးအား လိမ်လည်မှုဖြင့် တရားစွဲကြရန် ဂါတ်တွင် တိုင်ကြလေသတည်း။

မောင်ကျော်မြမှာလည်း ရှက်လည်းရှက်၊ ခက်လည်းခက်၊ အသက်တမျှ ကြင်နာစဖြစ်သော ခင်ကြည်ကြည်အတွက်ကလည်း ရတက်မအေးပူဆွေးလွမ်းဆွတ်ကာ မျက်ရည်နှင့်မျက်ခွက် မပြတ်သာအောင်ရှိရှာလေ၏။

"ကြည်ရေ. . ကြည်ရဲ့. . . ဘယ်လိုဖြစ်ပုံလဲကွဲ့၊ ကိုကိုဖြင့် ဘယ့်နှယ်မှမတွေးတတ်ဘူး။ အကြည့်ကို ကိုကိုတမက်သက်သက် ရက်စက်သွားတာ မဟုတ်ဘူးဆိုတာ ကိုကိုသိတယ်နော်၊ ကြည်ခုနေ ဘယ်ဆီရောက်နေသလဲ၊ ကိုကိုတို့ စိတ်အေးအောင် တဆိတ်ကလေးအကြောင်းကြားပါဦးကွဲ့ ကြည်ရဲ့"

ဟု တသပူဆွေးလျက် အိပ်ရာထက်တွင် ဘယ်ညာလူးလှိမ့်၍ နေရှာလေသတည်း။

တစ်အိမ်သားလုံးလည်း မည်သူမျှ မျက်နှာမကောင်း 'အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ'ဆိုသလို အိမ်ရှေ့စားပွဲတွင် ဝန်ထောက်ဦးအောင်ကြီးမှာ စိတ်ခက်ထန်သူဖြစ်လင့်ကစား ပျောက်သွားသော ပစ္စည်းနှင့်သမီးအတွက် အခက်ကြီးကြုံကာ မကြံသာသဖြင့် ခေါင်းကြီးကုတ်ကာ တွေတွေကြီးစိုက်၍ နေရှာလျှင် မြင်ရသူများမှာ လွန်စွာသနားမိလေ၏။ ထို့ကြောင့် အကျိုးအကြောင်းသိရှိရိပ်မိကြသည့် အသက်အရွယ်ကြီးရင့်သူ အဒေါ်ကြီးများကမူ

"ဘယ့်နှယ်တုံး ဝန်ထောက်မင်းရဲ့ ဒီလိုနေလို့တော့ မတော်ဘူး ထင်တယ် ခင်ကြည်ကြည်ပျောက်ပုံဟာ အင်မတန်ဆန်းတာပဲ မျက်စိတွေ တစ်လက်ခုပ်ထဲက ချက်ချင်းပျောက်သွားတာ၊ သိ သိခြင်းပုလိပ်တွေ, စုံထောက်တွေ ခြေရာချင်းထပ်အောင် လိုက်ရှာလို့မှမတွေ့ဘဲ၊ နဂါးလိုမြေထဲလျှိုးလို့၊ မိုးကိုပျံမှသာ မတွေ့ဘဲနေမှာပေါ့၊ ဝန်ထောက်မင်းရဲ့ ခုတော့ သူ့အဆက်လည်း မရှိဘဲ စုန်းစုန်းမြုပ်ပျောက်ခြင်းဟာ ကျွန်မတော့ မသင်္ကာဘူး။ လက်မထပ်ခင်ကလည်း မင်းကတော်ကြီးကို တောင်ပြုံးမင်းကလေးပူးပြီး အကျိုးအကြောင်းတွေ

ပြောသွားတယ် မဟုတ်လား၊ ဒီတော့မဟုတ်မှလွဲရော. . . ကျွန်မတို့တော့ နတ်ဖွက်တယ် ထင်တာပဲ၊ ဒီလိုနေရာမျိုးနဲ့ပတ်သက်ပြီး အရှင်သခင်များ ငြိုငြင်ရင် အင်မတန်ဒုက္ခရောက်တာမျိုးပဲ၊ ခင်ကြည်ကြည်လည်း ခုလိုပျောက် ရပုံဟာ နတ်လွှင့်တာပဲလို့ တွေးချင်တယ်"

ဟု ပြောကြသဖြင့် ဦးအောင်ကြီးလည်း တွေ၍ နားထောင်နေရာမှ

"ကျုပ်တော့ တယ်မယုံကြည်လှပါဘူးဗျာ၊ အဲ . . ဒီနတ်လွှင့်တယ် ဆိုတာ ဘယ်လိုလုပ်တာတုံး"

ဟု လုံးလုံးလည်း မပယ်ဝံ့ဘဲ မေးမြန်းသောအခါမှ ပြောသူများလည်း အားတက်လာပြီး . . .

"အို မယုံမရှိနဲ့ ဝန်ထောက်မင်းရဲ့၊ ကျွန်မတို့လည်း ကြားဖူးလှပြီ၊ ဒီလိုပဲ နတ်ကောက်တာမခံရင် . . လက်ထပ်မပေးရင် လူကိုဒုက္ခပေးတတ် တယ်၊ ဖွက်ထားတုန်း သူတို့အလိုလိုက်ရင်လိုက် မလိုက်ရင် ဖွက်ရာက အဝေး လွှင့်တတ်တယ်၊ အဲ-ဒါကို နတ်လွှင့်တာလို့ ခေါ်တာပဲ၊ ဝန်ထောက်မင်းရဲ့၊ နတ်လွှင့်ခံရတဲ့ မိန်းကလေးများမှာလည်း တောကြီး၊ တောင်ကြီးတွေထဲရောက် လိုရောက်၊ အရှုးအသွင်နဲ့ မြို့စဉ်၊ ရွာစဉ် ရောက်ပြီး၊ ပြေးနေလိုပြေးနေရ သူတို့က လူကိုမြင်ရပေတဲ့ လူက သူတို့ကို မြင်ရတဲ့အခါမှမြင်ရတာမျိုး၊ ဒီတော့ ပုလိပ်တိုင်လည်း အကျိုးမရှိဘူး။ ကိုယ်တိုင်လိုက်ရှာလို့လည်း မြင်ရ၊ တွေ့ရဖို့ အခက်သားကလား ဝန်ထောက်မင်းရဲ့"

ဟု ပြောလျှင် ဦးအောင်ကြီးမှာ တဖြည်းဖြည်းပျော့၍ လာပြီးလျှင်

"ဒါဖြင့် အခုဘယ့်နှယ်လုပ်ရမလဲ၊ ကျုပ်မှာလည်း သမီးပျောက်တဲ့ ဒုက္ခအပြင် သမီးမှာဝတ်ဆင်ထားတဲ့ လက်ဝတ်လက်စားတွေ ပါသွားလို့ ပစ္စည်း ရှင်များက တိုင်လား၊ တောလား လုပ်ကုန်ကြပြီ၊ ဒီသမီးကလေးပစ္စည်းနဲ့တကွ မြန်မြန်ပြန်ရမှအေးမှာပဲ၊ ကဲ ကဲ ခင်ဗျားတို့ ကြိုက်သလိုလုပ်ကြပါဗျာ၊ ကျွန်တော်ကတော့ အစကထဲက ဗေဒင်တို့၊ နတ်တို့ ဝါသနာမပါတော့ ဘာမဆို တယ်မယုံချင်ဘူးဗျ။ ခုမှအရေးကြုံလို့ စုံအောင်လုပ်ရမှာပဲ"

ဟု ပြောဆိုအခွင့်ပြုလိုက်ခြင်းဖြင့် မိန်းမတစ်စုတို့လည်း ကန်တော့ပွဲကြီးများထိုး၍ မင်းကလေးကိုပင့်ပြီး အမျိုးမျိုးတောင်းပန် မေးမြန်းကြလျှင် "ခင်ကြည်ကြည်ကို မင်းကလေးဖွက်ထားကြောင်း၊ ကန္နားပေး၍ လက်မထပ်သမျှ ပြန်မပေးဘဲ၊ အဝေးသို့လွှင့်လိုက်မည်ဖြစ်ကြောင်း၊ ယခုအခါ ခင်ကြည်ကြည်မှာ၊ ဤအိမ်ထဲတွင်ပင်ရှိသေးကြောင်း" အဟောထွက်သဖြင့် အားလုံးပင် သက်သာရာရကြလေ၏။

ထိုအကြောင်းကို ဦးအောင်ကြီးနှင့်မောင်ကျော်မြတို့ သိရှိကြလေရာ ဦးအောင်ကြီးမှာလည်း ယုံကြည်သူမဟုတ်၍တစ်ကြောင်း၊ ဤသို့ မင်းကလေးနှင့်ကန္နားပေး၍ လက်ထပ်လိုက်ပါက မောင်ကျော်မြနှင့် ခွဲလိုက်ရမည်ထင်ကာ များစွာသဘောမကျနိုင်ဘဲ အခက်အခဲကြုံတွေ့၍ နေရလေ၏။ မောင်ကျော်မြမှာလည်း မိမိအသက်တမျှ ချစ်ခင်ကြင်နာလှသော ဇနီးလောင်းကလေးအား သူတစ်ပါးသို့ ပေးအပ်ရမည်မှာ 'ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား' ဆိုသည့် စကားအတိုင်း လူကဲ့သို့ အတွေ့မဟုတ် အငွေ့မျှခံစားရသည့်နတ်ပင်ဖြစ်ငြားသော်လည်း စကားအားဖြင့် တင်စီး၍ 'နတ်ကတော်'ဟု ခေါ်ကြမည်ကို အထူးသဝင်ကြောင်ကာ သဘောမတူနိုင်ရှာပဲ ရှိလေ၏။

* * *

"ကြည်ရေ ကြည်ရဲ့. . . ကိုကို ဘယ်လိုလိုက်ရှာရမလဲကွဲ့ ဆိုးလိုက်တဲ့ကံရယ်၊ ဘယ်ပုံကြောင့် ဒီလိုဖန်ရသလဲ၊ တောင်ပြုံးမင်းဆိုတဲ့ နတ်ရဲ့ လောကကြီးမှာ မိန်းမတွေဒါလောက်ပေါပါရက်ကနဲ့၊ ကျွန်တော်အသက်နဲ့ ထပ်တူချစ်ရမယ့် အကြည်တစ်ယောက်ကိုမှ ရွေးကောက်လို့ ယူရက်ပလေတယ်"

ဟု မျက်ရည်တလယ်လယ်နှင့် ပူဆွေးတမ်းတနေသော မောင်ကျော်မြ၏အနီးတွင် လူကိုမမြင်ရသော ခင်ကြည်ကြည်မှာ မျက်ရည်တွေချောင်းစီး၍ ရှိုက်ကြီးတငင်ငိုကြွေးလျက် လက်ကလေးများကို မြှောက်ကာ . . .

"ကိုကို ကိုကို အကြည် ကိုကို့အနားမှာလေ. . .၊ ကြည်ဘယ်မှ မသွားပါဘူးကိုကိုရဲ့ ဘယ့်နှယ်ကြောင့် ကိုကိုတို့ကြည့်ကိုလိုက်ရှာပြီး ငိုမျက်နှာတွေနဲ့ ဖြစ်နေကြရတာလဲ"

ဟု ဝမ်းနည်းစွာပြောရသော်လည်း မိမိစကားကို မည်သူမျှ ကြားပုံမရ၊ မိမိကိုယ်ကိုလည်း မည်သူမျှမမြင်ရသဖြင့်၊ ဤမျှပူပင်သောက ရောက်နေသည်ကို တွေ့မြင်ရခြင်းကြောင့် မအောင့်နိုင် မအီးနိုင် မျက်ရည်တွေ တဖြိုင်ဖြိုင်နှင့် ဖခင်အနီးသို့သွား၍လည်းကောင်း၊ အခန်းထဲတွင် သော့ခပ်လှောင်ထားသော စီးတော်ကျား ပူးဝင်နေသည့် မိခင် မင်းကတော်ကြီးအနီးသို့လည်းကောင်း တစ်လှည့်စီ ပြေးသွားကူးသန်းကာ ပူဗျာပွေနောက် သောကရောက်၍ နေရှာလေသတည်း။

မောင်ကျော်မြက မိမိကိုတသပူဆွေးနေသော အခါတိုင်းလည်း ခင်ကြည်ကြည်မှာ အနီးရပ်လျက် . . .

"ကိုကို ကိုကို မငိုပါနဲ့လေ၊ ကြည် ကိုကို့အနားမှာ အရှိသားပဲ"

ဟု အားခဲ၍ပြောပြီး အနီးသို့ဝင်၍ ထိုင်ရသော်လည်း မောင်ကျော်မြမှာ ခင်ကြည်ကြည်ကိုလုံးဝမမြင်ရ၊ အသံကိုလည်း မကြားရသဖြင့် တမ်းတပူဆွေးမြဲပူဆွေး၍ နေလေရာ၊ ခင်ကြည်ကြည်မှာ မိမိပြောသမျှအရာမထင်သဖြင့် မချိတင်ကဲပူဆွေးပြီး ချစ်သူနှစ်ယောက် နီးရက်နှင့်ဝေးနေရသည့်အဖြစ်ကို ဟစ်အော် ငိုကြွေးလိုက်ရခြင်းဖြင့် မိမိအပူကို သက်သာခွင့်ပေးလိုက်ရတော့လေ၏။

တစ်ခါတစ်ရံလည်း မိမိကစကားပြောပါလျှက် မကြားကြသည့်အဖြစ်ကို မကျေမချမ်းဖြစ်ကာ မောင်ကျော်မြအနီးသို့ ပူးကပ်ကာထိုင်ပြီး . . .

"ကိုကို ခင်ကြည် ကိုကို့အနားမှာလေ၊ ခင်ကြည် ဘယ်မှမသွားပါဘူး ရှိပါတယ်"

ဟု နားနားကပ်ကာ အော်ပြောလိုက်မိသောအခါ ကျော်မြမှာ တစ်စုံတစ်ရာမထူးခြားလှဘဲ လုံးဝမကြားသကဲ့သို့ရှိသောအခါ ခင်ကြည်ကြည်မှာ သာ၍ခံပြင်းလာပြီး မောင်ကျော်မြတစ်ကိုယ်လုံးကို သိမ်းကြုံး၍ဖက်ကာ. . .

"ကိုကို . . ကိုကို . . ကြည်လေ . . ကြည်ဒီမှာ"

ဟု ထပ်ကာ, ထပ်ကာ ပြောပြန်လျှင်လည်း ကြားလည်းမကြား၊ ဖက်ထားသည်ကိုလည်းမသိသကဲ့သို့ အကြောင်သားငေး၍သာ မိမိအမည်ကို တကာပူဆွေးနေသည်ကို မြင်ပြန်ရကား၊ ခင်ကြည်မှာ အားလျော့ညှိုးနွမ်း မချမ်းမသာဖြစ်ရရှာပြီး ဝမ်းနည်းလှိုက်လှဲစွာငိုရင်းပင်၊ အရှင်သခင်များ၏ တပည့်လက်သား သရဲ၊ သဘက်များက ပိတ်ပင်တားဆီး မောင်ကျော်မြအနီးမှ ဆွဲယူလာကြပြန်သောကြောင့် ကြောက်ရွံ့အားငယ်စွာ တစ်နေရာမှာ ထိုင်ငို နေရှာပြန်လေ၏။

ယင်းသို့ တစ်အိမ်လုံးဒုက္ခရောက်လျက်ရှိကြစဉ် မင်္ဂလာဆောင်သို့ ရောက်လာသောအဝေးဧည့်သည်များအနက် မောင်ကျော်မြနှင့် ကောလိပ် ကျောင်းတွင် ကျောင်းနေဖက်ဖြစ်ခဲ့ဖူးသော စဉ့်ကူးမြို့သူကြီး၏တူ မြေပိုင်ရှင် မောင်ထွန်းအောင်လည်း မောင်ကျော်မြ၏ကိစ္စကို အကျိုးအကြောင်း စုံလင်စွာ မေးမြန်းပြီးနောက် သူငယ်ချင်းဖြစ်သူ၏အခက်အခဲများကို သိရသဖြင့် ကူညီ သင့်သောဝတ္တရားအတိုင်း . . .

"ကိုကျော်မြရေ့ . . ခင်ဗျားကိစ္စက အချိန်နှောင်းနေလို့ မဖြစ်ပေဘူး ထင်တယ်။ ခင်ဗျားတို့ပြောသလိုဖြင့် ဘယ်နည်းနဲ့မဆို ခင်ကြည်ကို နတ်ဖွက် ထားတယ်ဆိုတာ ဟုတ်မှာပဲ၊ ဒီတော့ . . ခင်ဗျားယောက္ခမကြီးကို တိုင်ပင်ပြီး ကြည့်လုပ်ဦးလေ။ သူ့အမေကြီးလည်း ကျားစိတ်ဝင်လို့ ခုန်ပေါက်နေရတာနဲ့ မောပြီးသေတော့မယ်၊ နတ်ကအရှက်ကွဲလောက် အောင်လုပ်နေတာပဲ၊ အိမ်ခန်းထဲသာလှောင်မထားဘူးဆိုရင် ဖြစ်ချင်သလိုဖြစ်ကုန်တော့မယ်။ အဖေ ကြီးလည်း သမီးနဲ့ပါသွားတဲ့အငှား ပစ္စည်းများအတွက် အခက်ကြုံနေတယ် မဟုတ်လား။ အားလုံး အေးအေးချမ်းချမ်းဖြစ်အောင် လုပ်လေဗျာ၊ ဒီလိုမှိုင်နေ လို့ ကိစ္စပြီးမှာ မဟုတ်ဘူး"

ဟု ပြောလျှင် မောင်ကျော်မြလည်း ညည်းညည်းညူညူနှင့်ပင် . . .

"ကိုထွန်းအောင် ပြောတာလည်းဟုတ်ရဲ့ဗျာ ဒါပေတဲ့ ဒီကိစ္စတွေ အားအောင်ဟာ တောင်ပြုံးမင်းကလေးနဲ့ ခင်ကြည်ကို လက်ထပ်ပေးရမတဲ့ဗျ၊

ဒီဟာတော့ ကျွန်တော်သဘောမတူနိုင်ဘူး၊ ဒါကြောင့် တခြားနည်းလမ်းများ ရှိသေးရင် အားလုံးဒုက္ခအေးကြရအောင် ကူညီပေးစမ်းပါဦး မိတ်ဆွေရယ်"

ဟု မျက်ရည်တလယ်လယ်နှင့်ပြောလျှင် ထွန်းအောင်မှာ အနည်းငယ် စဉ်းစားနေပြီးနောက် တစ်စုံတစ်ခုသတိရဟန်ဖြင့်. . .

"အို သတိရပြီ ကိုကျော်မြရေ၊ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ဆရာကြီးလေ ဒီအကြောင်း ခင်ဗျားကို မပြောမိသေးဘူး၊ ကျုပ်လက်တစ်ဖက်အစား ဖြတ်ထည့်ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး လက်ပြတ်သရဲကြီး ကျုပ်ကို လိုက်နှောင့် ယှက်တာ အဲဒီဆရာကြီးကျေးဇူးကြောင့် ချမ်းသာရတာပေါ့၊ လွန်ခဲ့တဲ့ သုံးလေးရက်လောက်ကပဲ ဆရာကြီး ကျုပ်တို့ဦးလေးအိမ်မှာ ရှိသေးတယ်၊ ခုတော့ မတ္တရာပြန်သွားပြီ၊ အဲဒီကနေပြီး ရှမ်းပြည်နယ်ဆိုလား ယောထဲဆိုလား သွားတော့မလို့တဲ့၊ ဆရာကြီးနဲ့ အမြဲလိုက်နေတဲ့ ကိုကိုလေးဆိုတာလည်း ကျုပ်နဲ့သူငယ်ချင်းပေါ့၊ အဲဒီဆရာကြီးတော့ ခင်ဗျားတို့ ဒုက္ခကို ကယ်နိုင် လိမ့်မယ်ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဆရာကြီးဟာ အထက်လမ်း ဆရာကြီးဗျ၊ အထက်နတ်ကြီးတွေတောင် ဆရာကြီးရဲ့အမိန့်ကိုခံယူရတယ်၊ ဒီတော့ တောင်ပြုံးမင်းတို့ ဘာတို့ဆိုတဲ့ အောက်နတ်တွေဟာလည်း ဆရာကြီးရဲ့ အမိန့်အာဏာကို ဖီဆန်ဝံ့မှာ မဟုတ်ဘူး၊ ကျုပ်တော့ စမ်းချင်တယ်လေ"

ဟု ဆိုလျှင်ပင် မောင်ကျော်မြမှာ အလျင်စလိုနှင့်. . .

"အို ဒီလိုများ နိုင်မယ်ထင်ရင် မြန်မြန်ကလေး ပင့်ပေးပါ ကိုထွန်း အောင်ရယ် ဘယ်မလဲ ဒီဆရာကြီး တဆိတ် အခုသွားရအောင် လုပ်ပါဗျ"

ဟု ပြောသဖြင့် ကိုထွန်းအောင်ကလည်း. . .

"အို မတ္တရာမှာဗျ၊ ဟိုမှာ သုံးလေးရက် နေဦးမယ်ပြောတယ်၊ ခရီး မထွက်သေးလို့ တွေ့ရင်လည်း ကျုပ်တို့ကုသိုလ်ပေါ့"

ဟု ပြောလျှင် မောင်ကျော်မြလည်းမဆိုင်းနိုင်ဘဲ. . .

"ကဲ ကဲ လာဗျာ ဦးကိုပြောပြီး အခုပဲကားနဲ့လိုက်ကြစို့ရဲ့"

ဟု ဆိုကာ မောင်ထွန်းအောင်ကို ဆွဲခေါ်လာပြီး ဦးအောင်ကြီးကို အကျိုးအကြောင်းပြော၍ အခွင့်တောင်းလျှင် ဦးအောင်ကြီးကလည်း အလျင်

စလို အခွင့်ပြုကာ ဆရာကြီးကို မတွေ့တွေ့အောင်ရှာ၍ ပင့်ခဲ့ရန် မှာလိုက်လေ၏။

မှတ်ချက်။ ။ မောင်ထွန်းအောင်ပြောပြသော လက်ပြတ်သရဲကြီးလိုက်လံနှောင့်ယှက်သည့်အကြောင်းများနှင့် ပတ်သက်၍ မှော်ဆရာမှတ်တမ်းပေါင်းချုပ် အမှတ်(၂)တွင် လက်ပြတ်သရဲကြီးဝတ္ထုဖြင့် ဖော်ပြပြီးဖြစ်ပါကြောင်း။

'ထုတ်ဝေသူ'

ကျွန်တော်လည်း ထိုနေ့တွင် ကျေးဇူးရှင်ဆရာကြီး ယခင်သုံးရက်ခန့်က ပေးထားသောအမိန့်အတိုင်း ပခုက္ကူဘက်မှလှည့်၍ ယောနယ်ဆီသို့ခရီးထွက်ရန် အသုံးအဆောင်ပစ္စည်းတို့ကို ထုပ်ပိုးပြင်ဆင်လျက် ခရီးထွက်ကြမည့်ဆဲဆဲတွင် မောင်ထွန်းအောင်နှင့် မောင်ကျော်မြတို့ ရုတ်တရက်ကားနှင့်ရောက်လာပြီး ဆရာကြီးအား အကျိုးအကြောင်း ပြောဆိုပင့်ခေါ်ကြသည်နှင့်ဆရာကြီးသည် ခရီးထွက်မည့်ဆဲဆဲတွင် မောင်ကျော်မြ ပင့်ခေါ်ရာသို့ကျွန်တော်နှင့်အတူ လိုက်ပါလာရလေ၏။

မောင်ကျော်မြမှာ ဆရာကြီးအား ကျေးဇူးတင်စွာဖြင့် ၎င်းတို့၏ ဒုက္ခကို ကယ်ဆယ်ပါမည့်အကြောင်း၊ မိမိတို့ကိစ္စပြီးစီးပါက ဆရာကြီးသွားလိုသောပခုက္ကူမြို့သို့ ၎င်းတို့နှင့်အတူလိုက်ပါရန် ယောနယ်သို့သွားရန်လည်း မိမိမှာပခုက္ကူနှင့်တကွ ဒိစကြိတ်နယ်များကို မြို့အုပ်အလုပ်နှင့် အုပ်ချုပ်နေရသူဖြစ်၍ဆရာကြီး၏ခရီးအသွားအလာကို လွယ်ကူချောင်ချိစွာရှိစေရန်၊ စီမံဆောင်ရွက်ပေးပါမည့်အကြောင်းများကို ပြောဆိုသောအခါ ဆရာကြီးလည်း . . .

"အင်း. . ငါ့တပည့်ကြီးဒုက္ခကို ဆရာကယ်ဆယ်ရတာပ"

ဟု အာမဝန္တာခံပြီးလျှင် အကျိုးအကြောင်း စုံလင်စွာ မေးမြန်းလေ၏။

ဝန်ထောက်ဦးအောင်ကြီးမှာလည်း ဆရာကြီးရောက်လာထဲကပင်အယူသီးသော လူကြီးတစ်ယောက်ဖြစ်လင့်ကစား ဆရာကြီးကို ကြည်ညိုလေးစားခြင်းဖြင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ခရီးဦးကြိုပြုလျက် ရှိလေ၏။

* * *

ဆရာကြီးနှင့်ကျွန်တော်တို့လည်း ဦးအောင်ကြီးနှင့်မောင်ကျော် မြတို့ ပြောပြသဖြင့် အထက်ပါအစီအစဉ်အတိုင်း ဖြစ်ပျက်သမျှကို ကြားသိရသည်နှင့် ဆရာကြီးက ထုံးစံအတိုင်း ကန်တော့ပွဲများ ပြင်စေလျက် ကျွန်တော့်အား ဆေးအစ်ကြီးကို အဖွင့်ခိုင်းပြီးလျှင် ဒိဗ္ဗစက္ခုမျက်ကွင်းဆေးနှင့်ဆေးကြိမ်လုံး၊ အခြားအသုံးကျမည့် ဆေးဝါး၊ အင်းအိုင်၊ လက်ဖွဲ့တို့ကို တစ်ခုစီထုပ်၍ ပိတ်ဖြူခင်းသော ကလပ်တွင်တင်စေလျက် ကန်တော့ပွဲများအနက်မှ တစ်ခုသော ကန်တော့ပွဲနှင့်မြှောက်ကာ ရတနာ သုံးပါး၊ သိကြား၊ ဗြဟ္မာ စသည်တို့ကို တိုင်တည်၍ ဆေးကြူးခြင်း၊ သိဒ္ဓိ တင်ခြင်းများပြုပြီးလျှင် အခြားကန်တော့ပွဲ အသီးသီးတို့ဖြင့်လည်း အနန္တငါးပါး ဆရာ့ဆရာကြီးများကို ကန်တော့ပွဲဖြင့် ကန်တော့တိုင်တည်လျက် ကျွန်တော်၏မျက်လုံးကို ဒိဗ္ဗစက္ခုမျက်ကွင်းဆေး ပေးပြီး . . .

"ကိုင်း . . ငါတပည့် ဒီအိမ်အတွင်းမှာ ဘာကိုမြင်ရသလဲ ကြည့်ပြောစမ်း"

ဟု ခိုင်းစေသည်နှင့် ကျွန်တော်လည်း အိမ်အတွင်းပတ်ဝန်းကျင်တို့သို့ လှည့်လည်ကြည့်ရှုလိုက်သောအခါ တစ်ခုသောအခန်းထဲ၌ သွေးသံတရဲရဲ ဟောဟဲ၊ ဟောဟဲနှင့် မော၍နေသော မင်းကတော်ကြီး ဒေါ်ဦးသာကိုမြင်ရလျှင် ၎င်း၏အနီးတွင်လည်း ခင်ကြည်ကြည်မှာ လက်ထပ်သည့်အခါကဝတ်သည့် ထဘီ၊ အင်္ကျီလက်ရှည်၊ စိန်၊ ရွှေ လက်ဝတ်လက်စားများနှင့်ပင် လက်ပြန်ကြိုး တုပ်ထားခြင်းခံရကာ အနီးတွင်နတ်ကျားကြီး၏ကျောကို ခြေတစ်ဖက်တင်၍ ခါးထောက်ကာ ရပ်နေသော တောင်ပြုံးမင်းကလေးအား အသနားခံသော မျက်နှာနှင့် ညှိုးငယ်စွာတောင်းပန်နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်တော်သည် တွေ့မြင်ရသမျှကို ဆရာကြီးအား ပြောပြလျှင် ဆရာကြီးကတစ်ဖန် ဦးအောင်ကြီးနှင့်မောင်ကျော်မြတို့အား တစ်လှည့်စီ ကျွန်တော်ကဲ့သို့ မျက်လုံးကိုဆေးကွင်းပြီး ဒိဗ္ဗစက္ခုအင်းကြီးကိုလည်း ကိုယ်ခံမရှိသူများဖြစ်၍ ခေါင်းတွင်ရွက်စေလျက် အထက်နည်းအတိုင်း ကြည့်စေသော အခါ ၎င်းတို့လည်း ကျွန်တော်မြင်ဘိသကဲ့သို့ပင် ခင်ကြည်ကြည်နှင့် မင်းကတော်

ကြီးတို့ကို နတ်ကျားကြီးအနီးတွင် တောင်ပြုံးမင်းကလေးအား အသနားခံနေသည်ကို တွေ့မြင်ရသောကြောင့် မောင်ကျော်မြမှာ အံ့ဩခြင်း၊ ဝမ်းမြောက်ခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်းတို့ဖြင့် ပြာလောင်ခတ်၍နေရှာလေ၏။

အယူသီးသော ဦးအောင်ကြီးတွင်မူကား နောက်နောက်က စုန်း၊ နတ်၊ ပယောဂတို့ကို လုံးဝမယုံကြည်ခဲ့သူဖြစ်သောကြောင့် ယခုကဲ့သို့ပျောက်သောသမီးနှင့်တကွ ထူးဆန်းစွာ တွေ့ကြုံရသောအခါ လွန်စွာအံ့ဩလျက် မျက်စိနှင့်မြင်သမျှကို လုံးစေ့ ပတ်စေ့ပြန်ပြောလေ၏။ ဤတွင်မှဆရာကြီးသည် ဦးအောင်ကြီးနှင့်မောင်ကျော်မြတို့အား . . .

"ကဲ . . ငါ့တပည့်များ သူငယ်မကလေးကို တောင်ပြုံးမင်းကလေးဖွက်ထားတာအမှန်ပဲ၊ သူ့အလိုလိုက်ပြီး ကြိုက်သလိုလုပ်ပေးဖို့ သဘောတူသလား၊ မတူဘူးလား"

ဟု မေးသောအခါ ဦးအောင်ကြီးနှင့်မောင်ကျော်မြတို့မှာ ခါးခါးသီးသီးပင် သဘောမတူနိုင်ကြောင်း ငြင်းဆန်ပြောဆိုကြသည်နှင့် ဆရာကြီးတာဝန်ယူ၍ ဆောင်ရွက်ရတော့မည်ဖြစ်ရကား ဆရာကြီးကိုယ်တိုင်ပင်သော့ပိတ်ထားသော အခန်းတံခါးကိုဖွင့်လျက် သွေးစက်၊ သွေးပေါက်တို့ဖြင့်ထိခိုက်ပေါက်ပြဲ တရဲရဲနေသော ဒေါ်ဦးသာကို ခြေမန်းကွင်းဖြင့် စွပ်ယူခေါ်လာလျှင် ယခင်က ကျားစိတ်ဝင်၍ တရှူးရှူး၊ တရှဲရှဲမာန်ဖီကာ မကြာမကြာကျွမ်းပစ်လျက် ခက်ထန်ကြမ်းကြုတ်နေသော ဒေါ်ဦးသာမှာ ဆရာကြီးခေါ်ရာသို့ ကုတ်ကုတ်ကလေး လိုက်ပါလာသောအခါ ဦးအောင်ကြီးနှင့် မောင်ကျော်မြတို့မှာ လွန်စွာဝမ်းမြောက်နေရှာလေ၏။

ကန်တော့ပွဲများရှေ့တွင်ထိုင်မိကြလျှင် ဆရာကြီးက မင်းကလေးကိုအမိန့်ပြန်၍ ခေါ်ယူပြီးနောက် ဒေါ်ဦးသာကိုယ်မှာ ဝင်ပူးစေလေ၏။ ဒေါ်ဦးသာလည်း ထိုခဏ၌ပင် တဝါးဝါးသမ်းလျက် ခက်ထန်တင်းမာသော မျက်နှာထားနှင့် ဒူးတစ်ဖက်ထောင်၍ ခါးထမ်းနေပုံမျိုး ထိုင်ပြီးလျှင် တယိမ်းယိမ်း တယိုင်ယိုင်လှုပ်ရှား၍နေလေ၏။ ဤတွင် ဆရာကြီးက . . .

ဆရာကြီး ။ ။ မင်းကလေးလား။

ဒေါ်ဦးသာ ။ ။ ဟုတ်တယ်၊ ကျုပ်ကို ဘာလုပ်မလို့ခေါ်သလဲ ဘိုးဘိုး. . . ။

ကြီး ။ ။ ပြောစရာရှိလို့ပေါ့လေ ဒီအိမ်ကလူတွေကို ဘာပြုလို့ ဒါလောက်နှိပ်စက်နေရသလဲ၊ မသနားဘူးလား။

သာ ။ ။ ကျုပ်ကို သင်းတို့အားလုံး ပမာမခန့်အရွဲ့တိုက်နေတာတော့ ကျုပ်ကခံနေရမလား ဘိုးဘိုးရဲ့ တနလ်ာသမီးနဲ့ ကန္တား အပ်ပြီးလက်ထပ်ပါဆိုတာ နည်းနည်းမှမနာယူကြဘူး။

ကြီး ။ ။ သူတို့အလိုမတူတာကို ဇွတ်လုပ်လို့ တော်ပါ့မလား။

သာ ။ ။ ဟာ . . ဒါတွေ မစဉ်းစားနိုင်ဘူး ဘိုးဘိုးရဲ့၊ ကျုပ်ကြိုက်တဲ့ မိန်းမဆိုရင် ဘယ်သူမှ ခုလိုငြင်းဆန်ဝံ့တာမဟုတ်ဘူး။

ကြီး ။ ။ သူတို့ အလိုမတူဘူးလေ၊ အလိုမတူတာကို ပြစ်မှားရင် အပါယ်လားတော့မပေါ့၊ ငယ်ငယ်ကစိတ်တွေ ဖျောက်လိုက် ပါ၊ မင်းကလေးရယ်၊ ဒီလိုနဲ့ ဆိုးပေနေရင် ဘယ်တော့ ကျွတ်နိုင်မလဲ၊ မင်းအကြီးလို သူတော်ကောင်းစိတ်မွေးပြီး အေး အေး နေမှပေါ့။

သာ ။ ။ အို ကျုပ်တော့ ပျော်တုန်း၊ ပါးတုန်း၊ သောက်တုန်း၊ စားတုန်း မယားတွေမှိုပေါက်အောင် ဟိုတစ်ယောက် ဒီတစ်ယောက် ယူပြီး စည်းစိမ်ခံလို့ မမုန်းနိုင်သေးဘူးဘိုးဘိုးရဲ့၊ ဒီတော့ ကျုပ် ကြိုက်တာမရရင် ဒေါသရှေ့ဆောင်ပြီး သေအောင်ညှင်းဆဲ ရလိမ့်မယ်။

ကြီး ။ ။ ဒီလိုလည်းမလုပ်ပါနဲ့လေ၊ ဘိုးဘိုးက ချိုချိုသာသာတောင်းပန် နေတာနားဝင်မှပေါ့. . .

သာ ။ ။ ဟား ဟား ဟား နားမဝင်နိုင်သေးဘူး ဘိုးဘိုးရေ၊ ကိုယ့် အကျိုးပေးအတိုင်း ကိုယ်ချမ်းသာနေတာ၊ ဘိုးဘိုးဘာမှ မနာလိုစရာ မရှိဘူးထင်တယ်။

ကြီး ။ ။ အင်း မင်းကလေးနော်၊ ဘိုးဘိုးစကား နားမထောင်ချင်ဘူး မှတ်တယ်။

ဟု ခက်ထန်ထန်ကြည့်၍ ပြောလိုက်လေရာ ညှိုးငယ်စွာဖြင့်

သာ ။ ။ ဒီကိစ္စထဲမှာ ဘိုးဘိုးဝင်မပါပါနဲ့ ဘိုးဘိုးရယ်၊ ကျုပ်တောင်းပန်ပါတယ်။

ကြီး ။ ။ ဘိုးဘိုးမပါဘဲနေလို့ မဖြစ်ဘူး၊ မင်းကလေးတစ်ယောက်အတွက်နဲ့ သတ္တဝါတွေ ဘယ်လောက်ဒုက္ခရောက်နေရသလဲ၊ တနင်္လာသမီးလည်း အခုအမြန်ပြန်အပ်ပါ၊ မင်းကလေးမှာ အခြွေအရံ၊ မောင်မမိသံတွေ အပေါ်သားနဲ့၊ ဘာပြုမဲ့ မတရားလုပ်ချင်ရသလဲ၊ အဲဒါ မကောင်းဘူး။

သာ ။ ။ တနင်္လာသမီးတော့ မအပ်နိုင်ဘူး ဘိုးဘိုးရဲ့၊ ကျုပ်တကယ့်ကို ကြိုက်လို့ဖွက်ထားတာ။

ကြီး ။ ။ ဩော် ပြောနေတာ နားမဝင်ဘဲကိုး၊ ချိုချိုသာသာနဲ့ နားထောင်လိုက်စမ်းပါ၊ အထက်နတ်ကြီးတွေလာရင် မင်းကလေး အလကားစိတ်ညစ်စရာ ဖြစ်နေလိမ့်မယ်၊ တနင်္လာသမီးအပ်ပြီး စီးတော်ကျား ပြန်သိမ်းပေတော့။

သာ ။ ။ တောင်းပန်လို့မရတော့ဘူးလားဗျ။

ကြီး ။ ။ မရဘူး၊ ကြာတယ် နတ်ကြီးတွေ ခေါ်လိုက်ရမလား။

သာ ။ ။ ကိုင်း ဒါလောက်တောင်ရှိမှ တစ်နေ့သိကြသေးတာပေါ့ကွယ်၊ မင်းတို့က ငါ့ကိုနိုင်တဲ့လူခေါ်ပြီး အကူတောင်းတာက ဉာဏ်ပိုင်သွားပေသကိုး၊ ကဲ ကဲ ဘိုးဘိုး ကျုပ်သွားမယ်။ တနင်္လာသမီးနဲ့ အင်္ဂါသမီးတော့ ဒဏ်ရာအကြီးအကျယ်နဲ့ ကျန်ရစ်လေရဲ့။

ဟု ပြောကာ ငြိမ်သွားပြီးသည့်နောက် အားလုံးပင် တောက်ခေါက်သံနှင့် ကျားဟိန်းသံ နှစ်ချက်၊ သုံးချက်မျှ ကြားရပြီးနောက်၊ ထိုအသံများ ပျောက်သွားသည့်ခဏ၌ ခင်ကြည်ကြည်လည်း ကြမ်းပေါ်တွင် လူးလှိမ့်ကာ ထိုင်နေကြသော လူများရှေ့မှောက်တွင် ပေါ်လာလေ၏။

ဦးအောင်ကြီးနှင့်တကွ မောင်ကျော်မြတို့မှာ အံ့ဩဝမ်းမြောက်ခြင်းများနှင့်တကွ ဆရာကြီးကို ကျေးဇူးတင်စွာ တစ်ချက်မျှကြည့်ပြီးနောက်၊ ခင်ကြည်ကြည်၏အနီးသို့ သွားရောက်ပွေ့ထူကြသောအခါ၊ ခင်ကြည်ကြည်မှာ လူမှန်းမသိဘဲ ညိုမည်းသောဒဏ်ရာတို့ဖြင့် လူးလိမ့် ညည်းညူ၍နေသည်ကိုတွေ့ရသဖြင့် ဦးအောင်ကြီးနှင့် မောင်ကျော်မြတို့မှာ ခင်ကြည့်အတွက် ဝမ်းသာဝမ်းနည်းနှင့် . . .

"သမီး သမီး အကြည် ဘယ့်နှယ်နေသလဲ၊ သတိရရဲ့လား။ ဟဲ့ . . ကျော်မြ ဆရာဝန်ကြီးသွားခေါ်ပါကွ"

ဟူ၍လည်းကောင်း . . .

"အကြည်ရေ . . ကိုကိုလေ၊ သတိရရဲ့လားခင်ရဲ့ အမယ်လေး ဒဏ်ရာတွေကလည်း ညိုလို့ပါလား"

ဟု လည်းကောင်း၊ အသီးသီး စုတ်တသပ်သပ်၊ ရင်တမမနှင့် ဖြစ်နေကြပြီးလျှင် အနီးတွင် နတ်ခွာသွားပြီးနောက် သွေးရဲရဲနှင့် မေ့လဲနေသော ဒေါ်ဦးသာကိုလည်း ဝန်ထောက်ကြီး ဦးအောင်ကြီးကိုယ်တိုင် ယုယပွေ့ထူကာ ပျာပျာသလဲ စမ်းသပ်မေးမြန်းလျက် ရှိလေသတည်း။

ဒေါ်ဦးသာနှင့်ခင်ကြည်တို့လည်း စကားမေးမရဘဲ အလျှဉ်းမေ့မြော၍နေကြသောအခါ၊ *အများပင် စိုးရိမ်မကင်းဖြစ်လာကြပြီး ဦးအောင်ကြီးနှင့်* မောင်ကျော်မြတို့မှာမူကား ဆရာကြီး၏ခြေကိုဖက်ကာ . . .

"ကျေးဇူးရှင်ဆရာကြီးခင်ဗျာ . . ဒီလိုသာဖြင့် ခက်ရပါတော့မယ်၊ ကယ်တော်မူပါဦး"

ဟု ပြောကြသည်နှင့် ဆရာကြီးလည်း၊ ၎င်းတို့ အခြင်းအရာများကို ကြည့်နေရာမှ-

"တယ်လဲအရင်မလိုကြပါနဲ့လေ။ ဆရာတို့ဘက်ပါလာပါပြီ"

ဟု ပြောကာ ရေမန်းများပက်ခြင်း၊ နတ်နိုင်ဆေးများထိုးပေးခြင်းဖြင့် များမကြာမီ ခင်ကြည်ကြည်နှင့်ဒေါ်ဦးသာတို့တွင် သတိဝင်ကာ နာကျင်သော ဒဏ်ရာကြောင့် ညည်းညူခြင်းပြု၍ လာကြလေ၏။ တစ်ဆင့် စကားတစ်ဆင့်

နားဖြင့် ဝမ်းသာအားရ လာရောက်မေးမြန်းကြသူများလည်း များပြားလာပြီးလျှင် ပစ္စည်းရှင်များမှာ အူယားဖားယားပြေးလာကြလျက် ဝန်ထောက်ကြီးကို ဝန်ချတောင်းပန်ကာ ခင်ကြည်ကြည်ကိုယ်မှ ပစ္စည်းများကို ချွတ်ယူပြန်သွားကြလေ၏။

ဦးအောင်ကြီးနှင့် မောင်ကျော်မြတို့သည် ဆရာကြီး၏ဂုဏ်ကျေးဇူးကို ချီးကျူး၍ အားမရနိုင်အောင် ရှိလေ၏။ ခင်ကြည်ကြည်နှင့် ဒေါ်ဦးသာတို့မှာ ထိုနေ့မှစ၍ တစ်စတစ်စသက်သာလာပြီး များမကြာမီ ပကတိမိမွေးတိုင်း ဖမွေးတိုင်းဖြစ်ကာ ကျန်းမာ၍လာကြလေ၏။

အတိုရုန်း၍ အကျဉ်းချုံးရမည်ဆိုသော် ၎င်းတို့အား နောင်ရေးအတွက် စုန်း၊ နတ်တို့၏ ပယောဂအနှောင့်အယှက်မှ လွတ်ကင်းစေခြင်းငှာ၊ ဆရာကြီးသည် ၎င်း၏ဂါထာ၊ မန္တန် ဒဏ်ပြန်ဆေးဝါး လက်ဖွဲ့အင်းအိုင်များနှင့် တစ်သက်လုံးစိတ်ချရလေအောင် တားဆီးကာကွယ်ပေးခြင်းဖြင့် ဒုက္ခတွင်းမှ လွတ်မြောက်ကြသော မိသားတစ်စုမှာ ဝမ်းမြောက်ဝမ်းသာဖြင့် အဖြစ်အပျက်တို့ကို တစိမ့်စိမ့်တွေး၍ အချင်းချင်း ပြန်လည်ပြောဆိုခြင်းဖြင့် အချိန်ကုန်ခဲ့ရာမှ နောက်ဆုံးတွင် မောင်ကျော်မြ၏အခွင့်ရက်လည်း စေ့ကုန်ပြီဖြစ်သောကြောင့် ၎င်းတို့ဇနီးမောင်နှံမှာ ဆရာကြီးကိုရှေ့ဆောင်လျက် ပခုက္ကူမြို့သို့ ခရီးထွက်ရန် ပြင်ဆင်ကြပြီဖြစ်ရာ ကျွန်တော့်မှာလည်း ဆရာကြီး၏တပည့်ဖြစ်သည့်အားလျော်စွာ ယူစရာ၊ ငင်စရာတို့ကိုပြင်ဆင်ထုပ်ပိုးလျက် ကျွန်တော်၏အသက်တမျှ ချစ်ခင်လှသောဇနီးသည်မခင်ယုံကလေးတို့ရှိရာ ရတနာပုံနေပြည်တော်ကြီးနှင့် တဖြည်းဖြည်းဝေးမှန်းမသိ၊ ဝေးရချေတော့မည်ဟု တွေးတော ဝမ်းနည်းနေစဉ်ပင် ကြင်နာစဖြစ်သော ခင်ကြည်ကြည်တို့လင်မယားကို မြင်ရသောအခါမူကား ကျွန်တော်၏အဆွေးကြောမှာ ရှေးသရောအခါ ကထက်ပင်တင်းသလိုလို ဖြစ်လာမိပေတော့သတည်းဟူလို။

☼ ☼ ☼

# လူသားစားမျော်

(၁၉၄၀-ခု၊ ဇန်နဝါရီလတွင်ရေးသည်။)

“ဟေ့ ဘိုးထူး ဘယ်လဲကွ”

“ခွေးမသားဆိုးပေ ငါ့ဟာငါ ဘယ်သွားသွား မင်းနဲ့ဘာဆိုင်လဲ”

“အံမာလေးကွာ မင်းကလည်း ဖြစ်လွန်းလိုက်တာ၊ မင်း ဒီနေ့ တစ်နေ့လုံး လှုပ်လှုပ်ရှားရှားနဲ့ တောင်သွားမြောက်သွား အတော်ကိစ္စများနေပုံရတယ်၊ ဒါကြောင့် ငါကမေးတာပါ၊ ကူညီစရာရှိရင်လည်း ကူညီမယ်လို့ပေါ့ကွ၊ ဒါပေတဲ့ အလကားတော့မဟုတ်ဘူးနော် ဂဏော်တစ်ပုလင်းကွ”

“ခွေးသား . . လာသေးတယ်၊ အလုပ်ကလေး ရှိတယ်ထင်ရင် ဂဏော်ဖိုးညှင်းချင်တာလောက်သိတယ်၊ နောက်ပြီးတော့ အရေးရှိရင် ပြေးလိုက်တာဖင်သီလို့”

“ဟား ဟား မင်းက အရင်တစ်ခါတုန်းကဟာ သွားသတိရနေတယ်ထင်တယ်၊ ဟိုတုန်းက ငါချည်းပြေးတာ မဟုတ်ဘူးလေ၊ မင့်ဆရာဆိုတဲ့ အကောင်ကြီး ကြောက်ချေးပါ ပြေးတာမြင်လို့ တို့လည်း ရောယောင်ပြေးရတာပါ၊ အပြေးကောင်းလို့ပေါ့ကွာ နို့မဟုတ်၊ မင်းနဲ့ငါ ခုလိုတောင် ပြန်တွေ့ရတော့မှာမဟုတ်ဘူး”

"ဒါကတော့ကွာ ဆရာလုပ်တဲ့ကောင်ကြီးကိုက စဖြီးကြီးနဲ့ လာတွေ့နေတာကိုး ငါတို့ လူပေါင်းမှားတော့ ဂွဖြစ်ကုန်တာပေါ့"

"နေပါဦးကွာ .. အဲဒီတုန်းက မင့်ကိုဘယ်လိုဖြီးလို့ ဒါလောက်ကြည်ညိုပစ်ရတာလဲ၊ ငါလည်း မင်းခေါ်လို့သာလိုက်ရတာ ဘာတစ်ခုမှ အတွင်းကိစ္စတွေမသိခဲ့ရဘူး၊ စပ်မိတဲ့အခါများ ပြောစမ်းပါဦးကွာ"

"အေး ခုလို ရှေးဟောင်းနှောင်းဖြစ် ဆွေးနွေးရမယ်ဆိုရင်တော့ ပြောရတာပေါ့ကွာ၊ အဲဒါပြောပြီးတဲ့နောက်လည်း ငါအခုလုပ်ချင်တဲ့ အလုပ်ရှိနေတယ်၊ ဒါကိုလည်း မင်းနဲ့တိုင်ပင်ရဦးမယ်၊ ကဲ လာကွယ် အေးအေး ဆေးဆေး ရွာလယ်က ဇရပ်ကြီးပေါ် သွားရအောင် မင်းအားတယ်မဟုတ်လား"

"ငါလား ဆယ့်နှစ်ရာသီအားနေတဲ့အကောင်ပဲ၊ မိဝဲဈေးရောင်း ကျွေးတာ ဒူးနှံ့ထိုင်စားပြီး တစ်ခါတစ်ခါ ဘတို့အိမ်သွား ဂဇော်ဖိုးညှင်း၊ ဆယ်အိမ်ခေါင်းဦးမင်းဆီက အမှုကလေး ဘာလေးရရင် အမြတ်တော် ကြေးခွဲတဲ့ အလုပ်လောက်ရှိတာ၊ မင်းအသိသားနဲ့ကွာ၊ ဒါနဲ့ မင်းကော အမေကြီးဆီက ဒီနှစ်ဘယ်လောက်ညှင်းထားသလဲဟေ့"

"ဘယ်လောက်ကယ်လို့တော့ မဟုတ်ပါဘူးကွာ သုံးစရာအကြောင်းပေါ်လာသလောက်နှိုက်တာပါပဲ၊ အမေတစ်ခု၊ သားတစ်ခုနေကြတာပဲ၊ တစ်နှစ်၊ တစ်နှစ် အမေရသမျှ လယ်ခ၊ ယာခတွေဟာ အမေလှူတာနဲ့ ငါသုံးတာက လွဲရင် ငွေတိုးကလေး၊ ဘာလေးပေးတာပဲရှိတယ်။ အပိုဖြုန်းမယ့်လူမှမရှိဘဲ၊ ဒီတော့ ငါတစ်ယောက်တည်းသဘောရှိကြိုက်နေရတာ၊ ငါကလည်း မင်းတို့လို ဂဇော်တွေ၊ ဘာတွေ ဝါသနာမပါတော့ တစ်ခါတစ်ခါ အဲဒီဆရာလေး သမားလေးတွေနဲ့တွေ့ရင်၊ ပီယသိဒ္ဓိတို့၊ ကာယသိဒ္ဓိတို့ဆိုတဲ့အတတ်တွေကို အတော်ပဲဝါသနာစွဲမိတယ်ဟေ့၊ ငါ့ဝါသနာကတော့ ဒါပဲမောင်၊ ဟော ပြောရင်းဆိုရင်း ဇရပ်ပေါ်ရောက်လာပြီ၊ ကဲ ထိုင်ဟေ့ ထိုင် ထိုင်"

ဟု ပြောလိုက်ရာ ဆိုးပေက ပုဆိုးဖင်မပြီး ဆောင်ဆောင့် ဖင်ချကြီး ထိုင်လိုက်ပြီးလျှင် ဆက်လက်၍ . . .

"ကဲလေ လုပ်စမ်းပါဦး အရင်ပြောတဲ့ဆရာစဖြိုးကြီးအကြောင်း"

"အေး အေး ပြောမှာပေါ့ကွာ၊ ဒီလိုဟေ့ ဒီလို၊ အဲ ဒီဆရာကြီးနဲ့ စတွေ့တာကတော့ ပုရွက်ဆိတ်ကုန်းရွာက ဆရာဦးမှတ်ကြီးဆိုတာ တောင်ပိုင်းမှာ တည်းခိုနေတယ်လို့ သတင်းကြားတာနဲ့ ငါကလည်း ဆရာဆိုရင် တယ်ပြီးတွေ့ချင်တာကိုး၊ ဒါနဲ့သွားတွေ့တာပေါ့ကွာ၊ အဲ ဒီတုန်းကတော့ ငါကလည်းမြောက်ရွာက မယ်သစ်ကလေးကို အသေအလဲ ချစ်နေလို့ မရမက ပိုးပမ်းနေတုန်း မယ်သစ်ကလည်းငါ့ကို ပိုက်ဆံရည်တတ်ပေမယ့် လူရုပ်က ဆိုးတယ်ဆိုပြီး မကြိုက်ချင်ဘူးတဲ့ကွ၊ နို့ပြီးတော့ သူတို့ရွာက အောင်ဘန်းဆိုတဲ့သူကြီးသားကလေးကလည်း သူ့ကို ဘာလိုလို ရိသဲ့သဲ့ပိုးတိုးတိုးလုပ်နေတယ်၊ အောင်ဘန်းကသူကြီးသား ရုပ်ကလည်းခပ်ချောချော၊ ပိုလ်ဆံတောက်နဲ့ ဘာနဲ့ မြို့ကအင်္ဂလိပ်ကျောင်းမှာလည်း နေဖူးတယ်၊ အသက်ကလည်း သူနဲ့ ရွယ်တူ အဖေကြီးသေရင်လည်း သူပဲသူကြီးဖြစ်မှာဆိုတော့ ရှင်ရွှေသစ်ကလည်း နည်းနည်းယိုင် တိုင်တိုင်ကိုးကွ၊ ဒါကြောင့် ငါ့ကို၊ ပယ်တယ်တယ်လုပ်နေတာပေါ့ . . .

ငါကလည်း သူ့ကိုမှအသေအလဲစွဲနေတော့ မရရင်မနေနိုင်အောင် ဆေးနဲ့ဝါးနဲ့ ပီယနဲ့လုပ်ယူမယ်ဆိုပြီး အဲ ဒီဆရာကိုရှော်ဖြိုးကို သွားကပ်မိတာပေါ့၊ သူကလည်း သူ့မှတ်စုကလေးတွေရေးထားတဲ့ စာအုပ်တွေ၊ ပုရပိုက်စုတ်တွေနဲ့ ဟန်တွေ၊ ဂိုက်တွေထုတ်လို့ပေါ့လေ တကယ် အဓိပတိဆရာကြီးစတိုင်နဲ့ မြိုင်မြိုင်ကြီးဖြိုးတာပဲ . . .

ဟော့ တပည့်ရဲ့၊ ဒါလောက်များတော့ ငါကလက်ဖျောက်တီးရုံနဲ့ ဒီကောင်မလေး မင်းနောက်ကလိုက်လာစေ့မယ်မပူနဲ့ ငါဆေးတစ်နည်း ပေးမကွဲ့ မင်းက ကန်တော့ပွဲနဲ့ ဆရာပူဇော်ခ ငွေငါးဆယ်တင်ပြီး ယူရမယ်၊ ဒါမှဆေးစွမ်း ဆေးလိုက်လိမ့်မယ်၊ ငါကငွေမယူချင်ပေတဲ့ ငါ့ဆရာ့ ဆရာကြီးများက ပညာပြန့်ပွားပြီး၊ အပေါစား ဖြစ်သွားမှာစိုးလို့ အနည်းဆုံးကန်တော့ပွဲနဲ့ ငွေငါးဆယ်မထည့်ဘဲ ဒီဆေးကိုမပေးပါဘူးလို့ သစ္စာရေတိုက်ထားလို့ တောင်းရတာပါတဲ့ကွ"

"အေး . . အပြောကလေ သူတို့ငွေလိမ်ယူမှာတောင် ပေးရတဲ့ အကောင်ကို နွားဖြစ်ကျန်ရစ်အောင် မြက်ကျွေးလိုက်သေးတယ်ဆိုပါတော့ မင်းကလည်း ယုံယုံကြည်ကြည်၊ သဒ္ဒါတရားထက်သန်စွာနဲ့ ပူဇော်လိုက်ရော လား"

"ဩော် . . မင်းနှယ်၊ ငါကလည်း အဲ-ဒီတုန်းက မယ်သစ်ကို ချစ်တဲ့ ဇောက ဒရောသောပါးကြီး ဖြစ်နေတာကိုးကွဲ့၊ နို့ပြီးတော့ သူကလည်း အဖြီး ကောင်းတော့ ယုံကြည်ပစ်လိုက်တာပေါ့၊ ဒါနဲ့ တိုတိုပြောကြပါစို့ကွာ၊ ငါက ငွေငါးဆယ်ကန်တော့ပြီး သူ့ဆီကဆေးကိုတောင်းလိုက်ရော၊ အဲဒီဆေးကို သူ့အမှာအတိုင်းပေါ့လေ၊ မယ်သစ်တို့အိမ်သွားလည်တဲ့အခါ ဆောင်သွား၊ နဖူးတဲရမှာတဲလို့ ပါးစပ်ထဲငုံတန်တာငုံ ခပ်ဆေးအဖြစ် သုံးရမယ့် ဆေးထုပ် ကလေးကိုလည်း အိတ်ထဲထည့်လို့ပေါ့လေ၊ သူပေးသမျှ ဆေးတစ်စုံလုံးကို လိုလေသေးတယ်မရှိရအောင်လုပ်တာပါပဲ၊ သူ့အဆိုက သုံးရက်တိတိလုပ် လို့ရှိရင် မယ်သစ်ဟာ ငါ့ကိုချစ်လှပါသယ်ဆိုပြီး ကောက်ကောက်ပါအောင် လိုက်လာမယ်တဲ့ သူပေးတဲ့ခပ်ဆေးကိုလည်း မယ်သစ်တို့အိမ်က သောက်ရေ အိုးရော၊ သုံးရေအိုးရော အိုယုတ်စွအဆုံး ရေချိုးခွက်ထဲအထိပဲဆိုပါတော့ကွာ၊ အကုန်လျှောက်ခပ်တာပဲ၊ နဖူးတဲသွားရမယ်ဆိုတဲ့ဆေးကိုလည်း တစ်ခါတည်း အားရပါးရ ဖျော်ပြီးလူးသွားတာ ဆေးမှုန့်ကလည်းဖြူတူတူဆိုတော့ ငါ့နဖူးဟာ ချစ်တီးအလ္လကပွဲရဲ့နဖူးကျလို့ လူတွေကတောင်ဝိုင်းပြီး၊ ဟော့ . . စိန်ဘန်း၊ ဘိုးသူတော် ဖြစ်လာသလားကွလို့ လှောင်လိုက်ကြသေးတယ်"

"အေး အေး မင်းဒီအထိ ရူးခဲ့တယ်ဆိုတာ၊ ငါယုံပါသကွာ၊ ရှားပါ တယ်ရှင့်ဆိုတဲ့ လူစားမျိုးပေါ့"

"ဟော့ . . ကောင် မင်းက နားထောင်ချင်တယ်ဆိုလို့လည်း ပြောရ သေး ငါ့လည်းပြန်လှောင်သေးလား၊ ဒါဖြင့် နေကွာ မပြောတော့ဘူး"

"အို ကွာ၊ ဒီလိုတော့ မလုပ်ပါနဲ့ မလှောင်ပါဘူး။ ကဲ ကဲ ပြောပါ ငါကောင်းကောင်းနားထောင်ပါ့မယ်"

"ဒါပါပဲကွာ၊ ဒီလိုလုပ်ဖို့ သုံးရက်မကဘူး။ လေးငါးရက်ရှိလာလည်း မယ်သစ်ကချစ်ဖို့နေနေသာသာ ငါလာရင်ရှောင်ရှောင်နေတာနဲ့၊ သူ့ကြီးဒေါ်မ အိမ်စောင့်ကြီးနဲ့သာ စကားပြောပြန်ခဲ့ရတာချည်းပဲ၊ ငါလည်း စိတ်မရှည်တာနဲ့ ဒီအကြောင်းကို နိုင်ငံကျော် ပုရွက်ဆိတ်ကုန်း ဆရာစဖြိုးကြီးကို ပြောပြတာပေါ့ ဒီတော့ . . .

ဟေ့ . . တပည့်ရဲ့ ဆရာ့ဆေးဟာအပွဲပွဲနွှဲခဲ့ပြီး ဒီတစ်ခါကျမှ နှပ်ပစ်ခံရတာ ဆရာမကျေမချမ်းနိုင်ဘူး။ ဆရာ့အတတ်နဲ့ကြည့်ပြီး ဒီကောင်မ ကလေးကို မရ ရတဲ့နည်းနဲ့ ကြံစည်ပေးမယ်တဲ့ . . .

ဒီတော့ ငါဆိုတဲ့ ဘိုးစောကလည်း စဖြိုးကြီးကို သေသေချာချာ ကြည့်ညိုလာပြန်ပါရော၊ နောက် သူ့အတတ်နဲ့စုံစမ်းဦးမယ်ဆိုပြီး တစ်နေရာ လှည့်ထိုင် မျက်စိစုံမှိတ် ပါးစပ်က တွတ်တီးပါလီတွေ တိုးတိုး တိုးတိုးနဲ့ ရွတ်လို့ နေပြီး အတော်ကြာငြိမ်နေပြီးမှ . . .

ဟေ့ တပည့်ရ၊ ငါ့အတတ်နဲ့ ကြည့်လို့ မြင်ပြီကွဲ့၊ ကောင်မလေး အိမ်မှာ သူယုတ်သတိစောင့်ပြီး ငါ့ဆေးတွေကို နှောင့်ယှက်နေတယ်တဲ့၊ သူရဿတီမဟုတ်ဘူး၊ ဒါက အောက်လမ်းပညာနဲ့ဆိုင်တဲ့ သူရဿတီတဲ့ကွ၊ အဲဒါ ဝင်နှောင့်ယှက်နေလို့၊ ငါ့ဆေးတွေမစွမ်းတာဘဲ၊ ဒီတော့ ငါတစ်နည်း ကြံပေးမယ်။ ဒါနဲ့ ငါတပည့် သတ္တိတော်တော်ကောင်းရဲ့လား၊ အခုနည်းက အောက်လမ်းဘက်က အတော်ထက်မြက်တဲ့နည်းပဲ၊ ဗားမဲ့ဆရာတော်ကြီးဆီက ကျန်ရစ်တဲ့နည်းကွတဲ့ . . .

ဒါနဲ့ ငါကလည်း ဘိုးလိုချင်ဆိုတော့ ဟာ ဆရာရယ် ကျွန်တော်သတ္တိ မနည်းပါဘူး၊ ဒီတစ်ပွဲနွှဲလိုက်သေးတာပေါ့လို့ အာမခံမိတယ်။ ဒီတော့ အေး အေး ဒါဖြင့် ဆရာပြောမယ်၊ ဆေးပုလွေစီရင်မယ်၊ ဒီအတွက် ငွေငါးဆယ် လောက် ထပ်ပြီးအကုန်ခံရလိမ့်မယ်တဲ့ . . .

"အင်း လာ လာချည်သေး၊ ဒါနဲ့ မင်းကလည်း ငွေငါးဆယ် ထပ်ပေး ရောဆိုပါတော့၊ ခွေးကောင်တဇ္ဇာရှူး ဒါမျိုးများဆိုရင် 'ပစ်ကျ' လိုက်တာပဲ၊

ငါတို့များတော့ သူငယ်ချင်းရယ်လို့ ဂဇော်ကလေး တစ်ပုလင်း မရက်ရောဘူး၊ ကဲ ဒါနဲ့ပြောပါဦး သူ့ဆေးပုလွေ စီရင်နည်းကို”

“သူ့ဆေးပုလွေ စီရင်ရမှာက ဒီလိုလားကွ၊ နည်းကတော့ နည်းကောင်းနဲ့ တူပါတယ်။ ဒါပေမယ့် ဆရာသောက်သုံးမကျလို့ ဂွဖြစ်ရတာကိုး၊ ပထမရှေးဦးစွာ သနပ်ဝါးကို ပုလွေလုပ်ရမယ်၊ ပြီးတော့ သချိုင်းက သံနဲ့ အပေါက်ဖောက်ပြီးတော့ သချိုင်းကမြေဖယောင်းနဲ့ လျှာခင်လုပ် ကျီးမနားထန်းရွက်ကိုပိတ်၊ လူသေရဲ့ခြေမကြိုး၊ လက်မကြိုးနဲ့ စီးပြီး ခုနစ်ရက် ဥပုသ်စောင့်ပြီးမှ . . .

(ဉ့် ကက်ကက်သွား ဉ့်၊ ဉ့် ဣတိပိသောသွားဟ ဉ့် ဉ့် သမ္ဗုဒ္ဓေသွားဟ ဉ့်)

ဆိုတဲ့ဂါထာကို ပုလွေပေါ်ဘက်က ရေးရတယ်၊ ပြီးတော့ . . .

(ဉ့်-နတ်သရဲ နမာတာ နောလာ ဆရာလာ၊ ထဆရာထ ရဲ့စွဲသွား ဟ)

ဆိုတဲ့ဂါထာကို ပုလွေပေါက်အောက်က ရေးရတယ်။ အဲဒီ ပုလွေကို ရေးတဲ့အခါမှာ နေ့ကောင်းရက်သာရွေးပြီးမှ ဂါထာရေးရတယ်။ ရေးပြီးရင် ပုလွေကို သစွေးသရိုးကိုင်၊ အစိမ်းသေမသာရှာပြီး မသာမချခင် ပုလွေကို ခေါင်းထဲလူမသိအောင် ထည့်လိုက်ရတယ်။ မသာမြေမြှုပ်ရာကိုမှတ်ထား၊ ညသန်းခေါင်အချိန်နဲ့ သချိုင်းကိုလိုက်ပြီး သားစိမ်း၊ ငါးစိမ်း၊ ထမင်းဖြူနီနဲ့ သချိုင်းစောင့်များကို ကျွေးမွေးပြီး၊ အစိမ်းသေကိုဖုတ်သွင်း ဂါထာနဲ့မန်းပြီးနှိုး၊ မြေပုံထဲက အလောင်းကောင်ကြီး ထထိုင်တဲ့အခါ အာဏာနှင့် ပုလွေကို မှုတ်ခိုင်းပြီးတော့ ၎င်းပုလွေကို ပြန်လုယူခဲ့ရမယ်-

အဲ ဒီပုလွေကို ကိုယ်ချစ်ကြိုက်တဲ့မိန်းကလေးရဲ့ အိမ်ရှေ့မှာဖြစ်စေ တော်ရာကဖြစ်စေ ကြားလောက်အောင်မှုတ်၊ မှုတ်တဲ့အခါလည်း မိန်းကလေးရဲ့ နာမည်ကို မန်းပြီးမှုတ်ရတယ်။ ဒီလိုမှုတ်လိုက်တာနဲ့ တပြိုင်တည်း မိန်းကလေး မှာမနေနိုင်မထိုင်နိုင် ကမန်းကတန်း ပြေးလိုက်လာလိမ့်မယ်တဲ့၊ ဒါနဲ့ ငါလည်း ငွေငါးဆယ်ကန်တော့ပြီး ပုလွေကိုစီရင်ရတယ်၊ စီရင်ပြီးတော့ အစိမ်းသေ မသာ

မရှိတာနဲ့ ရက်အတော်ကြာ စောင့်နေရတယ်ကွ၊ အဲ ဒီအတွင်းမှာပဲ ရွာထဲက ဘိုးထွန်းကြီး ထန်းပင်ပေါ်ကလိမ့်ကျသေတဲ့ မသာတစ်ခုနဲ့ လာတိုးမိတာကိုး၊ *ဒါနဲ့ သူနည်းအတိုင်း ဘိုးထွန်းကြီးမသာကိုသွားညာပါပြီး၊ ပုလွေကိုခေါင်းထဲ* ထည့်လိုက်ရတယ်၊ ညရောက်တော့ သချိုင်းသွားရမယ့်အရေးက အခက်ဆုံး ကိုးကွဲ့၊ အနှောင့်အယှက် အခြောက်အလှန့်တွေကလည်း အင်မတန်များမယ်၊ ကိစ္စမပြီးခင်လည်း ကြောက်လန့်ပြီးထွက်မပြေးရဘူး။ ပုလွေလုယူလာတဲ့အခါ လည်း ခြောက်လှန့်အသံပေးပေတဲ့ ပြန်လှည့်မကြည့်ရဘူးတဲ့. . .

အဲဒီတော့ ငါနဲ့ဆရာစဖြိုးနဲ့ နှစ်ယောက်ထဲမသွားဝံ့ဘဲကိုး၊ ဒါကြောင့် မင်းကလည်း သတ္တိကောင်း ခပ်မိုက်မိုက် ခပ်ရွတ်ရွတ် အကောင်ဆိုတော့ အားကိုးရရဲ့ဆိုပြီး မင်းကို အဲ ဒီညက ဂဇော်အဝတိုက်ပြီး အဖော်ခေါ်သွား တာပေါ့၊ ဟို ရောက်တော့လည်း ပုလွေပြန်ရဖို့ နေနေသာသာ ဘိုးထွန်းကြီး အလောင်းထထိုင်ခါရှိသေးတယ်၊ ဘေးက ဝိုင်းခြောက်တဲ့ သရဲကောင်တွေနဲ့ ပြူးကြောင်ကြောင် ကျီးတီးကျက်တက်ကြည့်နေတဲ့ လူသေမျက်ခွက်ကြီးမြင်တာ နဲ့ ဆရာငနဲဟာ တစ်ခါတည်း ဟန်ပျက်နေတော့ တို့နှစ်ယောက်လည်း ကြောက် ချေးတွေပါကုန်တာပဲ။

နောက်ပြီး တပည့်တွေလန့်တာကို အားရှိလောက်အောင် လုပ်ပေးရ မှာကို မပေးဘဲနဲ့ ဆရာလုပ်တဲ့လူကစပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျ အောင်ပြေးလိုက်တာ ခွေးမသားဆရာ၊ ဒင့်သာအားကိုးနေရရင် ငါတို့နှစ် ယောက်သား သရဲတွေဝါးစားပြီး အရိုးတခြား၊ အသားတခြား ဖြစ်သွားလို့ ခုနေ ဘယ်ဘဝရောက်မှန်းမသိဘူးရှိလိမ့်မယ်၊ ကိုယ့်ခြေထောက်ကိုယ် အားကိုး ပြေးနိုင်ကြပေလို့သာပေါ့ကွာ၊ ဒီဆရာမျိုးများတော့ တန်ပါကိုယ်တော် ဆယ်ထပ် ဆလံပါပဲ”

“ငါ့လခွေး ဒီတုန်းကများ ဂဇော်သောက်ရတာနဲ့မှ မကာမိပါဘူးကွာ၊ ပြေးလိုက်ရတာ ဖတ်ဖတ်ကိုမောလို့ ဒါနဲ့ အဲဒီဆရာကော မင်းနဲ့ နောက်ထပ် တွေ့ကြသေးလား”

"ဘယ်တွေ့တော့မှာတုံးကွ၊ ခွေးသားကြီးက သူ့ဆေးလွယ် အိတ်ထဲမှာ ငါ့ဆီကရထားတဲ့ငွေတွေရော၊ သူ့လုံချည် အင်္ကျီနဲ့စောင် ကလေးရော၊ တစ်ခါတည်းလုံးထွေးထည့်ထားတာ ဒီလွယ်အိတ်ကလည်း သူ့ပခုံးက ဘယ်တော့မှ မချတော့ တစ်ပါတည်း ပြေးပြေး လစ်လစ် လစ်သွားတာပဲကွ၊ ခုနေ ဘယ်အရပ်မှာ ငါ့လိုအမဲမျိုးနဲ့တွေ့ပြီး ဘယ်နည်းဘယ်ပုံ ကလိန်ခြုံကျနေတယ်ဆိုတာ မပြောတတ်ဘူး"

"မင်းတော့၊ ဖတ်ဖတ်မောတဲ့ကျန်ရစ်ပေါ့ကွာ၊ ဒီလိုအသက် ဆံဖျားစွန့်စားလည်းကြုံရသေး မယ်သစ်ကလည်း အောင်ဘန်းနောက် ကောက်ကောက်ပါအောင် လိုက်ပြေးသေး" ကုန်သေးတယ်။ ကြုံဆွေးဗျာ 'ဒုက္ခယ်'ဆိုတာလိုပေါ့ ဟီး . . ဟီး"

"ကြုံသေးတယ်ပါကွာ မင့်ဟာက ပြောင်းပြန်ကြီး ဒါနဲ့ မယ်သစ်ကလေးဟာလည်း လူပေါင်းမှားတာပါပဲကွာ၊ အခုတော့ အောင်ဘန်းကလည်း မြို့ဆန်ဆန် အင်္ဂလိပ်ကျောင်းထွက်ဆိုတော့ သူ့လို တောသူကို အတည်တကျ မယူဘဲနဲ့ မြို့ကမိန်းမတစ်ယောက်နောက် ကောက်ကောက်ပါသွားပြန်ပြီ၊ ငတိမ ခါးကော့ရတာ အဖတ်တင်ကျန်ရစ်တာပဲ၊ ငါလည်းနည်းနည်းတော့ သနားမိပါရဲ့ကွာ၊ ဒါပေတဲ့ သူ့ကိုဆုံးရှုံးတဲ့ နေ့ကစပြီး ငါလည်းစိတ်ညစ်ညစ်နဲ့ ထိုးချင်၊ ကြိတ်ချင်၊ ရိုက်ချင်၊ နှက်ချင်နဲ့ စိတ်မိုက်တွေဝင်လာတာ ဟိုလူ့လျှောက်ရမ်း, ဒီလူ့လျှောက်ရမ်းနဲ့ လုပ်လာခဲ့လို့ ခုတော့ ငါ့စိတ်တွေလည်း ခပ်ကြမ်းကြမ်းဖြစ်လာတယ်၊ ငါ့စိတ်ထဲမယ် ချစ်ချင်ကြိုက်ချင်၊ မိန်းမလိုချင်တဲ့ စိတ်တွေ မရှိတော့ဘဲ ပီယဘက်မှာလိုက်စားခဲ့တဲ့စိတ်က ဘယ်ဆီ ဘယ်လို ခြေဦးလှည့်လာတယ် မဆိုနိုင်ဘူး။ ကာယသိဒ္ဓိတို့ဘာတို့ကို အတော်စိတ်ဝင်စားနေတယ်၊ ဒါနဲ့ ဟိုတလောက အေးရွာကို ကိစ္စတစ်ခုရှိလို့ သွားရင်းနဲ့ နဂါးပေါက်က ဆရာကြီးဦးထွန်းဝင်းနဲ့ တွေ့ခဲ့တယ်၊ ဒီဆရာကြီးကတော့ တကယ့်ကို ပညာကြီးတဲ့ဆရာကြီးပါပဲကွယ်၊ ငါတော့ ခုမှပဲ၊ တကယ့်ဆရာကောင်း သမားကောင်း၊ အစစ်အမှန်နဲ့ လာတွေ့ရတာကွ"

"အင်း လာလာချည်သေး တွေ့ခဲ့ပြန်ပြီပေါ့လေ၊ ဘယ်လို ဖြီးလိုက်လို့ မင်းကကောဘယ်လောက် ပူဇော်ခဲ့ရသေးသလဲ"

"ဟော့ ကောင်ရ မင်းဒီလိုအရမ်း အရမ်းမပြောလိုက်နဲ့ကွာ၊ ဟိုက အကြားအမြင်ပေါက်နေသလောက်စွမ်းနေတာ နတ်တွေ၊ သရဲတွေ၊ စုန်းတွေ မှန်သမျှ သူ့အစေအပါးတွေချည်းပဲ ဘယ်အရပ်က ဘယ်သူ ဘာပြောနေတယ် ဆိုတာ သူ့နားနားကိုအမြဲလာပြီး ပြောနေကြရတယ်။ နောက်ပြီးတော့ အရင် ဆရာဖြီးလို ငွေတွေဘာတွေလည်း တစ်ပြားတစ်ချပ်မှယူတာမဟုတ်ဘူး"

"ဩော် ငွေမယူဘဲကိုး ဒီလိုတော့ ယုံကြည်စရာပေါ့ ဒါပေတဲ့ ငွေမယူရင် ဒိပြင်ဘာများကော ယူသေးသလဲ"

"*ဘာဆိုဘာမှမယူဘူး၊ ငါက ဘုရားမီးပူဇော်ဖို့ ဖယောင်းတိုင်* ကလေးဝယ်ပေးတာတောင် လက်မခံလို့ ပြန်ယူလာရတယ်ဆရာ"

"ဒါဖြင့် ရွှေဖြစ်ငွေဖြစ်နည်းနဲ့ ဆွယ်ပြီး အနင့်အပြဲတွယ်သွားချင်လို့ အယုံသွင်းတာနဲ့ တူသကွ"

"ဟ ကောင်ရ ဒီလိုလည်းနည်းနည်းမှ အထင်မမှားနဲ့ ရွှေဖြစ် ငွေဖြစ် နည်းအကြောင်း စကားစပ်တောင် မပြောဘူး၊ လုပ်လည်းမလုပ်ပါဘူး၊ ဒီဆရာ ကြီးဝါသနာက ကာယသိဒ္ဓိ သက်သက်လိုက်စားအားပေး လာတာ၊ ထုံးမန်းတို့ တစ်ပွဲတိုးတို့ တုတ်ပြီး၊ ဓားပြီး၊ သေနတ်မီးမကူးတဲ့ဟာတွေဆိုတာလည်း နည်း ပေါင်းထောင်သောင်းထဲက အကောင်းတကာ့ အကောင်းဆုံးတွေမှ လက်ရွေးစင် ထုတ်တာ၊ အဲဒီနည်းတွေဟာ အရင်သာယာဝတီ ဂဠုန်အရေးကိစ္စတုန်းက လည်း အတော်အသုံးချဖူးတဲ့ ပွဲတွေ့အစမ်းခံတွေဆိုပဲ၊ နောက် အခု သူစမ်းသပ် အောင်မြင်နေတဲ့ နည်းကောင်းတွေလည်း ရှိသေးသတဲ့ တခြားနည်းတွေရှိ သေးတာကိုလည်း စမ်းသပ်ဖို့ အများကြီးရှိသေးတယ်တဲ့ . . .

အဲဒီနည်းတွေထဲမှာ ကိုယ်ပျောက်တဲ့နည်း ခုနစ်လံအမြင့်ကို လွှားခနဲ ခုန်နိုင်တဲ့နည်း၊ မိုးပေါ်ပျံနေတဲ့ငှက်ကို အောက်ကနေ လက်ညှိုး ထိုးလိုက်ရုံနဲ့ ဖုတ်ခနဲ မြေပေါ်ကျလာရတဲ့နည်းတွေကို တစ်ဝက်တစ်ပျက် အောင်မြင်နေပြီ၊ လုံးလုံးကြီး အောင်မြင် အထမြောက်သွားဖို့ရာ စမ်းသပ်အသုံးချဖို့သာလိုတော့

တယ်။ အသုံးချရမှာကလည်း ကာယဗလ ဉာဏဗလထက်မြက်ပြီး သတ္တိလည်း ကောင်း ဆရာ့အပေါ်မှာလည်း သစ္စာစောင့်မယ့် တကယ့်အဖိုးတန် တပည့် ကောင်းများကိုရမှ သူ့နည်းကို စမ်းသပ်လို့ဖြစ်မှာတဲ့ကွ၊ စမ်းသပ်တယ်ဆိုတာ လည်း တခြားဆေးတွေလို ဆေးအဖြစ်ဝါးအဖြစ်နဲ့ ဆောင်ထားရမှာမဟုတ်ဘူး၊ သူ့နည်းကိုစမ်းသပ် ခံရတဲ့တပည့်ကိုယ်ထဲမှာ တစ်ခါတည်းထည့်ပေးလိုက်ရမှာ အပေးခံရတဲ့ အကောင်တော့ကော်တာပဲ၊ ဘုန်းကံပါရမီရှိရင် ဘုရင်တောင်မှ ဖြစ်နိုင်သတဲ့ မဖြစ်ဘဲခံနိုင်ပါ့မလားကွ၊ လူစင်စစ်က ကိုယ်ပျောက်တတ်မယ်၊ ခုနစ်လံအမြင့်ကိုခုန်နိုင်မယ်၊ သေနတ်အမြောက်မီးမကူးဘူး၊ ဓားတို့ တုတ်တို့ လည်း ပြီးတယ်ဆိုရင် ဘာလိုသေးလဲ၊ ကုန်ကုန်ပြောလိုက်မယ်ကွာ၊ ငါတို့အခု ဆူပွက်နေတဲ့ လွပ်လပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး ဗမာပြည်လွတ်လပ်ရေးပေးမယ် ဆိုရင် တို့ကိုအုပ်စိုးနေတဲ့အင်္ဂလိပ်ဘက်ကနေပြီး ဟစ်တလာကို သွားသတ် ပေးနိုင်မှာပေါ့ကွ”

“ဒါတွေက တကယ်ဖြစ်နိုင်တာလား၊ စိတ်ကူးယဉ်ယဉ်နဲ့ ဘိန်းစား တွေး တွေးပြောလိုက်တာတွေလားကွာ၊ နို့ပြီးတော့ ဂျာမနီက လေယာဉ် ပျံနဲ့လာပြီး ဗုံးကြဲရင်ကောကွာ၊ ကိုယ်ပျောက်တဲ့ဆရာက ဘယ့်နှယ်လုပ်ပြီး တိုင်းသူပြည်သားတွေကို ကာကွယ်မတုံးလို့ လူစင်စစ်က ဆင်ဖြစ်မှန်းမသိတဲ့ ဓာတ်ပုံထဲမှာ ငါမြင်ဖူးတဲ့ ဓာတ်ငွေ့ကာ မျက်နှာဖုံးတို့, ဘာတို့ကော မင်းရှာပေး နိုင်ပါ့မလား၊ ဗုံးပြီးဆေး ဓာတ်ငွေ့ပြီးဆေးတော့ ဘယ်လိုစီရင်မလဲ ပြောပါဦး”

“ဟ ကောင်ရ၊ မင်းမလဲ တယ်အ တာကိုးကွ ဗုံးကြဲတယ်ဆိုတာက လေယာဉ်ပျံနဲ့ဗုံးတွေတင်လာပြီး ကောင်းကင်ကနေကြဲချရတာ၊ ဆရာ့နည်းထဲမှာ ကောင်းကင်မှာ သူ့ဖာသာသူပျံနေတဲ့ငှက်ကိုတောင် လက်ညှိုးထိုးချလိုက်ရုံနဲ့ မြေပေါ်ဖုတ်ခနဲ ကျလာရပါတယ်ဆိုမှ အဝိဉာဏက အသက်မရှိတဲ့ စက်နဲ့ လုပ်ထားတဲ့ မင့်ပထွေးဂျာမနီရဲ့ သောက်လေယာဉ်ပျံကော ဘာကောင်မို့ ခံနိုင်မှာလဲ၊ လေယာဉ်ပျံတွေ ပျံလာသံကြားတယ်ဆိုကထဲက ထွက်ကြည့်ပြီး လက်ညှိုးထိုးချလိုက်ရင် မီးဟုန်းဟုန်းတောက်ပြီး ကောင်းကင်က ဖောက်ထိုး မိုးမျှော်ကျလာမှာပေါ့ လေယာဉ်ပျံပစ်အမြောက်တွေဘာတွေနဲ့ ပစ်နေရတာမှ

ပိုက်ဆံကုန်သေးတယ်၊ နို့ . . ပြီးတော့ သိပ်အမြင့်ကြီးက ပျံလာရင်လည်း အမြှောက်နဲ့ ပစ်လို့မမှန်ဘူးကွ”

“ဒါဖြင့် ဒီအတတ်နဲ့ ဒီအစိုးရကိုမျက်နှာလုပ်ပြီး ဂျာမနီကို မင်းက တိုက်ပေးမယ်ဆိုပါတော့”

“ငါက မျက်နှာလိုအားရလုပ်ဖို့ မဟုတ်ပါဘူး၊ တကယ်လို့ တို့ဗမာ ပြည်ကို ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်အစိုးရနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးမယ်ဆိုရင် လုပ်ပေးနိုင်တယ်လို့ ဥပမာပြောတာပါ”

“လွတ်လပ်ရေးပေးပြီး ကိုယ့်အစိုးရဖြစ်တော့၊ မင်းက နန်းရင်းဝန် လုပ်မယ်ဆိုပါတော့၊ မင်းလို တောသားဘာရမလဲကွာ၊ တကယ်လွပ်လပ် ရေးပေးပါပြီတဲ့ ခုအော်နေကြတဲ့ ကလိမ်ကောင်၊ ဂွကောင်၊ နေအေး လက်သစ် တွေပဲ ဝိုင်းစားနေကြမှာပဲ၊ ဒါအတူတူတော့ . . ခုလိုနေတာက ခံသာသေး တယ်ထင်တယ်”

“အံမာ မင်းကဘာတုံး ဆယ်အိမ်ခေါင်းတူမို့ အစိုးရအမှုထမ်းသွေးပါ ပြီး ဒီမိုကရေစီနည်းနဲ့ ကျွန်သက်ရှည်အောင် လုပ်နေချင်ပြန်သလား၊ ငါလည်း တောသားပေတဲ့ နားလည်ပါတယ်ကွ”

“ဟား ဟား ဟား မအေပေးနှယ်ကွာ၊ ဆရာ့အကြောင်း ပြောရာက ဘယ်ကလာပြီး ဒီမိုကရေစီတွေ လွပ်လပ်ရေးတွေရောက်လာ မှန်းမသိပါဘူး၊ ငါ့နှယ်ပြောရတာ လျှာယားလိုက်တာ၊ ကဲ တော်ကွာ ဒါတွေအသာ(ဝ)ထားစမ်း၊ မင်းကိုဆရာက ဒီနည်းစမ်းသပ်ဖို့ ပြောတယ်ဆိုပါတော့ ဟုတ်စ၊ ဒါကြောင့် ငါ့ကိုအဖော်စပ်သလား၊ မဖြစ်တာ ဖြစ်တာအပထား ငါလည်းနည်းနည်းတော့ ဝမ်းပါးလာသလိုလို နောက်ဆုံး မကြော်ရလည်း ဆီပုလင်းထဲပြန်ထည့်လိုက်ရုံ ပေါ့ကွာ၊ ဆရာက စမ်းသပ်ချင်သပဆိုရင် စမ်းပါစေလား”

“အေးပါ . . ငါလည်းဒါပြောမလို့ပါပဲ၊ ဆရာကြီးက ငါ့ကိုအတော် သဘောကျနေတယ်၊ သူလိုချင်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံနေတယ်၊ ငါ့ဇာတာစန်းလက်ကိုတွက်ကြည့်တော့လည်း တစ်ခုခုဖြစ်ချင်ရင် ထူးထူးချွန်ချွန်

ကြီးကို ဖြစ်လိမ့်မယ်တဲ့၊ ဒါနဲ့ ငါကလည်းဆရာ့အပေါ်မှာ ဘယ်အခါမှ သစ္စာမဖောက်ပါဘူး၊ ကျွန်တော် အောင်မြင်စွမ်းဆောင်နိုင်ပြီး နောက်လည်း ဆရာသဘောမတူခဲ့ဘဲ ဆရာ့ကိုအခွင့်မပန်ဘဲ ဘာအလုပ်တစ်ခုကိုမှ မလုပ်ပါဘူးဆိုတာ သစ္စာရေသောက်ထားပြီ၊ ဒီတော့မကြာမီပဲ ငါ့ကိုစမ်းသပ်တော့မယ်၊ မစမ်းသပ်ခင် အရေးအကြီးဆုံး ပထမလှေကားထစ်တစ်ထစ်ရှိတယ်၊ အဲဒီလှေကားထစ်ဟာ တခြားတော့မဟုတ်ဘူး၊ ငါ့ကို ပေါ်ရိသာဒမှော်ကို တစ်မျိုးနည်းနဲ့ စီရင်ပြီး မှော်သွင်းရမယ်တဲ့၊ ဒီမှော်အောင်ပြီးမှ ခုနင်ကပြောတဲ့ စမ်းသပ်စရာနည်းတွေကို အပြီးအစီး လွယ်လင့်တကူလုပ်နိုင်မှာပဲတဲ့. . .

အရင်လည်း ဆရာကြီးမှာ စိတ်တိုင်းကျတဲ့တပည့်တွေ အတော်ပဲတွေ့ခဲ့ရဖူးတယ်၊ ဒါပေတဲ့ အဲဒီမှော်ကိုသွင်းလိုက်တဲ့အခါ သူတို့က သတ္တိနည်းလို့ ပျက်ရ အနှောင့်အယှက်အဖျက်အဆီးတွေကြောင့် ပျက်ရ သစ္စာမရှိလို့ မှော်ပေါက်ပြီးပျက်ရနဲ့ အမျိုးမျိုးနဲ့ပျက်စီးသွားကြလို့ ဒုတိယစမ်းသပ်ရမယ့် အဆင့်အတန်းကိုမရောက်ခင် အောင်မြေလှေကားထစ်ကြီးက လိမ့်လိမ့်ကျကုန်ကြတာပဲတဲ့ကွ၊ ငါတော့ဘာပဲဖြစ်ဖြစ် ဒီလိုအနှောင့်အယှက်တွေကို ကျော်နင်းပြီး ကိစ္စပြီးအောင် ကြိတ်မှာပဲ၊ အဲဒါကြောင့် ငါ့အလုပ်ထဲမှာ မင်းဝင်ပြီး ကူညီစောင့်ရှောက်ပါလို့ ပြောချင်တယ်၊ အရင်တစ်ခါလိုရှော်သွားမယ့် ဆရာမျိုး မဟုတ်ဘူးကွနော်၊ တကယ့်တကယ်စွမ်းတဲ့ ဆရာကြီးဟေ့၊ ကိစ္စချောချောမောမောနဲ့ အောင်မြင်သွားမယ်ဆိုရင် ဆရာကြီးရော၊ ငါရော၊ မင်းရော၊ အို ငါတို့ဗမာပြည်ကြီးတစ်ပြည်လုံးရောဆိုတာလို သိပ်အကျိုးကျေးဇူးများအောင် အသုံးချပစ်လိုက်မယ်"

"အော် ဒါဖြင့် နိပ်တယ်ကွာ ကြိတ်သာကြိတ်ပေတော့၊ ငါလည်း ကူညီစောင့်ရှောက်ပါမယ်၊ ဒါနဲ့ အဲဒီဆရာကြီးက ဘယ်မှာလဲကွ"

"ရွာဦးက ဘုန်းကြီးဦးခေမာကျောင်းမှာ ခဏတည်းခိုနေတယ်၊ ဒီရွာကိုရောက်လာတာလည်း ငါ့ကို အေးရွာမှာတုန်းက သစ္စာရေတိုက် လွှတ်လိုက်ပြီး လေးဆယ့်ငါးရက်ရှိလို့ အချိန်းအချက်အတိုင်း ငါ့ကိုမှော် သွင်းပေးလိုက်ဖို့

လိုက်လာတာ ငါကလွဲလို့ ဘယ်သူမှဆရာမှန်းမသိဘူး၊ ရွာဦးဘုန်းကြီး ဦးခေမာ ကိုယ်တိုင်လည်း ဆရာမှန်းမသိဘူး၊ ခရီးသွား အာဂန္တု အဘိုးကြီးတစ်ယောက် အဖြစ်နဲ့ တည်းခိုနေတာပဲ"

"ဒါဖြင့်လာကွာ သွားကြည့်ရအောင်"

"အို သွားလို့မဖြစ်ဘူးကွ၊ ငါ့ကိုမလာရဘူးလို့ မှာထားတယ်၊ သူအရှာ ခိုင်းထားတဲ့ ပစ္စည်းတစ်ခုရမှလာရမယ်တဲ့၊ လာရင်လည်း ညကို လာရမယ်၊ ငါလာတယ်ဆိုရင် ဆရာလည်းအဆင်သင့်လိုက်လာပြီး ညတွင်းချင်း မော်သွင်း ပေးမှာပဲ"

"ဘာကို အရှာခိုင်းသလဲ၊ ဒါဖြင့်လည်း မြန်မြန်ရအောင် ရှာပေး လိုက်တာပေါ့ကွ"

"အဲဒါကြောင့် ဒီကနေ့ ဗျာများပြီး ပြေးလွှားကြံစည်နေရတာ ပေါ့ကွ၊ မင်းကလည်း ခုနင်က လှမ်းခေါ်လိုက်တော့ အဆင်သင့်ပဲ၊ ငါ့ကိစ္စအကူ အညီခေါ်ဖို့ သတိရလာတယ်၊ ဒါထက် ဆရာကြီးအလိုရှိတဲ့ ပစ္စည်းဟာ ဒီနေ့ရလိမ့်မယ်ကွ၊ သို့ပေမယ့် ယူဖို့ကအတော်ခဲယဉ်းနေကယ်"

"ဆိုစမ်းပါဦးကွာ၊ ဘာပစ္စည်းများမို့လဲ"

"တခြားမဟုတ်ဘူးကွ၊ အစိမ်းသေ လတ်လတ်ဆတ်ဆတ်က အသား ခုနစ်တစ်လှီးယူခဲ့ရမှာတဲ့၊ ဒီကနေ့ ရွာထဲက ဘိုးချက်နဲ့စံဦးတို့ ရန်ပွဲမှာ စံဦး ဓားခုတ်ခံရပြီး ပွဲချင်းပြီးသေတယ်မဟုတ်လား၊ အဲဒါ အလောင်းမြေမမြှုပ်ခင် စံဦးရဲ့လက်ရုံးသားကိုရဖို့ သိပ်အရေးကြီးနေတယ်၊ သူ့အဆိုကတော့ကွာ လူရှင် ပကတိရဲ့လက်ရုံးသားကို လှီးယူလာခဲ့နိုင်ရင် သာပြီးဆေးလိုက်တယ်လို့တောင် အဆိုရှိတာကလား အဲဒါကတော့ ခဲယဉ်းသားပဲ"

"နို့-စံဦးအသားကော မရနိုင်သေးဘူးလား"

"ငါလည်း သွားသွားနေတာပဲ လူကမလစ်တော့ ဘယ်လိုလုပ် ယူရမှန်းကိုမသိဘူး၊ မင်းကြံနိုင်ရင်ကြံစမ်းပါဦးကွ၊ သေတာက လင်းအားကြီးက ပုလိပ်တွေ၊ ဘာတွေစစ်ချက်ယူပြီးရင် ညနေစောင်းလောက် ချတော့မှာပဲ

ငါတော့ အကြံကုန်နေပြီ၊ ဒီလိုအခိုက် အလှည့်သင့်တဲ့ အလှည့်မျိုးလည်း တော်တော်နဲ့ရောက်ဖို့ခဲယဉ်းတယ်ကွာ”

“ကဲကွာ . . မင်းဒီမှာစောင့်နေ၊ ငါ့ဉာဏ်နဲ့ငါ စံဦးမယားမိပွေးကို သွားညာလိုက်မယ် ရရောပေ့ါ မင်းစိတ်သာချ စောင့်နေဟော့၊ ဆိုးပေတို့ ကြံရင် ဘာခံနိုင်မလဲ”

ဟု ဆိုကာ ဆိုးပေသည်ပေ့ါပါးသွက်လက်စွာ ရွာလယ်လမ်းမှ ထွက်သွားသောကြောင့် ဘိုးထူးလည်း ဇရပ်ပေါ်တွင်ထိုင်ကာ ဆိုးပေအလာကို စောင့်မျှော်ကာနေလေ၏။

ဘိုးထူး၏စိတ်တွင်ကား အမူးအရူးဖြစ်ကာ မိမိမှော်အောင်လျှင် ဆရာကြီးစမ်းသပ်ရာခံရပြီး တကယ့်လူစွမ်းကောင်းကြီးတစ်ယောက်ဖြစ်ရ တော့မည်ဟု သွေးတကြွကြွနှင့် စိတ်မြူးကြွနေလေတော့၏။ တစ်ခါတစ်ရံ လည်း ဆိုးပေသွားကြံစည်သည်မှာ ဟန်မှဟန်ပါလေမည်လား၊ အကြောင်း မညီညွတ်၍ လက်ရုံးသားကို မယူလိုက်ရဘဲ မသာချသွားပါလျှင်၊ နောင် ယခုကဲ့သို့သော အစိမ်းသေမသာမျိုး တော်တော်နှင့် အခန့်သင့်တွေ့ချင်မှ တွေ့ရမည်ဟု ပူပင်ကြောင့်ကြ မကင်းနိုင်အောင် ရှိနေလေ၏။

ယင်းသို့ အတန်ကြာမျှစောင့်နေလေရာ၊ ညနေ လေးနာရီလောက် တွင် ဆိုးပေသည်အထုပ်ငယ်တစ်ခုကိုကိုင်ကာ သုတ်သီးသုတ်ပြာ ပြုံးရွှင်စွာ ပြန်ရောက်လာသည်တွင်မှ ဘိုးထူးမှာ ဟင်းခနဲ အလုံးကြီးကျသွားတော့သဖြင့်

“ဘယ့်နှယ်လဲဟေ့ သူငယ်ချင်း၊ မျက်နှာကြည့်ရတာတော့ သေချာ ပေါက်ကိစ္စချောလာပြီထင်တယ်”

“ဟောဒီမှာဗျား၊ လက်ရုံးမှကြွက်သားကလေးတွေကို ရွေးလှီးယူခဲ့ တာပဲ ငါကြံလိုက်ရတာဆိုတာမပြောနဲ့ ပုလိပ်တွေမလာခင် မိပွေးကို အရေး တကြီးနှူးရတယ်”

“အေး . . ကျေးဇူးတင်လိုက်လေ သူငယ်ချင်းရာ၊ တော်ပါပေတယ် ဒါနဲ့ မင်းဘယ်လိုလုပ်နှူးတုံးကွ၊ ငါ့ပြောစမ်းပါဦး၊ ဆိုးပေတို့ကတော့ ဒီလိုဖြတ် ထိုးဉာဏ်မျိုးများ ထုတ်ရမယ်ဆို သိပ်တော်တာပဲကွာ”

"ငါနှူးပုံကတော့ တစ်နည်းပဲရှိတာပဲကွာ မိပွေးကို အရေးတကြီး လက်တို့ခေါ်ပြီး နင့်လင်တော့သေပြီ၊ ပုလိပ်တွေလာကြည့်ရင် ဒဏ်ရာသိပ်များမှ နင့်ကိုသနားပြီး တရားခံဘိုးချက်ကို အပြစ်လေးလေးကျအောင် စစ်ချက်ရေး သွားမှာ ဓားနဲ့ခုတ်သတ်တာ၊ ရက်ရက်စက်စက်သတ်ကြောင်း ထင်ရှားအောင် ငါလုပ်ထားမယ်၊ အလောင်းကဒဏ်ရာ ငါကြည့်ပါရစေဆိုတော့ တိတ်တိတ် ကြိတ်ပြတာပဲ၊ အခန့်သင့်ကွာ ဓားခုတ်ရာတွေကလည်း ညာဘက်လက်မောင်း ကစပြီး ပခုံးရော လည်မျိုဆီမှာရော ထပ်နေတာပဲ၊ ဟိုကောင်ကလည်းသေတာ တောင် အငြိုးကြီးကြီးနဲ့ ဆင့်ဆင့်ခုတ်ထားတာကိုး၊ လက်မောင်းမှာ ဒဏ်ရာ သုံးချက်က တစ်လက်မစီလောက်သာ ကွာတယ်။ အသားတွေပြပြတ်ထွက်နေ တာပဲ၊ သွေးရဲရဲနဲ့ အထဲက အမှတ်တမဲ့ဆွဲကော် ထုတ်ယူလိုက်တော့ ဟိုမှာ လည်း ဒဏ်ရာဟာ နက်သည်ထက်နက်သွားတာပေါ့၊ ငါလည်းယူပြီးလို့ ခဏ ကြာတော့ ပုလိပ်တွေမြို့ဘက်ကရောက်လာပြီး စစ်ချက်နဲ့အလောင်း ပုံစံပါယူ ပြူပြီး အလောင်းကိုလည်း လှည်းနဲ့တိုက်ပြီး ဆေးရုံမှာရင်ခွဲဖို့ ယူသွားတယ်ကွ"

"ဒါဖြင့် ကံကောင်းလို့ လက်မတင်ကလေးရလာတာပေါ့နော်။ ဆရာကြီးတော့ အတော်သဘောကျမှာပဲဟေ့"

"နေပါဦးကွ ဒီလူသားကို ဆရာကြီးက ဘာအသုံးချဖို့တဲ့လဲ"

"ဒီလိုလေကွာ ဒီလူသားကို ခုနစ်တစ် တစ်ပြီး သူ့ဆေးဝါး အင်းအိုင် တွေနဲ့ မန္တန်ကျူးစီရင်ပြီး သချိုင်းမှာမျှော်သွားသွင်းရမယ်။ ဆေးစီရင်ထားတဲ့ လူသားခုနစ်တစ်ကိုလည်း ခုနစ်ခါတိတိမျှော်သွင်းရင်း မျိုချရမယ်ကွ"

"ဟင် . . မင့်ဟာကစ္ဆေရာကြီး၊ ပြီးတော့ကော. . ."

"ဒါမှစွမ်းမှာကိုးကွ ပြီးတော့ဒီလိုလူသားကို မကျွေးခင် ငါ့ကို သချိုင်း မှာ တွင်းတူးပြီး မတ်တတ်မြေဖို့ လည်ပင်းကလေးသာဖော်ထားမှာ။ ဆေးစီရင် ထားတဲ့ အစိမ်းသေလက်ဖျံရိုးနဲ့ ငါ့ပါးစပ်ကို ဒေါက်ထောက်ထားမယ်၊ တတ်နိုင် လို့ ဘာကြီးလာတာမြင်မြင် ပါးစပ်ကိုယောင်ပြီး မပိတ်ရဘူးတဲ့။ ဒါတွေကို လွန်သွားမှ ခုနင်ကပြောတဲ့ လူသားခုနစ်တစ်ကို ငါ့ပါးစပ်ထဲ တစ်ခါစီပစ် သွင်းမှာတဲ့ အဲဒီအခါလည်း ပါးစပ်မပိတ်ဘဲ မျိုချရမှာတဲ့ကွ။ ဒါတွေ အောင်

သွားရင် ငါ့ကိုမြေမြှုပ်ထားရာက ဘယ်သူမှ ဆွဲမတင်ဖော်မပေးရဘဲ အလိုလို မြောက်ခနဲ အပေါ်တက်လာရင် မှော်အောင်တာပဲတဲ့ ဆရာစီမံနေတဲ့အတွင်း မှာ နည်းနည်းမှ မလန့်ရ၊ မကြောက်ရဘူး။ ကြောက်လန့်သွားရင် လုပ်ထားသမျှ အကုန်ပျက်စီးသွားမယ်"

"မင်းစိတ်နိုင်ရဲ့လားကွာ တော်တော်ကြာ ဒုက္ခဖြစ်နေပါဦးမယ်"

"နိုင်ပါတယ်ကွာ 'အနာခံမှအသာစံရတယ်'ဆိုတာလိုပဲ။ တကယ့် တကယ် အဖိုးတန်ပညာကို လိုချင်နေမှ ဒါလောက်တော့ ဇွဲကောင်းကောင်းထား ရမှာပေါ့၊ ပြီးတော့ ငါ့စိတ်ကလည်း အခုတလော သွေးပူပြီး သတ္တိအတော် ကောင်းနေတာကွ"

"ကဲ . . ဒါဖြင့်လာကွာ မင့်ဆရာကြီးဆီကို သွားကြစို့။ ဒါနဲ့ ငါပါ လာရင်ကြိုက်ပါ့မလားဟေ့"

"ဒီညအတွက်တော့ အကူအညီအဖော်အဖြစ်နဲ့ သတ္တိကောင်း ကောင်းလူယုံတစ်ယောက် ခေါ်နိုင်ပါတယ်ကွာ။ ဒါပေတဲ့ အခုတော့ သွားလို့ မဖြစ်သေးဘူး။ ည နေဝင်ရီသရောလောက်မှ ကျောင်းအောက်ကနေပြီး အရိပ်အရောင်ပြမှပဲ၊ ဒီတော့ ဆရာကြီး ကျောင်းပေါ်က ဆင်းလာပြီး၊ စီရင် စရာရှိသမျှကို ညဦးယံဘက်မှာ အပြီးအငြိမ်းစီရင် လူခြေတိတ်တော့ သင်္ချိုင်းကို သွားကြရမယ်။ ခုလည်းတယ်မလိုတော့ပါဘူးကွာ နေတောင်ကျနေပါပြီ။ နွားရိုင်းသွင်းချိန်လောက်ကို ဆရာကြီးဆီ သွားမယ်ဟေ့"

ဟု ပြောဆိုတိုင်ပင်ရင်း အချိန်ကို စောင့်စားနေကြလေ၏။

* * *

ထိုနေ့ နေဝင်ဆည်းဆာအချိန်၌ ရွာအနောက်မြောက်ထောင့်ရှိ နတ်ရဲသစ်ပင်ကြီးအောက်တွင် နဂါးပေါက်ဆရာကြီး ဦးထွန်းဝင်း၊ ဘိုးထူး၊ ဆိုးပေတို့သည် စည်းဝိုင်းအတွင်းတွင် ထိုင်ကာ၊ ကန်တော့ပွဲ၊ ဖယောင်း၊ တိုင်၊ အင်းအိုင်လက်ဖွဲ့တို့ကို ရှေ့မှထား၍ လူသားခုနစ်တစ်ကိုလည်း ခေါ်စာခွက် ထဲတွင်ထည့်ကာ သိဒ္ဓိဆရာကြီး ဦးထွန်းဝင်းကိုယ်တိုင် မန္တန်ကျူးခြင်း၊ သိဒ္ဓိ

တင်ခြင်း၊ မော်သက်သွင်းခြင်း စသည်များကို ပြုပြင်စီရင်လျက်ရှိလေရာ၊ ထိုသစ်ပင်ကြီးပေါ်တွင် အခါတိုင်း အိပ်တန်းတက်နေကျဖြစ်သော ကျီး၊ ငှက်၊ ဇရက်စသော သတ္တဝါများမှာ ငြိမ်သက်စွာ မနေနိုင်ဘဲ အကြောင်းမသိ မကြာခဏ တပြုံးပြုံးလန့်ဖျပ်ကာ ပျံပြေးကြခြင်းကြောင့်တစ်ကြောင်း မနီးမဝေး မှောင်မိုက်ထဲမှ ရှည်လျားကြေကွဲစွာ သံရှည်၊ သံညှင်းဆွဲ၍အူကြသော ခွေးအူသံများကြောင့်တစ်ကြောင်း ညဥ့်မှောင်မဲမဲတွင် ယင်မမည်းညည်းရိုင်းကြီးများ တစီစီအော်မြည်ကာ လူသားထည့်ထားသော ခေါင်ခွက်တွင် ဝိုင်းအုံနေကြခြင်း သည်လည်းကောင်း၊ စိတ်မသိုးမသန့်နှင့်အတော်ပင် ကြက်သီးထစရာကောင်း နေလေသည်။

ဆရာကြီးဦးထွန်းဝင်းမှာ မိမိနှင့်ဆိုင်ရာလုပ်ကိုင်စီရင်ဖွယ် ရှိသမျှ တို့ကို စိတ်ပါကိုယ်ရောက် မန်းမှုတ်စီမံနေ၍ တပည့်များအဖြစ် လိုက်ပါလာကြသော ဆိုးပေနှင့်ဘိုးထူးတို့မှာလည်း ကြောက်ရွံ့ထိတ်လန့်စရာဟူသမျှကို အနည်းငယ်မျှသတိမရနိုင်ဘဲ သတ္တိခဲရဲစိတ်သွင်းလျက် စိတ်အားထက်သန်စွာ ဆရာကြီးလုပ်ကိုင်သမျှကို ငြိမ်သက်စွာ စောင့်ကြည့်နေကြလေ၏။

ယင်းသို့ လုပ်ကိုင်စီရင်ရင်းဖြင့်ပင် ညဥ့်နက်မှန်းမသိ နက်လာခဲ့ရာက နောက်ဆုံးတွင်စီရင်ဖွယ်ကိစ္စတွေ ပြီးဆုံးခြင်းသို့ရောက်သောအခါ သန်းခေါင် တိုင်၍လာလေသည်။ ဆရာကြီးဦးထွန်းဝင်းလည်း ဘိုးထူးနှင့် ဆိုးပေတို့အား သယ်ပိုးယူငင်စရာရှိသည်တို့ကိုယူငင်စေလျက် သင်္ချိုင်းရှိရာသို့ ထွက်လာခဲ့ကြ လေ၏။

သင်္ချိုင်းမြေသို့ရောက်ကြလျှင် တိတ်ဆိတ်ငြိမ်သက်ကြောက်မက်ဖွယ် ကောင်းသည်ဟု ရှေးငယ်စဉ်အခါက မှတ်ထင်လာမိကြစေကာမူ ထိုအချိန် ထိုအခါတွင်ကား ကြောက်သည်ဆိုသောစကားကို နားမလည်သောသူများကဲ့သို့ တစ်စုံတစ်ရာထူးခြားခြင်းမရှိခဲ့ကြပေ၊ ဆရာဦးထွန်းဝင်းသည် ဘိုးထူးနှင့် ဆိုးပေတို့အား အသင့်ယူဆောင်လာသောတူးရွင်း ဂေါ်ပြားတို့ဖြင့် သင်္ချိုင်း မြေ၏အလယ်ဗဟိုတည့်တည့်နေရာတစ်ခုတွင် လူတစ်ရပ်စာမျှသော ကျင်း တစ်ခုကို အမြန်တူးစေ၏။ ဘိုးထူးနှင့်ဆိုးပေတို့လည်း တွင်းကိုအမြန်ပြီးစေရန်

စိတ်အားထက်သန်စွာ တူးကြသည်ဖြစ်ရာ သချိုင်းမြေဆိုသည်မှာလည်း မကြာခဏတူးရ ဆွရ မြေလှန်ပစ်ရသောမြေပွများ ဖြစ်သည့်အားလျော်စွာ နာရီဝက်ခန့်မျှမကြာသေးမီပင် လူတစ်ရပ်စာမျှသော တွင်းတစ်ခုတူး၍ပြီးကြလေသည်။

တူးကြရသောမြေမှာလည်း အလောင်းအဟောင်းအသစ်မှုစ၍ မကြာခဏထပ်ကာ ထပ်ကာ မြှုပ်နှံရာ သချိုင်း၏ဗဟိုချက်မဌာန ကောင်းကြီးတစ်ခုဖြစ်သည့်အားလျော်စွာ လူရိုးအဆွေးအမြည့်များသည်လည်းကောင်း၊ ပုပ်ဟောင်ညှီစို့သောအနံ့များနှင့်တကွ မြှုပ်နှံပြီးစ လူသေအလောင်း၏ တစ်ပိုင်းတစ်စ အသားပုပ်၊ အသားဆွေး၊ ပိုးလောက်အထွေးထွေးတို့သည်လည်းကောင်း၊ တူးဆွရာမြေထဲတွင် မကြာခဏပါလာတတ်ခြင်းဖြင့် ဘိုးထူးအားဆိုးပေကမျက်လုံးလှန်ကာ မကြာခဏကြည့်မိလျက် ဒီကောင် ကြောက်ရှာခြင်းဟူ၍ မြူမှုန်ခန့်မျှမရှိဘဲ ဤမျှရွံစဖွယ်ကောင်းသောတွင်းထဲသို့ပင် စိတ်ဇောထက်သန်စွာ ဆင်းချင်လှသောအမူအရာကို တွေ့မြင်ရသောကြောင့် ဘိုးထူးတို့အလုပ်တွင် မည်မျှစိတ်ဝင်စားနေသည်ကို သိရှိနိုင်လေတော့သည်။

သို့နှင့် တွင်းကျင်းများတူးပြီးကြသောအခါ ဆရာကြီးဦးထွန်းဝင်းသည် မှော်သွင်းရမည်ဖြစ်သော တပည့်ချစ်ဘိုးထူးအား မကြောက်တရားများဟော၍ အတန်တန်အထပ်ထပ် အကျယ်တဝင့်သတိပေးပြီးသည့်နောက်ဆုံး၌-

"ကိုင်း ငါ့တပည့်၊ အစစသတိရှိစေနော်၊ ဒီမှော်ဟာ သာမည မှော်မျိုးမဟုတ်ဘူးကွဲ့. 'လူသားစားမှော်၊ ကဝေမှော်၊ ပေါရိသာဒမှော်' ဆိုတဲ့ မှော်ကြီးသုံးမျိုးရဲ့ အဆီအနှစ်ကိုထုတ်ပြီး အကောင်းဆုံးနည်းနှင့် စီရင်ဖန်တီးထားရတဲ့ ဘကယ့်မှော်ကြီးကွဲ့. ဒီမှော်အောင်ရင် ဘယ်လောက်အဖိုးတန်တယ်ဆိုတာလည်း ငါ့တပည့်သိပြီးပဲ ဒီတော့ သတ္တိမနည်းစေနဲ့ကွဲ့နော်၊ ဟောဒီကမင်းအဖော်တစ်ယောက်လုံးလည်း ပါသေးတယ်။ ဟေ့ မောင်ဘသူ ဆိုးပေတဲ့ဟုတ်လား၊ အေး အေး မင်းကလည်း ငါ့တပည့်အားမငယ်ရအောင် သူ့နောက်တည့်တည့်ကထိုင်ပြီး ခေါင်းကိုကိုင်ပေးထားကွဲ့နော်၊ နို့ပြီးတော့ မင်းကလည်း လန့်ပြီး အော် မပြေးနဲ့ဦး ကြောက်စရာကောင်းတာတွေတော့ မြင်ရလိမ့်မဟော့၊

ဒါပေမယ့် မင်းတို့လည်းသတ္တိခဲတွေပဲ နောင်အကျိုးရှိမယ့်အရေးကို မျှော်တွေးပြီး ရဲသွေး, ရဲမာန်သွင်းကြပါ။ ဒီဟာတွေဟာ နာနာဘာဝတွေပဲ၊ ငါတို့ကို ဘာမှ မလုပ်နိုင်ဘူး။ ငါတို့ရဲ့ လိပ်ပြာငယ်အောင် ကြောက်လန့်အောင်သာ မျက်မြင် အာရုံပြပြီးဖျက်ဆီးကြတာ ငါတို့မကြောက်ဘဲ ရဲစိတ်မွေးထားနိုင်မှ အဖိုးတန် မှော်ကြီးကို ပြီးစီးအောင်မြင်မယ်ဆိုတဲ့ ဖွဲ့နဲ့၊ အားခဲထားကြပေတော့နော်"

ဟု မှာထားသောအခါ ဘိုးထူးရောဆိုးပေပါ ရှေးအခါကထက် ဆယ်ဆတံပိုး တိုးတက်စိတ်ကြွပြီး ဆရာကြီးအား . . .

"စိတ်ချပါဆရာ၊ ကျွန်တော်တို့ဖွဲ့ကြီးကြီး သတ္တိကောင်းကောင်း ခေါင်း မာမာနဲ့ ရဲစိတ်သွင်းပြီး ဘေးရန်လွတ်လွတ်ရှင်းရှင်း အောင်မြင် ထမြောက်သွား အောင် ကြိုးစားပါမယ်"

ဟု ရဲရဲဝံ့ဝံ့ မကြောက်မရွံ့ စွန့်စွန့်စားစား မျက်နှာထားတွေနှင့် ကိုယ်စီ ကိုယ်ငှ တာဝန်ကျနှင့်လှလှကြီး အာမခံကြလေလျှင် ဆရာကြီး ဦးထွန်းဝင်း လည်း ကျေနပ်ခြင်းကြီးမက ကျေနပ်သွားကာ ဘိုးထူးအား အဆောင်လက်ဖွဲ့ အင်းများချည်နှောင်ပေးခြင်း၊ ပြာချထားသော အင်းများကိုတိုက်ခြင်း၊ အင်းခ မောက်၊ အင်းစလွယ်၊ အင်းခါးပတ်များ တပ်ဆင်ပေးခြင်းစသော အကာ အကွယ် အဆောင်အယောင်များကို ပြုပြင်စီရင်ပြီးလျှင် တွင်းအောက်မြေပေါ် မှာလည်း မှိုင်းခံစက္ကူဖြင့် စီရင်ထားသော ဆန်ကောငယ်တမျှရှိသည့် အင်းကြီး ခုနစ်ချပ်ကို ခင်းပြီးမှ ဘိုးထူးအား တွင်းထဲသို့ဆင်း၍ မတ်တပ်ရပ်နေစေလျက် မြေများကို မေးဖျားကလေးမျှသာ ဖော်ထားစေကာ ကျပ်ကျပ်တည်းတည်း ဖို့ထားလိုက်လေလျှင် ဘိုးထူးမှာ သချိုင်းမြေပေါ်တွင် ခေါင်းကလေးမျှသာ ဖော်လျက် အရှင်လတ်လတ်မြေမြှုပ်ခံရဘိသကဲ့သို့ ဖြစ်နေလေသည်။

ထို့နောက် ဆရာကြီးသည် ဆိုးပေအား ကိစ္စပြီး၍ ဘိုးထူးမြေတွင်းထဲမှ အလိုအလျောက် ခုန်ထွက်လာသည်နှင့် တပြိုင်တည်း လက်မလွတ်အောင် မိမိရရကြီးအတင်းဖမ်းဆွဲထားရမည်၊ လွတ်သွားလျှင် ဒုက္ခဖြစ်သွားလိမ့်မည်ဟု အရေးတကြီးမှာထားလေသည်။ ဘိုးထူးကို ဖမ်းဆွဲထားပြီးနောက် ဆေးလက် ထိပ်ဟု ဆိုအပ်သော ခြေမန်းကွင်းများကို ခြေရောလက်ပါ လျင်မြန်စွာစွပ်ပေး

ပြီး ခုနစ်ရက်တိတိ သတိနှင့် ခြေမန်းကွင်းများ မကျွတ်အောင်စောင့်ရှောက်ထား ရန် ခုနစ်ရက်စေ့လျှင် ခြေမန်းကွင်းများ ဖြုတ်ပေးရန် မှာထားလေရာ ဆိုးပေ လည်း ကောင်းစွာ မှတ်သားထားလေ၏။

ထို့နောက် ဆရာကြီးသည် ဘိုးထူး၏ပါးစပ်ကို ဆေးစီရင်ထားသည့် အစိမ်းသေလက်ဖျံရိုးနှင့်ထောက်ကာ ဟထားပြီး ပါးစပ်ထဲသို့ ဘယ်အရာကြီး လိမ့်ဝင်လာလာ ယောင်၍မပိတ်လိုက်မိစေရန် ထပ်ကာ ထပ်ကာမှာထားလျက် ဆိုးပေအားလည်း ဘိုးထူးခေါင်းကို နောက်မှ ထိုင်၍ ထိန်းကိုင်ထားစေရန် မှာကြားပြီးလျှင် ထိုအနီးတွင်ထိုင်ကာ ဆေးဖယောင်းတိုင်ထွန်းခြင်း၊ ဂါထာမန္တန် မန်းခြင်း ဆေးကြိမ်လုံးဖြင့် ရိုက်ခတ်အမိန့်ပြန်နေခြင်းတို့ဖြင့် အတန်ကြာအချိန် ကုန်အောင် စီရင်နေပြန်ရာ တိတ်ဆိတ်ငြိမ်သက်သော သချိုင်းထက်ဝန်းကျင် အရပ်မှာ အကြောင်းမဲ့သောသောရုတ်ရုတ် အုတ်အုတ်သောင်းသောင်း အသံကြီးတွေ ဆူညံလာလေတော့သည်။

ဆိုးပေကား ထိုအသံတွေကို ကြားရစေကာမူ အနည်းငယ်မျှ ကြက်သီးမထ၊ ဘိုးထူးမည်သို့ရှိသည်သိလို၍ ကြည့်လိုက်သောအခါမှာလည်း ဘိုးထူးမှာမျက်စိကိုစုံမှိတ်ကာ ပါးစပ်ကို ဖွဲကောင်းကောင်းနှင့် ဟလျက်ရှိသည် ကို တွေ့ရသောကြောင့် ငါ့အကောင်အတော်သတ္တိကောင်းနေပါကလားဟု စိတ်ထဲကကြိတ်ကာ အတော်ပင် ချီးမွမ်းလိုက်မိ လေ၏။

သို့နှင့်ခဏကြာလျှင် ဆရာကြီးသည်ခေါ်ခွက်ထဲမှ အသီးသီးသော ဆေးတို့ဖြင့် စီရင်ထားသောလူသားခုနစ်တုံးအနက်မှ ပထမတစ်တုံးကိုယူကာ ဟထားသော ဘိုးထူး၏ပါးစပ်ထဲသို့ ပစ်သွင်းလိုက်ပြီး အာခေါင်ထဲသို့ ကျသွားစေရန် ဆေးကြိမ်နှင့်ထပ်၍ ထိုးသွင်းလိုက်ရာ ဘိုးထူးလည်း နှစ်ချိုက် စွာလည်ချောင်းတွင်းသို့မကျမခြင်း မျိုချလိုက်လေလျှင် ခေါင်းကိုထိန်းကိုင် ထားသော ဆိုးပေမှာ အလိုလိုနေရင်း အော်ဂလီဆန်ပြီး ပျို့ချင်အန်ချင်ဖြစ်လာ မိလေ၏။

ဆရာကြီးလည်း ဘိုးထူးလူသားတစ်တုံးမျိုမိပြီးနောက် ဒုတိယအကြိမ် ဂါထာမန္တန်များမန်းမှုတ်ရွတ်ဖတ်ကာ နေပြန်လေ၏။ ဘိုးထူး လူသားတစ်တုံး

စားပြီးသော အချိန်ကစ၍လည်း သချိုင်းတစ်ခုလုံးမှာ အုံးအုံးဆူပွက်တစ်ခဲနက်သော အသံကြီးများ ဖြစ်ပေါ်ကာ၊ ယခင်ကထက် ကြမ်းလာပြီး အနီးပတ်ဝန်းကျင်အရပ်တို့မှာလည်း မည်းမည်းနက်နက် အကောင်အထည်ကြီးတွေ ရိပ်ခနဲရှဲခနဲ ဖြတ်သန်းသွားလာနေကြသည်ကို တွေ့မြင်ရလေ၏။

ဆရာကြီး မန္တန်ကျူးနေသောအခါမူကား အနီးတွင် ဖြတ်သန်းသွားနေကြသောအရိပ်ကြီးများအပြင်၊ ဝေးဝေးမှ နီနီရဲရဲ မည်းမည်းနက်နက်စသော အထူးထူးသော အဆင်းသဏ္ဍာန်ကြီးများဖြင့် ပုတ်ကြီးတမျှ ကြီးမားသော ခေါင်းပြတ်ကြီးတွေ တစ်ခုပြီးတစ်ခု အဆက်မပြတ်လိမ့်လာနေသည်ဟု ထင်ရလျက် ဘိုးထူးအနီးသို့ ရောက်သောအခါမူကား ပိုးလောက်တဖွားဖွားနှင့် ပုတ်ဟောင်ညှီစို့သော အသားတစ် အသားတုံးကြီးများဖြစ်ပြီး၊ ဘိုးထူး၏ ပါးစပ်တွင်းသို့ ဝင်တော့မည်ကဲ့သို့ တယွယွရှိလေသည်။ ဘိုးထူးကား ပါးစပ်ကို မပိတ်ဘဲ မျက်စိကိုစုံမှိတ်၍ ကြိတ်ကာနေသည်ကို အနီးမှထိုင်ကာ နေရသူဆိုးပေမှာ စိတ်ထဲက အတော်ချီးမွမ်းမိလေ၏။

ကြောက်မက်ဖွယ်သဏ္ဍာန်ကြီးများမှာလည်း အသွင်အမျိုးမျိုးပြောင်းလဲကာ ဘိုးထူးပါးစပ်အနီးသို့ အဆက်မပြတ်ရောက်လာလေ၏။ အချို့မှာ ဖြည်းဖြည်းလေးလေးနှင့် ကြောက်စိတ်ပေါ်အောင် တမင်သွေးဆောင်ယူသလို လိမ့်လာလျက် အချို့မှာမူကား မီးရှူးမီးပန်းများသဏ္ဍာန် အလွန်လျင်မြန်သော အဟုန်ဖြင့် ရှူးခနဲ၊ ဒိုင်းခနဲအလန့်တကြားရောက်လာကာ ပါးစပ်ထဲသို့ တရှိန်ထိုးဝင်မည်ပြုပြီး၊ ဘိုးထူးက မတုန်လှုပ်ခါမှ နာနာရုပ်ပျောက်ကာ လေထဲတွင် ပျက်လွင့်သွားလေသည်။

အချို့အကြိမ်များတွင်လည်း လူသေကောင်ပုပ်ပွပွကြီးများသည်လည်းကောင်း သွေးသံရဲရဲနှင့် ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်နေသည့် လတ်လတ်ဆပ်ဆပ် လူသေကောင်ကြီးများသည်လည်းကောင်း လက်ထဲမှ ရဲရဲတောက်နေသော ထင်းမီးစကြီးကိုကိုင်ကာ ကတုန်ကရီကြီးလျှောက်လာပြီး ဘိုးထူးပါးစပ်ထဲသို့ မီးစကြီးနှင့်တအားထိုးမည်ပြုရာလည်း ဘိုးထူးမှာနကမွတိ မတုန်မလှုပ်သစ်သားရုပ်ကြီးလို ဟန်မပျက်ငြိမ်လျက် ရှိလေ၏။

ဆရာဦးထွန်းဝင်းကား ဘိုးထူး၏သတ္တိကိုလည်းကောင်း အနီးအပါးမှ စောင့်ရှောက်နေသော ဆိုးပေ၏သတ္တိကိုလည်းကောင်း၊ များစွာကျေနပ်လျက် ပြုပြင်စီရင်ဖွယ်ရှိသည်တို့ကို အဆက်မပြတ်ပြုလုပ်စီရင်၍ နေလေ၏။ သို့နှင့် ပင် လူသားများကိုလည်း ခုနစ်တုံးစေ့အောင် တစ်ကြိမ်အမျိုးခိုင်းလိုက်ရင်း၊ ဂါထာမန္တန်တွေ ရွတ်ဖတ်လိုက်ရင်း၊ အခြောက်အလှန့် အဖျက်အဆီးတွေက လည်း ကြမ်းသည်ထက်ကြမ်း၍ ရမ်းသည်ထက် ရမ်းလာလေတော့သည်။

သို့နှင့် နောက်ဆုံးအသားတုံးတစ်ခုကို ကျွေးကာနီးတွင်ကား နန္ဒင်း တွေ ဝါဝါဝင်းဝင်းနှင့် ထဘီဇောက်ထိုး၊ ဆံပင်ဖားလျား ဖောသွပ်သွပ် ပွယောင်း ယောင်း မျက်နှာဆိုးကြီးနှင့် မီးနေသယ် မသာလောင်းကောင်ကြီးသည်၊ ကသီကရီ ကတိုက်ကရိုက်ပြေးလာပြီး၊ ဘိုးထူးပါးစပ်ထဲသို့ ရွံ့စရာကောင်းသော မစင်တုံး သွေးတုံးတို့ဖြင့် သွန်းမှောက်လောင်းထည့်လိုက်လေသည်။

ဆိုးပေမှာ ဤတစ်ကြိမ်ဖြင့် ဘိုးထူးသွားပြီဟု အောင်မေ့လိုက်မိသော် လည်း ဖွဲ့ကြီးသောဘိုးထူးမှာ လှုပ်ရှုံ့မျှမလှုပ်ရှားဘဲ အခြေမပျက်ရှိနေ၍ စောစောက လောင်းထည့်လိုက်သည်ဟုထင်ရသော မစင်တုံး မစင်ဖတ် သွေးတုံး သွေးခဲဆိုသရွေ့မှာ တစ်ခုမျှရှာမရဘဲ လေထဲသို့ အလိုလို ပျောက် ကွယ်သွားသည်ကိုတွေ့ရမှ ဆိုးပေမှာ နာနာဘာဝတို့၏ ပရိယာယ်ကို အကျယ် တဝင့် ရိပ်မိလာတော့သည်။

ဆရာကြီးလည်း နောက်ဆုံးတစ်တုံးတည်းသာ ကျန်သောလူသားကို အောင်မြင်စွာခွံ့တော့မည်ဟု သတ္တမအကြိမ်မြောက် ရွတ်ရမည့် ဂါထာမန္တန် များကို စိတ်အားထက်သန်စွာ ရွတ်၍အပြီးတွင် အဝေးမှ စူးရှကျယ်လောင်စွာ နှင့် . . .

"နေဦးဟေ့ နေဦး နေဦး"

ဟု အော်ကာ တရှိန်ထိုးကြီး ပြေးလာသော ဖြူဖြူတောင့် တောင့် အကောင်ကြီးတစ်ကောင်သည် လက်ကြီးနှစ်ဖက်ဆန့်တန်းကာ အနီးသို့ ရောက်လာလေ၏။ ထိုအကောင်ကြီးကား အခြားမဟုတ် ဓားခုတ်ခံရ၍ သေဆုံး သွားသော လက်ရုံးသားပိုင်ရှင် ဘိုးစံဦး၏ အလောင်းကောင်ကြီး ဖြစ်လေသည်။

မျက်နှာကြီးမှာ မျက်လုံးဟောက်ပက်နှင့် ကြောက်မက်စဖွယ်ရှိရာတွင် တစ်ကိုယ်လုံးမှာလည်း ဆေးရုံမှကြပ်စည်းပေးထားသော ပိတ်ပိုင်းစကြီးများနှင့် တစ်ကိုယ်လုံးဖြူဖွေးတောင့်တင်းလျက် အလွန်ဒေါသထွက်နေသော အမူအရာတွင် နက်ကြောကျယ်လောင်သော အသံကြီးကိုထုတ်ဖော်ကာ . . .

"ငါ့အသားပြန်ပေး . . ငါ့အသားတွေပြန်ပေး"

ဟု လုတော့မယောင်ယောင်ပြုကာ ခက်ထန်စွာတောင်းလေတော့သည်၊ ဆရာကြီးသည် အဆိုပါစိစ်ဦး၏ အလောင်းကောင်ကြီးအား ဆေးကြိမ်လုံးနှင့် သုံးလေးချက်ဆင့်ကာနှက်လိုက်သည်တွင် အလောင်းကောင်ကြီးသည် နာကျင်စွာ ရှုံ့မဲ့ဟစ်အော်ပြီး အနောက်စူးစူးအရပ်သို့ ဦးလှည့်၍ပြေးလေ၏။

ဤတွင်လည်း ရန်ပွဲအေးသွားသဖြင့် ဆရာကြီးမှာ နောက်ဆုံးကျန်နေသောအသားတုံးကို ဘိုးထူးအား မျိုစေတော့သည်။ ဘိုးထူးလည်း အောင်မြင်စွာမျိုချလိုက်ရာ ဘိုးထူး၏အနီးအနားရှိ မြေတစ်ဝိုက်မှာ လျှောင်လှုပ်သွားသကဲ့သို့ သွက်သွက်ခါ တုန်ဟီးသွားလေသတည်း၊ ဆရာကြီးလည်း မိမိ၏အလုပ်အကိုင် အောင်မြင်လေပြီဟု အလွန်လျှင် ပြုံးရွှင်အားတက်သော မျက်နှာနှင့်အင်းတစ်ခုကို ပြာချ၍ အရည်ဖျော်ပြီး ဘိုးထူးပါးစပ်ထဲသို့ လောင်းထည့်ပြီးလျှင် ခြေမန်းကွင်းများကို ပြင်ဆင်ကာ . . .

"ကဲဟေ့ . . မောင်ဆိုးပေ မင့်လူခုန်ထွက်လာလိမ့်မယ်နော်၊ လက်လွှတ်ပြီးထွက်မသွားစေနဲ့ ရအောင်ဂရုစိုက်ပြီးဖမ်းထား၊ လွှတ်သွားရင် အားလုံး ငါးပါးမှောက်ကုန်ကြလိမ့်မယ်"

ဟု ပြောဆိုသတိပေးထား၍ ဆိုးပေလည်း ဘိုးထူးကို သတိကြီးစွာနှင့် စောင့်ကြည့်ကာနေလေ၏။

ဆရာကြီးကား ဘိုးထူး၏မျက်နှာကို စေ့စေ့ကြည့်ကာ ရွတ်ဆိုစရာရှိသည်ကို ရွတ်ဆိုမန်းမှုတ်လျက်ရှိ၍ ဆိုးပေကလည်း ဘိုးထူး၏ အရိပ်အကဲကိုသာ စောင့်ကြည့်နေစဉ်အခိုက်မှာပင် ဘိုးထူး၏မျက်နှာကြီးမှာ ကြမ်းတမ်းခက်ထန်သည်ထက် ကြမ်းတမ်းခက်ထန်လာသည်ကို တွေ့မြင်ရပြီးလျှင် သူ၏ ပါးစပ်တွင် ထောက်ထားသော အစိမ်းသေလက်ဖျံ ရိုးမှာလည်း မီးကဲ့သို့

တလက်လက်အရောင်တွေ ဖြာထွက်လာရာမှ ဆရာကြီးလက်ထဲသို့ ဖျပ်ခနဲ ခုန်ကျလာလေ၏။

ဆရာကြီးလည်း လက်ဖျံရိုးကို ဆေးအိပ်ထဲသို့ပြန်ထည့်လျက် ဘိုးထူး၏မျက်နှာကို စေ့စေ့ကြည့်ကာ သူ၏လက်ဝဲနှစ်ဖက်တွင် အင်း နှစ်ချပ်ကို ကပ်ကာ မြေပြင်ကို လက်ဝါးနှင့် ခုနစ်ချက်ရိုက်လျက် . . .

"ဥုံ ထဆရာထ ကြွဆရာကြွ ခုန်ဆရာခုန် လူသားစားမှော် အကျော် စေဝ လူစွမ်းပြလော့"

ဟု ရွတ်လျှင် ဘိုးထူးမှာ ဘီလူးသဘက်ကဲ့သို့ ခက်ထန်သော မျက်နှာကြီးနှင့် မြေတွင်းမှ ကိုယ်ကိုလှုပ်ရှားရုန်းကန်စပြုနေလေသည်၊ ဆရာကြီးလည်း ဆိုးပေအား သတိထားရန် လက်ဟန်ခြေဟန်နှင့် သတိပေးလိုက်သောကြောင့် ဆိုးပေလည်း အရေးတကြီးစောင့်ကြည့်နေစဉ် ဘိုးထူးမှာသုံးခါတိတိရုန်းကာ မြေပုံအတွင်းမှရုန်းကန်လျက်၊ နောက်ဆုံးတစ်ချက်တွင် ငှက်ကဲ့သို့ ဖြုံးခနဲပျံ၍ ခုနစ်လံကျော်ကျော် ကောင်းကင်ပျံတက်သွားသည်ကို အံ့အားသင့်စွာကြည့်နေမိသော ဆိုးပေသည် ဘိုးထူးပေါ့ပါးညင်သာစွာ ပြန်ကျလာလျှင်လာခြင်း အတင်းဝင်၍ ဖက်ထားလေတော့သည်။

ထိုသို့ ဆိုးပေဖက်ထားလျှင် သတိလစ်နေသူ ဘိုးထူးလည်း ရှူးရှူးရှားရှားနှင့် တအားရုန်းကန်တွန်းဖယ်လျက် လက်လွတ်ထွက်သွားရန် အတန်တန်ကြိုးစားလေသည် ဆိုးပေကလည်းတအားဖက် ဘိုးထူးကလည်း ရုန်းကန်နှင့် အတော်ကြာဗလုံးဗထွေး ဖြစ်နေလေ၏၊ ဆိုးပေမှာ ဘိုးထူးထက်အလုံးအထည် ထွားကျိုင်း၍ ခွန်အားဗလကောင်းသော သူတစ်ဦးဖြစ်လင့်ကစား၊ ထိုအချိန်၌ ဘိုးထူးကို မနိုင်နင်းအောင် ရှိလေတော့သတည်း။

ယခုဘိုးထူးကား ရှေးကဘိုးထူးမျိုးမဟုတ် ဆင်ပြောင်ငါးစီး အားကို ဆောင်နိုင်သော အခြားဘိုးထူးတစ်ယောက် ဖြစ်နေလေမလားဟု တွေးတောအထင်မှားလိုက်မိကာ၊ အားအင်ရှိသမျှ ကြိုးစား၍သာ ဖက်ထားရတော့သည်၊ ဆရာကြီးလည်း ခြေမန်းကွင်းများကို စွပ်မည် ပြင်ဆင်ချိန်ရွယ်နေရာများမှာ အချက်မမိနိုင်အောင်ရှိလေတော့၏။

ယင်းသို့ ဖမ်းသူကဖမ်း ရှုန်းသူကရုန်း ခြေမန်းကွင်းစွပ်သူကစွပ်မည် တကဲကဲနေစဉ် လျင်မြန်တိုတောင်းလှသောမိနစ်ကလေးအတွင်း၌ ဆိုးပေလက်မှ ဘိုးထူးမှာ ရုတ်တရက်လွတ်ထွက်သွားလေ၏။

ဘိုးထူးသည် ခြေမန်းကွင်းဆို၍ တစ်ကွင်းမှမစွပ်လိုက်ရဘဲ၊ ရုန်းထွက်လွတ်မြောက်သွားသည်နှင့်တစ်ပြိုင်နက် စွပ်မိစွပ်ရာ မှောင်ထဲသို့ တန်းပြေးပြီး ဟဲစပ်ကလည်း နက်နဲကျယ်လောင်သော အသံကြီးနှင့်. . .

"အောင်ပြီဟေ့ . . အောင်ပြီ"

ဟု ကြွေးကြော်အော်မြည်ကာ ထင်ရာသို့ စွပ်ကာပြေးလေပြီဟု သိရသည်နှင့်တစ်ပြိုင်နက် ဆရာကြီးမှာထိတ်ထိတ်ပျာပျာနှင့် မျက်စိ မျက်နှာတွေပျက်ကာ. . .

"ဟေ့ . . တစ်ခါမှကိုယ်ကျိုးနည်းကြတော့မယ်၊ ဟေ့ . . မြန်မြန်လိုက်ပါ၊ သူသွားရာလိုက်ဖမ်းမှဖြစ်မယ်၊ လာလာ ငါပါလိုက်မယ်၊ ကြာရင်ဖြစ်ချင်တာတွေ ဖြစ်ကုန်တော့မှာပဲ၊ မင်းကလည်းကွာ နိုင်အောင်ဖမ်းပါဆိုမှပဲ နိုင်အောင် ဖမ်းမထားနိုင်ဘဲကိုး၊ တကယ် အခက်အခဲတွေကို လွန်လာခြင်းကြီးလွန်လာပြီးမှ ဆင်ပြောင်ကြီး အမြီးကျမှတစ်ခံနေတာနာသကွယ်၊ ကဲ လာဟေ့ကြာရင် မိုးလင်းသွားလိမ့်မယ်၊ နေမထွက်ခင် မိအောင်လိုက်မှပဲ"

ဟု ဆိုကာ ဆရာကြီးနှင့် ဆိုးပေတို့မှာ ဘိုးထူးပြေးရာနောက်သို့ သုတ်သီးသုတ်ပြာလိုက်ပြေးကြလေ၏။

လင်းအားကြီးအချိန်တွင် တောစပ်တစ်လျှောက်၌ ကျယ်လောင်စူးရှသောအသံကြီးနှင့်. . .

"အောင်ပြီ . . အောင်ပြီ"

ဟု ဟစ်အော်ကာ သတိလက်လွတ် ခက်ထန်စွာ ပြေးမိပြေးရာ မရပ်မနား ပြေးနေသော ဘိုးထူး၏အသံကြောင့် အိပ်တန်းမှလန့်ဖျပ် ပျံသွားကြသောကျီးငှက်များ တသောသော ဆူကျန်ရစ်လေ၏။ နောက်မှ တဖတ်ဖတ်ပြေးလိုက်လာကြသော ဆရာကြီးနှင့် ဆိုးပေတို့မှာလည်း ခြေကုန်သုတ်၍

လိုက်ကြသည်တိုင်အောင် ဘိုးထူးမှာ လူသာမန်တို့ထက် ပို၍လျင်မြန်နေသော ကြောင့် မမီနိုင်အောင်ရှိလေတော့၏။ ဆရာကြီးလည်း ပြေးရင်းလိုက်ရင်းကပင်

"ဆိုးပေနှယ်ကွာ မင်းနိုင်အောင် ကိုင်မထားနိုင်လို့ ဒီလိုဖြစ်ကုန်တာပဲ မတော်တဆ ရွာထဲရောက်သွားရင်တော့ ခက်ကုန်ကြတော့မယ်၊ ငါတို့လည်း လူသိ သူသိလိုက်မဖမ်းဝံ့ဘူး၊ မတော်တဆတစ်ခုခုဖြစ်ကြရင် ဒီအကြောင်း တွေကို မင်းနဲ့ငါ ဘာမှမသိသလို နေကြမှဖြစ်မယ်နော်၊ တစ်ခွန်းတစ်စပေါ် သွားရင် မင်းရော ငါရော အမှုပတ်နေမယ်၊ ကြားလား၊ တကယ်လို့ မမိရင်ပြော ပါတယ်ကွာ၊ မိအောင်ပြန်ဖမ်းနိုင်ရင်လည်း ခြေမန်းကွင်းစွပ်ပြီး ခုနစ်ရက် ထိန်းထားလိုက်ရင် အေးသွားမှာပဲ၊ ကဲဟေ့ ဟော ရွာနားရောက်လာပြီ မြန်မြန် လိုက်ပါ"

ဟု ဆိုကာ အတင်းနင်းကန်သုတ်ခြေတင်ကြရပြန်တော့၏။ ဆိုးပေ လည်း ပြေးရင်းက. . .

"ဆရာရယ်၊ ကျွန်တော်လည်း ကြိုးစားဖမ်းတာပဲ၊ ဆရာကလည်း မြန်မြန်မှ ခြေမန်းကွင်းမစွပ်ဘဲကိုး ဒီတော့ လွတ်ထွက်သွားတာပေါ့၊ သူက လည်း အားကောင်းလိုက်တာဆရာရယ် အရင်နဲ့ နည်းနည်းမှ မတူဘူး၊ သိပ်ထူး ခြားတာပဲ"

ဟု ပြောကာ ဘိုးထူးကို မီခင်အောင် ကြိုးစားပြေးလိုက်လာလေသည်၊ သို့ရာတွင် ဘိုးထူးမှာ ရွာထဲသို့ဝင်၍ ပြေးနှင့်လေပြီ။ ဆရာကြီးနှင့်ဆိုးပေတို့ လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရွာဝဆီမှ လက်မှိုင်ချ၍ နေကြရတော့၏။ ဆရာကြီး ဦးထွန်းဝင်းမှာ သွေးဆုတ်သွားသော လူမမာကဲ့သို့ ချက်ချင်းပင် ဖြူဖတ်ဖြူရော်မျက်နှာကြီးသို့ ပြောင်းသွားကာ ရုတ်ချင်းပင် အဆမတန်အသက်ကြီး အိုမင်းသွားသည်ဟု ထင်ရလေသည်။ သက်ပြင်းကြီး တစ်ချက်ချကာ မျှော်လင့်ချက်ကုန်ဆုံး၍ အားအင်လုံးလုံးပြတ်သွားသူအလား မချိမဆန့်နှင့် 'တောက်' ကြီးတစ်ချက်ခေါက်လိုက်မိလေ၏။ ဆိုးပေလည်း ဆရာကြီးဖြစ်ပုံကို တွေတွေကြီး စုံရပ်ကြည့်ကာ မနေ့သာအောင်ရှိလာသည် နှင့်. . .

"ကဲ ဆရာကြီးလာပါ၊ ရွာထဲလိုက်ဖမ်းကြတာပေါ့၊ ဒီပြင်လူတွေလည်း ကူပြီးဖမ်းပေးကြပါလိမ့်မယ်"

ဟု ဆိုလျှင် ဆရာကြီးမှာ ခေါင်းကိုတွင်တွင်ခါလျက် . . .

"မဖြစ်ဘူးဆိုးပေ၊ ငါသိတယ်၊ လက်လွန်ကုန်ပြီ၊ မရတော့ဘူး ခုနေ ငါတို့လိုက်ဖမ်းရင် ငါတို့လက်ချက်ဆိုတာ လူသိကုန်မှာကလွဲပြီး ဘာမှ အကျိုးမများဘူးကွာ ငါမှားပါတယ်၊ ငါဒီမျှော်သွင်းသွင်း စမ်းမိတာ သတ္တိရှိတဲ့ကောင်ကလေးတွေ တော်တော်ပစ်လိုက်ရဖူးပြီ ဒီတစ်ခါလည်း ဟုတ်တော့မလိုလို၊ အောင်မြင်တော့မလိုလို ဖြစ်လာမှ ဒီလိုတွေ့လွဲကလေးဖြစ်ရတာ သိပ်နာတာပဲကွ၊ လာ လာ ငါတို့ တော်ရာရှောင်နေမှပဲ ဖမ်းလို့တော့ မရဘူးဟေ့၊ ငါ့အကောင်တွေရဲ့အကြောင်း ငါသာသိတယ် ရွာထဲကအနည်းဆုံး ကံဆိုးတဲ့လူ၊ သုံးလေးယောက်တော့ စားစာခံဖြစ်သွားရတော့မှာပဲကွာ မင်းနားသာထောင်နေရစ်ပေတော့ ငါလည်းပြေးတော့မယ် မင်းလည်း ဒီအကြောင်းဘယ်သူ့မှ မဖော်လေနဲ့ ကြားလား"

ဟု ဆိုကာ ဆရာကြီးဦးထွန်းဝင်းလည်း ဘုန်းကြီးကျောင်းဆီသို့ ရေးကြီးသုတ်ပြာ ပြန်သွားလျှင် ဆိုးပေမှာလည်း ဘုမသိ ဘမသိနှင့် ထိတ်လန့်ကာ ရွာဝင်စတွင်ရှိသော မိမိ၏အိမ်ကုတ်ကလေးရှိရာသို့ သုတ်သုတ်ကလေးပြေးဝင်ကာ အိပ်ရာတွင်လှဲ၍ စောင်တစ်ထည်ဆွဲခြုံပြီး အဘယ်ပုံ အဘယ်နည်း ဖြစ်သံကြားရဦးမည့် အရေးကိုသာ နားစွင့်နေ၏။ သို့နှင့် အတန်ကြာဘာမှမကြားရဘဲ ငြိမ်သက်တိတ်ဆိတ်နေသောကြောင့် ဆိုးပေမှာညကလည်း တစ်ညလုံး အအိပ်ပျက်လာသည့်အားလျော်စွာ လင်းစပြုနေပြီဖြစ်သောအခါတွင် မေ့ခနဲအိပ်ပျော်သွားလေတော့သည်။

မည်မျှကြာစွာ အိပ်ပျော်သွားသည်မသိ မယားဖြစ်သူမိဝဲက ရေးကြီးသုတ်ပြာနှင့်

"ကိုဆိုးပေ ကိုဆိုးပေ မြန်မြန်ထမ်းပါဦးတော့ တစ်ရွာလုံး ကြွက်ကြွက်ဆူနေပြီ"

ဟု ဆိုမှ ကပြာကယာလှူးလဲထပြီး . . .

"ဘာလဲဟ ဘာလဲ ရွာထဲဘာဆူတာတုံး"

ဟု အိပ်ချင်မူးတူးနှင့်ပြူးကလူး, ပြာကလာမေးလေ၏။

"အို တော့သူငယ်ချင်း ဘိုးထူးပေါ့တော့။ အရက်တွေမူးလာသလား။ ဒါမှမဟုတ် စိတ်ရူးထသလား မသိဘူး။ ရွာထဲတွေ့သမျှ လူတွေအကုန်လိုက်သတ်နေတယ်၊ သူ့လည်း ရုတ်ခနဲဘယ်သူမှ ဝင်မဖမ်းနိုင်ဘူး။ ဖမ်းပြန်လည်း ရုန်းကန်တွန်းထိုးပစ်တယ်။ ပထမရှေးဦးဆုံး နံနက်အစောကြီးက သူပိုးနေတဲ့ မယ်သစ်နဲ့ ရင်ဆိုင်တွေ့တယ်။ မယ်သစ်ပြောင်းရိုးစင်းနေတုန်း သူ့လက်က ဓားကြီးကိုလုပြီး သူ့ပြန်ခုတ်လိုက်တာ ပွဲချင်းပြီး လည်ပင်းတိတိပြတ်သွားတာ ပဲတဲ့။ အဲဒါနဲ့ အားမရသေးဘူး။ သူ့လက်ထဲက ဓားကြီးကိုမချဘဲ အောင်ပြီ-အောင်ပြီနဲ့အော်ပြီး မြင်ကရ တွေ့ကရ လူတွေကို လိုက်ခုတ်နေတယ်။ တောင်ရပ်ထဲက ဘိုးခွေးလည်း ပွဲချင်းပြီး။ အရီးသာဥကြီးလည်း လက်တစ်ဖက်ပြတ်သွားတယ်။ ဦးဘိုး ဆယ်လည်းသေမလား, ရှင်မလားမသိဘူး။ ဒွေးလေးမူးရဲ့ မြေးကလေးလည်း ပခုံးပြတ်သွားတယ်။ အခုလည်း နောက်ထပ်ဘယ်နှယောက် ခုတ်နေပြန်လဲမသိဘူး။ တစ်ရွာလုံးတော့ ပြုးဗျင်းဆန်ခတ်နဲ့ ရွာထဲဘီလူး ဝင်သလိုပြေးပုန်းပြီး အိမ်တံခါးတွေပိတ်နေကြရတယ်"

ဟု ဆိုလျှင် ဆိုးပေမှာမျက်လုံးကြီးချာချာလည်အောင် ပြူးကျယ်လာလေ၏။

"ဟေ ဒါဖြင့် သောက်ကျိုးနည်းတာပဲ၊ ဘိုးထူးဘိုးထူး 'တောက်' ခက်ကုန်ပါပြီလေ၊ ဟဲ့ မိဝဲရဲ့ အခုဘယ်မလဲ၊ ဒီကောင်ကို ဝိုင်းဖမ်းမထားကြဘူးလား"

"အခု ရိပ်ခနဲမြင်တဲ့လူတွေ လိုက်ခုတ်နေတာပေါ့တော့ ကလေးရော လူကြီးရော ဂုတ်ကျားတို့ အောင်နက်တို့ပါမကျန် အပြင် ဘယ်သူမှမထွက်ဝံ့ဘူး။ အားလုံးအိမ်ထဲ တံခါးပိတ်နေရတယ်၊ သူကြီးကိုယ်တိုင် နှစ်လုံးပြူးသေနတ်ကြီးနဲ့ ပစ်ဖမ်းတာလည်း လက်နက်မချဘူး။ ဓားနဲ့လိုက်ခုတ်တယ်၊ သူ့ခြေထောက်ကို

သေနတ်နဲ့ပစ်တာလည်း မမှန်ဘူးတဲ့ သူကြီးတောင်ကံကောင်းလို့ ဓားခုတ်မခံရတာ ရွာထဲမှာ ဓားတဝင့်ဝင့်နဲ့ ဟိုလျှောက် ဒီလျှောက်ပေါ့၊ စောစောကတော့ မြို့ကစစ်ပုလိပ်တွေ မြင်းနဲ့ပြေးအပြောခိုင်းလိုက်ပြီ ခုနေများရောက်များနေကြပလား မဆိုနိုင်ဘူး။ တော်ကလည်း အရေးထဲအိပ်လိုက်တာတော်၊ နံနက်အစောကြီးတတည်းက တစ်ရွာလုံးကြွက်ကြွက်ဆူနေတာမနိုးဘူး"

ဟု ခုနစ်စဉ်ပတ်တမ်း လျှောက်ပြောလေတော့သည် ဆိုးပေလည်း မထွက်ဝံ့ချေ၊ အိမ်ထဲမှနေ၍သာ ရွာ၏အကဲကလေးကို ခတ်နေရတော့၏။

သို့နှင့် နေမွန်းတည့်လောက်ရှိသောအခါမူကား သေနတ်သံ သုံးလေးချက်ကြားရပြီး ရွာသူရွာသားများလည်း လှုပ်လှုပ်ရှားရှား ထွက်ဝင်သွားကြပြီကို တွေ့ရမှ ဘိုးထူး၏အကြောင်းကို သိရှိစုံစမ်းရန် ဆိုးပေမယောင်မလည် ထွက်လာရလေ၏။

ဆိုးပေရွာလယ်သို့ရောက်သောအခါမူကား ဘိုးထူးမှာ လှံစွပ်သေနတ်ကိုင်စစ်ပုလိပ်များအလယ်တွင် သတိလက်လွတ်ပြီး တရှုးရှုး တရှားရှားသာလျှင် ဒေါသကြီးနေသော မျက်နှာနှင့် အခါမပြတ်လည်း အောင်ပြီ အောင်ပြီဟု အော်ဟစ်နေသည်ကို တွေ့ရလေ၏။ မိမိကိုမြင်လျှင် သတိရမည်လားဟု အနားသို့ တိုးကပ်သွားသော်လည်း ဘိုးထူးသည် ဆိုးပေအား အလျဉ်းမသိ မမှတ်မိတော့ချေ။

သူကြီးနှင့်ရွာသူရွာသားများပြောချက်အရ ဘိုးထူးမှာ ဓားနှင့် ခုခံနေ၍ စစ်ပုလိပ်များ သေနတ်နှင့်ဝိုင်းပစ်သော်လည်း မထိမဲ့မြင် သေနတ်ချက်များ သူ၏ဒူးနှင့်ခြေထောက်တို့တွင် မှန်စေကာမူ ပေါက်ပြဲခြင်းမရှိ ဖူးယောင်၍သာနေကြောင်း၊ ကြာသော်မတတ်နိုင်၍ ကြိုးတန်းကာဖမ်းရကြောင်း၊ ဖမ်းမိသောအခါလည်း လက်ထိပ်သံကြိုး သုံးလေးချက်ခတ်၍ စစ်သားနှင့်ပုလိပ်သား ဆယ့်ငါးယောက်အလှည့်နှင့် ဆွဲကိုင်ထားရကြောင်း သူ့လက်ချက်ဖြင့် ရွာထဲမှ ပွဲချင်းပြီး သေဆုံးရသူသုံးယောက် မသေသော် မလှမပဖြစ်အောင်ခံရသူ ငါးယောက်ဖြစ်၍ လွန်စွာကြီးလေးသောရာဇဝတ်မှုကြီး ဖြစ်နေတော့ကြောင်း

များ ကြားသိရလျှင် ဆိုးပေမှာတစ်ယောက်တည်းကြိတ်၍ စိတ်မချမ်းသာ ဖြစ်ရလေ၏။

ဘိုးထူး၏အမေကြီးမှာလည်း မယ်ပဋာမြေလူးဇာတ်ခင်းကာ သား တစ်ယောက်အတွက် မကြည့်ရက် မမြင်ရက်ရှိသမျှ စည်းစိမ်နှင့်လဲ၍ပင် ကာကွယ်ဖြစ်က ကာကွယ်ရန်ကြံစည်နေရှာလျက် မတရားအနစ်နာ အသက်ဆုံး မရှုမလှခံရသောသူများအတွက်လည်း အားနာသနားနှင့် ရင်ထုကာ မြေလူး ကာနှင့် အရူးပမာဖြစ်နေရရှာလေ၏။

ဆိုးပေမှာ ဘိုးထူးဖြစ်ပုံကို အစအဆုံး သိရသော်လည်း ထုတ်ဖော် ပြောပြခြင်းအတွက် နစ်နာသူများမှာလည်း ထူး၍အကျိုးမများ ဘိုးထူးမှာ လည်း ရာဇဝတ်မှု ကျူးလွန်မိလျက် လူမှာလည်းအရူးပမာ သတိလက်လွတ်ခါနေ သောကြောင့် စိတ်ရူးပေါက်၍လုပ်သည်ဟုထင်ခြင်းက မသကာအရူးထောင်ကျ ရုံကျလျှင် ခံသာလေဦးမည်ဟု စိတ်ကူးရကာ ဆရာကြီးနှင့် မှော်သွင်းကြောင်း များကို တစ်စွန်းတစ်စမျှ လေသံ လေစ မပစ်ဘဲမြုံ၍ထားလိုက်လေတော့သည်။ ဘိုးထူးဖမ်းခေါ်သွား၍ ညနေချိန်လောက်တွင် ဘုန်းကြီးကျောင်းသို့ လျှောက် သွားသောအခါ ဆရာကြီး ဦးထွန်းဝင်းမရှိတော့ကြောင်း သိရလေ၏။

ထိုဆရာကြီးကား ဤမှော်အတွက် အရပ်တကာသို့လှည့်ကာ ဘိုးထူး ကဲ့သို့ ရဲစွမ်းသတ္တိရှိသူများကို ဘယ်နှဦးနစ်နာစေခဲ့သည်ဟု မတွေးဆနိုင်အောင် ရှိလေတော့သည်။ ဆိုးပေမှာ ဆရာကြီးကိုလည်း အဆိုးမဆိုသာ။ သူ့မှော်သာ အောင်မည်ဆိုလျှင်လည်း အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားဖြစ်မည်သာဟု ကြိတ်ကာဖြေလိုက်ရလေ၏။

ဤအတ္ထုပ္ပတ္တိကို ဆိုးပေကိုယ်တိုင် ကျွန်တော်အား ပြောပြသောအခါ မှ ဖြစ်ပျက်ပြီးသော အချိန်ကာလအတန်ကြာခဲ့လေပြီ ဘိုးထူးမှာ ဆရာဝန် များက ရူးသွပ်သည်ဟု အစီရင်ခံကြ၍ အရူးထောင်တွင် ယခုတိုင်အောင် ထားလေသည် ကျွန်တော်သွားရောက်စုံစမ်းကြည့်သောအခါလည်း ပကတိ အရူးသက်သက်ပင် ဖြစ်နေရှာလေသည်။

ဆရာဝန်များအဆိုကား အရှုးပျောက်လျှင် မူလအမှုကို ပြန်ဖွင့်ကာ ရာဇဝတ်ကြောင်း အရေးယူဦးမလိုလိုပင် ကြားရ၍ ကျွန်တော်တို့ တတ်အား သမျှ ကုသပေးမည်ကြံစည်မိသော စိတ်များပင် ပျောက်ကွယ်သွားကာ ပြီးတာ လည်းပြီးခဲ့ပြီ သူတို့အစွမ်းနှင့်ပျောက်အောင်ကုနိုင်လည်း ကုကြစေ မကုနိုင်၍ ဘိုးထူးတစ်သက်လုံး ဤအတိုင်းရူးနေပြီး အသက်အတိုင်းနေ၍ သေနေ့စေ့မှ သေရသည်က သက်သာလေဦးမည်ဟု သဘောရကာ အရူးထောင်မှ လှည့်ပြန် ခဲ့မိပါသည်။

ကျွန်တော်၏ဝတ္တုရားအတိုင်း မှတ်တမ်းစာအုပ်ထဲတွင် အကျဉ်းချုပ် ရေးမှတ်ထားခဲ့ပြီး ၎င်းတို့၏ မြို့ရွာနှင့်အမည် နေရပ်တို့ကိုသာ သင့်လျော် သလိုပြောင်းလွှဲလျက် စကားလုံးကလေးများ အနည်းငယ် ဖြည့်စွက်ရေးသား လိုက်ရပါတော့သတည်း။

☼ ☼ ☼

# ကဝေ့ဘဏ္ဍာ

(၁၉၃၈-ခု ၊ အောက်တိုဘာလတွင်ရေးသည်)

"ဆရာလေးရဲ့ စုန်းကဝေ မှော်ဆိုတဲ့ အောက်လမ်းပညာတွေဟာ လောကမှာ တကယ်မရှိဘူးရှိတယ်လို့ အငြင်းထွက်နေပေတဲ့ အများအားဖြင့် ရှိတယ်လို့ ယူဆကြတဲ့ လူကများပါတယ်။ တကယ်လည်း အဲဒီ စုန်းကဝေ မှော်ပညာတွေနဲ့ မကောင်းပြုလို့ ဒုက္ခဖြစ်သွားရတဲ့လူတွေ အထင်အရှား အရှိသားမို့ ကျွန်တော်တော့ ဘယ်နည်းနဲ့မဆို ရှိတယ်လို့ယူဆပါတယ်။ သို့ပေမယ့် ဒီပညာဟာ ရှေးအခါက ထွန်းထွန်းကားကားရှိသင့်သလောက် ရှိခဲ့ပြီး ခုခေတ်ကြီးမှာ အတော်တိမ်ကောသွားသလောက်ဖြစ်နေလို့သာ ယုံသူ မယုံသူတွေ အငြင်းအခုန်ဖြစ်လာရတယ်လို့ ဆိုလိုပါတယ်၊ ကျွန်တော်ဆိုလိုတဲ့အတိုင်း မှန်ပါရဲ့လားခင်ဗျာ"

ဟု အင်္ဂလိပ်ပညာဘီအေကလပ် မောင်လှဝင်းက ဆိုင်းယင့်၊ လောဂျစ်၊ ဖေလိုဆိုဖီ၊ ဟစ်ထရီသမားပြီပြီ ကြဲကြဲစည်စည် ပေါက်ပေါက်ရှာရှာ တွေးလာခဲ့သူဖြစ်သည့်အားလျော်စွာ အထက်ပါမေးခွန်းကို အစချီလိုက်သဖြင့်. . .

"အေးကွယ် မောင်လှဝင်း မင်းထင်သလိုလည်း ဟုတ်ပါတယ်၊ လက်ဝဲလမ်းပညာတွေဟာ အထင်အရှားရှိခဲ့တာပေါ့၊ သို့သော်လည်း ခုအခါမှာတော့ အတော်တိမ်ကောလာတယ်လို့ ဆိုရမယ်၊ အဲဒီလို တိမ်ကောလာရာက တစ်ခါတည်းပျောက်ကွယ်သွားရင် သာပြီးကောင်းတာပေါ့"

ဟု ခပ်အေးအေး ဖြေလိုက်သည်ကိုပင် မောင်လှဝင်းက မကျေနပ်လှသေးဘဲ. . .

"ဟာ ဆရာလေးကလည်း ကျွန်တော်တော့ ဒီလက်ဝဲလမ်း ပညာတွေ ပပျောက်သွားမှာ စိုးရိမ်တယ်ဆရာ၊ လက်စွမ်းလက်ငုတ် ကျန်ရစ်တဲ့ ပညာသယ် အဆက်အနွယ်ကလေးများက ပြန်လည်စုပေါင်းပြီး 'ကဝေအသင်းကြီး' ဖွဲ့စည်း၊ ရှေးကရှိခဲ့ဖူးတဲ့ ထက်မြက်တဲ့ပညာတွေကို ပြန်ထွန်းကားအောင် ကြိုးစားစေချင်တယ်"

"ကွယ် ဒီလိုဆိုရင် လက်ဝဲလမ်းထွန်းကားသလောက် လူကောင်းတွေဟာ သူတို့ နှောင့်ယှက်တာနှင့် ဒုက္ခဖြစ်ကုန်ကြရောပေါ့၊ မင်းက ရန်သူကို အားပေးချင်လို့လား"

"ကျွန်တော့် ရည်ရွယ်ချက်က တစ်မျိုးပါ ဆရာရယ်၊ ဒီပညာ ကောင်းကောင်းအသုံးချတတ်မယ်ဆိုရင် အတော်ခရီးရောက်နိုင်တဲ့ ပညာမျိုးမို့ အဖိုးတန်တဲ့နေရာမျိုးမှာ အသုံးချစရာ လက်နက်ကောင်းတစ်မျိုးပဲ ဆရာလေးရဲ့ ခုတော့သူတို့ဟာတွေက 'ဝါးလုံးခေါင်းထဲလသာ' ဆိုတာလို ကိုယ့်အမျိုးသားချင်းတွေကိုသာ ထစ်ခနဲဆို ပြုစားသတ်ဖြတ် တတ်ကြတဲ့အလေ့ကြောင့် နာမည်ဆိုးနေတဲ့ လက်ဝဲလမ်းပညာရပ်များဖြစ်နေရတယ်၊ ကျွန်တော်ရဲ့ရည်ရွယ်ချက်ကတော့ နောက်ထပ်ဖွဲ့စည်းရမယ့် ကဝေအသင်းကြီးဟာ လက်ဝဲဂိုဏ်းပညာတွေကို ရှေးကထက် ထက်မြက်ထွန်းကားလာအောင် ကြိုးစားကြဖို့နဲ့ မိမိတို့တတ်တဲ့ပညာနဲ့ ကိုယ့်မြန်မာအမျိုးသားများကို ပြုစားနှိပ်စက်ခြင်းမရှိစေဘဲ ဥပဒေစည်းမျဉ်း အကျပ်အတည်းလုပ်ပြီး တားမြစ်ထားခြင်း သစ္စာရေ တိုက်ခြင်းတို့နှင့် ကာကွယ်ထားစေချင်တယ်၊ တကယ့်တကယ်အရေးကျမှ ကဝေအသင်းကြီးက တညီတညွတ်တည်း. . . "

"မင်းနှယ်ကွာ ရှာရှာဖွေဖွေရှိလိုက်တာ ကဝေအသင်းဖွဲ့ဖို့က ထားပါဦး၊ ကဝေမပြောနှင့် စုန်းပညာကလေးလောက် အခြေတယ်မိတဲ့ဟာကတောင် စုန်းရယ်လို့ လူသိမခံဝံ့ကြဘူး၊ သူတို့ကို တစ်လမ်းသွားဆိုပြီး ရိုးရိုးလူများက ဆေးဖော်ကြောဖက်မလုပ်မှာ သိပ်စိုးရိမ်ကြတယ်၊ ဒီတော့ ဘယ်မှာလူသိရှင်ကြား ကဝေအသင်း ဖွဲ့စည်းဝံ့မှာတုံးကွဲ့"

"အဲဒါခက်တာပဲ ဆရာလေးရာ နို့ နေစမ်းပါဦး သူတို့ကို ဘာပြုလို့ တစ်လမ်းသွားခေါ်ရတာလဲ၊ ဒီပညာတတ်ရုံနဲ့ ဒီလောက်ပဲ အပြစ်ကကြီးသွားရောလား"

"မကောင်းမှုတွေ ပြုအားကြီးလို့ တစ်လမ်းသွား ကမ္ဘာ့သစ်ငုတ်၊ ကမ္ဘာ့ခလုတ်၊ ကမ္ဘာ့ဆူးညှောင့်လို့ ဆိုထားတယ်ကွဲ့"

"ကဲ ဆရာရယ် ဒီပညာကိုတတ်ရုံတတ်ထားပြီး ဘယ်သူ့ကိုမှ မပြုစားမညှင်းဆဲသေးရင်ကော"

"ဒီလိုဆိုတော့ တစ်လမ်းသွားခေါ်လောက်အောင် မဆိုးသေးဘူးဆိုရမှာပေါ့၊ သို့ပေမယ့် ပညာတတ်သွားကထဲက ကိုယ့်ပညာစွမ်း၊ မစွမ်းကို အကဲဖြတ်တဲ့အနေနဲ့ အနည်းဆုံးအပြစ်မရှိတဲ့လူ လေးငါးဆယ်လောက်တော့ သက်သက်မားစာခံ ဖြစ်သွားရသေးတာပဲ၊ ပြီးတော့ သူတို့သင်ရတဲ့ ပညာထဲမှာကိုပဲ လူတစ်ပါးရဲ့ အသက်တွေဟာ ဆေးဘက်ဝင်နေပြန်တယ်၊ ဒီတော့ ဘယ်သက်သာမတုံး"

"ဟာ ပညာကြီးပွားထွန်းကားအောင် လုပ်ယူရမှာဆိုတော့ ဒါလောက်တော့စွန့်စားရမှာပေါ့၊ ထာဝရအပြစ်ကြီး မကျူးလွန်ဘဲနေရင် တော်ပါပြီ၊ ကျွန်တော့်သဘောက လက်ဝဲလမ်းပညာထွန်းကားလာအောင် အကြံသစ်၊ ဉာဏ်သစ်တွေဖြည့်စွက်ပြီး ရှေးကထက် ပိုပြီးထက်မြက် အသုံးဝင်လာအောင် ကြိုးစားစေချင်တယ်၊ တစ်ခုသဘောမကျတာလည်း ရှိသေးတယ်ဆရာလေးရဲ့ ဒီလက်ဝဲလမ်းပညာကို ရှေးအခါကထွန်းကားခဲ့သလောက် နောက်ပေါက်လူနောင်လာနောက်သားတွေအတွက်ဆိုပြီး အင်္ဂါယကျမ်း၊ ဘူမိရပ်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းများလို ဟုတ်ဟုတ်ငြားငြား အစဉ်အလာ လက်သုံးပြု

သွားဖို့ စုန်းကဝေပညာနည်းများကို စာတစ်စောင် ကျမ်းတစ်ဖွဲ့မထားခဲ့ဘဲ တစ်ယောက်နှင့်တစ်ယောက် သားစဉ်မြေးဆက် အနည်းငယ်သာ ပညာဝေ ထားခဲ့တာကို မကျေနပ်ဘူး၊ ကဝေအသင်းဖွဲ့စည်းပြီး လက်ဝဲလမ်းပညာကို မကြီးပွား မတိုးတက်တဲ့အချိန်အခါတောင် ဆရာလေးတို့နားမနေရတဲ့အထဲ မင့်စိတ်ကူးမျိုးအတိုင်း ဖြစ်မြောက်သွားရင် မခက်သေးဘူးလား"

"ဒီလိုပါဆရာလေးရဲ့ ခုနင်ကကျွန်တော်ပြောပကော ကိုယ့်မြန်မာ အမျိုးသားဟူသရွေ့ကို လုံးလုံးမနှိပ်စက်ပါဘူးဆိုတဲ့ ကတိသစ္စာကြီးတစ်ခု မြဲသွားတော့ ဆရာလေးတို့ ပင်ပန်းဖို့အကွက်မရှိပါဘူး၊ ကိုယ့်လူမျိုးတွေလည်း မနစ်နာပါဘူး"

"ဘုရားမကြိုက်တဲ့ အလုပ်တွေပါတယ်"

"ဘုရား မကြိုက်တာတော့မှန်ပါတယ်ဆရာလေးရယ်၊ မြတ်စွာဘုရား အကြိုက်ကတော့ ရှိသမျှလူတွေကို မိန်းမ၊ ယောကျ်ားမကျန် လောဘ၊ ဒေါသ သိမ်းပြီး အကုန်ဘုန်းကြီး၊ မယ်သီလလုပ်၊ တရားအားထုတ်၊ ကမ္မဋ္ဌာန်းဝင် တစ်ဘဝနဲ့သောတာပန်၊ သဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တည် နိဗ္ဗာန်ရောက်ကုန်ကြပြီး သတ္တဝါဆိုလို့ ပုရွက်ဆိတ်ကလေး တစ်ကောင် တစ်မြီးမှ အကပ်အသပ်မရှိတော့ဘဲ ကမ္ဘာကြီး ပါးစပ်ဟောင်းလောင်း, အူဟောင်းလောင်းနှင့် ကျန်ရစ်တာ ကြိုက်တော်မူကြမှာပေါ့၊ သို့သော်လည်း ဘယ်သူမှဘုရားအကြိုက်ကို ရုတ်တရက်တစ်ပြုံလုံး မလိုက်နိုင်ကြသေးတဲ့ ပုထုဇဉ်တွေဆိုတော့ ရင့်သူတွေ ကျွတ်တမ်းဝင်သွားပေမယ့် ကျန်ရစ်တဲ့ အနုစား၊ သားတွဲလဲ၊ မယားတွဲလဲအတွက် ကြီးနိုင်၊ ငယ်ညှင်းဆဲ ခံရတဲ့အဖြစ် မျိုးမရောက်ရအောင် လူမလေး၊ ခွေးမလေးဘဝမျိုးနှင့် မနေရအောင် ကိုယ့် အသားထဲကလောက်ဖြစ်ပြီး ကိုယ့်ကိုပြန်ကိုက်တဲ့ အမိုက်နာ၊ အငတ်နာတွေ ကင်းရှင်းအောင် ကာကွယ်နိုင်တဲ့နည်းနှင့် စည်းစည်းလုံးလုံး ကာကွယ်မှ ဖြစ်ကြ တော့မယ် မကာကွယ်နိုင်ရင် သူများနင်းပြားဖြစ်ရုံမက ဝတ်တစ်လှည့် ပြတ်တစ်လှည့်ဆိုတဲ့ကျွန်ဘဝက မကျွတ်နိုင် 'အူမ, မတောင့်တော့ သီလ မစောင့်နိုင် ဆွမ်းရေးထက် ဝမ်းရေးခက်တယ်' ဆိုသလို၊ ဝမ်းမဝရင် ဘယ်က

လာပြီး ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်းကိစ္စတွေ လုပ်နိုင်တော့မလဲ လူတွေဆင်းရဲငတ်ပြတ်လေ နိဗ္ဗာန်ရောက်ဖို့နဲ့ ဝေးလေပဲ၊ ဒီတော့ ကျွန်ဘဝကလွတ်ပြီး စည်းစည်းလုံးလုံး၊ အတန်းမြင့်မြင့်ချမ်းသာ လမ်းပွင့်သွားရင် အူမတောင့်ပြီးသီလစောင့်နိုင်မယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားရဲ့ ပထမလှေကားထစ်ဟာ ကျွန်ဘဝကလွတ်မြောက်ဖို့ လွတ်လပ်ရေးရဖို့ကို ရှေးဦးစွာ ကြိုးကြိုးစားစားတက်ရမယ့် လှေကားထစ်ပါဆရာလေးရဲ့"

"အေး လွတ်လပ်ရေးရမှ အူမတောင့်ပြီး သီလစောင့်နိုင်မယ်ဆိုတာတော့ ဟုတ်ပါပြီကွယ်၊ မင်းစပြီးပြောတဲ့ လက်ဝဲလမ်းပညာနဲ့ ဒီကိစ္စနဲ့ ဘာဆိုင်သလဲ"

"ဟာ ဆိုင်တာပေါ့ ဆရာလေးရဲ့ ခုနင်ကဆရာလေး ပြောတယ်မဟုတ်လား၊ ဘုရားမကြိုက်တဲ့အလုပ်တွေဆို ကျွန်တော်တို့ မြန်မာပြည်ရဲ့ ကိုယ့်မင်းကိုယ့်ချင်း ဘုရင်တစ်ပါးဖြစ်ခဲ့ဖူးတဲ့ မင်းတုန်းမင်းတရားကြီးဟာ ဘုရားမကြိုက်တဲ့ အလုပ်မလုပ်လိုတဲ့ဆန္ဒကြောင့် လက်နက်တွေမလုပ်ရ၊ လက်နက်လုပ်ခြင်းဟာ ထာဝရအကုသိုလ်ကြီးကို တည်ဆောက်ထားတာနဲ့ တူတယ်ဆိုပြီး တားမြစ်ပိတ်ပင်တော်မူခဲ့လို့ သူများနိုင်ငံလို ဗုံးတွေ၊ အမြောက်တွေ၊ သေနတ်တွေ ပခုံးချင်းယှဉ်လုပ်နိုင်ရက်သားနဲ့ လုပ်မထားရတော့ မင်းတစ်ဆက်ဖြစ်တဲ့ သီပေါမင်းလက်ထက်ရောက်တော့ လက်နက်အင်အားနည်းတဲ့အတွက် မထိမဲ့မြင်နဲ့ ကြက်၊ ငှက်ဖမ်းသလို ချော့ချော့ပြီး ဆောင်ယူသွားတာ ခံရတယ်မဟုတ်လား 'ကာလံ ဒေသံ အဂ္ဂံ'ဆိုတာလို အခါခပ်သိမ်း လောကုတ္တရာ တွေးနေရမှာက လောကီနဲ့ မဆက်ဆံတဲ့ သူတော်သူမြတ်များရဲ့ အလုပ်ပါ၊ လောကကြီးထဲမှာအိမ်ယာထောင်နေတဲ့ လောကီသားတွေဆိုတော့ အခါအခွင့်ကြည့်ပြီး လောကဓမ္မ မျှတသင့်လျော်အောင် အသုံးချတက်ရပါတယ်၊ လောကကြီးရဲ့ အလေ့အကျင့်ကြီးဟာ မျက်နှာငယ်ရာ ဖိထောင်းချင်ကြတဲ့ စရိုက်ဆိုးရှိတယ်၊ ဂေါ်ရင်ဂျီကုလားကို လူတကာနိုင်ချင်သလို ဂေါ်ရင်ဂျီကုလားလောက်နီးနီး မျက်နှာငယ်တဲ့ ရွာထဲက ဘိုးဒေါင်းကလေး ကြည့်စမ်းပါ၊ ခွေးကကျယ်ချင်၊ ဝက်ကကျယ်ချင်၊ လူကနိုင်ချင်၊ ခွေးကနိုင်ချင်၊ မခံလို့ ပြန်ပက်

ရင်ကော သူ့ဆရာ ဦးဘိုးဝတ်က မျက်နှာကြီးရာ၊ အစာခွံ့ရာ၊ ဟတ်တတ်စွဲခေါင်းညွတ်ပါပြီး ဆန်ရင်းနာနာဖွပ်တာခံရတာပဲ၊ အဲဒါ လောကကြီးရဲ့ ဓမ္မတာပဲ ဒီလောကစရိုက်ကိုက 'မိုက်နိုင်ရင် လူလိမ္မာ၊ ညာနိုင်ရင် ထမင်းဝ၊ အိမ်ရှင်ကို ဧည့်သည်က မျက်စောင်းထိုး ပြူစူပြီး တောင်ယာပဲခင်းရှင်ကို မြောက်စုပ်တွေကမောင်းနှင်ထုတ်'တဲ့၊ တေးထပ်ထဲက လောကခေတ်ကြီးမျိုးမို့ စိတ်ပုတီးကိုင်သွားတဲ့လူထက် ခြောက်လုံးပြူး ခါးထိုးသွားနိုင်တဲ့လူကိုမှပိုပြီး ကြောက်ရွံ့ကြည်ညိုခဲ့ညားကြတယ်၊ ဟစ်တလာနဲ့ မူဆိုလီနီကို ဧရာမ အင်ပိုင်ယာရှင်တွေက ဖင်တုန်အောင် လန့်နေတာဘာကြောင့်လဲ မိုက်ဝံ့လို့ ရဲဝံ့လို့ အင်အားတောင့်လို့ မဟုတ်ပါလားဆရာလေးရယ် . . . ဒီတော့ ကျွန်တော်တို့ ကျွန်တွေမှာလည်း လက်နက်ဆို ထွာညှိုတုတ်မှ မကိုင်ရတဲ့ဘဝမှာ ဘယ်သူကလာနှိပ်နှိပ် ကြိတ်ခံရတာတွေများလှပြီ မခံလို့ ပြန်လုပ်ရင်လည်း လုပ်တဲ့အတွက်ကတစ်မျိုး အပြစ်ရပြီး နာလည်းနာ နံလည်း နံဆိုတဲ့ ပုဏ္ဏားကြီး စကားလိုမို့ 'လူရိုသေ ရှင်ရိုသေ' ဆိုသလို၊ အဲဒီလက်ဝဲ အောက်လမ်းပညာ ကလေးတွေ ထွန်းကားရင်ဖြင့် ရုတ်တရက်လူမစော်ကား ဝံ့ပေဘူးလားလို့ နောက်လိမ္မာသလို သုံးသွားရင်လည်း ဟစ်တလာကို ကမ္ဘာက လန့်သလို လန့်ချင်လန့်လာမှာပဲ"

"မလုပ်ပါနဲ့ မောင်လှဝင်းရာ မြန်မာပြည်ကို စုန်းပြည်လို့ ကျော်စောသတင်း ဖြစ်သွားပါဦးမယ်"

"အဲ ဒီလိုကျော်စောပြီး ဘယ်သူမှလာမဆက်ဆံကြရင်လည်း အကောင်းသားပဲ ကျွန်တော်တကယ်ပြောနေတာ စုန်းကဝေပညာဟာ သေသေချာချာ အသုံးချလို့ရအောင် ပြုပြင်ရင် အင်မတန်အဖိုးတန်မယ်ဆရာရဲ့ ကဝေမကြီးတစ်ယောက်ဟာ ထိုင်ရာမထ သူ့အိမ်ထဲမှာ သူ့ဘာသာနေရင်း အဝေးကလူတစ်ယောက်ကို လက်နက်မသုံးရဘဲ သက်သေမရှိ လက်ပံ့စံမကျန် ရစ်တဲ့နည်းနဲ့ ရူးရင်လည်း ရူးစေနိုင်တယ်၊ သေရင်လည်းသေစေနိုင်တယ် မဟုတ်လား၊ ခုလိုပညာဆုတ်ယုတ်နေတဲ့ ခေတ်ကြီးထဲမှာတောင် လူပြုစားလို့ ရူးနေတဲ့လူတွေ သေသွားတဲ့လူတွေသေပြီး ဆေးရုံကရင်ခွဲတဲ့အခါ ဗိုက်ထဲက

အပင်းတုံးတွေ သားရေစတွေ ဆံချည်မျှင်ထွေးတွေ ပါပါလာတာ မကြာမကြာ တွေ့ကြရပါသေးတယ်၊ ဒီနည်းတွေကို ချဲ့ထွင်ပြီးစီမံလိုက်ရင် သိပ်အဖိုးတန်မယ်၊ ဟို အနောက်နိုင်ငံဆီမှာ အဆိပ်ငွေ့ဗုံးအမျိုးမျိုး ခေတ်ဆန်အောင်ကြံစည်လုပ်ကိုင်တဲ့ လောကဓာတ်ဆရာတွေ လက်ဖျားငွေသီးသလို ဒီပညာကိုချဲ့ထွင်ပြီးတဲ့အခါ လက်နက်စုဆောင်းနေတဲ့ နယ်ချဲ့သမားတွေရောင်းစားဦးတော့ . . . ငွေတွေအများကြီးရမှာပဲ”

“မဖြစ်နိုင်တာတွေ ပြောမနေပါနဲ့ကွယ် တော်တော်ကြာ ဂျူနိထစဉ်က နငယ်နကွင်းပိတ်ထိုးတဲ့လူတွေ လိုက်ဖမ်းလို့ မြွေဆေးထိုးထားတဲ့ လူတွေရော ပီယဆေးထိုးထားတဲ့လူတွေရော ပြုတ်စပ် ပြင်းတောင်း ရောနှောအဖမ်းခံရသလို ကလေးအငိုတိတ်အောင် ခေါ်ခွက်ပစ်တဲ့ သားသယ်အမေတွေပါ စုန်းနဲ့ဆက်သွယ်တယ်ဆိုပြီး အဖမ်းများခံနေရပါဦးမယ်”

“ဟာ ဆရာကလည်း ဥပဒေစာအုပ်ထဲမှာ စုန်းဖမ်းပုဒ်မ မပါသေးပါဘူး. . . မစိုးရိမ်ပါနဲ့”

“ဥပဒေခက်ထာလိုက်လို့ကွယ်၊ ခုလုပ် ခုဖြစ်တာပေါ့၊ ဘုရင်ခံနဲ့ လခယူနေတဲ့ ဥပဒေပြုအမတ်တွေ ဘာလုပ်ဖို့ထားသလဲ”

“ကဲ ဆရာလေးရော ဒါတွေနောက်တော့ရောက်ယားထားလိုက်ပါ၊ ကျွန်တော် ခုပြောနေတာတွေ မဖြစ်နိုင်ဘူးလား။ ဒီလက်ဝဲလမ်းဆိုတဲ့ ပညာတွေ စုန်းကဝေ မှော်အတတ်တွေဟာ အရေးကြီးအရာရောက်နိုင်တဲ့နေရာတွေမှာ အသုံးပြုသွားတတ်မယ်ဆိုရင်၊ အင်မတန် အဖိုးတန်မှာပဲ၊ ရှေးကလည်း ဒီပညာမျိုးတွေကို ကျွန်တော်တို့ဗမာ ရှင်ဘုရင်တွေ တစ်ပြည်နှင့်တစ်ပြည် စစ်ပြိုင်တိုက်ခိုက်တဲ့အခါတွေမှာထည့်ပြီး သုံးစွဲခဲ့ကြသေးတယ်လို့ ဗဟုသုတအဖြစ်နှင့်ပင် မှတ်သားရဖူးပါတယ်။ ဒီအသုံးချပုံမျိုးတွေဟာ အထက်လမ်းပေါက်မြောက်တဲ့ ဆရာကြီးတွေရဲ့နည်းနဲ့လည်း ဖြစ်နိုင်ပါတယ်။ ပထမံဦးအောင်နှင့် ဘိုးတော်ဘုရားတို့အတ္ထုပ္ပတ္တိမှာ ပထမံဦးအောင်က မရေတွက်နိုင်တဲ့ စစ်သားတွေကို ဘိုးတော်ဘုရားအား ဖန်တီးပြခဲ့တယ်မဟုတ်ပါလား၊ အဲ နို့ပေမယ့် ပထမံဦးအောင်တို့လမ်းက အထက်လမ်းသမားတွေမို့ စွမ်းပင်စွမ်းသော်လည်း

လောဘအတွက်နှင့်ဖြစ်စေ ဒေါသ အာယာတ တရားကြောင့်ဖြစ်စေ၊ အသုံးမပြုခဲ့ကြဘူး ဆရာလေးရဲ့ . . .

ဟော ဗားမဲ့ဆရာတော်၊ ဗားတမော့ဆရာတော်၊ ဓမ္မစေတီ၊ ဓမ္မပါလတို့ကျတော့ လက်ဝဲဂိုဏ်းနဲ့ အကျွမ်းဝင်တဲ့ပညာတွေပါလာတော့ တိုင်းရေးပြည်ရေးထဲမှာ ဝင်ပြီးအသုံးချရပါတယ်။ အင်းဝ၊ ဟံသာဝတီ၊ ကေတုမတီတို့အရေးတွေမှာ အထင်အရှားပါတာပဲ ဓမ္မစေတီနဲ့ဓမ္မပါလတို့ ထီးနန်းအတွက်နှင့်တစ်ယောက်တပြန့် ပညာစွမ်းပြိုင်ကြတာများ ဘယ်လောက်အံ့အားသင့်ဖို့ကောင်းတဲ့ပညာတွေလဲဆရာလေးရယ်၊ အဲဒီပညာတွေကို ပြန်လည်စုဆောင်းရှာဖွေလိုက်စားပြီး ခေတ်မီအောင် အသစ်ချဲ့ထွင်စီမံနိုင်ရင် 'အတိုင်းထက်အလွန် တံခွန်နဲ့ဘုရား'ဆိုသလို ဖြစ်သွားမှာပဲ ကျွန်တော်ခုလိုပြောနေတာဟာခုကာလဆေးရှူ မော်ရှူးကလေးများလို ဆရာယောင်တွေညာတာကိုနားဝင်ပြီးအထင်ကြီးနေတာလည်း မဟုတ်ပါဘူးဆရာလေးရဲ့ ကျွန်တော့်သဘောဟာဘာမဆို ထိထိမိမိကလေးဆုပ်မိကိုင်မိမှ အကျိုးအပြစ် ပြောချင်တဲ့ ဝါသနာရှိပါတယ်။ ကောလိပ်မှာ အတန်ကြာကြာ အင်္ဂလိပ်စာတွေ သင်ရလို့ ဒီလိုစုန်း၊ ကဝေ၊ မော်ဆိုတဲ့ လက်ဝဲဂိုဏ်းပညာတွေကို အလကားဟာတွေရယ်လို့ အရမ်းမဲ့မစုံစမ်းသေးဘဲ ရှော်ပစ်ချင်တဲ့ စိတ်လည်းမရှိပါဘူး . . .

လိုက်တန်သလောက်လိုက်ပြီး တီးခေါက်ကြည့်မိလို့ လောကမှာလက်ဝဲဂိုဏ်းပညာတစ်မျိုးဟာ ရှိတော့ရှိတာပဲ၊ သို့ပေတဲ့ ဘာသာနဲ့ ဆန့်ကျင်တဲ့ပညာတစ်မျိုးမို့ အဖိုးတန်ရှုံချဖိနှိပ်ခံခဲ့ရလို့ တဖြည်းဖြည်း တိမ်ကောလာတယ်လို့အယူရှိပါတယ်။ ဒါကြောင့်လည်း လောကီအကြိုက်ကြီးမဟုတ်သေးဘဲ အခါအခွင့်ကြည့်ပြီး အားကိုးရာမဲ့တဲ့အခါမျိုးမှာ တတ်နိုင်ရာရာ အကူအညီမျိုးတစ်ခုခုကို လိုလားသင့်တယ်လို့ ဆိုချင်ပါတယ်"

ဟု အကယ်ပင် စိတ်ပါလက်ပါ ရှည်လျားစွာ ပြောနေသဖြင့် ကျွန်တော်လည်း မောင်လှဝင်း၏ သဘောအယူအဆကို အတော်အသင့် ကျေနပ်လာမိပါတော့သည်။

မောင်လှဝင်းကား သာမညစိတ်နေသဘောထားရှိသော လူစားမျိုး မဟုတ်ဘဲ တစ်ခုခုကိုနက်နဲစွာ စုံစမ်း၍ လက်ဆုပ်လက်ကိုင်တွေ့ပြီးမှ အကျိုးအပြစ်ကို ဝေဖန်ချက်ချတတ်သူတစ်ဦးဖြစ်ကြောင်း သိရပါသည်။ ၎င်း၏ စိတ်နေစိတ်ထားမှာလည်း အတော်ပင် အထက်တန်းကျသူတစ်ဦးဖြစ်၏၊ ဘီအေတွင် နှစ်နှစ်ဆက်၍ကျခဲ့ပြီးနောက် ကျွန်စိတ်ပေါက်သော ကျွန်မွေးကို ဆွဲနုတ်ဖယ်ရှားလိုက်သည့်အချိန်ကစ၍ ဘွဲ့ဒီဂရီအတွက် ဆက်လက်အောင် ပန်းမခူးတော့ဘဲ အယ်လ်ပါကားအကျီနက် အရှည်စားကြီးကို လားလားမျှ မခုံမင်တော့သည့်အားလျော်စွာ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ တက်လာပြီး အလကားဖြစ်နေသည့် တောတောင်မြေရိုင်းများကို စော်ဘွားများထံမှ ဧကပေါင်းများစွာ ဂရန်ယူအခွန်ထမ်းပြီး တောင်တန်းနှင့်မြေပြင်ဟူသ၍တို့တွင် သစ်တော်ပင်၊ ကော်ဖီပင်စသော အဖိုးတန်အသီးအပင်များကို ကျယ်ဝန်းသော ခြံကြီးများနှင့် တပည့်လက်သားအများငှား၍ အကြီးအကျယ်စိုက်ပျိုးကာ မြန်မာတစ်ပြည်လုံးကို ဝေငှဖြန့်ဖြူးသစ်သီးကုန်ကူးနေသူဖြစ်ပေ၏။

မောင်လှဝင်း၏အလုပ်မှာ သေးသေးနုတ်နုတ်မဟုတ်ဘဲ အကြီးအကျယ်စိုက်ပျိုးရောင်းချခြင်းကြောင့် နှစ်ချုပ်တွင် ဝင်ငွေအမြတ်များစွာ ပေါ်နေသည်တိုင်အောင် ရောင့်ရဲတင်းတိမ်နေသူမဟုတ်ဘဲ သူ၏ ကော်ဖီခြံမှ ထွက်သော ကော်ဖီစေ့များကို နိုင်ငံခြားကဝင်လာသော ကော်ဖီများနှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် အမှုန့်ပြု၍ သံစည်သွင်းရန်နှင့် ခြံထွက်သစ်သီးများကိုလည်း နိုင်ငံရင်းနှင့် နိုင်ငံခြားသို့ စည်သွင်း၍ တင်ပို့နိုင်သည်အထိ စက်ကိရိယာများ ကြံစည်စုဆောင်းနေဆဲဖြစ်ရာ နောင်အခါတွင် မောင်လှဝင်း၏ လုပ်ငန်းမှာ ပျင်းရိစွာကျောခင်းနေတတ်သော အလုပ်လက်မဲ့ မြန်မာတက်လူကလေးများအလယ်တွင် ဂုဏ်တင်စံယူရန် အလုပ်ကြီးတစ်ခု ဖြစ်လာမည်ဟု မျှော်လင့်နိုင်သောကြောင့် မောင်လှဝင်းမှာရှမ်းပြည်နယ်တွင် သာမာန်ခြံပိုင်ရှင်တစ်ဦးအဖြစ်နှင့် မထင်မရှားနေသော်လည်း မြန်မာပြည်၌မူကား ၎င်း၏ ပေးရသော အမြတ်တော်ကြေးနှင့်ပင် သူဌေး သူဌေးဟု လူတိုင်းက အရေးပေးလောက်သော အခြေအနေတွင် တည်နေလျက်ရှိပါသည်။

ကျွန်တော်ကိစ္စတစ်ခုကြောင့် ဆရာကြီး၏စေခိုင်းချက်အရ ရောက်လာရသောရှမ်းရွာကလေး၌မူ မောင်လှဝင်းနေထိုင်ရာ တောင်ကုန်းပေါ်ရှိ တစ်ထပ်ဘန်ဂလိုသဏ္ဌာန် အင်္ဂလိပ်ဆန်ဆန်ဆောက်လုပ်ထားသော ကျောက်တိုက်ကလေးများနှင့် များစွာမဝေးလှပေ။ အိမ်ကလေးမှာ တောင်တစ်လုံး၏ ခုလပ်ဖြစ်သော ကမ်းပါးရံကိုမှီ၍ ဆောက်လုပ်ထားပြီး အိမ်ကလေးရှေ့ဘက်တစ်ဝိုက်တွင် လှပစွာပြုပြင် စိုက်ပျိုးထားသောပန်းမျိုးစုံဥယျာဉ်ကလေးမှာလည်း အထူးပင် စိတ်ပျော်ရွှင်ဖွယ် ဖြစ်စေပါသည်။ ထိုအိမ်နှင့် တောင်ကုန်းတစ်ဝိုက် နောက်ဘက်မှာမူကား တမျှော်တခေါ် မြင်မဆုံးသော ကော်ဖီခြံကြီးများနှင့် သစ်တော်၊ စပျစ်၊ ကွဲကော၊ လိမ္မော်ခြံများဖြင့် ကျောထောက်နောက်ခံ ခြံရံလျက်ရှိလေ၏။

မောင်လှဝင်းမှာ ရှမ်းပြည်နယ်တွင် အနေကြာသူဖြစ်သည် တစ်ကြောင်း နဂိုကလည်း လက်ဝဲဂိုဏ်းပညာကို အတော်အသင့် စုံစမ်းလာသူဖြစ်သည်တစ်ကြောင်းကြောင့် စုန်း၊ ကဝေ၊ မှော်စသည့်ပညာသည်များအကြောင်းကို အတော်စုံလင်အောင် စုဆောင်းမှတ်သားထားခဲ့သူဖြစ်သည် အားလျော်စွာ ကျွန်တော်ထိုရွာသို့ရောက်၍ မောင်လှဝင်းနှင့် တွေ့သည့်အချိန်ကစပြီး မောင်လှဝင်းမှာ ကျွန်တော့်အား များစွာအာရုံပြုလျက် ခင်မင်ရင်းနှီးသောသူတစ်ဦး ဖြစ်လာသည်တိုင်အောင်ပြုစုကာ သူ၏နေထိုင်ရာအိမ်သို့ မကြာခဏဖိတ်ခေါ်ပြီး ကျွန်တော်တွေ့ကြုံခဲ့ရသော စုန်းကဝေများအကြောင်း၊ အောက်လမ်းလက်ဝဲဂိုဏ်းများအကြောင်းကို စုံစမ်းမှတ်သားလျက်ရှိရာ မောင်လှဝင်း၏ ဇနီးသည်ကလေး မရင်နွဲ့မှာလည်း လင်ယောကျ်ားက အလေးအမြတ်ပြုထားသော ဧည့်သည်တစ်ဦးဖြစ်သော ကျွန်တော့်အား အိမ်သူမတို့ဝတ္တရားကို လိုလေသေးမရှိရအောင် ဆောင်ရွက်ပါသည်။ မရင်နွဲ့မှာ မြေလတ်သူကလေးဖြစ်သည့် အားလျော်စွာ မရင်နွဲ့ဟူသော အမည်သညာနှင့် လိုက်လျောအောင်ပင် ယဉ်ယဉ်နွဲ့နွဲ့နှင့် လှပချောမောသူကလေး ဖြစ်ပါသည်။

လူက ယဉ်ယဉ်နွဲ့နွဲ့ရှိသလောက်လည်း အမူအရာအနေအထိုင် အပြောအဆိုမှစ၍ အပြစ်ပြစရာမရှိအောင် နူးညံ့သိမ်မွေ့လှသဖြင့်

မိန်းမကောင်းလက္ခဏာများစွာပြီသသည့်အလျောက် မောင်လှဝင်းကလည်း ကိုယ်လုံးကိုယ်ပေါက် ထွားကြိုင်းပြည့်တင်းလျက် ကျက်သရေရှိသော မျက်နှာတို့ကြောင့် ယောကျ်ားကောင်းပီသပြီး မြင့်မြတ်အထက်တန်းကျသော စိတ်နေစိတ်ထား အကြံဉာဏ်ကောင်းများနှင့် ပြည့်စုံသူဖြစ်လေရာ ဤလင် ဤမယားတို့မှာ များစွာ ရေ့သွားနောက်လိုက်ညီလှပါပေသည်ဟု တွေ့ရတိုင်းပင် ကျွန်တော်၏စိတ်တွင်းမှ အစဉ်ချီးမွမ်းလျက်ရှိပါတော့၏။

မောင်လှဝင်းလည်း သူ၏ခြံထွက် သစ်သီးမျိုးစုံ ယိုမျိုးစုံတို့နှင့် ဧည့်ခံကျွေးမွေးရင်း စကားတပြောပြောနှင့် ရှိခဲ့ရာမှ တမေ့တမောကြာလာသောအခါ မရင်နွဲ့မှာ ညနေခင်းအချိန်ဖြစ်သဖြင့် ဘုရားပန်းလဲရန် အလို့ငှာ ပန်းခြင်းနှင့် ကပ်ကျေးယယ်တစ်ခုကို ကိုင်ပြီး ပန်းခြံထဲသို့ ဆင်းခါ ဖြူ၊ နီ၊ ဝါ၊ ရွှေ အထွေထွေသော ပန်းခိုင်ကလေးများ ကိုက်ညှပ်ခူးယူနေသည်ကို ကျွန်တော်တို့ အိမ်ရှေ့ဆင်ဝင် ကျောက်ဝရံတာကလေးအတွင်းမှ အတိုင်းသားမြင်ရပါသည်။ ကျွန်တော်နှင့်မောင်လှဝင်းတို့လည်း အထက်ပါစကားများကို သူတစ်ပြန်ငါတစ်လှည့် ဆိုသလို ပြောဆိုနေကြစဉ် ပန်းခြံထဲမှမရင်နွဲ့မှာ စူးရှစွာဟစ်အော်ပြီး လက်ထဲကပန်းခြင်းကို ပစ်ချကာ ကျွန်တော်တို့ရှိရာသို့ ပြေးလာသဖြင့်၊ ကျွန်တော်နှင့်မောင် လှဝင်းတို့မှာလည်း . . .

"မရင်နွဲ့ ဘာလဲ ဘာလဲ"

ဟု ပျာပျာသလဲမေးမြန်းရင်း ပြေးလာသောမရင်နွဲ့ဆီသို့ ပြေးသွားမိကြပါသည်။ မရင်နွဲ့ကား မောင်လှဝင်း၏ရင်ခွင်ထဲသို့ ရောက်နေသည်တိုင်အောင် မောနေသေးလျက် ကြောက်လန့်သောအရှိန်ကြောင့် မျက်လုံးကလေးပြူးတူးပြတဲဖြစ်ကာ နှုတ်ခမ်းမှာလည်း ဖြူရော်လျက်ရှိသည်ကို တွေ့ရပါသည်။

"နွဲ့ ဘာဖြစ်တာလဲ ဟင် ပြောစမ်းပါဦး"

ဟု မောင်လှဝင်းကမေးမှ မရင်နွဲ့က ပြေးလာရာဆီသို့ ကြောက်ကြောက် လန့်လန့်နှင့်လက်ညွှန်ပြပြီး . . . .

"ဟိုနားမှာ နွဲ့တွေ့ခဲ့ရတယ် ခုမရှိတော့ဘူး ကျောက်တုံးကြီး ကြားထဲ ဝင်သွားပြီ၊ နွဲ့ သိပ်ကြောက်သွားတာပဲ"

ဟု တုန်တုန်ရီရီထစ်ထစ်ငေါ့ငေါ့နှင့်ပြောရာ လှဝင်းမှာ ရယ်မောပြီး

"အမယ်လေး ဟဲ့ နွဲ့၊ ကြောက်တတ် လန့်တတ်လိုက်တာလည်း လွန်ရောကိုးကွဲ့. ဒီလိုပဲ တစ်ခါတစ်ခါ လန့်လန့်ပြေးလာရော ပြီးတော့ သွားကြည့်လည်း ဘာမှမရှိဘူး၊ ဒီနားရောက်တိုင်း သူလန့်လန့်ပြီး ပြေးလာတာပဲ၊ ဒီနားကိုလည်း မသွားဘဲမနေနိုင်ဘူး၊ ပန်းခြံထဲမို့ ဆင်းရင် သူဒီနားရောက်သွားတာချည်းပဲတွေ့ရတာပဲ"

ဟု ရယ်ရင်းပြောင်လှောင်ပြောပြီး အစေခံမကလေးတစ်ယောက်ကို ရေယူခိုင်း၍ . . .

"ရော့ ရော့ ပြေးလာရတာနဲ့ မောသွားပြီ ရေကလေးများသောက်ဦး"

ဟု မယားကို ခပ်ပြုံးပြုံး ယုယုယယလုပ်နေလေ၏။ သို့နှင့် မရင်နွဲ့မှာ အကြောက်မပြေသေးဘဲ လှဝင်း၏သို့ပြောသည်ကိုပင် မခံချင်သလိုကြည့်ကာ

"နွဲ့ တကယ်တွေ့ခဲ့တာပါ ကိုကိုရဲ့ သိပ်ကြောက်တာပဲ"

"ဘာများတွေ့ခဲ့ရတာလဲနွဲ့ရဲ့"

"လူသေခေါင်းခွံရိုးကြီး နွဲ့ပန်းခူးတဲ့နေရာနား လှုပ်လှုပ် လှုပ်လှုပ်နဲ့ တွားလာပြီး သွားကြီးဖြဲရီပြတယ်။ ပါးစပ်ကြီးလည်းဟပြတယ်။ မျက်လုံးခေါင်းကြီးထဲက မျက်ဆံဖြူဖြူကြီး ထွက်ချည်ဝင်ချည် ဖွင့်ချည်မှိတ်ချည်လုပ်ပြတယ်။ နွဲ့က လန့်အော်တော့ ရယ်ပြီး ကျောက်လုံးကြားထဲ လိမ့်ဝင်သွားတယ်"

"ကဲ ဒါဖြင့် လာလိုက်ခဲ့ သွားကြည့်မယ် အလကား နွဲ့စိတ်ထင်လို့ပါ"

"အို ခုသွားကြည့်လို့ ဘာတွေ့မှာလဲ ကိုကိုရဲ့ ဟိုတောင်နံ့ရံက ကျောက်တုံးကြားထဲ ဝင်သွားပါပြီလို့ ပြောသားနဲ့"

"ဟာ ကျောက်တုံးကြားထဲ လိုက်ရှာမှာပေါ့ နွဲ့ရဲ့ ကဲ . . လာလာ ဆရာလေးပါလိုက်ကြည့်ပါ"

ဟု ဆိုပြီးလျှင် ကျွန်တော် မောင်လှဝင်း မရင်နွဲ့ ပန်းခြံပြုပြင်သော ရှမ်းမာလီကြီးတစ်ဦးပါခေါ်လာပြီး မရင်နွဲ့ မြင်ခဲ့ရသည်ဆိုသော နေရာသို့ လာခဲ့ကြရာ ထိုနေရာကား တောင်နံပါးကြီးနှင့်ဆယ်ပေ ခန့်မျှသာဝေးကွာပြီး

ဤနေရာတွင် စိုက်ပျိုးထားသော ပန်းပင်များမှာလည်း အခြားသောနေရာက ပန်းပင်များထက် ဝေဝေဆာဆာ ပဒေသာခိုင်တမျှ ပွင့်ဖူးနေကြသည်များကို တွေ့ရပေ၏။

တောင်နံပါးကြီးမှာကား ဓားနှင့်တိတိလှီးချထားဘိအလား တညီတညာတည်း မတ်စောက်မြင့်မားသော ကျောက်ပြားကြီးပမာ ရှိနေရာတွင် ရေညှိ, ရေမှိုတို့ဖြင့် စိမ်းစိုလျက် ကျောက်ပန်းခက် ကျောက်ပန်းနွယ်များဖြင့် တန်ဆာဆင်ထားသကဲ့သို့ တွေ့မြင်ရကာ၊ အဆိုပါကျောက် တောင်နံပါးကြီးနှင့် ထိကပ်နေသော လူတစ်ရပ်လောက် အမြင့်ရှိ၍ လုံးပတ်၁၂ပေလောက်ရှိသည့် ကျောက်တုံးကြီးတစ်တုံးမှာလည်း ရေညှိ၊ ရေမှော်တွေဖုံးလျက် မြေပေါ်မှထွက်သော ပေါင်းမြက်ပင်တို့ဖြင့် အောက်ခြေတွင် မြုပ်ဝင်နေသည်ကို တွေ့ရပေ၏။

ကျွန်တော်နှင့်မောင်လှဝင်းတို့လည်း မရင်နွဲ့ပြောသည့်စကားအတိုင်း လူခေါင်းခွံရိုးကြီးမှာ တောင်နံရံနှင့်ကျောက်တုံးကြီးကြားတွင် ပျောက်ကွယ်သွားသည်ဆိုသဖြင့် အကြိုအကြားပေါင်းမြက်ပင်တို့ကိုပင် ဖယ်ရှားခိုင်းလျက် ကြည့်ရှုစုံစမ်းပြီး ဘာမှမတွေ့ရသောအခါမှ မောင်လှဝင်းက မရင်နွဲ့ကို ကြည့်ကာ . . .

"ကဲ . . ဘာမှမရှိပါဘူး၊ ရှိရင်ဒီအနားမှာ တွေ့ရမှာပေါ့နွဲ့ရဲ့ နွဲ့စိတ်ကထင်လို့ပါ"

ဟု ပြောလျှင် မရင်နွဲ့မှာ မကျေနပ်သောအမူအရာနှင့် . . .

"အို . . နွဲ့ကလည်း ရှိတယ်လို့ပြောသလား၊ ခုနကပဲ နွဲ့ရှေ့တွင် ပျောက်သွားပါတယ်ပြောသားနဲ့ နွဲ့စိတ်ထင်တာလည်း မဟုတ်ပါဘူး၊ မြင်တာတော့အမှန်ပါပဲ၊ ခေါင်းခွံရိုးကြီးဟာ နွဲ့မျက်နှာကို စိစိကြည့်ပြီး ရယ်ဖြဲဖြဲလုပ်ပြတာ ခုထက်ထိ မျက်စိထဲမြင်နေပါသေးတယ်"

ဟု ထပ်ပြောနေလေ၏။ မောင်လှဝင်းလည်း အနည်းငယ် စဉ်းစားသလိုလုပ်နေရာက . . .

"အင်း အရင်လည်း ဒီနားမှာပဲ၊ နွဲ့လန့်လန့်ပြေးလာတာ သုံး လေးခါ ရှိပြီ၊ ဒီလိုလန့်တတ်ရင်လည်း ခြံထဲကိုဆင်းတဲ့အခါ ဒီနားမလာပါနဲ့လားနွဲ့ရယ်"

ဟု ပြောသဖြင့် . . .

"ပန်းတွေကလည်း ဒီနေရာက သိပ်သိပ်ပွင့်တော့ နွဲ့လည်း ပန်းများ များ လိုချင်တဲ့ဇောနဲ့ ဒီနားကိုပဲ သတိမေ့မေ့ပြီး ရောက်လာမိတယ် ကိုကိုရဲ့ နောက်ကို နွဲ့ ဒီအနားမလာမိအောင် သတိထားရမှာပဲ"

ဟု ပြောမှ မောင်လှဝင်းလည်း . . .

"ကဲ ကဲ လာလာ"

ဟု ကျွန်တော်နှင့်တကွ မရင်နွဲ့ကိုပါခေါ်လျက် အိမ်ဆီသို့ ပြန်လာ ကြရာက. . .

"ဒီလိုပဲဆရာလေးရဲ့ နွဲ့ဒီနေရာမှာလန့်တာ သုံးလေးခါရှိပြီ"

ဟု စကားကိုပြန်ဆက်သောကြောင့်၊ ကျွန်တော်ကပင်. . .

"မရင်နွဲ့ အရင်လန့်ဖူးတာကကော ဘာများမြင်လို့လဲ ခုလိုလူခေါင်း ခွံရိုးကြီး မြင်ရလို့လား"

ဟု မေးမိမှ. . .

"မဟုတ်ပါဘူးဆရာလေးရဲ့ အရင်တွေ့ရတာတစ်မျိုးပါ၊ တစ်ခါ မြင်ရတုန်းက ရောမပင့်ကူအနက်ကြီးဆရာလေးရဲ့ ကိုယ်ကြီးက ဆန်ကော လောက်ရှိပြီး ခေါင်းကတော့ ပင့်ကူခေါင်းမဟုတ်ဘူး၊ ကမ္ဘောဇအရိုးစုကောင်က ခေါင်းခွံမျိုးကြီးနဲ့ မျက်လုံးကြီးကနီနီရဲရဲကြီး ခရမ်းချဉ်သီးလို ပြူးထွက်နေတယ်၊ ဒီအကောင်ကြီးဟာ ကျွန်မရှိရာရွေ့လာလို့ ကျွန်မကလန့်အော်တာနဲ့ အဲဒီ ကျောက်တုံးကြားထဲဝင်ပြေးပြီး ပျောက်သွားတာပဲဆရာလေးရဲ့ . . .

တစ်ခါဟာတော့ ခုလိုပဲပန်းခူးရင်းနဲ့ ဒီအနားရောက်သွားလို့ ပန်းတွေ ကို အားရပါးရခူးမိနေတုန်း ကျွန်မနောက်နားက ချွတ်ခနဲ အသံကြားလို့ လှည့်ကြည့်လိုက်တော့ ထဘီဇောက်ထိုး ရင်လျားထားတဲ့ အရိုးခြောက်ကောင် ကြီးတစ်ခုဟာ ကျွန်မကိုလက်ကားယားကြီးနဲ့ အုပ်ဖမ်းမလိုဟန်ပြင်ပြီး သွားဖြဲ ကြီးနဲ့ မျက်တွင်းဟောက်ပက်မျက်နှာကြီးကလည်း ကတုန်ကရင် သွားဖြဲကြီး

တွေကို မေးရိုက်သလို တဆပ်ဆပ် တဂျပ်ဂျပ်လှုပ်ပြနေတာ တွေ့ရတာနဲ့ ကျွန်မ အသံကုန်လန့်အော်လိုက်တဲ့အခါ အဲဟိုကျောက်နံရံနားကို ပြေးသွားပြီး ပျောက်သွားတာပဲဆရာလေးရဲ့ . . .

ကျွန်မ ဒီအိမ်ရောက်ပြီးမှ ပထမဆုံးတွေ့ရတာကတော့ ခုလို ညနေခင်းပါပဲ၊ ပန်းခူးရင်း အဲဒီနားရောက်သွားတော့တောင် နံရံကမ်းပါးပေါ်က လျှောပြီး ကျွန်မအနားမှာ ဖုတ်ခနဲကျလာတာနဲ့ လှည့်ကြည့်လိုက်တဲ့အခါ သွေးရဲရဲသံရဲရဲနဲ့ကျလာတဲ့ အသည်းအူစုံ ကလီစာတွဲကြီးဖြစ်နေတာ တွေ့ရပါတယ်။ ကျွန်မ ပြန်းခနဲဆိုတော့ အပေါ်ကလူတစ်ယောက်ယောက်လက်ထဲက လွတ်ကျလာတယ်အောက်မေ့လို့ တောင်နံရံပေါ်မော့ကြည့်တော့လည်း ဘယ်သူမှမရှိဘူး၊ ဒါနဲ့ ကြောက်သလိုလိုရှိပြီး ဖျန်းခနဲ ကြက်သီးတွေထလာတုန်း ဘယ်ကပေါ်လာမှန်းမသိပါဘူး ဆရာလေးရယ်၊ လင်းတပနီကြီးတစ်ကောင် ဝဲကျလာပြီး သွေးရဲရဲနဲ့ ကလီစာတွဲကြီးချီပြီး အဲဟိုကျောက်တုံးကြားထဲ ပြေးဝင်ပျောက်သွားတာပဲ”

ဟု ပြောပြသည်တွင် ကျွန်တော်လည်း ထူးထူးထွေထွေ တွေးမကြည့်တော့ဘဲ သူတို့အိမ်နေရာက အနည်းငယ်ကြမ်း၍သာဟု ယူဆမိပါသည်။ မောင်လှဝင်းမူကား ကိုယ်တိုင်မျက်မြင်မဟုတ်လျှင် ယုံချင်သူမဟုတ်သည့်အားလျော်စွာ. . .

“ကိုကိုကတော့ကွယ် ကိုယ်တိုင် မမြင်ရသေးလို့ နွဲ့စိတ်က ကြောက်ပြီးထင်တာလို့ ပြောချင်တယ်၊ တကယ်သာ ဖြစ်ရင်တော့ အတော်ထူးခြားတာပဲ၊ တစ္ဆေ, သရဲခြောက်တာလည်း ဖြစ်နိုင်တာပေါ့”

ဟု ပြော၍ မရင်နွဲ့ကလည်း . . .

“ဟုတ်မှာပေါ့ကိုကိုရဲ့ ဒီနေရာက ကိုကိုအိမ်ဆောက်ထားလို့သာကိုး အရင်က တောကြီးတောင်ကြီးပဲ၊ တစ္ဆေ၊ သရဲတွေကျက်စား နေထိုင်ကြတဲ့ နေရာလာနေမိရက်သား ဖြစ်နေပြီထင်ပါရဲ့”

ဟု ကြောက်ရွံ့ဟန်နှင့် ပြောလေ၏။

"ကိုကိုမေးစမ်းကြည့်ပြီးပါပြီနဲ့.ရဲ့. ဒီနေရာဟာ ဟိုအရင်က ဘာသံမှ မကြားဖူးပါဘူးတဲ့ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က ရှမ်းအမယ်အိုကြီးတစ်ဦး တောင်ယာလုပ်ပြီး ဒီတောင်ထိပ်မှာပဲ တဲကလေး ထိုးနေသွားဖူးသေးသတဲ့၊ နောက် ရှမ်းမကြီး အိုမင်းမစွမ်းရှိအလာမှာ သူ့သားတွေ၊ မြေးတွေ မြို့ကြီးမှာ အလုပ်အကိုင်နေရာကျပြီကြားလို့ တဲအိမ်ကလေးဖျက်ပြီး လိုက်သွားရှာသတဲ့၊ အမယ်ကြီးနေစဉ်ကလည်းပဲ ဘာဖြစ်တယ်လို့မှ ပြောသံမကြားကြပါဘူးလို့ ကိုကိုတို့ခြံလုပ်သားတွေ အားလုံးကပဲ ပြောကြပါတယ်နဲ့.ရယ်၊ နဲ့.ပြောသလိုသာ ဒီနေရာ တစ္ဆေ၊ သရဲကြမ်းရင် လုပ်သားတွေ ပြောကြမှာပေါ့"

ဟု အကျိုးသင့် အကြောင်းသင့် ပြောနေသည်တွင် ထိုစကားများ တဖြည်းဖြည်းပြတ်သွားကြပြီးနောက် ကျွန်တော်လည်း ထိုအကြောင်းကိုပင် အမှတ်မရတော့ဘဲ မောင်လှဝင်း၏အလုပ်အကိုင်၊ စီးပွားရေး၊ ကြီးပွားရေးစကား များဖြင့် အချိန်ကုန်ကာ တည်းခိုသောနေအိမ်သို့ ပြန်လာခဲ့ပါ၏။

ကျွန်တော် ထိုရွာသို့ရောက်လာရခြင်းကိစ္စမှာကား ကျေးဇူးရှင်ဆရာ ကြီးသည် တောင်ပိုင်းရှမ်းပြည်နယ်သို့ မဆင်းမီ ကျွန်တော့်အတွက် အထက် လမ်းအင်းကြီးတစ်ခုကိုစီမံပြီး လက်ထပ်ပညာပေးဝေလိုသောကြောင့် လားရှိုး မြို့နှင့်ဆယ့်နှစ်မိုင်ကွာသော မမ်းပုံ့တောင်ကြားသို့ ဆေးဘက်များ အရှာစေခိုင်း လိုက်ခြင်းဖြစ်၍ မမ်းပုံ့တောင်ကြားနှင့် အနီးဆုံးဖြစ်သော ခေါင်စိုင် ခေါ် ရှမ်းရွာ ကလေးသို့ ရောက်လာရကာ ခေါင်စိုင်ရွာနှင့် တစ်မိုင်လောက်သာဝေးသော မောင်လှဝင်းတို့ ခြံသမားများနေသည့်ဌာနသို့ မကြာခဏရောက်ရလျက် မိုးလေ မစဲသေးသဖြင့် ဆေးဘက်တူးသွားရန် နေ့ရက်ရွေးချယ်စောင့်ဆိုင်းရင်း မောင်လှဝင်းတို့အိမ်သို့ သွားလာလည်ပတ်ကာ အချိန်ကုန်ခဲ့ရပါသည်။

ထိုနေ့က အဖြစ်အပျက်ကလေး အနည်းငယ်ကို ကျွန်တော် ကိုယ်တိုင်တွေ့မြင်ခဲ့ရပြီးနောက် ကျွန်တော်လည်း ၎င်းတို့ထံသို့နောက်ထပ် မရောက်တော့ဘဲ ရွေးချယ်သတ်မှတ်ထားသော အချိန်နေ့ရက်ဆိုက်ရောက် သဖြင့် မမ်းပုံ့တောင်ကြားဆီသို့ အဖော်ရှမ်းများနှင့် နောက်ပါ တပည့်ငယ်နှစ် ယောက်ကိုခေါ်၍ ထွက်လာခဲ့ကြပါသည်၊ မမ်းပုံ့တောင်ကြားတွင် အမျိုးမျိုး

သော ဒုက္ခများခံ၍ အဖိုးတန်ဆေးဘက်များ ရှာဖွေတူးဖော်နေရသည်မှာလည်း ဆယ့်လေးငါးရက်ခန့်ကြာသွားပါသည်။

သို့နှင့် အရောက်အပြန်ပါ ရေတွက်ကြည့်မည်ဆိုပါက ရက်ပေါင်း နှစ်ဆယ့်သုံးရက်တွင် ကျွန်တော်တည်းခိုသော ခေါင်စိုင်ရွာသို့ ပြန်ရောက်ပါ သည်၊ ရွာသို့ရောက်လျှင် လာစဉ်တုန်းကကဲ့သို့ ရက်ရှည်စွာစောင့်ဆိုင်းနေရန် မလိုတော့ဘဲ နှစ်ရက်ခန့်မျှအနားဖြေပြီး ဆရာကြီးထံပါးသို့ပြန်လာရန်သာ ရှိတော့သည့်အားလျော်စွာ တစ်နေ့လုံး ပန်းအားဖြေ နားနေအိပ်စက်ပြီး ညနေစောင်းလောက်တွင်မှ မောင်လှဝင်းတို့နေအိမ်ဆီသို့ ထွက်လာခဲ့ပါသည်။

အခါတိုင်း ကျွန်တော်လာလျှင် ယခုကဲ့သို့ ညနေစောင်းအချိန်များ၌ မောင်လှဝင်းတို့လင်မယားမှာ အိမ်ရှေ့ကျောက်ဝရန်တာကာထားသော ဆင်ဝင်ကလေးအောက်တွင် နှစ်ယောက်သားကြည်လင်ပျော်ရွှင်စွာ ထိုင်နေကြ သည်ကိုတွေ့ရလျက်၊ ထိုနေ့ညနေမူ အရှေ့ဆင်ဝင်ကလေးမှာ လူစလူနမရှိ၊ ခြောက်ကပ်တိတ်ဆိတ်လျက်နေသည်ကို ဦးစွာတွေ့မြင်ရပေ၏။

မောင်လှဝင်း ခြံထဲသို့သွားနေသည့်အခါများတွင် မရင်နွဲ့ကို ထိုနေရာ၌တွေ့မြင်ရသော်လည်း ယနေ့မူ မရင်နွဲ့ကိုလည်းမမြင်သဖြင့် နှစ်ယောက် လုံးပင် ကိစ္စတစ်ခုခုနှင့်သော်လည်းကောင်း၊ အလည်အပတ်သော်လည်းကောင်း သွားကြမည်ဟု ရုတ်တရက်ထင်လိုက်မိစေကာမူ ဆင်ဝင်ပေါ်သို့တက်မိသော အခါ အိမ်တံခါးများပိတ်မထားဘဲ အတွင်းမှ လူသံများသဲ့သဲ့ကြားရ၍ အိမ် အတွင်းသို့တိမ်းငဲ့ကြည့်မိရာ အိမ်မှအလုပ်အစေခံများ ပြာယာခပ် ကူးသန်း သွားလာလျက် မျက်စိမျက်နှာများ ပျက်နေကြသည်ကို တွေ့မြင်ရသောကြောင့် အိမ်ရှင်များအတွက် စနိုး စနောင့် ဖြစ်သွားမိပေ၏၊ ထိုခဏပင် ရှမ်းကလေး တစ်ယောက် အပြင်ထွက်လာသဖြင့်. . .

"ဟော့-ပေါနိမ့်၊ မင်းဆရာများကော"

ဟု လှမ်း၍မေးလိုက်မှ ပေါနိမ့်ခေါ် ရှမ်းလူငယ်ကလေးက . . .

"အော. . . ဆရာပါလား၊ ကြွပါဆရာ အစ်ကိုအိမ်မှာ ရှိပါတယ် အစ်မ အတော်ပဲနေမကောင်းနေလို့ အခန်းထဲဝင်ကြည့်ပါဦးဆရာရဲ့"

ဟု ခပ်ဝဲဝဲနှင့်ပြောသည်တွင် . . .

"အေး အေး ကြည့်တာပေါ့ကွယ် ဒါပေတဲ့၊ ငါလာတဲ့ အကြောင်း မင်းဆရာကိုသွားပြောပါဦး"

ဟု ဆိုမှ ပေါနိမ့်လည်း အခန်းထဲသို့ ပြန်ဝင်သွားပါသည်၊ မျှားမကြာမီ မျက်နှာညှိုးငယ်စွာနှင့် မောင်လှဝင်းထွက်လာပြီး . . .

"ဩော် ဆရာလေး အဆင်သင့်ပဲ ကြွပါဦး ဆရာလေးရယ်၊ နွဲ့ အတော်ပဲ နေမကောင်းဖြစ်နေပါတယ်၊ ကျွန်တော်ဆရာလေးမပေါ်လာလို့ ရွာထဲလွှတ်မေးတော့ မမ်းပုံကိုသွားတာသိရတာနဲ့ မြန်မြန်ပြန်လာပါစေလို့ ဆုတောင်းပြီး တမျှော်ထဲမျှော်နေမိတယ်၊ ကဲ ဆရာ နွဲ့ကို တဆိတ်ကြည့်ပါဦး၊ ကျွန်တော်ဖြင့် ငယ်ထိပ်သွေးရောက်နေပြီ၊ ဘာဖြစ်တာမှန်းလဲမသိဘူး၊ အိပ်ရာထဲမှာ လူးလှိမ့်နေရှာတာပဲ"

ဟု ပျာပျာသလဲ ခရီးဦးကြိုပြုကာ မရင်နွဲ့မှာ အိပ်ရာပေါ်တွင် တစ်စုံတစ်ခုသောဝေဒနာကို ခံစားနေရဘိအလား ဘယ်လူးညာလှိမ့်နှင့် လူမှန်းမသိ ညည်းညူနေရှာသည်ကို တွေ့ရလေ၏။

"ကြည့်ပါဦးဆရာလေးရယ်၊ နွဲ့ဝေဒနာခံစားနေရပုံမဆိုးဘူးလား၊ ကျွန်တော်လည်း ဘယ်လိုမှမကြံတတ်ဘူး၊ မြို့က ဆရာဝန်တွေ ခေါ်ပြလို့ ဆေးထိုးဆေးတိုက်လုပ်နေတာ သုံးလေးရက်ရှိပြီ၊ ဘာမှမထူးခြားပါဘူး။ တိုက်သမျှဆေးတွေလည်း အကုန်အန်ထုတ်ပစ်တယ်ဆရာလေးရဲ့၊ ဆရာဝန်တွေကလည်း စိတ်ထင်နဲ့သာ ဆေးပေးရတယ်၊ ဘယ်လိုဝေဒနာရယ်လို့ သူတို့အမည်တပ်မပြောနိုင်ဘူးတဲ့"

ဟု ဆိုသဖြင့် ကျွန်တော်လည်း မရင်နွဲ့ကို ခေတ္တစိုက်ကြည့်နေမိပြီးမှ . . .

"ဒီလိုဖြစ်တာက ဘယ်နှရက်ရှိသွားပြီလဲ မောင်လှဝင်းရဲ့"

"ဒီနေ့ပါနဲ့ ငါးရက်ရှိပါပြီ ဆရာလေးရဲ့"

"ဒီလိုမဖြစ်ခင် မရင်နွဲ့မှာ ဘယ်လိုများ ထူးထူးခြားခြားဖြစ်သေးသလဲ"

"ထူးထူးထွေထွေဆိုရင် ဆရာလေးရယ်၊ အဲ တစ်ခုတော့ရှိတယ် ဆရာလေး၊ ကျွန်တော်တို့ဆီက နောက်ဆုံးပြန်သွားတဲ့နောက် လေးငါးရက်လောက်ရှိတော့ ညလ သာသာမှာ အိမ်ရှေ့ဝရံတာကို နွဲ့ထွက်နေတုန်း အရင်သူပြောတဲ့ တောင်နံရံနားက ကျောက်တုံးပေါ်မှာ ဖြူဖြူကြီးငုတ်တုတ်ထိုင်နေတာမြင်လို့ စိုက်ကြည့်တော့ အဲဒီဖြူဖြူဟာ လှုပ်ရှားလာရာက အရိုးခြောက်ကောင်ကြီးဖြစ်ပြီး လက်ယပ်ခေါ်သတဲ့ ဒါနဲ့ သူလန့်ပြီးအော်တာပဲ နောက်တစ်ခါ လေးငါးရက်ရှိပြန်တော့ ညအိပ်ရာထဲမှာ အိပ်ပျော်နေရာက တစ်ကြိမ်ငယ်သံပါအောင် လန့်အော်ပြန်တာနှင့် အကျိုးအကြောင်းမေးတော့ အိပ်မက်ထဲမှာ အရိုးခြောက်ကောင်ကြီးက နွဲ့လည်ပင်းညှစ် ပါးစပ်ဖြဲပြီး သူ့ပါးစပ်ထဲက စိမ်းစိမ်း၊ နီနီ၊ ပြာပြာ အရောင်မျိုးစုံပါတဲ့ မီးဖွားတွေကို မှုတ်သွင်းနေတယ်လို့ အိပ်မက်တာနဲ့ လန့်အော်တယ်တဲ့ ဆရာလေးရဲ့ ဒီလိုနဲ့ နောက်သုံးလေးရက်ရှိပြန်တော့ နေ့ခင်းအိမ်ရှေ့နားမှာ သူတစ်ယောက်တည်း ကုလားထိုင်လေးတစ်လုံးနဲ့ထိုင်ပြီး သားမွေးဆွယ်တာအင်္ကျီတစ်ခုထိုးနေသတဲ့ အဲဒီနေ့က ကျွန်တော်လည်း အိမ်မှာမရှိဘူး၊ ကော်ဖီခြံကို ခဏသွားကြည့်နေမိတယ်"

အဲဒီလို နွဲ့တစ်ယောက်တည်း ဆွယ်တာအင်္ကျီထိုးနေခိုက်မှာ အသက် (၇၀) လောက်ရှိမယ်ထင်ရတဲ့ ရှမ်းအမယ်အိုကြီးတစ်ယောက် တောင်းကလေးတစ်ခုရွက်ပြီး အိမ်ဝင်းထဲဝင်လာသတဲ့ နွဲ့ကဘာကိစ္စလဲလို့ လှမ်းမေးတော့ အမယ်ကြီးက 'သမီးရယ်အမေကြီးမောလွန်းလို့၊ ရေကလေးတစ်ခွက်သောက်ချင်လို့ ဝင်လာပါတယ်'လို့ ပြန်ပြောတာနဲ့ နွဲ့ကသနားပြီး အစားအစာကလေးပါ ကျွေးမွေးချင်တာနဲ့ 'အမေကြီး ဒီအပေါ်လာပြီး နားနေပါဦး ရေလည်းသောက်ရပါတယ်'လို့ပြောတော့ အမယ်အိုကြီးက 'ကျေးဇူးတင်ပါတယ်သမီးရယ် အမေကြီးသွားစရာကိစ္စက အရေးကြီးသေးလို့ အိမ်ပေါ်တော့ တက်မလာပါရစေနဲ့တော့ ရေကလေးတစ်ခွက်သာ သောက်ပါရစေ'လို့ ဆိုတာနဲ့၊ အနွဲ့ဟာ သက်ကြီးရွယ်အိုကို ပြုစုရတာ ကုသိုလ်ရတယ်လေဆိုပြီး ရေတစ်ခွက်ခပ်ပြီး ကိုယ်တိုင်သွားပေးသတဲ့၊ အမယ်ကြီးက 'ကျေးဇူးတင်လိုက်တာသမီးရယ်' လို့ ဆိုပြီး ရေခွက်ကို အကြောပြိုင်းပြိုင်းထပြီး တုန်တုန်ရီရီဖြစ်နေတဲ့သူ့လက်နဲ့

ကတုန်ကရင်ကြီးလှမ်းယူပြီး သောက်မယ်အလုပ်မှာ လက်ကတုန်အားကြီးတာနဲ့ ရေတွေဖိတ်ပြီး ပါးစပ်နားကခွက် လွတ်ကျသွားတာနဲ့ နွဲ့ကခွက်ကိုကုန်းကောက်တုန်း အမယ်ကြီးကမောပြီး နွဲ့အပေါ်ထပ်ရက်လဲကျသတဲ့ နွဲ့လည်း အမယ်ကြီးသနားတာနဲ့ အမယ်ကြီးကို ပြန်ထူပေး၊ ကျနေတဲ့ တောင်းကလေးလည်း ကောက်ပြုပေးပြီး ရေပြန်ယူမယ်လုပ်တုန်း. . .

"နေပေစီတော့ သမီးရယ်၊ နည်းနည်းသောက်လိုက်ရပါသေးတယ် ဝပါပြီ"

ဆိုပြီး အတော်အားပြည့်လာပုံနဲ့ ထိုင်ရာကထရင်း . . .

"ငါ့သမီးရေတိုက်တဲ့အတွက် အမေကြီးသိပ်ကျေးဇူးတင်တာပဲ၊ ငါ့သမီးကလေးကို သိပ်ချစ်တာပဲ၊ ငါ့သမီး ယခုဘဝမှာ လှသထက် လှလာအောင် အမေကြီးနည်းကောင်းကလေးတစ်ခု ကျေးဇူးပြုခဲ့မယ်ကွဲ့"

လို့ ဆိုပြီး သူရွက်ထားတဲ့ တောင်းထဲက ဘူးသီးနုအကင်း ကလေး တစ်ခုနှိုက်ယူပြီးပေးသတဲ့ . . .

"ငါ့သမီး ဒီထက်လှလာအောင် ဟောဒီဘူးသီးကလေးကို မုချချက်ချင်းရေစိမ်သောက်လိုက်ပါသမီးရယ်" ဆိုပြီးပေးလို့ နွဲ့ကလည်း ယူထားလိုက်သတဲ့ဆရာလေးရဲ့ အဲ-ဒီလိုနွဲ့နဲ့ အမယ်ကြီးစကားပြောနေတဲ့အနားမှာ အိမ်မှာမွေးထားတဲ့ 'ဂါဘိုး'ဆိုတဲ့ အမွေးစုတ်ခွေးဖြူမက အနားလာပြီး အမယ်ကြီးကို ထိုးထိုးဟောင်နေလို့ အမယ်ကြီးက ဂါဘိုးကိုစိုက်ကြည့်လိုက်တော့ ဂါဘိုးဟာ တစ်ယောက်ယောက်က ရိုက်လိုက်တဲ့အတိုင်းပဲ ဂိန်ခနဲအော်ပြေးပြီး အမယ်ကြီးခြံထဲက ထွက်သွားတဲ့အထိ အဝေးကြီးကနေ ဟောင်နေတာလည်း ဂရုစိုက်လိုက်မိသတဲ့"

ဒါနဲ့ နွဲ့ဟာ မိန်းကလေးများဝါသနာအတိုင်း လှသထက် လှချင်တာနဲ့ အမယ်ကြီးပြောတဲ့အတိုင်း ဘူးသီးကလေးကို ရေဖန်ခွက်ထဲ စိမ်ပြီး ရေကို သောက်လိုက်မိသတဲ့ သူပြောသလို လှမလာတဲ့အပြင် ညလည်းတိုင်ရောရင်ထဲက မအီမသာကြီး ဖြစ်လာတယ်ဆိုပြီး အိပ်ရာထဲလဲတာပဲ ကျွန်တော်မေးစမ်းကြည့်တော့ နွဲ့ကဒီအကြောင်းတွေပြောလို့ အမယ်ကြီးကိုမသင်္ကာတာနဲ့

အဲဖန်ခွက်ထဲက ဘူးသီးကလေးယူကြည့်တော့ ဘူးသီးကင်းကလေးဟာ အမယ်ကြီးပေးတုန်းကလို တောင့်တောင့်တင်းတင်းမရှိတော့ဘဲ အဝတ်စုတ်ကလေးများ လိမ်ညှစ်ထားသလို အခွံကလေးချည့် ရှုံ့တွနေတာတွေ့ရတော့တယ် . . .

ကျွန်တော်လည်း ဒါကလေးဟာ အဆိပ်ပါတဲ့ဘူးသီးထင်လို့ ဆရာဝန်ပြပြီးစစ်ဆေးကြည့်တော့ ဆရာဝန်က အဆိပ်မပါဘူးလို့ ပြောပါတယ်၊ ဒါပေတဲ့ မကျေနပ်သေးတာနဲ့ ရန်ကုန်ကဓာတုဗေဒဆိုင်ရာကို ပို့အပ်လိုက်ပြီ ဆရာလေးရဲ့ အဆိပ်ပါတဲ့ရေသောက်မိတယ်ထင်ပြီး ဖြေဆေးတွေ ကျွေးတာလည်း နွဲ့ဖြင့်မသက်သာဘဲ အလူးအလဲအော်ဟစ်နေရရှာတာပဲ ဆရာလေးရယ်"

ဟု ဇနီးမရင်နွဲ့ လူးလဲခံစားနေရသောဖြစ်ပုံကို မကြည့်ရက်သလို မျက်ရည်လယ်လယ်နှင့် ပြောရှာလေ၏။

ကျွန်တော်လည်း မောင်လှဝင်းပြောစကားများဖြင့်ပင် မရင်နွဲ့၏ ဝေဒနာမှာ သွေးရိုးသားရိုးမဟုတ်ကြောင်း သိရှိရိပ်မိသဖြင့် မရင်နွဲ့၏ လက်များကို သွေးစမ်းကြည့်ရာ သွေးတိုးပုံမှာလည်း အမှန်ပင်ပယောဂနှင့်ယှဉ်လျက် သွေးတိုးနေသည်ကိုတွေ့ရ၏။

ကျွန်တော်ထွက်လာစဉ်က အလည်အပတ် သက်သက်မျှဖြစ်၍ ဘာမျှ မပါ။ ရှပ်အင်္ကျီအတွင်းမှ လည်ပင်းတွင်စွပ်လျက်ပါလာသော ကျေးဇူးရှင်ဆရာကြီး ပေးအပ်လိုက်သည့် ဂုဏ်တော်သိဒ္ဓိစိတ်ပုတီးကြီး တစ်ကုံးသာလျှင် ပါရှိခဲ့သည်နှင့် ထိုပုတီးကိုပင် သောက်ရေတစ်ခွက်တွင် ထည့်စိမ်လျက် ရတနာသုံးပါးနှင့် ကမ္ဘာစောင့်နတ်ကြီးလေးပါး အထက်ဆရာ့ဆရာကြီးများ တိုင်တည် အမိန့်တော်ပြန်ကာ နှုတ်တိုက်ဂါထာများ ရွတ်မန်းပြီး ဂုဏ်တော်ပုတီးစိမ်သောရေစင်ဖြင့် မရင်နွဲ့ကို တိုက်ကျွေး ပက်ဖျန်းလိုက်သောအခါ အလူးအလဲဖြစ်နေရှာသောမရင်နွဲ့မှာ တဖြည်းဖြည်းငြိမ်သက်လာလေ၏။ သို့နှင့်လည်း မရင်နွဲ့မှာ ငြိမ်ရုံသာငြိမ်နေလျက် သတိကားမရ မေ့မြောနေလေ၏။ မောင်လှဝင်းမှာ ငြိမ်သက်လာသည်ကို များစွာအားရသော်လည်း သတိအလျဉ်းမရှိသေးသော မရင်နွဲ့အတွက် စိတ်လက်မချနိုင်သေးအောင် ရှိလေ၏။

"ဆရာလေးရယ်၊ မရင်နွဲ့ဝေဒနာကို ဆရာလေးကယ်နိုင်ပါလိမ့်မယ်၊ တဆိတ်ကြိုးစားပါဦးခင်ဗျာ၊ ဆရာဝန်တွေဟာ ရောဂါနဲ့ဆေး အပေးအယူ မဟုတ်လို့ ခုလိုငြိမ်လာအောင်တောင် မလုပ်နိုင်ကြပါဘူး၊ ဆရာလေးလက်ကို မရင်နွဲ့အပ်ပါတယ်၊ ထပ်ပြီးစောင့်ရှောက်ပါဦး"

ဟု အပူတပြင်းကပ်နေပြန်လေ၏။ ကျွန်တော်လည်း . . .

"စိတ်ချပါ မောင်လှဝင်းရယ် ဆရာလေးတတ်နိုင်သလို ကြိုးစားပေးပါ့မယ်၊ မရင်နွဲ့ဝေဒနာဟာ ပယောဂသက်သက်မောင်လှဝင်းရဲ့ ဆရာလေး စဉ်းစဉ်းစားစား လမ်းမမှားရအောင်လုပ်ပါရစေ"

ဟု ဆိုမှ မောင်လှဝင်းလည်း ကျွန်တော်၏အကဲကို ငြိမ်သက်စွာ စောင့်ကြည့်နေရှာလေ၏။ သို့နှင့်ပင် မကျေနပ်နိုင်သေးဘဲအလား. . .

"ပယောဂ ပယောဂ ဒါလောက်တောင် လူချစ်၊ လူခင်များပြီး သိမ်မွေ့နူးညံ့စိတ်ကောင်း၊ သဘောကောင်းရှိတဲ့မိန်းကလေးတစ်ယောက်ကိုများ ဘယ်လိုပညာသည်က ရန်ငြိုးထားလို့ ပြုစားရပါလိမ့်နော်၊ မရင်နွဲ့ မရင်နွဲ့ မင့်ကိုသက်သက်မဲ့ နိုင်ထက်စီးနင်း နှိပ်စက်ကြတာပဲ ထင်ပါရဲ့"

ဟု နောက်နားဆီမှ တဖျစ်တောက်တောက်ညည်းတွားနေသော ကြောင့် ကျွန်တော်လည်း သူ့အားကျေနပ်ရန်ပင် စကားမပြောသာ သေးဘဲ မရင်နွဲ့၏အစွဲကို ကြည့်ရှုအကဲခတ်ကာ ကျေးဇူးရှင်ဆရာကြီး၏ နိဿရည်းခံ တပည့်တစ်ဦး ဖြစ်သည့်အားလျော်စွာ ရှေ့နောက်ဆင်ခြင် တိုင်းထွာ၍နေရပေ၏။

သို့နှင့် မရင်နွဲ့၏အစွဲကို အတန်ကြာအကဲခပ်စုံစမ်းမိသည်တွင် ယခင်မရင်နွဲ့ မကြာခဏ လန့်ဖျပ်လာသော နေရာဌာနသည် မရင်နွဲ့၏ အစွဲမူလဖြစ်ပေါ်လာရာအရပ်ဖြစ်ကြောင်း၊ မရင်နွဲ့၏အစွဲမှာ မည်သို့သော အစွဲဖြစ်ကြောင်းများ ရှင်းလင်းပြောပြရန် တာဝန်ကျလာသောကြောင့် . . .

"မောင်လှဝင်းရဲ့ မရင်နွဲ့ ခုလိုပယောဂစွဲဖြစ်လာတာ တခြားလူများ လို ပညာရှင်တစ်ဦးက မလိုမုန်းထားလို့ ပြုလုပ်ထားခြင်းမဟုတ်ဘူး။ ယခုပညာ ရှင်ဟာ မရင်နွဲ့ကို အင်မတန်ခင်မင်ပြီး သမီးတမျှ ချစ်မြတ်နိုးလွန်းလှလို့ တမင် လုပ်ရတဲ့ကိစ္စကြီးပဲ"

"အလို သူတို့က ချစ်လို့လုပ်တယ်များ ရှိသေးသလား ဆရာလေးရယ်၊ ဟုတ်နိုင်မယ်မထင်ပါဘူး။ အနွံ့ခံနေရတာ ကြည့်စမ်းပါဦး၊ ချစ်လို့ဖြစ်ရင် ဒီလို သေလုမတတ် ဝေဒနာခံရအောင်လုပ်ပါ့မလား ဒီစုန်း၊ ကဝေဆိုတဲ့ အောက်လမ်းသွားတွေကို မတရားပါဘူး ဆရာလေးရယ်၊ ကိုယ့်အချင်းချင်းတွေအပေါ် ဒါလောက်အစွမ်းကောင်းနေတော့ သူတို့ ဘာများအကျိုးရှိသလဲ၊ တကယ့်တကယ် ရန်သူဆိုရင်လုပ်ပါ။ အင်မတန် အရေးပါအရာရောက်တဲ့နေရာမျိုးမှာတော့ တစ်ပြည်လုံးချမ်းသာအောင် တစ်ပြည်လုံးကို လူရှိသေအောင်ဖြင့် မလုပ်ဝံ့ဘဲနဲ့ 'ဝါးလုံးခေါင်းထဲလသာ' ဆိုတာလို ကိုယ့်တိုင်းပြည်ထဲက တစ်အိမ်တည်းသားချင်းတွေကိုပဲ လူစွမ်းကောင်းနေဝံ့ကြတာ မတရားပါဘူး"

"နေပါဦးလေ မောင်လှဝင်းရဲ့စိတ်ထဲရှိသလောက်တွေ လျှောက်ပြောမနေပါနှင့်ဦး ဆရာလေး ရှင်းလင်းအောင်ပြောစမ်းပါရစေ ငြိမ်ငြိမ်နားထောင်စမ်းပါ"

"ပြောပါဆရာလေးရယ် နားထောင်ပါမယ်"

"စုန်း၊ ကဝေ၊ ဇော်ဂနီဆိုတဲ့အောက်လမ်းပညာသည်တွေဟာ တစ်ဦးတစ်ယောက်ကို ပညာစမ်းတဲ့သဘောနဲ့ တရားမဲ့သက်သက်လုပ်တာလည်း ရှိတယ်။ သူတို့ကို နာကျင်အောင် နှိပ်စက်ညှင်းဆဲလို့ပြန်ပြီး လက်စားခြေတဲ့ သဘောနဲ့ လုပ်တာလည်းရှိတယ်။ လူကိုချစ်တာနဲ့ သူတို့ ပညာကိုအမွေအနှစ်ပေးချင်လို့ ပညာဖူးသွင်းပေးတဲ့အခါလည်း ဖူးသွင်းခံလာတာလိုမသက်သာဘူး။ အရက်သောက်နေကြလူကို အရက်တစ်ပုလင်းလုံး မျိုလို့ထူးပြီး မမူးပေတဲ့ အူရှိုင်းကို အရက်တစ်ခွက်တိုက်တဲ့အခါ သွက်သွက်ခါမူးသွားသလိုပဲ၊ ပညာခံမရှိတဲ့ ရိုးရိုးလူကို ပြန်းခနဲ စုန်း၊ ကဝေပညာတွေ တတ်လာအောင် အဆုပ်လိုက် အခဲလိုက် ဖူးသွင်းပေးလိုက်တော့ ပညာဖူးဟာ ဖြောင့်ဖြောင့်မတ်မတ် နေသားတကျ မဖြစ်သေးခင် ဖူးသွင်းခံရတဲ့လူမှာ ဖူးအတည်မကျခင် သေလုအောင်ဖြစ်ရတာပဲ . . .

အဲဒီလိုဝေဒနာခံရတဲ့အခါ ပယောဂဆရာကောင်းကောင်းနဲ့ ဖူးကိုပြန်အန်အောင် ကုနိုင်ရင်ကု မကုနိုင်ရင်ပညာဖူးမတင်မကျဖြစ်ပြီး သေရတယ်။

သို့မဟုတ် စုန်းကဝေပညာကို တတ်ချင်လို့ရှိရင်လည်း သူတို့နယ်ထဲ ဝင်လိုက်ရန် ပထမပညာဖူးသွင်းလိုက်တဲ့ ပညာသည်ထံကို အခွင့်ပန်ရတယ်။ ဒီနှစ်လမ်းပဲရှိတယ် မောင်လှဝင်းရဲ့ ဘယ်ဘက်မှမလိုက်ဘဲ ကြည့်နေရင် ဖူးမတင်မကျဖြစ်ပြီး သေရတာပဲ၊ အခုမရင်နွဲ့ဖြစ်ရပုံဟာလည်း ပညာသည်တစ်ဦးက ချစ်ခင်တာနဲ့ ဖူးသွင်းသွားတာပဲ မောင်လှဝင်းရဲ့"

"ဟာ ဒါဖြင့် နေရာကျတာပေါ့ ဆရာလေးရဲ့ ဒီဖူးအတည် တကျဖြစ်သွားရင် အနွဲ့စုန်းကဝေပညာကို တစ်ခါတည်းအော်နာနဲ့ စာမေးပွဲအောင်သွားမှာပေါ့ နေရာကျပြီ၊ ဒီပညာကို ကျွန်တော်လိုချင်နေတာ ကြာလှပြီဆရာလေးရဲ့"

"အင်း-စဉ်းစားဦးမောင်လှဝင်း 'အငိုလွယ်လို့ အရှိုက်ခက်တတ်သနော်' လူတိုင်းစက်ဆုပ်တဲ့အတတ်ပညာဆိုးကို ဘယ့်နှယ်လိုချင်ရတယ်လို့ အင်မတန်နူးညံ့သိမ်မွေ့တဲ့သူတော်ကောင်းမလေးကို ကဝေမလေးဖြစ်သွားမှန်း လူတွေသိကြရင် ဘယ်သူကမှ အပေါင်းအသင်းလုပ်ကြတော့မှာ မဟုတ်ဘူး။ ကိုယ့်မယားကိုယ် မနှမြောဘူးလား မောင်လှဝင်းရယ်"

"ကျွန်တော်တော့ ဘယ်သူပြောပြော ဒီပညာကိုစုံစမ်းပြီး တိုးပွားအောင် ချဲ့ထွင်ချင်နေတဲ့လူမို့ ခုလိုအလားသင့်ဖြစ်လာရတာကိုပဲ ဝမ်းသာရမလိုဖြစ်နေတယ်ဆရာလေးရဲ့၊ ဒါကြောင့်ဒီပညာကို မရင်နွဲ့ လက်ခံထားပြီး ကျွန်တော်ပါ မရင်နွဲ့ဆီကတစ်ဆင့် သင်ကြားယူချင်တော့တာပဲ"

"မတော်ပါဘူးမောင်လှဝင်းရယ်၊ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ပျက်အောင် မကြံပါနဲ့ လူသိရင်ရှက်စရာပဲ ဒီလင်မယားဟာ စုန်းကဝေအတတ် တတ်တယ်ဟေ့ အပေါင်းအသင်းမပြုကြနဲ့လို့ အချင်းချင်းသတင်းပေးထားကြတော့မှာပေါ့"

"စုန်းကဝေအတတ် တတ်တဲ့ ပညာသည်ကို လူတွေစက်ဆုပ် ရွံ့မုန်းကြတာဟာ စုန်းကဝေများက အရမ်းမဲ့လူတစ်ဖက်သားကို မတရားနှိပ်စက်လို့သာ အများကရွံကြောက်ကြီးကြောက်ပြီး၊ ကမ္ဘာ့သစ်ငုတ်၊ ကမ္ဘာ့ခလုတ်ဆိုပြီး ဝိုင်းပယ်ထားကြတာပါ။ တကယ်လို့ စုန်းကဝေပညာ တတ်မြောက်ရုံတတ်မြောက်ထားပြီး ဘယ်သူ့ကိုမှမပြုစား မနှိပ်စက်ဘူးဆိုရင် အများက ရှုံချဝိုင်းပယ်ထားမယ်မထင် ကမ္ဘာ့သစ်ငုတ် ကမ္ဘာ့ခလုတ်လည်း မဖြစ်နိုင်ဘူးဆရာလေးရဲ့၊

အရက်သောက်ရုံနဲ့ ငရဲမရောက်နိုင်ဘူး။ အရက်သောက်ပြီး အကုသိုလ်ကံ တစ်ပါးပါးမြောက်အောင်ပြုမှ ငရဲရောက်တယ်ဆိုတာမျိုးလိုပါဆရာ . . . ဒီတော့ ရှေ့အဖို့ ပညာမတိမ်ကောဘဲ ရှေးကလို ထက်ထက်မြက်မြက် နည်းကောင်း နိဿယကောင်းတွေ စုပေါင်းမိဖို့ရယ် စုပေါင်းမိတဲ့အခါ ခေတ်သစ်နည်းစနစ်တွေ ဖြည့်စွက်ပြီး တစ်ဖက်တစ်လမ်းက အဖိုးတန်တဲ့ပညာရပ်တစ်မျိုးအဖြစ်နှင့် တိုင်းပြည်တိုးတက်ကြီးပွားရေးကို ရည်ရွယ်ထားပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့အကြံကို အခြေခံရနိုင်တဲ့ ပညာတစ်ခု အလိုလိုအိမ်တွင်း ရောက်လာမှတော့ ပြန်မလွှတ်ပါရစေနဲ့ ဆရာရယ်"

"မောင်လှဝင်း အကြံဟာမဟန်ပါဘူး။ တိုင်းပြည်မကြီးပွား မတိုးတက်ဘဲ ရှိသမျှလူတွေ စုန်းကဝေပြူစားညှင်းဆဲတာနဲ့ သေကုန်မှာပါ"

"ဟာ . . ဒီလိုဘာအဖြစ်ခံမလဲဆရာလေးရဲ့၊ ကျွန်တော်တို့လင်မယား ဒီပညာတတ်မြောက်သွားလို့ရှိရင် ကျွန်တော်တို့က ဦးစီးခေါင်းဆောင်ပြုပြီး ရှိပြီးသားစုန်းကဝေများကို ဖိတ်ခေါ်စုပေါင်း စုန်းကဝေ အသင်းကြီးဖွဲ့၊ ကိုယ့်အမျိုးတူ ဇာတ်သားချင်းကို မပြူစားမညှင်းဆဲဘဲ စုန်းကဝေပညာရပ်များသာ ကြီးပွားထက်မြက်လာအောင် ကြိုးစားပါမည်။ ကတိပျက်ကွက်သူကို အသင်းဝင်စုန်းကဝေများက ဝိုင်းပြီး သေအောင်သတ်၍ဖြစ်စေ၊ သစ္စာရေတိုက်ပြီး သစ္စာရေက မီးတောက် မီးလျှံဖြစ်ပြီး လောင်ကျွမ်းပါစေဆိုတာ ကျိန်စာတိုက်ထားရင် အားလုံးအတွက် လုံခြုံသွားမှာပေါ့။ ခုကာလ တိုင်းပြည်ခေါင်းဆောင်တွေ သစ္စာမတည်ပေတဲ့ စုန်းကဝေပညာသည်များကတော့ သစ္စာနဲ့ အလုပ်လုပ်ရတဲ့ လူမျိုးတွေဖြစ်လို့ ရိုးရိုးလူကောင်းများထက် ကတိသစ္စာတည်ပါတယ် ဆရာလေးရဲ့"

"မောင်လှဝင်းကဖြင့် ဇွတ်အယူသန်နေတော့တာပဲ၊ ဒါပေတဲ့ မရင်နွဲ့က မူလကာယကံရှင်ဖြစ်နေတယ်၊ သူ့ကိုလည်း တိုင်ပင်ကြည့်ပါဦး၊ သူကျေနပ်မှ ဖြစ်မှာပေါ့"

"ဟာ . . ကျွန်တော့်မိန်းမဟာ ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကို သိပြီးပါ ဆရာလေးရယ်၊ မယုံရင်သတိရတော့မေးကြည့်ပါ၊ ကိုင်း . . ရှေးဦးစွာ

မရင်နွဲ့သတိရဖို့က အရေးကြီးပါတယ်ဆရာလေးရဲ့ ဒီတော့ မရင်နွဲ့ သတိရ အောင် လုပ်ပါဦး"

ဟု ပြောသဖြင့် ကျွန်တော်လည်း မရင်နွဲ့ သတိရလာစေရန် ကြိုးစား ပြုလုပ်ပေးလိုက်၏။ နောက်တစ်နေ့တွင် မရင်နွဲ့သတိရလာ လေ၏။

ကျွန်တော်ကား မောင်လှဝင်းအကြံအစည်ကို မရင်နွဲ့ ဘယ်နည်း နှင့်မျှ သဘောကျလိမ့်မည်မဟုတ်ဟု အထင်ရှိခဲ့သည့်အတိုင်း မရင်နွဲ့အပေါ် တာဝန်ပုံ၍ပြောလိုက်စေကာမူ အကျိုးအကြောင်းပြောပြတိုင်ပင်လျှင်ပင် မရင်နွဲ့သည် လင်နှင့်စိတ်သဘော အယူအဆထပ်တူ ကျနေသူဖြစ်သော ကြောင့် သူ၏ကိုယ်တွင်းရောက်နေသော ပညာဗူးကို ကောင်းစွာလက်ခံလိုသော ဆန္ဒရှိကြောင်း ပြောပြလေတော့၏။

ကျွန်တော့်မှာ အထက်လမ်းကဆရာဖြစ်၍ ဗူးကိုပြန်၍ အန်စေနိုင် သည့် အစွမ်းရှိ၏။ နှိမ်နင်းပေးရန်တာဝန်ရှိသူဖြစ်သော်လည်း ကာယကံရှင်က ပင် နှိမ်နင်းဖယ်ရှားသည်ကို မခံလိုဘဲ ဝင်နေသောပညာဗူးကို စွဲမြဲတည့်တံ့ အောင် ပြုလုပ်ပေးရန်တောင်းပန်နေပြန်သဖြင့် ၎င်းတို့ အလိုသို့လိုက်ပါရ အခက် မလိုက်ပါရအခက်နှင့် အကြံအိုက်၍ နေပေတော့၏။ မောင်လှဝင်းကား ကျွန်တော့်အနားသို့ကပ်ကာ နားပူတိုက်၍ နေလေတော့ရာ . . .

"ခက်တယ် မောင်လှဝင်းရဲ့ ဆရာလေးတို့က အထက်လမ်းက ဒီပညာဗူးကို သိပ်ပေးရမယ်ဆိုရင် အကုသိုလ်အားပေးရာကျတော့မှာပဲ၊ ပြီး တော့ ဒီအလုပ်ဟာ အောက်လမ်းပညာသည်တွေရဲ့ အလုပ်ဖြစ်လေတော့ ဆရာလေးတို့ အထက်ဂိုဏ်းကလူတွေနဲ့ 'ပြဒါးတစ်လမ်း သံတစ်လမ်း' ဆိုတာလို ဖြစ်နေပြီ"

ဟု ညည်းညူမိလေတော့၏။

"ဒါဖြင့် ဆရာလေးကိုယ်တိုင် ဝိနည်းရှောင်ဂိုဏ်းလွတ်တဲ့နည်းနဲ့ ကျွန်တော်တို့ အလိုပြည့်ဝအောင် တဆိတ်အကျိုးဆောင်ပေးပါဦး၊ ဒီကိစ္စမှာ ဆရာလေးကလွဲပြီး ဘယ်သူ့ကိုမှလည်း အသိမပေးချင်ပါဘူး ဆရာလေးရဲ့၊ ဒီတော့ ဆရာလေးကိုယ်တိုင် မလုပ်အပ်လို့ မလုပ်ပေးချင်လည်းနေပါ၊ အနွဲ့ကို

သွင်းသွားတဲ့ပညာသည်ကိုသာ ဆရာလေးတို့ အာဏာနဲ့ တဆိတ်ခေါ်ယူပေးပါတော့ သူပေးတဲ့ပညာကို ကျေကျေနပ်နပ်ကြီးခံယူပါမယ်ဆိုတာ ခွင့်ပန်ပြောပြချင်လို့ပါ”

ဟု မရမက တလဲလဲ အပူကပ်သောကြောင့် နောက်ဆုံးတွင် ရည်ရွယ်ချက် ထူးခြားသော မောင်လှဝင်း၏အလိုသို့ ဝိနည်းရှောင်သဘောနှင့် လိုက်ရောရပါတော့၏။

ထို့ကြောင့် လုပ်ကိုင်စီမံရန်အချက်အလက်များကို တအောင့်တနား ထိုင်၍စဉ်းစား အကြံဉာဏ်ထုတ်တော့ကာ ပေါ်လာသောအချက်အလက်များကို ညွှန်ပြထားရတော့မည်ဖြစ်သည့်အတိုင်း . . . .

“ကိုင်း . . မောင်လှဝင်း၊ ဟောဟို တောင်နံရံနားက ကျောက်တုံးကြီးဟာ မရင်နွဲ့ကို ပညာဗူးသွင်းပေးသူနဲ့ ဆက်သွယ်တဲ့နေရာပဲ၊ ဒါကြောင့် ဒီကျောက်တုံးကြီးကို ဖယ်ရှားကြည့်ရင် ဗူးသွင်းသူကာယကံရှင်ပညာသည်ရဲ့ ခြေရာလက်ရာများတွေ့နိုင်မယ်”

ဟု ပြောလိုက်သောကြောင့် မောင်လှဝင်းသည် ခြံအလုပ်သမား တပည့်များနှင့် လျင်မြန်စွာကျောက်တုံးကြီးကို ဖယ်ရှားကြည့်ရန် စီမံတော့၏။

ကျောက်တုံးကြီးမှာ အတော်ကြီးသဖြင့် တပည့်လေး၊ ငါး၊ ဆယ်ယောက် အချိန်အတော်ကြာအောင် ကုတ်များနှင့်ကော်ကာ တစ်လိမ့်နှစ်လိမ့်လောက် လှိမ့်ဖယ်ပစ်မိလျှင် တပည့်များကို ပြန်လွှတ်လိုက်ပြီး ကျွန်တော့်အား နေရာဖယ်ပြီးကြောင်း တီးတိုးလာပြောသည်တွင် ကျွန်တော်လည်း မရင်နွဲ့ကိုပါခေါ်လျက် ကျောက်တုံးကြီးအနီးသို့ ရောက်လာခဲ့ပါသည်။ မူလကျောက်တုံးပိနေသောနေရာမှာ မြက်ပင်များ ကင်းရှင်းလျက် မြေညီသက်သက် ကွက်လပ်ကလေးကိုတွေ့ရသောအခါ. . .

“မောင်လှဝင်း ဒီမြေပေါ်မှာ စုံစမ်းကြည့်ပေတော့၊ တစ်ခုခု ထူးခြားတာတွေ့ရမယ်”

ဟု ပြောလိုက်သောအခါ မောင်လှဝင်းသည် မြေကွက်ကို နှံ့စပ်အောင် သံတူးရွင်းဖျားကလေးနှင့် ထိုးယက်၍ စုံစမ်းနေ၏။ မကြာမီ မြေကွက်

အလယ်ဗဟိုလောက်မှ သံကွင်းတစ်ခုကို တွေ့ရလေ၏။ ကျွန်တော်နှင့် မောင်လှဝင်းလည်း တွေ့ရသောသံကွင်းကို မြေများယက်ဖယ်၍ ဖော်ကြည့်ပြန်ရာ၊ သံကွင်းကြီးမှာ လုံးဝပေါ်လာရုံမျှမက သံကွင်းနှင့် ဆက်ရန်မြေကို ဖုံးထားသည့် သံပြားကြီးတစ်ခုကိုပါ တွေ့ရလေ၏။

"အဲ . . ဟုတ်ပြီ၊ ဆရာလေးထင်တဲ့အတိုင်း မလွဲဘူး၊ ဒီသံကွင်းကကိုင်ပြီး သံပြားကြီးကို ဆွဲဖယ်ကြည့်စမ်းရအောင်"

ဟု ဆိုကာ မောင်လှဝင်းနှင့်အတူ သံပြားကြီးကို ဆွဲငင်ဖယ်ရှားလိုက်သောအခါ သံပြားကြီးမှာ တွင်းဝတစ်ခုကို ပိတ်ဆို့ထားသော သံပြားကြီးဖြစ်သည်ကို သိရပါသည်။ သံပြားအပိတ်ကိုဖွင့်လိုက်၍ ပေါ်လာသောတွင်းဝမှာ လူတစ်ကိုယ်ဆင်းသာရုံမျှရှိ၍ အနက်မှာလည်း လူတစ်ရပ်လွတ်ရုံမျှသာ ရှိသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့လည်း တွင်း၏အခြေအနေကို သေချာစွာစုံစမ်းကြည့်ပြန်ရာ တောင်နံရံဘက်ကျသော အတွင်းဘက်တစ်မျက်နှာတွင် မြေဆီမြေနှစ်နှင့် ရေမှိုရေညှိများ စိမ်းစိုနေသော တံခါးငယ်တစ်ခုလိုလို တွေ့ရ၍ ထပ်မံပွတ်သပ်ကြည့်ရာ တံခါးမှာ နှစ်အတန်ကြာက ပြုလုပ်ထားသော သံတံခါးငယ်တစ်ခုဖြစ်ကြောင်း သိရလေ၏။

ကျွန်တော်လည်း သံချေးများဖြင့် ပေကျံနေသော သံတံခါးကို ကြိုးကြိုးစားစားဆွဲဖွင့်ရာ မကြာမီ သံတံခါးပွင့်သွားပြီး အတွင်းသို့ဝင်ရန် မည်းမှောင်ကျဉ်းကြပ်သော ဥမင်လမ်းနှင့် အပေါ်ဘက်သို့ တဖြည်းဖြည်းမြင့်တက်သွားသော ကျောက်လှေကားလိုလို တွေ့ရ၏။

"ကဲ . . မောင်လှဝင်း ဒီအထဲကိုဝင်ကြည့်ရအောင်"

ဟု ပြောလျှင် မောင်လှဝင်းသည် မှောင်မည်းသော ဥမင်လမ်း၏ အခြေအနေကိုအကဲခပ်ကာ . . .

"မှောင်ကမှောင်နဲ့ ဆရာလေးရယ် အထဲမှာဘာတွေ့မလဲဆိုတာ မသိနိုင်ဘူး၊ ဒီတော့ . . မီးကလေး လက်နက်ကလေးနဲ့ဝင်မှ နေရာကျမယ်"

ဟု ပြောကာ လက်ဆွဲဓာတ်မီးအိမ်အငယ်စားတစ်ခုနှင့် ခြောက်လုံးပြူးတစ်ခုကိုပြန်ယူပြီး မရင်နွဲ့ပါ သုံးဦးသား ဥမင်ထဲဝင်လာကာ ကျောက်

လှေကားမှ တဖြည်းဖြည်းတက်လာခဲ့လေ၏။ အပြင်တွင် နေ့အချိန်ဖြစ်၍ လင်းနေသလောက် ဥမင်ထဲသို့ရောက်သောအခါ ညဥ့်အခါကဲ့သို့ မည်းမှောင်နေပြီး လေကောင်း လေသန့် မဝင်နိုင်သဖြင့်လည်း စိတ်ကျဉ်းကျပ် မွန်းအိုက်ကြီးဖြစ်နေကြပေ၏။

တောင်အတွင်း ဖောက်ထွင်းထားသော ဥမင်လမ်းဖြစ်သောကြောင့် အေးမြလျက် ခြေချရာတိုင်းမှာ စွတ်စိုထိုင်းမှိုင်းနေသည်ကို သိရှိရပြီးလျှင် တစ်ဖက်တစ်ချက်မှာလည်း လူနှစ်ယောက်ရှောင်နိုင်ရုံမျှသာ ကျယ်သောကြောင့် ကျွန်တော်က ရှေ့ဆုံးမှသွား၍ မရင်နွဲ့ကို အလယ်ကထားပြီး မောင်လှဝင်းက နောက်ဆုံးမှနေ၍ ဝင်သွားကြရ၏။ ယင်းသို့သွား၍ အတန်ကြာလျှင် ဥမင်လမ်းကလေးမှာ ခပ်မတ်မတ် မြင့်တက်သွားရာမှ တစ်ဖက်တွင် ကျယ်ဝန်းသော အခန်းကြီးသဖွယ် ကျောက်ခေါင်းကြီးတစ်ခုတွင် မီးရောင်ကလေးမှိတ်တုတ်ကို စတင်၍ တွေ့မြင်ရလေ၏။

"ဟော . . မီးရောင်တော့မြင်ရပြီ၊ လူများရှိမလားမပြောတတ်ဘူး"

ဟု တီးတိုးသတိပေးကာ ပါလာသောဓာတ်မီးရောင်ကို လူနှင့်ကွယ်၍ အတွင်းသို့ လှမ်းကြည့်ကြပြန်သောအခါမူကား တိုက်ခန်းကြီးတစ်ခုလုံးတွင် မည်းမှောင်သော အမှောင်ထုကြီးအတွင်းမှ ဟင်္သာပြဒါးကဲ့သို့ နီရဲသော မီးတောက်တစ်ခုမှာ လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ တည်ငြိမ်စွာ တောက်နေပြီး မလှမ်းမကမ်း ခပ်မြင့်မြင့်နေရာတွင်ကား ဝါဖြော့ဖြော့ အဆင်းရှိသော မီးတောက်နှစ်ခုမှာ တည့်မတ်စွာတောက်လင်းနေသည်ကို တွေ့ရပေ၏။

ထိုမှတစ်ဖန် အထက်ပိုင်းသို့ မော်ကြည့်လိုက်ပြန်သောအခါ လူလက်တစ်မြှောက်စာခန့်အမြင့်တွင် စိမ်းစိမ်း၊ နီနီ၊ ဝါဝါ၊ ရွှေရွှေ၊ ပြိုးပြိုးပြက် အရောင်တွေသည် ရေယဉ်စီးသကဲ့သို့ အောက်သို့အစဉ် တစိုက်စီးကျနေသော အသွယ်ကြီးသုံးသွယ်ကို တွေ့မြင်ရလေ၏၊ မောင်လှဝင်းကား အလွန်အံ့သြသောအမူအရာနှင့် မြင်ရသောအရာများကို စူးစိုက်ကြည့်ကာ . . .

"ဆရာလေး ဒါတွေဘာလဲ ဆရာလေးရဲ့ သိပ်ထူးဆန်းတာပဲ ကျွန်တော်ဒီအနားမှာနေလာတာ ခြောက်နှစ်၊ ခုနစ်နှစ်ရှိပြီ၊ ဒီအနားမှာ

ဒါလောက်ထူးခြားတဲ့ ကျောက်လိုဏ်ခေါင်းကြီးရှိလိမ့်မယ်လို့ ဘယ်တော့မှ မမျှော်လင့်ခဲ့မိဘူး"

ဟု တီးတိုးပြောလေ၏။ သို့ပြောရုံနှင့်အားမရသေးဘဲ . . .

"ဒါဟာ ကဝေပညာသည်နေတဲ့နေရာနဲ့ တူတာပဲ ဆရာလေးရဲ့ ဧကန္တဒီအထဲမှာ အနွံ့ကို ပညာသွင်းတဲ့ကဝေကြီး ရှိမှာပဲနော်"

ဟု ပြော၍ . . .

"ဆရာလေးလည်း အတတ်မပြောနိုင်သေးလို့ အကဲခတ်ကြည့်နေတုန်းပဲ မောင်လှဝင်းရဲ့ အနွံ့ပညာပေးတဲ့ကဝေအဆက်ဆိုတာတော့သိပါရဲ့ သို့ပေတဲ့ ဒီအထဲမှာ ကဝေပညာသည်ကြီးရှိတယ် မရှိဘူးဆိုတာတော့ အခု မသိနိုင်သေးဘူး ရှိရင်လည်း သူ့ပညာကို ခံယူလိုလို့လာတဲ့ တပည့်များပဲ၊ ရန်ပြုမယ်တော့မဟုတ်ပါဘူး၊ ကဲ . . လာလာဓာတ်မီးပြ ရှေ့တိုးကြစို့"

ဟု ဆိုပြီး ကျွန်တော်တို့လည်း ကျောက်ခန်းကြီးထဲသို့ ဝင်ကာ မီးအလင်းရောင်ဖြင့် လူတစ်စုံတစ်ယောက်ရှိလေမည်လားဟု ရှာဖွေကြည့်ရှုရာ လူစလူနဆို၍ တစ်စုံတစ်ရာမျှမတွေ့ရဘဲ တစ်နေရာတွင် ဆန်ကောတမျှရှိသော ပင့်ကူနက်ကြီးတစ်ကောင်မှာ နီရဲသောမျက်လုံးကြီးနှစ်လုံးနှင့် ငြိမ်သက်စွာ နံရံတွင်ကပ်နေသည်ကိုတွေ့ရပြီး တစ်ဖက်ကျောနံရံမှ ကျောက်လိုဏ်ငယ်ကလေးတစ်ခုအတွင်းမှာမူကား ကြီးမားသော လင်းတပနီကြီးတစ်ကောင်မှာ ကျက်သရေကင်းမဲ့သော လည်တန်ရှည်ကြီးကို ကွေးညွတ်လျက် မျက်လုံးဟောက်ပက်ကြီးနှင့် မလှုပ်မရှားအရုပ်ကြီးများလို ငြိမ်နေသည်ကို တွေ့ရပေ၏။

စောစောမှောင်ထဲတွင်မြင်ရသော စိမ်းစိမ်း၊ နီနီ၊ ဝါဝါတွေမှာ အတန်မြင့်သော ကျောက်နံရံလိုဏ်ကလေးပေါ်တွင် တင်ထားသည့် လူခေါင်းခွံရိုးကြီးဖြစ်လျက် မျက်ကွင်းဟောက်တောက်ကြီးနှင့် ကြည့်နေသလိုထင်ရပြီး ၎င်း၏ပြဲကျယ်သော ပါးစပ်ကြီးမှာ ဟချည်၊ စေ့ချည်ပြုနေလျက်၊ ပါးစပ်ထဲမှ အနိုးအငွေ့ အယိအရွဲတွေ ရေယဉ်စီးသလို စီးကျနေသည်ကိုတွေ့ရပြီး၊ ထိုသို့စီးကျနေသော အယိ၊ အရွဲ အနိုး၊ အငွေ့ထဲကပင် ပြိုးပြိုးပြောင်ပြောင် အရောင်

စုံဝင်းလျက်ရှိသဖြင့် မှောင်ထဲတွင်မြင်ရသော စိမ်း၊ နီ၊ ဝါ ရွှေတွေမှာ ဤခေါင်းခွံကြီးပါးစပ်မှ ကျစီးနေကြောင်း သိရပါ၏။

တစ်ဖန် ဟသ်ာပြဒါးခဲကဲ့သို့ နီရဲငြိမ်သက်စွာတောက်နေသော မီးတောက်ရှိရာကို သွားကြည့်ကြပြန်ရာ မီးတောက်သက်သက်မျှမဟုတ်သေးဘဲ မီးတောက်ပေါ်တွင် သံဒယ်အိုးကြီးတစ်ခု တင်ထားသည်ကိုပါ တွေ့မြင်ရပါသည်၊ မီးတောက်မှာထင်းဖြင့်ပြီးသော ပကတိမီးတောက် မဟုတ်ဘဲ အင်းနှစ်ချပ်ကိုထပ်ထားရာမှ အခိုးအလျှံနှင့်တကွ ရဲရဲ နီနီ တောက်လောင်နေသော အတတ်ပညာ မီးတောက်တစ်မျိုးဖြစ်နေသည်ကို တွေ့ရပြီးလျှင် ဖိုခနောက်သုံးလုံးမှာ အတော်ကြီးသော လူဦးခေါင်းသုံးခုဖြစ်၍ ထိုအပေါ်မှ ဒူးဂဏာန်း၊ ကြေးဂဏာန်းတွေလို ရေးထွင်းထားသော ကြေးနီဒယ်အိုးကြီးဖြစ်သည်ကို ထပ်မံတွေ့မြင်ရပြီး၊ ဒယ်အိုးတွင် နီရဲသောသွေးများ ပွက်ပွက်ဆူလျက်ရှိ၍ အလယ်တည့်တည့်တွင် သေးငယ်သောဘူးကလေးမှာ ခပ်စောင်းစောင်း ပေါလောပေါ်နေသည်ကို တွေ့မြင်ရလေ၏။ မရင်နွဲ့ကား ဘူးကလေးကို ကြည့်ကာ . . .

"ဆရာလေး ဆရာလေးနွဲ့ကို ဟိုအမယ်ကြီးပေးသွားတဲ့ ဘူးကလေးလည်း ဒီအတိုင်းပဲဆရာလေးရဲ့ ဟောဟို နီနီဝါဝါတွေထွက်နေတဲ့ ခေါင်းခွံကြီးပေါ့၊ နွဲ့နဲ့တွေ့တာ ဟောဟိုပင့်ကူကြီးရော ဟောဒီဘက်က လင်းတပနီကြီးရော၊ နွဲ့နဲ့တွေ့ရတာကြီးပဲ၊ ကဲ . . . ကိုကိုမယုံဘူးဆို"

ဟု မောင်လှဝင်းကိုပါ လှည့်၍ပြောနေလျှင် ကျွန်တော်မှာ မကြောက်မရွံ့ရဲရင့်ဖျတ်လပ်စွာရှိနေသော မရင်နွဲ့၏သတ္တိကို စိတ်ထဲက ချီးမွမ်းမိပါ၏။

ထို့နောက် တစ်ဖန်ဝါဖျော့ဖျော့မီးတောက်နှစ်ခုယှဉ်ထားသော နေရာဆီသို့ သွားကြည့်ကြပြန်ရာ မီးရောင်မှာ ဖယောင်းတိုင်မီးဟု ထင်မိကြသော်လည်း အနီးသို့ရောက်သောအခါ ဖယောင်းတိုင်မီးမဟုတ်ဘဲ လူ၏ဒူးဆစ်ရိုးနှစ်ခုကို အင်းကွက်များနှံကာ အဖျားတွင် အဝတ်စည်းလျက် မီးတောက်လောင်နေစေခြင်းဖြစ်၍ များစွာအံ့သြမိကြလေ၏။

ထိုဒူးရိုးမီးတိုင်နှစ်ခု၏ အလယ်ကြားတွင်ကား မည်းနက်ညစ်ပေသော ကုန်းစပ်ထဘီကြီးတစ်ထည်ဖြင့် ရှည်လျားသောသဏ္ဌာန်တစ်ခုအား ဖုံးလွှမ်းထားသည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း အတွင်းကပစ္စည်းကို သိလိုသဖြင့် မရင်နွဲ့အား အနည်းငယ်ဖွင့်ကြည့်စေရာ ထဘီဖြင့် ဖုံးထားသောသဏ္ဌာန် ကား အသက်ရှစ်ဆယ်မျှလောက်ရှိသော အမယ်အိုကြီးတစ်ယောက်၏ သွေ့ခြောက်နေသော အလောင်းကောင်ကြီးဖြစ်နေသည်ကို တွေ့မြင်ရလေ၏။ မရင်နွဲ့မှာ အလောင်းကို သေသေချာချာကြည့်လျက် . . .

"ဟင် နွဲ့ကိုဘူးသွင်းသွားတဲ့ အမေကြီးပါလား အိုတစ်နေ့က လာသေးတယ် ခုသေရှာပြီနော်"

ဟု ဝမ်းနည်းသံဖြင့်ပြောလျှင် မောင်လှဝင်းမှာ အတော်စိတ် အားထက်သန်လာရာမှ အားလျှော့သွားသကဲ့သို့ . . .

"ဟင် ဒါဖြင့် နွဲ့အတွက် ကဝေပညာဘယ့်နှယ်လုပ်ယူမလဲ"

ဟု ညည်းညူလေတော့၏။

ထိုအခိုက်တွင် "ဖလပ်-လပ်လပ်"ဟူသော အသံတစ်ခုကိုကြား၍ အံ့အားသင့်ကြည့်နေမိရာ စောစောကတွေ့ရသော လင်းတပနီကြီးသည် အမယ်အိုကြီး အလောင်းခေါင်းရင်းဘက်မှလာနားပြီး လည်ချောင်းကြီးကို စင်းလျက် အမယ်ကြီးပါးစပ်သို့ နှုတ်သီးတော့ကာ ဝင်းဝင်းဝါဝါအခိုးတွေ အန်သွင်းလိုက်သည်ကို မြင်ရလေ၏။ ထိုခဏတွင် အမယ်အိုကြီးမှာ လှုပ်ရှားလာပြီး လင်းတကြီးကို ဘေးသို့ဖယ်စေလျက် ငုတ်တုတ်ကြီးထထိုင်ပြီး ကျွန်တော့်ကိုပြူးပြဲကြီး စိုက်ကြည့်နေလေ၏

အမယ်ကြီးသည် လက်တစ်ဖက်ကို ဆန့်တန်းလျက် ပါးစပ်မဟဘဲနှင့် . . .

"အို . . အထက်လမ်းဆရာကလေး အမေကြီးကိုရန်မူဖို့လာတာ မဟုတ်ကြောင်းသိပါရဲ့ ဒါပေတဲ့ ဆရာကလေးခပ်ဝေးဝေးနေစေလိုပါတယ်၊ အမေကြီးမှာ ဆရာကလေးနဲ့ နီးနီးနေရလျှင် အင်မတန် ပူလောင်လှလို့ တောင်းပန်တာပါ"

ဟူသောပြောသံကြီး ပေါ်လာလေ၏။ ကျွန်တော်လည်း အလိုက်သိစွာ နောက်သို့အတော်ဝေးဝေးကလေး ဆုတ်ခွာပေးလိုက်ပါသည်။

ထိုခဏ၌ အမယ်အိုကဝေမကြီးသည် လွှမ်းထားသောထဘီကြီးကို ဖောက်ထိုး ရင်လျားဝတ်ကာထလာပြီး မရင်နွဲ့အနီးတွင် လာရပ်ကာ မရင်နွဲ့၏ ပခုံးနှစ်ဖက်ကို ညင်သာစွာကိုင်ထားလျက် ပါးစပ်မဟ မျက်တောင်မခတ်ဘဲ အသံထွက်လာပြန်ပါသည်။ ကဝေမကြီးမှာ အသေဖြစ်ဟန်တူပါသည်။

အလောင်းကြီးမှာ နာနာဘာဝအစွမ်းနှင့်ထလာလှုပ်ရှားသော်လည်း စကားမပြောနိုင် အသံမှာအပေါ်ဆီကလိုလို ပေါ်ထွက်လာပါ၏။ ၎င်းပြောသော စကားများကား မရင်နွဲ့မှာ အရင်ဘဝက သူ၏သမီးဖြစ်ဖူးကြောင်း အချိန်အရွယ်ရောက်လာသောအခါ သူ၏ပညာကို ဆက်ခံစေရန်လွှဲပေးမည့်ဆဲဆဲ သက်ဆိုးမရှည် သေဆုံးသွားရသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ကျန်ရစ်ကြောင်း။

နောက် ပညာစွမ်းဖြင့်စုံစမ်းရာ၊ လူဝင်စားမရင်နွဲ့ဖြစ်လာသည်တွင် ဘဝဟောင်းက သမီးတော်ခဲ့ဖူး၍ အထူးချစ်လှသဖြင့် အနှစ်နှစ်၊ အလလက စုဆောင်းသိမ်းထားသော သူ၏ပညာများကို အမွေပေးလိုသောကြောင့်၊ ဤနေရာတွင် လာ၍သေသည်တိုင်အောင် စောင့်စားနေခဲ့ရာ၊ နှစ်ပေါင်းနှစ်ဆယ်ကျော်လာပြီဖြစ်ကြောင်း လွန်ခဲ့သောနှစ်တွေက ဤနေရာတွင် တောင်ယာလုပ်သောအမယ်ကြီးအဖြစ်နှင့် လာရောက်နေထိုင်ရင်း၊ ဤဥမင်လမ်းများကို ပညာစွမ်းဖြင့်ဖောက်ထွင်းပြုပြင်ကာ ကဝေအတတ်ပညာ၏လိုရင်း အသုံးအဆောင် ဘဏ္ဍာပစ္စည်းများကို စုဆောင်းသိမ်းလျက် သမီးလက်ထက်တွင် မပင်မပန်းအလွယ်တကူပြည့်စုံလေအောင် တင်ကြိုသိုလှောင်ထားခဲ့ကြောင်း

မိမိအတတ်ပညာနှင့်ဤဒေသသို့ တစ်နေ့သ၌ မရင်နွဲ့ရောက်လာရမည်ကိုသိရှိပြီးဖြစ်၍လည်း အဆင်သင့်ဤနေရာမှ ကြိုဆိုနေထိုင်ခဲ့ကြောင်း မိမိမှာသမီးကို ကြိုဆိုစောင့်မျှော်ရင်းနှင့်ပင် လွန်ခဲ့သော ဆယ်နှစ်ခန့်က သေဆုံးခဲ့သော်လည်း မိမိ၏ဝိညာဉ်မှာ သမီးကို သံယောဇဉ်တွယ်ကာ၊ ပညာအမွေမပေးရသေးသမျှ ဤနေရာကထွက်ခွာ မသွားနိုင်အောင်စွဲလမ်းနေတော့

ကြောင်း ယခုသမီးကို ပညာလွှဲပြီးသောအခါမူကား မိမိသွားလိုရာဘဝသို့ သွားနိုင်တော့မည်ဖြစ်ရာ သမီးမရင် နွဲ့၏ဝမ်းတွင်ပင် ပြန်၍ဝင်စားတော့မည် ဖြစ်ကြောင်းများ ပြောဆိုလေ၏။

မရင်နွဲ့နှင့်မောင်လှဝင်းတို့ကား နဂိုကစိတ်အားထက်သန်နေကြရာ တွင် ယခုသာ၍စိတ်ဝင်စားနေကြသည်ကို တွေ့ရလေ၏။ သို့နှင့်ပင် မရင်နွဲ့နှင့် မောင်လှဝင်းတို့က ကျေနပ်စွာ ပညာဆက်ခံပါမည်ဟု အခွင့်ပန်လိုက်သော အခါမူကား ကြေးဒယ်အိုး သွေးပွက်အလယ်တွင် ပေါလောပေါ်နေသော ဘူး ကလေးကို ကဝေမကြီးလက်နှင့်ကိုင်ယူလျက် ဒယ်အိုးအလယ်တည့်တည့်သို့ နှစ်လိုက်သည့်ခဏ၌ မရင်နွဲ့၏ကိုယ်ထဲသို့ စိမ်း၊ နီ၊ ဝါ၊ ရွှေသောအရောင် များပါသည့် မီးခိုးလုံးကြီးမှာ ဒယ်အိုးမှ ခုန်၍တိုက်ရိုက်ဝင်သွားသည်ကို မြင်လိုက်ရပေ၏။

ထို့နောက် ကဝေမကြီးသည် ပင့်ကူကြီးကို လက်ယပ်ခေါ်လိုက်ပြီး ပင့်ကူဝမ်းဗိုက်ကြီးမှာ လွယ်ထားသောအထွေးကြီးကိုယူ၍ ဖြန့်လိုက်သောအခါ ဝင်းဝင်းလက်လက် ငွေချည်နန်းလိုလို ပင့်ကူမျှေးလိုလို ကြိုးတွေဖြစ်စေလျက် ထိုကြိုးတွေကို ကဝေမကြီးလက်နှင့်ငင်ကာ မရင်နွဲ့၏ကိုယ်ခန္ဓာကိုကပ်၍ ရစ်ပတ်ပျောက်ကွယ်သွားစေသည်ကို တွေ့မြင်ရလေ၏။ ထို့နောက် ပင့်ကူကြီး, လင်းတပနီကြီးနှင့် အခိုးထွက်နေသော ခေါင်းခွံကြီးကိုပြကာ . . .

"ဒါတွေဟာ အမေ့တပည့်ရင်းတွေပဲ ဒင်းတို့ ငါ့သမီးကို ဆက်လက် စောင့်ရှောက်ကြလိမ့်မယ်"

ဟု ပြောပြီး၊ အမယ်ကြီးသည် မူလနေရာသို့ ပြန်လှဲချငြိမ်သက်သွား လေ၏။ ကျွန်တော်လည်း အတန်ကြာလျှင် ကျောက်လိုဏ်တွင်းမှ ပြန်ထွက် လာခဲ့ကြလေရာ မရင်နွဲ့ကား ကျွန်တော့်အနားသို့ ရှေးကလောက် မကပ်တော့ သည်ကို တွေ့ရလေ၏။

"ဆရာလေးရယ်၊ လူချင်းခင်ပေတဲ့ ဇာတ်ချင်းက ကွဲသွားပြီ၊ ဒါပေတဲ့ ကျွန်မတို့တစ်ကိုယ်ကောင်းအတွက် ယုတ်ညံ့တဲ့နေရာမှာ အသုံးမချဘူးဆိုတာ ဆရာလေးလည်း သိပါတယ်နော်၊ ဒီပညာကြီးပွား ထွန်းကားပြီး စည်းစနစ်ကျကျ

ဖြစ်လာတဲ့အခါ အများကောင်းကျိုးအတွက်သာ အသုံးချရမှာဖြစ်လို့ နွဲ့တို့ အပြစ်ကြီး မရောက်နိုင်ပါဘူး ဆရာလေးရယ်"

ဟူ၍ မရင်နွဲ့ကပြောသလို၊ မရင်နွဲ့ပညာကို ခြေရာလိုက်နင်းမည့် မောင်လှဝင်းကလည်း . . .

"ဟုတ်ပါတယ် ဆရာလေးရယ် ကျွန်တော်တို့ရည်ရွယ်ချက်ကို ဆရာလေးလည်းသိပြီးသားမို့ အပေါင်းအသင်း မလုပ်အပ်တဲ့လင်မယားလို့ စွန့်ပယ် မထားပါနှင့် ပညာဇာတ်ချင်း မတူသော်လည်း ချစ်ခင်မြဲချစ်ခင်ပါခင်ဗျာ"

ဟု အခါခါတောင်းပန်နေပြန်ရာ . . .

"အို . . ဆရာလေးကကော အပေါင်းအသင်းမလုပ်တော့ဘူးလို့ ပြောဖူးသလား အလကားစိုးရိမ်ကြရန်ကောကွယ်"

ဟု ပြောဆိုနှစ်သိမ့်စေပြီး၊ အယူသီး၍ ရည်ရွယ်ချက်ကောင်း အားကြီးသော ထူးဆန်းသည့် လင်မယားနှစ်ယောက်ထံမှ ကျွန်တော်တည်းခိုသော ခေါင်စိုင်ရွာကလေးသို့ ပြန်လာခဲ့ပြီး နောက်တစ်နေ့ပင် ကျေးဇူးရှင်ဆရာကြီးထံသို့ တူးခဲ့ပြီးသောဆေးဘက်များကို သယ်ယူကာ ခရီးထွက်လာခဲ့ပါတော့သတည်း။

☼ ☼ ☼

# နတ်နှင့်နဂါး

(၁၉၃၉-ခု ၊ အောက်တိုဘာလတွင်ရေးသည်)

ဘိုးချစ်ဦးသည် အသက် (၇၀)ကျော်အရွယ်ရှိ မြွေလမ္ဘာယ်ဆရာကြီး ဦးပေတိုးထံတွင် လက်ရင်းတပည့်ခံကာ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူဖြစ်လေ၏။ မြွေဆရာကြီး ဦးပေတိုးကား ဤအလုပ်ကို ကာလသားအရွယ်ကစ၍ ကုန်းကွရွတ်ယို အဘိုးအိုဘ၀အထိ လုပ်ကိုင်လာသော မန္တရားဆရာကြီး တစ်ဦးဖြစ်ရာ ပညာဝါကလည်း အထူးရင့်ခဲ့သူဖြစ်သောကြောင့် ဦးပေတိုးထံတွင် တပည့်ခံရသူ ဘိုးချစ်ဦးမှာ အခြားသာမန် မြွေဆရာတို့ထက် ပညာအရည်အချင်း အထက်တန်းကျခဲ့လေရာ အရပ်ရပ် အရွာရွာ ရောက်လာပြသခဲ့တိုင်း ဘိုးချစ်ဦးကို အထူးပရိသတ်ကြိုက်ခဲ့သဖြင့် ဘိုးချစ်ဦး၏ အမည်သတင်းမှာ တသင်းသင်း မွှေးခဲ့လေ၏။

မြွေလမ္ဘါယ်ဆရာကြီး ဦးပေတိုး ရောက်လာပြီဆိုလျှင်ပင် ဆရာကလေး ဘိုးချစ်ဦးကို တွေ့မြင်ရတော့မည်ဟု တစ်ယောက်တစ်ပေါက် ကြော်ငြာသတင်းပေးလိုက်ကြခြင်းဖြင့် ရုံတိုင်းလူပြည့်ကျပ်မြဲဖြစ်လေရာ ဆရာကြီးဦးပေတိုး၏ မြွေပြပွဲကြီးမှာလည်း သာမန်တော်စွာ လျော်စွာ သဒ္ဒါကြေးနှင့် ပြသသော မြွေပြပွဲမျိုးမဟုတ်ဘဲ ဆိုင်းနှင့်ဝိုင်းနှင့်၊ ခုံနှင့်၊ စင်နှင့်၊ ရုံနှင့်၊ ကန္နားနှင့်

ကျကျနနပြသော မြွေလမ္ဘာယ်ပြပွဲမျိုးဖြစ်သောကြောင့် ရုံဝင်ခမှာ တစ်ယောက်လျှင် ၂ ပဲနှင့် ၄ ပဲမျှသာ ထားစေကာမူ တစ်မြို့ တစ်မြို့သို့ ရောက်လျှင် ကြော်ငြာ ရိုက်ခ၊ မောင်းသမားခ၊ ရုံငှားခ၊ ဓာတ်ဆီဖိုးစသော စရိတ်များအပြင် အိတ်ဝင် သပိတ်ဝင် အတော်တောင့်တောင့် ကျန်ခဲ့မြဲဖြစ်၍ ဦးပေတိုး၏ အိတ်ဝင်ငွေတည်းမှ တပည့်တစ်စုအတွက်ဟူ၍ ဝေစုပေးရသော ဘိုးချစ်ဦး၏ အတွက် ကျငွေများမှာလည်း အသားတင်ဝင်ငွေမှ သုံးပုံတစ်ပုံမျှ ပေးရသဖြင့် ဘိုးချစ်ဦးအတွက် ဝင်ငွေများမှာ ရရစားစားနှင့်ပင် တစ်နှစ် တစ်နှစ် အနည်းဆုံး လေးငါးရာ အပိုစုမိလေ၏။

ရုပ်ရည်ကလည်း သားနား သင်ထားသော ပညာများကလည်း ထက်မြက်ဆဲဖြစ်၍တစ်ကြောင်း မြွေများနှင့် ကစားကပြရာတွင်လည်း အဘိုးကြီးမှာ အသက်ကြီးပြီဖြစ်၍ ဆရာကြီးအဖြစ်နှင့် အနီးအပါးမှ ဖေးဖေးမမရှိရုံ ထိုင်နေရလျက် ဘိုးချစ်ဦးသာလျှင် တွင်တွင်ကျယ်ကျယ် လှုပ်ရှားလုပ်၍ ဇာတ်ထုပ်ကို ဦးစီးရသော ဟီးရိုးဇာတ်လိုက်ပမာ ဖြစ်နေတော့ရာ ဦးပေတိုး၏ အထက်တန်း အဖိုးတန်ပညာရပ်များနှင့်ပတ်သက်၍ စုလိုက်ပုံလိုက် ချီးမွမ်းစရာရှိသမျှမှာ ဘိုးချစ်ဦးသာ တစ်ဦးတည်းကိုယ်စားလှယ်ခံကာ ယူနေရတော့သဖြင့် အသက်လည်းကြီး သေလုနီးပါးရှိနေရှာသော ဦးပေတိုးမှာ သားသမီးပမာ ချစ်ခင်အားကိုးနေရှာသော ဘိုးချစ်ဦးအတွက် ပရိသတ်နှစ်သက်ကြသည်ကိုပင် တပြုံးပြုံးနှင့် နှလုံးလေခွေ့ သဘောတွေ့၍ နေမိရှာတော့၏။

ဘိုးချစ်ဦးကလည်း မိမိအတွက် ဤမျှ လူကြိုက်များ၍ ဤမျှ ကျော်ကြားရခြင်း ဤရွေ့၊ ဤမျှ အထက်တန်းကျသော မန္တရားဆရာတို့ထက် သိမှတ် ဖွယ်ရာ အဖိုးတန်ပညာများကို အမွေခံပေး၊ ပေးသော ကျေးဇူးရှင်ဆရာကြီး ဦးပေတိုးအား အနန္တဂိုဏ်းဝင် ဆရာထင်မှတ်ရုံမက မိဘရင်းသဖွယ် တွယ်တာခင်မင်လျက် ရှိလေ၏။

ဦးပေတိုးကား တစ်နေ့တခြား သက်ရွယ်ကြီးလာသည့်အတွက် ကြွေလုဆဲဆဲ သစ်သီးမှည့်ကဲ့သို့ ရှိနေပြီဖြစ်ရာ မိမိပိုင်မြွေလမ္ဘာယ်ပြပွဲကြီးကို ဦးစီး လုပ်ကိုင်သွားနိုင်မည့်သူဆို၍ကား တပည့်ချစ် ဘိုးချစ်ဦးတစ်ယောက်

သာလျှင် ရှိနေသည့်အပြင် မိမိ၏တစ်ဦးတည်းသော အမိမဲ့သမီးကလေး မယ်ဒွေးအဖို့မှာလည်း နောင်ခါနောင်ရေးအတွက် တစ်သက်လုံး စိတ်ချရလေအောင် တပည့်ဦး၊ သမီးဦးနှင့်ပေးစားသည်ဆိုသော ရှေးဟောင်းစကားအရ မယ်ဒွေးအား ဘိုးချစ်ဦးနှင့် မိမိမသေခင် နေရာချထားခဲ့ရန် စီမံစိတ်ကူးရလေတော့၏။

ဘိုးချစ်ဦးမှာ ယခုမှ အသက်အစိတ်မျှသာ ရှိသေး၏။ တစ်ဆယ့်ငါးနှစ်သားက မိမိထံပါးသို့ ပညာသင်ကြားရန် ရောက်လာခဲ့သူဖြစ်၍ မွေးစားသား ကလေးနှင့်လည်း မခြားနားအောင် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ဖွဲ့နှောင်ခဲ့ကြခြင်း ရှိလာသူများ ဖြစ်ရုံမက ဦးပေတိုးသမီး မယ်ဒွေးမှာ ယခုအခါ အသက်အရွယ်အားဖြင့် သုံးဆယ့်ငါးနှစ်ခန့်ရှိ၍ ဘိုးချစ်ဦးထက် ဆယ်နှစ်ခန့်ကြီးနေသည့်အပြင် မယ်ဒွေးမှာ ဘိုးချစ်ဦးကို ငယ်ရွယ်စဉ်ကပင် အစ်မကြီးနေရာမျိုးက အရာရာဩဇာပေးလာရသည့် ငယ်နိုင်ဖြစ်ခဲ့ရသည်တစ်ကြောင်း အရွယ်ချင်းမမျှ ရုပ်ရည်ချင်းကလည်း နတ်သားလေးနှင့် မျောက်နာမကြီးပမာ 'ကွာချင်တိုင်း ကွာနေခြင်းကြောင့်တစ်မျိုး၊ အဆိုးဆုံးကား မယ်ဒွေးကိုယ်တိုင်ကလည်း ရူးကြောင်ကြောင် ပေါကောတာဖြစ်နေလျက် ရူးရုံ၊ ပေါရုံတွင်မျှမက၊ စုန်းပူးသလိုလို၊ နတ်ကပ်သလိုလိုကလည်း မကြာခဏဖြစ်တတ်ပြီး အခါများစွာမှာလည်း နတ်ဝင်သည်တို့ကို အထူးပလူးနေကာ ထိုသတ္တဝါတွေ ညာစားသမျှကို ကျေကျေနပ်နပ်ကြီး အမဲကျနေသူဖြစ်ရကား အဖေကြီးရှာဖွေစုဆောင်းပေးထားသမျှကို အိမ်က နေ၍မကုန် ကုန်အောင် သုံးဖြုန်း ဖြန့်ဖြူးနေတတ်သည်ကို သိရသော ဓာတ်သိ ဘိုးချစ်ဦးအတွက် ဦးပေတိုးတွင် တစ်မျိုးအပြောခက်၍ နေမိလေ၏။

မိမိသမီးကို အနေအထိုင်၊ အပြုအမူများ ပြင်ဆင်ရန် ဆုံးမတန်သမျှ ဆုံးမသော်လည်းမရ။ ငယ်စဉ်က အမေသေသော မိတဆိုးကလေးဖြစ်၍ မဆိုရက်၊ မပြောရက်၊ အလိုလိုက်ထားခဲ့ရာတွင် မယ်ဒွေးမှာ အူကြောင်ကြောင်ရူးပေါပေါဖြစ်နေရှာသဖြင့်လည်း အဖေကြီး ဆိုဆုံးမတန်သမျှ ကလေးများကိုပင် အရေးမထား။ ပမာမခန့်၊ နန့်တန့်တန့်၊ ဆောင့်ကြွားကြွားနှင့် ထင်သလို

သာ နေထိုင်စားသုံးလာသူဖြစ်ရကား သက်ရွယ်ကြီးပြင်း အိုမင်းရင့်ရော်ရှာသော ဦးပေတိုးလည်း လူကြီးပီပီ နားအေး၊ စိတ်အေး ကြိုက်သဖြင့် အလိုက်သင့်ဖြစ်သလို အလိုလိုက်၍ လာခဲ့သူဖြစ်လေရာ ကြာသော် မယ်ဒွေးမှာ အဖေကြီးကိုပင် အသက်ရှိသည်မထင်။ နိုင်ချင်တိုင်း နိုင်ကာ ဆိုးနွဲ့ပေတေနေသော ကလေးဆိုးကြီးပမာ ဖြစ်နေရှာတော့၏။

စီးပွားရေးအတွက် အမြို့မြို့ အရွာရွာသို့ထွက်၍ မွေ့လမ္ဘာယ်ပြပွဲအတွက် ခရီးထွက်နေရသည်ကများသောကြောင့် အိမ်တွင် သမီးနှင့်အတူနေရစ်ရန် အစောင့်အရှောက် အဖော်များကို ခေါ်ယူကျွေးမွေးထားလေရာ မယ်ဒွေးမှာ အိမ်တွင် သူတစ်ဦးတည်း မင်းမူလျက် သူစိတ်ဝင်စားနေသော နတ်ကတော်၊ နတ်ထိန်းတို့နှင့် တရုန်းရုန်းနေသည့်အခါနေ အိမ်သူအိမ်သားတွေကို အရေးမထား၊ အိမ်နီးချင်းများနှင့် တဝါးဝါး တဟားဟား စားလား၊ သောက်လား၊ ပေးကမ်းစွန့်ကြဲလားနှင့် နေတတ်သဖြင့် သူနှင့်အလွမ်း သင့်အောင်ပေါင်းလျှင် ကောင်းကောင်းကြီးစား ပေါက်ပွင့်ကြမှန်းမသိ ပွင့်ကြသော အိမ်နီးနားချင်း ဆင်းရဲသူတို့မှာ မမယ်ဒွေး၊ မမယ်ဒွေးနှင့် ကလေးကအစ လူကြီးများကျအောင် ဝိုင်းညာချနေသော်လည်း အိမ်တွင်အတူထားသူများမှာ မပြောဝံ့ကြဘဲ လွန်လွန်ကြီး မဖြစ်တန်တာ မဖြစ်ရုံလောက်သာ စောင့်ရှောက်နိုင်ကြရှာလေ၏။

ယင်းသို့ မမယ်ဒွေးကို စောင့်ရှောက်ရန် အိမ်တွင်ခေါ်ထားသူများမှာ မကြီး မှုံဆိုသော မုဆိုးမကြီးနှင့် သမီးကလေး မယ်သွဲ့တို့ ဖြစ်လေရာ မကြီးမှုံမှာ အလွန်ဆင်းရဲသူဖြစ်၍ အရိပ်ထဲတွင် သားအမိနှစ်ယောက် အေးအေးထိုင်စားရ မနည်းဘူးဟဲ့ဆိုသောသဘောနှင့် ဦးပေတိုးထံတွင် ခိုဝင်နေထိုင်ခဲ့သည်ဖြစ်ရာ အနေကလည်း ကြာညောင်းလာသောကြောင့် ဖြူဖြူဖွေးဖွေး ရေဆေးငါးကလေးလိုလှ၍ အရွယ်ကလည်း နှစ်ဆယ်မျှလောက်သာရှိသေးသော မယ်သွဲ့ကလေးနှင့် ဘိုးချစ်ဦးတို့မှာ 'တစ်ဦးမေတ္တာ တစ်ဦးမှာ' ဆိုသလို လူပျို အပျိုတို့စရိုက်၊ ချစ်ကြိုက် ရည်ငံရှိနေကြသည်မှာလည်း အတော်ကြီးကြာခဲ့ပြီဖြစ်လေ၏။

* * *

"ဘိုးချစ်ဦးရေ . . ."

"ဘာလဲ အဘ . . ."

"မင်းကို ငါတစ်ခုတိုင် ပင်ချင်သကွယ် . . . မင်း အဘစကား နားထောင်မယ်လား . . . အဘကတော့ ဒီကိစ္စကို မင်းအပြင် အားထားစရာ မရှိဘူးကွယ်. . အဘလည်း အိုလှပြီ . . . နွေ ည သေရတော့မယ် . . ပြီးတော့ ဒီလထဲမှာပဲ အဘဟာ တယ်ပြီးနေထိုင်ကောင်းလှတယ်မရဘူး . . ဒီတော့ အဘဟာ မတော်တဆ ခေါက်ခနဲ သေသွားရင် . . . အဘရင်ထဲ မကျတဲ့ အပူလုံးကြီးကြောင့် စိတ်မဖြောင့်ဘဲနဲ့ အသက်ထွက်ရမှာ စိုးရိမ်လွန်းလို့ပါကွာ"

"ဩော် . . . အဘရာ . . . စကားတွေ ဒါလောက် ပလ္လင်ခံစရာ မလိုပါဘူး. . ကျွန်တော်ဟာ အဘပြုလို့ နေနေရတဲ့လူပဲ . . အဘ ကျေးဇူး တွေဟာ ကျွန်တော့်မှာ နည်းမှတ်လို့ အဘရာ . . . ဘာမဆို ဒီလိုက ဒီလိုရှိ တယ်ဟေ့ . . . ဒီလိုလုပ်လို့ . . . ခပ်ပိုင်ပိုင်ကြီး အမိန့်ပေးစမ်းပါ. . အဘရာ ကျွန်တော် အသက်နဲ့လဲရတဲ့ အလုပ်ဖြစ်ပါစေ . . ကျွန် တော် မငြင်းပါဘူး"

"အေး . . . ဒီလိုကြားရတာ ဝမ်းသာသကွယ် . . ဒါမှဒါမှ ငါ့တပည့် ဦးကြီး ပီသပါပေတယ် . . . ဒါဖြင့် အဘပြောတော့မယ်ကွာ . . ငါ့တပည့်ကြီး သဘောထားကြီးကြီးနဲ့သာ နားထောင်ပေတော့ . . ."

"ဟုတ်ကဲ့ . . ပြောပါ အဘရာ"

"အဘသမီး အရှုးမ မယ်ဒွေး အကြောင်းပေါ့ကွာ . ."

"ဩော် . . မမယ်ဒွေး ဘာလုပ်တယ် ကြားပြန်တုံး အဘရဲ့ . . . အရင်တစ်ခေါက်ပေးခဲ့တဲ့ငွေတွေကုန်အောင် နတ်ကန္နားပေးပစ်ပြန်ပြီတဲ့လား"

"မဟုတ်ပါဘူးကွာ . . သူ့အကြောင်း ဘာမှ မကြားပါဘူး . . ဒါ ပေမယ့် သူ့အတွက် နောင်ရေး စိတ်မအေးမိလို့ပါပဲ . . ဒီလိုကွဲ့ . . ဒီလို မင်း အစ်မကြီး အကြောင်းလည်း မင်း သိပြီပဲ . . အထူးပြောနေစရာမလိုပါ ဘူးလေ . . . ဟုတ်ကဲ့ မဟုတ်လား"

"ဟုတ်ပါတယ် အဘရဲ့ . . ကျွန်တော်သိပါတယ်"

"အဲဒီတော့ကွယ် . . . ဒီလို အရှုး၊ အပေါမကလေးကို အဘ စိတ်ချသွား နိုင်စရာရှိရဲ့လား . . မင်း စဉ်းစားကြည့်စမ်း . . . အဘသေရင် မယ်ဒွေးဟာ ဘယ်သူ့ကိုသွားပြီး အားကိုးမှီခိုနေကိုင်ရှာမလဲ"

"ဟုတ်ကဲ့အဘ . . ကျွန်တော် သိပါတယ် . . . "

"အဲဒီတော့ . . အဘက မသေခင် စိတ်ချရအောင်ဟာ မယ်ဒွေးကို ငါ့တပည့် ကြီးလက်ထဲ အပ်ခဲ့ချင်တယ် . . . အဘကိုချစ်ရင် အဘကျေးဇူးတွေ မျှော်တွေးမိရင် အဘမျက်နှာထောက်ထားပြီး မယ်ဒွေးရဲ့ သည်းညည်းခံစေချင် တာပါပဲကွယ်"

"အို . . အဘကလည်း ဒါများ မှာနေရသေးသလား အဘရဲ့ . . . ကျွန်တော့်အစ်မကြီးပဲ ကျွန်တော်မကြည့်ဘဲ အလကားနေပါ့မလားဆို"

"ဩော် . . . အဘ ပြောလိုတာက ဒီလိုသာ မန်ကြည့်ရှုဖို့မဟုတ် ဘူးကွဲ့ . . ဒီလိုတော့ အဘ မမှာလည်း ငါ့တပည့် ကြည့်ရှုမှာပဲဆိုတာ အဘ သိပါတယ် . . . အဲဒီလို မပိုင် ဝက်မွေးကြည့်ရှုနေလို့ ငါ့တပည့်က ကိစ္စမရှိဘူး . . မယ်ဒွေးက မင်းကို အင်မတန်နိုင်လာတာ . . . အစစအရာရာ ငယ်နိုင် ဆိုပြီး သူကချည်း ဆရာလုပ်နေတော့ မင်း သူ့ကို ဆုံးမနိုင်မှာမဟုတ်ဘူး . . ဒီတော့ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင်ဟာကို မင်းတို့ချင်း အသက်အရွယ်မတူပေမယ့် အဘတော့ စိတ်ချရအောင်ဆိုပြီး ပေးစားခဲ့ချင်တာပဲ . . . ဒါမှလည်း ပိုင်ပိုင် နိုင်နိုင်ရှိမယ်ကွဲ့ . . . နို့မဟုတ်ရင် သူထင်ရာ သူလုပ်နေမှာပဲ . . . အဲဒါ ကြောင့် အဘ စီမံသလို ငါ့တပည့်ကြီးက လိုက်နာစေလိုတယ် . . ကိုင်း . . ဘယ့်နှယ်လဲကွဲ့"

"အဘ စီမံတာလည်း အင်မတန် သင့်မြတ်ပါတယ် . . . ကျွန်တော် ကလည်း နားမထောင်ချင်ပါဘူးလို့ မငြင်းဆန်ဝံ့ပါဘူး . . . ဒါပေတဲ့ ကျွန်တော် တစ်ခုအစီရင်ခံပါရစေ အဘရယ် . . မမယ်ဒွေးနဲ့ ကျွန်တော်နဲ့ဆိုတာ ငယ်စဉ် ကတည်းက တကယ့် မောင်နှမအရင်းအချာများလို နေလာတာ . . ကျွန်တော့် စိတ်ထဲလည်း မမယ်ဒွေးဟာဖြင့် ငါ့အစ်မအရင်း ခေါက်ခေါက်ပဲလို့ ထင်နေ တော့"

"အေးပေါ့ကွယ် . . ဒါတွေလည်း အဘ သိပါတယ် . . . ဒါပေမယ့် အဘစီမံရာကိုသာ နာခံမယ်မဟုတ်လားလို့ . . . လိုရင်းစကား အဘ သိချင်တာပဲ . . . "

ဘိုးချစ်ဦးမှာ အချစ်ကလေး မယ်သွဲ့၏မျက်နှာကို ကွက်ကာ မြင်မိလျက် မချိဆွေးကြီး ဆွေးမိလေ၏။ သို့နှင့်လည်း ကျေးဇူးရှင်ကြီး၏ စိတ်ကြိုက်ကို မလိုက်၍မဖြစ်သော အခြေသို့ရောက်နေပြီဖြစ်သောကြောင့် မိမိကိုယ်ရေးကို ဂရုမစိုက်၊ အမှုမထားနိုင်ဘဲ ဦးပေတိုးကြီး လိုလားချက်ကို သွက်လက်စွာ ခေါင်းညိတ်လိုက်ရမည်သာ ဦးစွာအရေးကြီးသော ကိစ္စဖြစ်ကြောင်း ကောင်းစွာတွေးမိသည့်အတိုင်း မိမိနှင့်မယ်သွဲ့တို့၏ အချစ်အတွင်းရေးကို ဘေးဖယ်ပြီး အနန္တဂိုဏ်းဝင် ဖခင်နှင့်လည်းမခြားသော ဆရာသမားအတွက် သွက်လက်စွာ တာဝန်ယူတော့မည်ဟု ဆုံးဖြတ်ကာ . . .

"ကောင်းပါပြီ . . . အဘ စီမံသလို ကျွန်တော်လိုက်နာပါ့မယ် အဘရဲ့"

ဟု ပြောလိုက်ရာ အဘိုးကြီး ဦးပေတိုးမှာ များစွာကျေနပ်ဝမ်းမြောက်သွားရှာပြီး . . .

"အေးကွာ . . ဒါဖြင့် ဒီလဆန်းထဲ အိမ်ပြန်ပြီး ငါ့သမီးနဲ့ ငါ့သားကြီးကို နေရာချထားမှပဲ . . အဘလည်းကောင်းကောင်း နေမကောင်းဘူးကွာ"

ဟု ပြောသဖြင့် တစ်နေ့ထက်တစ်နေ့ ပြန်ရန်ဘက်သို့ ရက်နီးတပ်လာခဲ့သလောက် ဘိုးချစ်ဦးမှာ အချစ်ကလေး မယ်သွဲ့ကို ဘယ်ကဲ့သို့ စိမ်းရက်နိုင် မည်နည်းဟု အတွင်းမီး တငွေ့ငွေ့လောင်ကာ မချိတရိကြီး ဖြစ်နေရှာတော့၏။

"သမီးရေ . . . ဟေ မယ်ဒွေး"

"ဟော . . အဘတို့ပြန်လာကြပြီ . . . အဘရေ . . အဘတို့မရှိတုန်း . . ကျုပ်ကို နတ်ကတော် မဆီဘူးက ဟောတယ်တော့ . . . ကျုပ်ကိုလေ ပခန်းမင်းကလေးက ကြိုက်နေတယ်တဲ့တော့ . . ဟီဟိ . . ကျုပ် နတ်ကတော် ဖြစ်မယ်တဲ့ သိလား . . . အဘ . . . "

"ဩော် . . . ခက်ပါဘိ . . . ငါ့သမီးနှယ် . . . ခရီးရောက်မဆိုက် ဘာတွေများ ပြောနေပြန်တယ် မသိပါဘူး . . . နေစမ်းပါဦးဟ . . နတ်ရူးမရဲ့ . . . ဒါတွေ ငါ့ပြောရတာမျိုး မဟုတ်ဘူးဟဲ့ . . . "

"ဟင် . . . ငါ့မပြောလို့ ကျုပ် ဘယ်သွားပြောရမှာ တုံးလို့"

"အေး . . အေး . . ဒီလို တွေ့ကရာဟာတွေ ပြောချင်ပြောရအောင် သမီးကို လင်ပေးစားထားမယ် . . . အဲဒီတော့မှ ကိုယ့်လင်ကို ပြော . . . "

"ဒါဖြင့် မြန်မြန်ပေးစားပါတော် . . . ကြာတယ် . . ဒါနဲ့ ပခန်းမင်းကလေးကလည်း ကျုပ်ကို ကောက်မယ်လုပ်နေတာတော့ . . . လင်ယူလို့ဖြစ်ပါ့မလား . . . "

ဟု လုပ်နေပြန်ရာ ဦးပေတိုးမှာ သမီးရူးအတွက် အပြောရခက်လှသဖြင့် စိတ်ပျက်စွာ ခေါင်းကုတ်ပြီး သက်ပြင်းကြီးချလျက် . . .

"ခက်လိုက်တာနော် . . . ပခန်းမင်းကောက်ကောက်၊ တောင်ပြုံးမင်းကောက်ကောက်၊ လင်တစ်ယောက်တော့ ယူနိုင်တာချည်းပဲဟဲ့ . . . နင့်ကို နတ်ကတော် မိဆီဘူးက ညာလွှတ်လိုက်ပြီ ထင်ပါတယ်ဟာ . . "

"အံမာ . . မညာဘူး အဘရဲ့ . . . အဟုတ်ပဲ . . ကျုပ်ကိုယ်တိုင်မြင်ရတာတော့ . . . မနေ့ညနေက အိမ်ရှေ့မှာလေ ကျုပ်တစ်ယောက်တည်း မှေးမှေး၊ မှေးမှေးနဲ့ ဖြစ်သွားတော့လေ ပခန်းမင်းလေးကိုယ်တိုင် ကျုပ်နားလာရပ်တယ်တော့ . . ကျုပ်မျက်စိနဲ့ တပ်တပ်အပ်အပ်မြင်တာ. . သျှောင်ကလေးတစောင်းထုံးလို့ . . . နှုတ်ခမ်းမွေးကလေး ရေးရေးနဲ့ . . . အသားကလေးကလည်း ဝါလို့တော့ . . . ချောလိုက်တာမှ ဘယ်လိုချော မှန်းမသိဘူး . . ပန်းပုဆိုးကလေး ခါးတောင်းကျိုက်ပြီး မြင်းညိုကြီးစီးလို့ . . လက်တစ်ဖက်က မြင်းဇက်ကိုင်ထားတယ် . . လက်တစ်ဖက်ကတော့ အရက်ပုလင်းကလေး ကိုင်လိုက်လို့တော့ . . . "

"ဟယ် . . . ဒီကောင်မကလေး . . . တွေ့ကရာ လျှောက်ပြောပြန်ပြီ . . . အဲဒါ နတ်ကတော် မိဆီဘူးအိမ်က ပခန်းမင်း နတ်ရုပ်ကို နင်တွေးကြည့်

နေတာဖြစ်မှာပဲ . . . ကဲလေ ဘာပဲဖြစ်ဖြစ် နတ်ကောက်ကောက်၊ သရဲကောက်ကောက်၊ ငါကလည်း နင့်ကို လင်ပေးစားရတော့မှာပဲ"

"ဘယ်သူနဲ့ ပေးစားမှာ တုံးတော့ . . ပေးစားရင်လည်း မြန်မြန် ပေးစားပါလားတော် . . . ကျုပ်တစ်ယောက်တည်းနေရတာ ပျင်းကပျင်းပါဘိနဲ့"

"အေးအေး . . မယ်မင်းကြီးမ . . . မြန်မြန်ပဲ ပေးစားပါ့မယ်ဗျာ"

"ဘယ်သူတုံး အဘရ . . . ဒါပဲနော် . . အရုပ်ဆိုးရင်တော့ မယူဘူးတော့ . . နတ်သားလေးလို ချောချောလှလှကလေးမှ ကျုပ်ကြိုက်ချင်တာ . . . "

"အေး . . လှပါဗျား . . လှပါရဲ့ . . . သူများတော့မဟုတ်ဘူး . . . နင့်ကို ဘိုးချစ်ဦးနဲ့ ပေးစားမှာပဲ . . . နင်သည်းညည်းကို ဖိုးချစ်ဦးကလွဲလို့ ဘယ်သူမှ ခံနိုင်မှာမဟုတ်ဘူး"

"ဟင် အဘကလည်း ချစ်ဦးနဲ့ဟုတ်လား . . ချစ်ဦးလှတော့ လှသားပဲ . . . ဒါပေတဲ့ ဆရာ . . ချစ်ဦးက ငယ်ကငယ်နဲ့ ကြီးကြီးနဲ့ ပေးစားပါလားဟင် . . . တောင်ပိုင်းက ကိုဘတုတ်တို့ အရွယ်ဆိုလည်း ဟုတ်သေးရဲ့ . . "

"အို . . . ဘိုးချစ်ဦးကမှ သမီးသည်းညည်းခံမှာ . . ကြီးသော၊ ငယ်သော လုပ်မနေနဲ့ . . ဒို့ပြင်လူနဲ့ဆိုရင် . . နင်နေပုံ၊ ထိုင်ပုံနဲ့ အရိုက်ချည်း ခံနေရမှာ . . . ဘိုးချစ်ကတော့ ရိုက်မှာ နှက်မှာလည်း မဟုတ်ဘူး"

"အေး. . အေး . . ရိုက်မှာ နှက်မှာတော့ အကြောက်သား ဆရာ . . . ကျုပ်လေ လင်ယူချင်နေတာတော့ ကြာလှပြီ အဘရဲ့ . . ဒါပေတဲ့ ရွှေညှာရဲ့လင် အောင်ထွားဟာလေ . . သူ့မယားရွှေညှာကို ကျွဲရိုက်၊ နွားရိုက်၊ ရိုက်တာ မြင်ရပြီးကတည်းက လင်ယူရင်ရိုက်ခံရမှာ ကြောက်နေရတာကလား . . . ချစ်ဦးလေးနဲ့ဆိုရင်တော့ . . . ဟုတ်တယ် . . . ကျုပ်ကို သူက ရိုက်မှာ မဟုတ်ဘူး . . . ကျုပ်ကသာ သူ့ကို ရိုက်ရမှာ . . . ဟီဟိ . . အဘက ဒီလိုတော့ လိမ်မာသားပဲနော်"

* * *

"ဘယ့်နှယ်မှ မအောက်မေ့နဲ့တော့ အသွဲ့ရယ် .. ကျုပ်လည်း အသွဲ့ကို မချစ်လို့မဟုတ်ဘူး .. အသွဲ့ ဘယ်လောက်ချစ်တယ်ဆိုတာလည်း ကျုပ်သိပြီးပဲ .. အဘကိုလည်း ညာရမယ့်ဝတ္တရားက ရှိနေတယ် .. သူ့ကျေးဇူးဟာ ကျုပ်အပေါ်မှာ အင်မတန်များတယ်ကွဲ့ . . . ဒီတော့ အသွဲ့က သဘောထားကြီးကြီးထားပါ .. မမယ်ဒွေးဆိုတာလည်း အရှုံးအပေါ်ကြီးပဲ"

"အကြောင်းက ဒီလိုဖြစ်လာတော့ ဘယ်တတ်နိုင်ပါ့မလဲ ကိုချစ်ရယ် . . . ကိုချစ်ပြောသလို မမယ်ဒွေးက အရှုံးအပေါ်ကြီးဆိုတာလည်း ဟုတ်ရှာတာပါပဲ . . . အဘကလည်း သူ့သမီးအတွက် စိတ်မအေးလို့ စီမံခဲ့တော့ . . . နားထောင်ထိုက်ပါတယ် . . . ကျွန်မက ဖျက်ဆီးနှောင့်ယှက်လို့ မတော်ပါဘူး .. ဒါပေတဲ့ ကိုချစ်ရယ်တစ်ယောက်နဲ့ တစ်ယောက် ဒီလောက်တောင် ချစ်လာကြပြီးမှ . . . "

"အို အသွဲ့ .. ဒီအတွက် မပူပါနဲ့ . . . ကျုပ် စိတ်ကူးပြီးသားပါ . . . အဘအလိုအတိုင်း မမဒွေးကို လူသိနတ်ကြား မင်္ဂလာဆောင်ယူထားလိုက်ရပကောလို့ . . . ကျုပ်သူ့ကို လက်ဖျားနဲ့တောင် မတို့ပါဘူး .. မောင်နှမလိုနေမှာပါပဲ .. အဲ . . . ဒီလိုကျုပ်ပြောတာကို အသွဲ့ မယုံကြည်မရှိနဲ့နော် . . . သံသယကင်းပါစေနော် .. ဟုတ်တယ်လေ . . . ကိုယ့်ထက်ကြီး အစ်မအရင်းနဲ့မခြား နေလာရတာလည်းဖြစ်တယ် .. အရုပ်ကလည်း ဆိုးသေး .. စိတ်ကလည်း ရှူးတူးတူး ပေါတောတောကြီးဟာမျိုးကို ဘယ်လိုနီးနီးစပ်စပ်နေရလို့မှ စိတ်၏ကိုယ်၏ ပြစ်မှားမိမှာမဟုတ်တဲ့ဟာကြောင့် သံသယကင်းထိုက်ပါတယ် .. ရွှယ်တူ ရွှယ်တန် လှလှပပကလေးဆိုရင်လည်း ချဉ်သီးနဲ့ဆားလို ထိစပ်ရင်ငြိကပ်သွားမှာစိုးလို့ ကျုပ်က ဘယ်လိုပဲ ယုံလောက်အောင်အာမခံပေစေ .. အသွဲ့ယုံချင်မှ ယုံထိုက်ပါတယ်လေ . . . ဒီဟာကတော့ . . . အေးလေ . . . အထူးပြောဖို့မလိုပါဘူး. . ဒါကြောင့် အသွဲ့က ဟန်မပျက်စိတ်လက်ငြိမ်း ချမ်းသယောင်နေလိုက်စမ်းပါ .. အဘခမျာဆိုလည်း ကြွေတော့မယ့် သစ်သီးလို အမှည့်ကြီးမှည့်နေရှာပါပြီ . . . မသကာ အဘတစ်သက်ကလေး အခြေမပျက် နေသွားရမှာပါ အသွဲ့ရဲ့"

"ဩော် . . . အဘ တစ်သက်တာ မမယ်ဒွေးကိုယူမယ် . . အဘ မျက်စိမှိတ်သွားရင် မမယ်ဒွေးကို စွန့်ပစ်ပြီး ကျွန်မနဲ့ ယူကြမယ်ဆိုရင် မမယ်ဒွေး သူ့ခမျာ . . . "

"စွန့်ပစ်လိုက်ဖို့လည်း မဟုတ်ပါဘူးလေ . . . အဘမျက်နှာနဲ့ သူ့ခမျာလည်း ဘယ်မှာမှ အားကိုးစရာ မရှိရှာတဲ့ဥစ္စာ စိတ်ချမ်းသာသလို ဝတ်ဖို့ စားဖို့ မပူရအောင် ကြည့်ရှုစောင့်ရှောက်ထားပြီး ကျုပ်တို့က"

"ဖြစ်ပါ့မလား ကိုချစ်ရယ်"

"ဖြစ်ပါတယ်လေ . . . မမယ်ဒွေးကလည်း ရှုးပေါပေါကြီးပါ . . . သူ့ဟာသူ နတ်ကတော်တွေနဲ့ နတ်မေး၊ နတ်ပင့်နေရရင် ကျေနပ်မှာပါ . . ကျုပ်တို့က သူ့အလိုလိုက်ထားလိုက်ရင် ပြီးတာပဲ . . . "

"ဒါဖြင့်လည်း ကိုချစ်ကောင်းသလို စီမံတော့လေ . . . ကျွန်မတော့ ကိုချစ်ပြုမှ နုရမှာပဲ . . . နို့ပြီးတော့ အဘကိုလည်း ညှာသင့်ပေတာကိုး"

"အသွဲ့အမေကိုလည်း ဒီအကြောင်း တိုးတိုးတိတ်တိတ် ကြိုတ် ပြောထားလိုက်ဦးနော် . . . တော်တော်ကြာ အကြောင်းမသိတော့ စိတ် မကောင်းဖြစ် နေရှာဦးမယ် . . . "

"ပြောပါမယ်ရှင် . . . ပြောပါမယ် . . . အမေ ကလည်း တကယ် ဆိုတော့ အဘရဲ့အရိပ်မှီခိုနေရသူလည်းဖြစ်တယ် . . ညာခံ တပည့်မ တစ်ဦးလည်းဖြစ်တယ် . . ဒီတော့ အဘကျေးဇူးတွေ ထောက်မျှော်ပြီး လူကြီး စိတ်ချမ်းသာအောင် ပြုတာကို ချီးမွမ်းမှာပါပဲ ကိုချစ်ရယ်"

သို့နှင့် များမကြာမီ ဦးပေတိုးသည် တပည့်ဘိုးချစ်ဦးအား သမီး မယ်ဒွေးနှင့် လူစုံဖိတ်ကြား၍ ပေးစားထိမ်းမြားလိုက်လေရာ ဘိုးချစ်ဦးနှင့် မယ်ဒွေးတို့မှာ တရားဝင်သော အကြင်လင်မယားအဖြစ် ရောက်ရှိသွားလေ၏၊

အချစ်ဦး မယ်သွဲ့ကလေးမှာလည်း နီးရက်နဲ့ ဝေးနေရှာသော ဘိုးချစ်ဦးအတွက် စိတ်လက်မကောင်းမိသည့်တိုင်အောင် မိမိတို့အချင်း အမြစ်အခြေ ခိုင်ခိုင်နှင့် မယိုင်မလဲ အမြဲတည်တံ့နေမည့် အချစ်မျိုးဖြင့် ကြောင့် ဖြေမနိုင်၊ ဆည်မတန့်နိုင်စရာအကြောင်းမဟုတ်၍ ခပ်[illegible]

ကလေး ဣန္ဒြေမပျက်နေနိုင်ခဲ့သလို ဘိုးချစ်ဦးမှာလည်း မယ်ဒွေးနှင့် အမည် အားဖြင့် လင်မယားဆိုရစေကာမူ လူချင်းကား မောင်နှမလိုသာနေထိုင်ခဲ့လျက် တစ်ချက်တစ်ချက် မယ်ဒွေးက 'နိုင်ချင်ကြက်လို' မကြာခဏ ခေါင်းဆိပ်ခံရ သည်မှတစ်ပါးများစွာပူ ပင်ကြောင့်ကြရန် အရေးမကြုံ ရှိခဲ့လေ၏။

သို့သော် ဦးပေတိုးကြီးမှာမူကား တစ်ခါတစ်ရံတွင် ပြောရမှန်းမသိ၊ မပြောရမှန်းမသိ၊ ရှူးပေါပေါနှင့် ထင်ရာဇွတ်တွန်းပြောတတ်သော မယ်ဒွေး၏ ပါးစပ်မှ . . .

"အဘရေ . . . "

"ဟေ . . . ဘာတုံးဟ"

"ကျုပ်နဲ့ချစ်ဦးနဲ့ ဘာတော်တုံး"

"လင်မယား လဟာ"

"လင်မယားဆိုတာ အရှေ့ဘက်အိမ်က မိထူးနဲ့ ဘိုးမှန်းတို့လိုမှ လင်မယားတဲ့တော့ . . . ကျုပ်နဲ့ ချစ်ဦးလေ . . တစ်ခန်းတည်းအိပ်ပေတဲ့ . . . ဘိုးမှန်းနဲ့ မိထူးတို့လို မဟုတ်ပါဘူးဆိုနေ"

"ခက်ပါပြီဟဲ့ . . သွားစမ်း . . . သွားစမ်း . . . ငါ နေထိုင်မကောင်း တဲ့အခါ တွေ့ကရာတွေ လာပြောမနေစမ်းနဲ့ . . . ဟေ့ . . ဘိုးချစ်ဦးရေ . . . လာစမ်းပါဦးကွာ . . ဟောဒီမှာ . . မယ်ဒွေး စကားများလွန်းလို့ . . လာခေါ်စမ်းပါဦး . . . "

ဟု ပြောလိုက်မှ ဘိုးချစ်ဦး ပေါက်လာကာ . . .

"အို . . . မမယ်ဒွေး . . လာပါဗျာ . . . အဘနေမကောင်းပါဘူး . . . သူ့ဟာသူ အေးအေးနေပါစေ. . . လာပါ မမယ်ဒွေးရဲ့ . . "

ဟု ချော့ချော့မော့မော့ခေါ်သည့်တိုင်အောင် မယ်ဒွေးမှာ ပမာမခန့် နေမြဲနေရာက . . .

"အမာ . . ဘာလဲ ချစ်ဦးက . . ငါ့ဘာသာ ငါပြောတာ . . နင်နဲ့ ဘာဆိုင်တုံး . . . နင်က ငါ့ လင်မို့လာပြောရတာလားလို့ . . . "

"အို . . . မမယ်ဒွေး နှယ်ဗျာ . . ကျွန်တော်ပြောမယ် . . . ဒီလာ စမ်းပါဦး . . . "

"ငါ့ဆီ နင်လာပြောပါလားဟဲ့ ချစ်ဦးရဲ့ . . . နင့်ဆီ ငါဘာလို့ လာရမှာလဲ . . . "

"ကဲ . . နေဗျာ . . ဒါဖြင့် ဟိုအကြောင်းပြောမလို့ . . ကျုပ်က ခေါ်တာ . . . ပခန်းမင်းကလေးအကြောင်းလေ . . . "

"ဟေ . . . ဟုတ်လား . . ငါ့အိပ်ရာနား ပခန်းမင်းကလေး ကြွလာ ပြန်ပြီလား . . . ဒီလိုဆို . . စောစောက လာပြောရောပေါ့ ချစ်ဦးရယ်"

ဟု ဆိုကာ အခန်းထဲသို့ ခုန်ပေါက်ကာ ပြေးလေ၏။ ချစ်ဦးသည် မယ်ဒွေးအကြိုက်နှင့် မျှားခေါ်လိုက်ပြီးနောက် အခန်းထဲတွင် နှစ်ယောက်သား တွေ့ကြမှ . . .

"ဒီမယ်ဗျ . . မမယ်ဒွေး . . အဘကို မဟုတ်က ဟုတ်ကတွေ ဘာလို့ သွားပြောနေရတာလဲ . . ဒီစကားမျိုးဆိုတာ အဖေနဲ့သမီး ပြော ကောင်းတာ မဟုတ်ဘူးဗျ . . . "

"ဟဲ့ . . . ငါသိပါ့မလား . . . ပြောချင်ပြောမှာပေါ့ . . . ဘာလဲ . . နင်နဲ့ငါနဲ့ လင်မယားဆိုပြီး တစ်ခန်းတည်း အတူနေပေတဲ့ ဘိုးမှန်းနဲ့ မိထူးတို့လို . . . "

"အို . . . ဒါက ဒီလို မမယ်ဒွေးရဲ့ . . . မိထူးက မိထူးပဲ . . . မမယ်ဒွေးက မမယ်ဒွေးဗျ . . . မမယ်ဒွေးမှာ သူများနဲ့တူတာမဟုတ်ဘူး . . . ပခန်း မင်းကလေးက အင်မတန်ကြိုက်နေတာဗျ . . . "

"အေး . . . အေး . . . ဟုတ်လိုက်တာဟယ် . . . ငါ့ကို ပခန်းမင်း ကလေး ကြိုက်နေတယ်ဆိုတာ နင်သိတယ်နော် ချစ်ဦး . . . အေး . . . နင်တော်တယ် . . . တော်တယ်"

"အဲဒါ ပြောမလို့ပေါ့ . . ပခန်းမင်းကလေးနဲ့ ကျုပ်နဲ့တွေ့တယ်ဗျ"

"ဟေ . . . ဟုတ်လာ . . ပြောစမ်းပါဦး ချစ်ဦးရဲ့ . . . နင်နဲ့ ဘယ်တုန်းကတွေ့ကြသလဲ . . . ငါ့အကြောင်းကော ဘာပြောသွားသေးလဲ"

"ပြောတာပေါ့ဗျ . . ဒါနဲ့နေဦးနော် . . . ဒီအကြောင်းကို ဘယ်သူ့မှ မပြောရဘူးတဲ့ . . . ပခန်းမင်းကလေးကမှာသွားတယ် . . ကုန်ကုန်ပြောလိုက်မယ်လေ . . . သူနဲ့တွေ့ကြတယ်ဆိုတာကို နတ်ကတော်မဆီဘူးတို့တောင် မသိပါစေနဲ့တဲ့ . . . အဲဒါပဲ . . ခင်ဗျားသွားပြောမိရင်တော့ ပခန်းမင်းကလေးက စိတ်ဆိုးလိမ့်မယ် . . . "

"အေးပါဟယ် . . ငါ နားလည်ပါတယ် . . . မပြောပါဘူး . . ဟိုကမှာသွားတာသာ ငါ့ကို မြန်မြန်ပြောစမ်းပါ . . . "

"ဒီလိုဗျ . . ဒီလို ကျုပ်နဲ့ ပခန်းမင်းကလေးနဲ့ဟာ ခဏခဏတွေ့တယ် . . တွေ့တိုင်း တွေ့တိုင်း ပခန်းမင်းကလေးက ကျုပ်ကို မျက်နှာဆိုးကြီးနဲ့ အမြဲကြည့်နေတယ် . . ဒီတော့ ကျုပ်လည်းကြောက်ကြောက်နဲ့ပေါ့လေ . . 'ကျွန်တော့်ကို ဘာအပြစ်ရှိလို့ . . ဒီလိုကြည့်ရပါသလဲ ခင်ဗျာလို့' မေးတော့ကာ . . . 'ဟဲ့ချစ်ဦး . . နင်ဟာ ငါ့မယားလောင်းကို ဘာပြုလို့ယူထားသလဲ . . မယ်ဒွေးကို ငါ အင်မတန်ကြိုက်နေလို့ မကြာခင် ကောက်တော့မယ်ဆိုတာ နင်မသိဘူးလား . . . 'တဲ့။ ဒီတော့ ကျုပ်ကလည်း မသိပါဘူး ပခန်းမင်းကလေးရယ် . . အဘကလည်း ပေးစားတာနဲ့ ယူလိုက်ရပါတယ်။ ကျွန်တော့်ကို ချမ်းသာပေးပါ' လို့ တောင်းပန်တော့မှ 'အေး မသိလို့ယူမိရင် ရှိစေတော့ . . . ဒါပေမယ့် နင် ငါ့မယားလောင်းကို လက်ဖျားနဲ့မထိရဘူး . . တစ်အိပ်ရာတည်းလည်း မအိပ်ရဘူး . . တစ်ခန်းတည်းနေပေမယ့် တစ်နေရာစီ ခွဲအိပ်ရမယ် . . . အဲဒါ ငါ့စကား နားမထောင်လို့ရှိရင် နင့်ကို စီးတော်မြင်းနဲ့ တိုက်သတ်မယ် . . . ယောက်ဖတော် ရွှေပြုံးမင်းကလေးဆီက စီးတော်ကျားကို ငှားပြီး တိုက်သတ်ပစ်မယ် သိရဲ့လား . . ငါ ဒီလိုပြောသွားတာကိုလည်း မယ်ဒွေးမှတစ်ပါး ဘယ်သူ့ကိုမှ မပြောရဘူး' တဲ့ သိရဲ့လား။ အဲဒါကြောင့်ကျုပ်မှာ ကြောက်လွန်းလို့ မမယ်ဒွေးအနား သိပ်မကပ်ဝံ့တာဗျ . . . ခင်ဗျားကြီးက ဘာမသိ၊ ညာမသိနဲ့ အဘကို ဘာဘာညာညာ ဟတ္တာမပြုတာတွေ သွားပြောနေလို့ ခုမှခေါ် ပြောရတာသိလား"

ဟု ပြောလိုက်သည်တွင် မယ်ဒွေးမှာ မိမိအကြိုက်ဆုံးသော အလုံးဖြစ်၍ ပြုံးပြုံးပြုံးပြုံးနှင့် နားထောင်၍ မအီမမုန်းနိုင်အောင်ဖြစ်သွားကာ. . .

"ငါ မသိလို့ပါ ချစ်ဦးရာ . . . ဒါဖြင့် ပခန်းမင်းကလေးဟာ ငါ့ကို တကယ်ကြိုက်နေရှာတာပဲနော် . . အို. . . ငါကလည်း သိပ်ကြိုက်တာပဲဟယ် . . . သူကလည်း ကြိုက်နေလို့ရှိမှ မြန်မြန်ကောက်လိုက်ပါလားလို့ . . ဒါနဲ့ ချစ်ဦးရ . . ပခန်းမင်းကလေးက မကြိုက်ဘူးဆိုရင် နင် ငါ့အနားသိပ်မကပ်နဲ့နော် သိလား . . နင့်ကို စီးတော်ကျားနဲ့ တိုက်သတ်တာက အရေးမကြီးဘူးဟဲ့ . . . ငါ့ကို မကောက်တော့ဘဲနဲ့ စိတ်ပျက်သွားမှာ စိုးရတယ် . . . "

"စိတ်ချပါ . . မကပ်ပါ ဘူး . . . ခင်ဗျားကြီးကသာ အဘကို သွားမပြောပါနဲ့ . . . ဒါထက် ပခန်းမင်းကလေးအကြောင်းနဲ့ ပတ်သက်ပြီး နတ်ကတော်ကြီး မဆီဘူးက မမယ်ဒွေးကို ဘာပြောသေးသလဲဟင်"

"မဆီဘူးကလား . . ပခန်းမင်းကလေးက ငါ့ကို သိပ်ကြိုက်နေတယ်တဲ့ . . ဒါပေတဲ့ ငါ့မှာ ဘာဆိုလားရှိနေလို့ မကောက်သေးတာတဲ့ . . . အဲဒါ မြန်မြန်ကောက်အောင် နတ်ဆေးတိုက်ပေးမယ်တဲ့ . . . နတ်ဆေးမတိုက်ခင် နတ်ကန္တားပေးရသေးတယ်တဲ့ . . . နတ်ကန္တား တစ်ခါတစ်ခါပေးတယ်ဆိုရင် ဆိုင်းနဲ့ဝိုင်းနဲ့ ကန်တော့ပွဲတွေ ဗောင်းတော် ပဝါတွေ၊ ပုဆိုးတွေ၊ အရက်တွေ၊ ကြက်တွေဝယ်ရလို့ ငွေနှစ်ရာ၊ သုံးရာကုန်တယ်တဲ့ . . . "

"နို့ . . . အရင်နှစ်ထဲက တစ်ခါ၊ ဒီနှစ်ထဲက တစ်ခါ၊ အဘပေးပစ်ခဲ့တဲ့ ငွေထဲက ခင်ဗျားကြီး နတ်ကန္တားပေးပစ်တာ နှစ်ခါရှိပြီမဟုတ်လား အဲဒီတုန်းက ခင်ဗျားတောင် နတ်ကန္တားပေးတဲ့အထဲ နတ်ပူးပြီး ဝင်ကသေးတယ်ဆို"

"ဟဲ့ . . . နင်က ဘာ မှန်းမသိဘဲနဲ့ အရမ်းမပြောနဲ့ဦး. . . အဲဒီတုန်းက နတ်ကန္တားနှစ်ခါပေးတာဟာ ဒီကိစ္စအတွက် မဟုတ်ဘူး . . . ပထမတစ်ခါ နတ်ကန္တားပေးတာက ငါ့ကို နတ်တွေ၊ အရှင်သခင်တွေ ချစ်ကြအောင် အရေးယူကြအောင်ဆိုပြီး နတ်ကတော်ကြီး ဒေါ်ဆီဘူးက မိတ်ဆက် နတ်ကန္တားပေးပေးတာတဲ့။ နောက်တစ်ခါ နတ်ကန္တားပေးတာကတော့ ငါ့လိပ်ပြာကလေးလှလာအောင် ငါ့လိပ်ပြာကလေးလှလာမှ အရှင်သခင်တွေက ပိုပြီးချစ်ကြမှာကိုး

. . အခုတော့ ငါ့လိပ်ပြာလှလို့ ပခန်းမင်းကလေးကိုယ်တိုင် ချစ်ကြိုက်လာပြီ . . . အဲဒါ မြန်မြန်ကောက်အောင် နတ်ဆေးမတိုက်ခင် နတ်ကန္နားသုံးခါပေးရမယ်တဲ့ . . . အခု ငါ့ဆီမှာ အဘအပ်ထားတဲ့ ငွေတစ်ရာတည်းရှိတယ် . . နတ်ကန္နားသုံးခါပေးဖို့ မဆိုထားနဲ့ . . တစ်ခါပေးဖို့တောင် မလောက်ချင်သေးဘူး"

ဟုပြောရာ ဘိုးချစ်ဦးမှာ. . .

"အင်း . . . ခက်တော့တာပဲ . . . အဘိုးကြီး ပင်ပင်ပန်းပန်းရှာဖွေရသမျှတော့ မဆီဘူးတို့ မြိုက်ချတိုင်း ဒီမမ တစ်ဖက်တစ်လမ်းက သရမ်းနေတာနဲ့ ဖို့မလောက်ဖြစ်နေပြီဟု စိတ်တွင်းက ညည်းညူမိသည့်တိုင်အောင် မိမိနှင့်အသွဲ့တို့၏ နောင်ရေးနှင့်တကွ ယခုလက်ငင်း မိမိခေါင်းဆင် နင်းခံရမည့်အရေးများအတွက် တစ်ဖက်တစ်လမ်းမှ ကာကွယ်ရန် လမ်းပေါက်တစ်ခုပွင့်နေသည့်အလျောက် မယ်ဒွေးအလိုကို အနှောင့်အယှက်မပေးဘဲ ခပ်အေးအေး မြုံနေလိုက်ကာ . . .

"အေးလေဗျာ . . ဒါ ဖြင့်လည်း ဒီတစ်ခါ အဘနဲ့ကျွန်တော် နယ်ထွက်ရင် ငွေရလာမှာပဲ . . အဲဒီတော့ ခင်ဗျားလုပ်ချင်တာ လုပ်တာပေါ့"

ဟု အလျှော့ပေး၍ ကြိုက်ဆေးနှင့်ခပ်လိုက်မှ မယ်ဒွေးပါးစပ် ငြိမ်လေတော့၏။

* * *

ဦးပေတိုးလည်း သမီးကို အိမ်ထောင်ချပေးစားလိုက် ပြီးသည့်အချိန်ကစ၍ နဂိုကလူကြီးနာနှင့် သရိုးသရီ မမာလာသော ဝေဒနာအခံမှာ တစ်နေ့တခြား တစ်လတစ်ပါးဆိုသလို တိုး၍လာခဲ့လေ၏။ သမီးဖြစ်သူ မမယ်ဒွေးမှာ အရှူး၊ အပေါဖြစ်ရှာသည့်အလျောက် အဖေဖြစ်သူအတွက်တစ်ခွန်းတစ်စက်မျှ ပူရကောင်းစေမသိ။ မိမိဝါသနာပါလှသည့် အရှင်ကြီးများကိုစွနှင့်သာ အချိန်ကုန်ခဲ့သလောက် ဘိုးချစ်ဦးမှာ ဆရာတစ်ပိုင်း၊ အဘတစ်ပိုင်းဖြစ်နေရှာသော ဦးပေတိုးအား ကြိုးကြိုးစားစား ခြေဆုပ်လက်နယ် ပြုစုယုယနေလေတော့၏။

"ငါ့သားကြီး အဘတော့ မနေရဘူး. . ဒီဝေဒနာနဲ့ သေရတော့မယ် . . . အဘမရှိတဲ့နောက် အဘရဲ့အလုပ်ကြီးကို ငါ့သားဦးစီးပြီး အဘ လက်ထက်ကလို ဆက်လက်လုပ်ကိုင် ရလိမ့်မယ်နော် . . . "

"ဟုတ်ကဲ့ အဘ . . ကျွန်တော်တို့ဟာ ဒီအလုပ်ကို သားစဉ် မြေးဆက်ဆိုတာလို အားထားလုပ်ကိုင်သွားကြရမှာပဲ အဘရဲ့"

"အေး. . . ဒီအတွက်တော့ ဟုတ်ပါပြီ . . . ငါ့သားကို အဖေ မသေခင် အရေးကြီးတဲ့အချက်အလက်ကလေးတွေ မှာချင်သေးတယ်ကွဲ့ . . . "

"မှာပါ . . အဘရဲ့ . . မှာပါ"

"အေးအေး . . သေသေချာချာနားထောင်နော်. . မန္တန်တွေ မန္တရားတွေစွမ်းတာလည်း တစ်မျိုးပေပေါ့ . . . သို့သော်လည်း မန္တန် ဘယ် လောက်စွမ်းစွမ်း . . . ကတိသစ္စာ မတည်ရင်လည်း အလကားပဲ . . မောင်ချစ်ဦးရဲ့"

"ဟုတ်ကဲ့ ခင်ဗျာ . . . "

"နတ်နဲ့နဂါး မလှည့်စားနဲ့ . . . ဆိုတဲ့ စကားပုံလည်းရှိတယ် . . . သည်တော့ကာ ငါတို့အလုပ်ကိစ္စနဲ့ ပတ်သက်လာသမျှမှာ အမြဲကတိသစ္စာ တည်ပါစေ။ အလုပ်နဲ့ပတ်သက်တဲ့ကတိကိုပြောတာနော် . . . အပြင်ကတိကို မဆိုလိုဘူး . . ဥပမာကွယ် အဘသမီး မယ်ဒွေးကို မင်းတစ်သက်လုံး စောင့် ရှောက်ပါ့မယ်ဆိုတဲ့ ကတိမျိုးက ကိုယ်ရေးကိစ္စနဲ့ပတ်သက်တဲ့ အပြင်ကတိမျိုး ခေါ်တယ်ကွဲ့ . . . အလုပ်ကိစ္စနဲ့ပတ်သက်တဲ့ကတိက ငါတို့ အလမ္ပာယ်ပြဖို့ မြွေဖမ်းကြတဲ့အခါ မြွေကိုပါ တိုင်တည်သစ္စာပြုပြီး 'ဘယ်အရပ်က ဘယ်မြွေကို ဘယ်နှနှစ်ခိုင်းပြီး ပြန်ပို့ပါမယ်ဆိုတဲ့ ကတိပေါ့ . . . အဲဒီ ကတိမျိုးကို အဘ ဆိုလိုတာပဲကြားလား . . "

"ဟုတ်ကဲ့ အဘ . . ကျွန်တော် နားလည်ပါတယ် . . . "

"နတ်နဲ့နဂါး မလှည့်စားနဲ့ . . . ဆိုတဲ့စကားထဲမှာ မိစ္ဆာနတ်ဆို တာတွေဟာလည်း ကောင်းကျိုးကိုသာ မပေးနိုင်ရှိရမယ် . . . ဆိုးကျိုးပေးဖို့ တော့ အင်မတန်လွယ်ကြတယ် . . အဲဒီသတ္တဝါတွေနဲ့ နဂါးမျိုးနွယ်အဆက်

ဖြစ်တဲ့ မြွေများဟာလည်း အမြဲတမ်းတစ်ဦးနဲ့တစ်ဦး အထူးဆက်သွယ်တတ်တဲ့ ဓလေ့ရှိတယ်။ တကယ့် နဂါးမျိုး၊ တန်ခိုးဣဒ္ဓိနဲ့ ပြည့်စုံတဲ့ဟာတွေဆိုတာ မှာတော့ ပြောစရာမရှိတော့ဘူးကွယ် . . . အဲဒါကြောင့် သူတို့ကို ငါတို့က လက်ကိုင်ပြုပြီး ပစ္စည်းရှာဖွေနေရတဲ့ လူတွေဆိုတော့ ကျီး၊ ဘုတ်ရှိသေမှ ဘုတ်၊ ကျီးရှိသေဆိုတာလို သူတို့ အပေါ်မှာ စွာချင်သရွေ့စွာပြီး ဆရာလုပ်ချင်သရွေ့ လုပ်နေနိုင်အောင်ဟာ မန္တန်ကောင်း၊ မန္တရားကောင်းတွေ အားထားရုံ အားထား မနေဘဲ ကတိသစ္စာကိုလည်း မြဲရလိမ့်မယ်နော် . . . "

"ဟုတ်ကဲ့ အဘ . . "

"ကဲ . . ကဲ . . ဒါဖြင့် အဘလည်းနွေ့ ည သေရတော့မယ် . . . ဒီတော့ကာ အဘကတိသစ္စာခံပြီး ဖမ်းထားတဲ့ မြွေများရဲ့ကတိတာဝန်ကို ငါ့သားကို လွှဲရတော့မယ် . . . ဒီလို မလွှဲခဲ့ဘဲနဲ့ အဘသေသွားရှိရင် ဒီမြွေတွေ ကို ငါ့သားဩဇာမပေးနိုင်ဘူး . . . ဩဇာအာဏာပေးလို့လည်း သူတို့က ခံကြမှာမဟုတ်ဘူး . . . ဒါကြောင့် ငါ့သားကို အဘမသေခင် ဖမ်းထားတဲ့ မြွေများကို အာဏာလွှဲဖို့ ကတိသစ္စာပြောင်းပေးစရာအတွက် နက်ဖြန်ကို ကန်တော့ပွဲ၊ အုန်းပွဲ၊ ရှာနီအုတ်၊ ဆန်၊ ပန်း၊ ပေါက်ပေါက်မှစပြီး အစစ အသင့်ပြင်ဆင်ထားပေတော့ကွဲ့ . . . "

"ဟုတ်ကဲ့ . . . အဘ"

"ဟို . . . ပချုပ်အနက်ထဲက ငန်းဝါကြားကြီးဟာ အကြီးဆုံး၊ အဆိုးလည်း အဆိုးဆုံးနော် . . . သူ့ကို ကြပ်ကြပ်သတိထားနေစမ်း . . . နေစမ်း . . . အဲဒီအကောင်ကြီးဖမ်းတုန်းက သုံးနှစ်တည်းခိုင်းပါ့မယ်လို့ ကတိထားခဲ့သနော် . . . မှတ်ထား မောင်ချစ်ဦး . . . အခု သူ့ကို ခိုင်းခဲ့တာ . . နှစ်နှစ်နဲ့ သုံးလရှိပြီ . . . သူ့ ပြန်ပို့ဖို့ ကိုးလတည်းလိုတော့တယ် မှတ်ထား"

"ဟုတ်ကဲ့ အဘ . . . မှတ်ထားပြီးပါပြီ . . . "

"အေး . . . အေး . . ဟုတ်ပြီ . . နောက်ပြီး ပချုပ်နီထဲက စပါးအုံးကြီးလည်း သုံးနှစ်ပဲ . . သူလည်း ငန်းဝါကြားကြီးနဲ့ တစ်လသာ နောက်ကျတယ် . . ဟို ငန်းစောင်းညီအစ်ကိုနှစ်ကောင်နဲ့ မြွေပွေးမြီးတိုကြီးက

တော့ နှစ်နှစ်လောက်လိုပါသေးတယ် .. ပချုပ်ဖြူထဲက .. မြွေဟောက် သုံးကောင်ကိုလည်း ကောင်းကောင်း မွေးဟေ့ .. သူတို့က ရှေ့အလားအလာ အများကြီး မျှော်လင့်စရာတွေ ရှိနေတယ် ... သူတို့အတွက် သုံးနှစ်တောင် လိုပါသေးတယ် ... ကဲ .. ဒါတွေ သေသေချာချာ ရေးမှတ်ထားနော် ... "

"ဟုတ်ကဲ့ ... အဘ ရေးပြီးပါပြီ ... "

"အေး အေး ... နက်ဖြန် ကတိလွှဲပွဲမှာ ကန်တော့ပွဲတွေပြင်ပြီးရင် ဒီမြွေပချုပ်တွေကိုလည်း အားလုံးထုတ်ပြီး ကန်တော့ပွဲနဲ့အတူ ပြင်ထားရလိမ့် မယ် ... ဟေ့ .. ကတိယူပြီးတဲ့အခါ ငါ့သားကိုယ်တိုင် မြွေပချုပ်တွေကို စေ့အောင် ကတိပေးရလိမ့်ဦးမယ် .. ကြားလား ... ကဲကဲ ... သွားသွား ညဥ့်နက်ပြီ ... အိပ်ချေတော့ ... "

* * *

ဘိုးချစ်ဦး သစ္စာကတိ အလွှဲခံပြီးသောအချိန်မှစ၍ နောက်ဆယ့် ငါးရက် ခန့်မျှအကြာတွင်အလမ္မာယ် ဆရာကြီးဦးပေတိုးမှာ စွဲကပ်ရင်း လူကြီး နာနှင့်ပင် ကွယ်လွန်သွားရှာပြီဖြစ်ရာ ဘိုးချစ်ဦးသာလျှင် ဆရာကြီးခြေရာနင်း ၍ အရပ်ရပ်ကိစ္စမှန်သမျှ တာဝန်ယူရတော့လေ၏။

အရှုးအပေါကြီး မယ်ဒွေးကား ထူးမခြားနားဆိုသလို နဂိုဝါသနာ အတိုင်း နတ်ရှူးမကြီးတစ်ပိုင်းဖြစ်ကာ နတ်ကတော်ကြီး မဆီဘူးထံသို့သာ သွားလာဝင်ထွက်မြဲ သွားလာဝင်ထွက်၍နေပြီး လက်ထဲရှိသမျှ ပိုက်ဆံ ကြေးငွေ များကိုလည်း တစ်ပြားမကျန် မဆီဘူးလက်သို့ အပ်နှံကာ နတ်ကန္နားပွဲအတွက် အားတက်သရော စုဆောင်းနေလေ၏။

မယ်သွဲ့မှာလည်း မိမိချစ်ရည်းစားအတွက် နီးကွက်ပေါ်သည်ထက် ပေါ် လာပြီဖြစ်သောကြောင့် ဘိုးချစ်ဦး မြန်မြန်ငွေရှာရလျှင် မယ်ဒွေး ပခန်းမင်း ကလေးနှင့်လက်ထပ်နိုင်မည်။ မယ်ဒွေး နတ်ကတော် အထင်ကရဖြစ်သွားမှ မိမိနှင့် ဘိုးချစ်ဦးတို့လည်း အတင့်အတယ်နေနိုင်ရန် အခွင့်အလမ်းသာမည်ဟု ဘိုးချစ်ဦးနှင့် နှစ်ကိုယ်ကြား တိုင်ပင်ထားသည့်အတိုင်း သိနေပြီဖြစ်ရုံမက တစ်ခါကမူ ဘိုးချစ်ဦးကိုယ်တိုင်ပင် ...

"ဒါနဲ့ မမယ်ဒွေးရာ . . ခင်ဗျားကတော့ နတ်က တော်ကြီးဖြစ်ရမှာ ကြောင့် ဝမ်းသာနေတယ် . . . ကျုပ်တော့ ခင်ဗျားနဲ့ မင်္ဂလာဆောင်ထားရတာ နဲ့ ဘယ်သူ့မှလည်း မယူရတော့ဘူး . . ဘယ်သူကမှလည်း မကြိုက်ဝံ့တော့ဘူး . . . ကျုပ်မှာ အလကားနေရင်း ကြားထဲက ဓားစာခံလုပ်နေရတယ် . . ကျုပ် လည်း မိန်းမလေး ဘာလေးယူချင်သေးတယ်ဗျ"

ဟု တမင်တကာ စကားအောက်နှင့် ငါးခြောက်ဝယ်လေရာ ဘယ်သူ သေသေ၊ ငတေမာရင် ပြီးရောဆိုသော စကားအတိုင်း မိမိနတ်ကတော်ဖြစ်ရ လျှင် ကျေနပ်နေသော မယ်ဒွေးက ခပ်အေးအေးပင် . . .

"အေးဟာ. . . နင် မယားယူချင်လည်း ယူလေ . . . ပခန်းမင်း ကလေးကလည်း နင်နဲ့၊ ငါနဲ့ အတူနေတာ . . မကြိုက်ဘူးဆိုတော့ နင်လည်း နင်ယူချင်တဲ့ မိန်းမယူပေါ့ . . ဒါပေမယ့် ငါ့ကို နင်ရှာတဲ့ ပိုက်ဆံတွေ အကုန်ပေးရမှာတော့ သိလား"

"ပေးပါ့မယ်ဗျာ . . ဒါ တော့ မပြောတတ်အောင် ပေးမှာပါ . . . ဒါပေမယ့် ကျုပ်ကို ခင်ဗျားနဲ့ ရပ်သိ၊ ရွာသိ၊ ဖြစ်နေတော့ ဘယ်သူက ယူဝံ့မှာ လဲဗျ . . . ကျုပ်က ကြိုက်ပါတယ် . . သွားပြောရင်အကြောင်း မသိတော့ ပါးချလွှတ်မှာပေါ့ . . . ဒီတော့ ကိုယ်နိုင်တဲ့အထဲက တစ်ယောက်ယောက်နဲ့ ခင်ဗျားပဲကြည့်ပြောပေးပါလားဗျ"

ဟု အသားလို၍ အရိုးတောင်းလိုက်ခြင်းကြောင့် မယ်ဒွေးကလည်း မိမိနိုင်သူဆို၍ မယ်သွဲ့တစ်ဦးကိုသာကြည့်၍ မြင်သည့်အလျောက် . . .

"အေးကွာ . . ငါလည်း တခြားတော့ သွားရှာမပေးတတ်ဘူး . . . နင်လိုချင်တယ်ဆိုရင် . . မယ်သွဲ့လေးကို ငါပြောပေးမယ်လေ . . . ယူမလား"

ဟု စကားစထွက်လာလျှင်ပင် . . .

"ဟင် . . ဒါတော့ ကျွန်တော် ဘယ်ပြောတတ်မလဲ . . . မမယ်ဒွေးရ . . . ခင်ဗျားက သူ့ကို ယူဆိုရင် ယူရမှာပဲလေ . . . "

ဟု ဘိုးချစ်ဦးက ပြောလိုက်၍ . . .

"အေးပါဟာ . . . သူ့ကို ပဲယူပါ . . ငါ ပြောပေးပါ့မယ် . . "

ဟု တာဝန်ခံသည်တွင် . . .

"ဒီလိုဆိုရင် ခင်ဗျားပဲ မယ်သွဲ့ကို ပြောပေးလေ . . . ကျုပ်တော့ မပြောချင်ဘူး . . . "

ဟု စူဠလိပ်မာယာမျိုးလုပ်နေပြန်သောကြောင့် အရှုး၊ အပေါကြီး မယ်ဒွေးမှာ မယ်သွဲ့အား ဘိုးချစ်ဦးကိုယူရန် နားချပေးသဖြင့် မယ်သွဲ့ကလည်း အတွင်းကြိတ်ပြုံးကာ. . .

"ကျွန်မတော့ ဘာသိ မလဲလေ . . . မမဒွေး ကျေနပ်သလို စီမံတာ ခံရမှာပေါ့ . . . "

ဟု ပြောလိုက်သောကြောင့် ဘိုးချစ်ဦးနှင့် မယ်သွဲ့တို့မှာ မယ်ဒွေး အသိအမြင် ချစ်ခင်စုံမက်သူများ ဖြစ်လာကြပြန်လေတော့၏။

သို့နှင့် မယ်သွဲ့၏မိခင် မကြီးမှုန်၊ မယ်သွဲ့၊ ဘိုးချစ်ဦးတို့မှာ မယ်ဒွေးကို လည်း ကြင်ကြင်နာနာ စောင့်ရှောက်ကာနှင့် သူ့အလိုလိုက်၍ သူ့စိတ်ကြိုက်ကို ဆောင်ရွက်နေကြရာလေရာ မယ်ဒွေးမှာလည်း နတ်ကတော်ကြီး ဒေါ်ဆီဘူး လှည့်စားသည့် ပိုက်ကွန်တွင် အမိကြီးမိ၍ ဘိုးချစ်ဦးရှာစာ၊ ဖွေစာထဲမှ နှစ်ကြိမ် တိတိ နတ်ကန္နားပေးပြီးသည့်အချိန်အခါသို့ ရောက်လာလေ၏။

ဘိုးချစ်ဦးမှာ မိမိနှင့် မယ်သွဲ့တို့ လူသိရှင်ကြား အကြင်လင်မယား အဖြစ် ပေါင်းသင်းနေထိုင်ရန်မှာ မယ်ဒွေးအား နတ်ကြိုက်အောင် သုံးကြိမ် နတ်ကန္နားပေးပြီးမှ ကိစ္စပြီးနိုင်မည်ဖြစ်သောကြောင့် ဒေါ်ဆီဘူးလိမ်လည်လှည့် ဖြား၊ ညာလှိုင်းစားနေမှန်း သိလျက်နှင့်ပင် မယ်ဒွေးအလိုအတိုင်း သုံးကြိမ်၊ သုံးခါ၊ နတ်ကန္နားပေးစရာ ငွေများကို ကြိုးကြိုးစားစားရှာဖွေလျက် အထက် အခါ များကထက် နယ်တွေသို့ထွက်၍ မြွေပြပွဲများကို မရပ်မနားလှည့်လည် ပြသလာရသည့်အလျောက် အိမ်သို့ တစ်ကြိမ်တစ်ခေါက် ခေတ္တပြန်ရောက် သည့်တိုင်အောင် ရက်ကြာကြာမနားဘဲ တစ်သွားတည်း သွား၍နေလေတော့၏။

ယင်းသို့ ဘိုးချစ်ဦးမှာ ငွေရဖို့အတွက်ကိုသာ အရေးတကြီးလုံးပမ်း၍ နေရရှာသောကြောင့် ဦးပေတိုးမှာသော အလုပ်နှင့်ပတ်သက်သမျှ ကတိစကား

များကိုပင် သတိမထားနိုင်အောင်ရှိလေ၏။ ပွဲပြသသော လက်ရှိ မြွေများအနက် အလှဆုံး၊ အကြီးဆုံး၊ အဆိုးဆုံးနှင့် လူကြိုက်အများဆုံးဖြစ်သော 'ငန်းဝါကြား'ကြီးမှာ ရက်စေ့မှန်းမသိ စေ့လာ လေ၏။ ဘိုးချစ်ဦးကား လူကြိုက်အများဆုံးဖြစ် သော ထိုမြွေကြီးကို ရက် စေ့တော့မည်ဟု သတိ မထားမိဘဲ မြွေပွဲများတွင် အထူးစိတ်ဝင်စားစွာ ပြသ လာခဲ့သလောက် ပရိသတ် များကလည်း အခြားသော မြွေများထက် အဆိုပါ ငန်းဝါကြားကြီးကိုသာ တမ်းတမ်းစွဲ ဖြစ်နေပြီး ငန်းဝါကြားကြီးမပါလျှင် ပင် ဘိုးချစ်ဦး၏ မြွေပြပွဲ ကြီး ပျက်စီးရတော့မည် ကဲ့သို့ ရှိနေလေ၏။

သို့နှင့် ဘိုးချစ်ဦးမှာ ငွေ ရဖို့ လောဘဇောနှင့် အ ဆက်မပြတ် ပြသလာခဲ့ လေရာမှ တစ်နေ့သောည ဘိုးချစ်ဦး အိပ်ပျော်နေစဉ် ငန်းဝါကြားကြီးသည် သူ ၏ ပချုပ်ထဲမှ တလှုပ်လှုပ် တရွရွနှင့် ထွက်လာပြီး ဘိုးချစ်ဦးအနီးသို့ လျှော တိုက်ကာ ရောက်၍လာပြီး အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လူတစ်ရပ် စာမျှ မြင့်သော ပါးပျဉ်း ကြီးကို ထောင်ကာ ဘိုးချစ်ဦးကို စိမ်းစိမ်းပါအောင် ကြည့်နေရာမှ မြွေကြီးပါး ပျဉ်းနေရာတွင် လူကဲ့သို့ သဏ္ဌာန်ပေါ်လွင်ပြီး စော စောက မြွေခေါင်းကြီးမှာ လည်း မျက်ထောက်နီနီ၊ နှုတ်ခမ်းပြဲပြဲ လူတစ်ဦး၏ ဦးခေါင်းပုံဖြစ်သွားကာ ခေါင်းတွင်လည်း ရွှာနီစ ကိုနှစ်ဖက် မိတ်ချ၍ပေါင်း လျက် လက်နှစ်ဖက်တွင် သစ်ရွက်စိမ်းများကိုင်ကာ ဘိုးချစ်ဦးကို ခက်ထန်စွာ စူးစိုက်ကြည့်လျက်ရှိလေ ၏။

ဘိုးချစ်ဦးသည်လည်း အရိပ်မြင်သဖြင့် ထို သဏ္ဌာန်ကို မျက်တောင် မခတ်ဘဲ စိုက်ကြည့်နေ မိရာ အဆိုပါ အပေါ်ပိုင်း နတ်စိမ်းလိုလို အောက်ပိုင်းက မြွေ၏ကိုယ်နှင့် ပြောင်းလဲနေသော ငန်းဝါ ကြားကြီးသည် အသံနက်ကြီးကိုထုတ်ကာ . . .

"ဟေ့ ဆရာ . . . ငါ ရက်စေ့တော့မယ် . . . မေ့နေသလား . . "

ဟု တစ်ခွန်းတည်း ခပ်ထန်ထန်ကြီးပြောပြီးနောက် နတ်စိမ်းလိုလို အသွင် သဏ္ဌာန်ပျောက်ကာ ငန်းဝါကြားကြီး အဖြစ်သို့ ပြောင်းလဲလျက် သူ၏ ပချုပ်ထဲသို့ ပြန်ဝင်သွား သည်ကို တွေ့မြင်ရလေ ၏။ ဘိုးချစ်ဦးလည်း ဤတွင်မှ

အိပ်ရာက ဖျတ်ခနဲ လန့်နိုးပြီး ငန်းဝါကြားကြီးအတွက် လွှတ်ရန် ရက်နီးတော့ကြောင်း သတိရလေတော့၏။ 'အင်း . . ငါမေ့နေလို့ သတိပေးတာပဲ . . . ဟုတ်ပါရဲ့ . . . ငါကလည်း ခုမှသတိရတော့တယ် . . . ဩော် . . ဒီအကောင်ကြီးနဲ့ အင်မတန်စီးပွားဖြစ်နေတာ လွှတ်ရမှာ နှမြောမြောပဲလေ . . . သူမရှိရင် ဒါလောက် လူကြိုက်များတော့မှာမဟုတ်ဘူး . . . ရှိတဲ့မြွေသုံးကောင်နဲ့ စပါးအုံးကြီးဟာလည်း သင်လို့ ပြလို့ တော်တော်တိုးနေတာပဲ. . ဒါပေမယ့်လည်း သူတို့ကို လူကြိုက်နည်းနေတော့ အခက်သားပဲဟု တစ်ယောက်တည်းတွေး၍ နစ်မျောနေမိလေ၏။

ထို့နောက် ငန်းဝါကြားကြီး၏ ရက်များကို ရေတွက်ကြည့်ရှုရာ နောက်ထပ်လေးရက်သာ ကျန်တော့သည်ကို တွေ့ရလေ၏။ ဤတွင်မှ အခက်ကြုံချေပြီ။ ဤမြို့၊ ဤဇာတ်ရုံတွင် ကပြရန် ကြော်ငြာထားသည်မှာ ငါးညတိတိဖြစ်လေရာ ထိုငါးည အနက်မှ နောက်ဆုံးတစ်ညမှာ အထူးပြသရန် ကြော်ငြာထားမိရုံမျှမက ထိုညအဖို့မှာ ရုံဝင်ခကိုလည်းလေးပဲက တစ်ကျပ်အထိ သုံးစားထားကာ တတ်သမျှပညာကို အိတ်သွန်ဖာမှောက်ပြသမည့် အထူးပွဲကြီးဖြစ်၍ မြို့ပေါ်တွင်မက တစ်နယ်လုံး လူကြီး၊ လူကောင်းများကိုပါ ဖိတ်ကြားပြသရန် လက်မှတ်များ ရောင်းချထားပြီဖြစ်ရကား၊ ထိုညအဖို့ ရရမည့်ဝင်ငွေမှာလည်း အနည်းဆုံး ငါးရာလောက်ရှိမည်ဖြစ်လျက်၊ လူကြီး၊ လူကောင်းများ အရာရှိများထံမှလည်း ဂုဏ်ထူးဆောင် လက်မှတ်များ၊ ဆုတံဆိပ်များရရှိဦးမည်ဖြစ်သောကြောင့် ထိုညပြရက်ကို မစွန့်ပစ်ရက်နိုင်အောင်ရှိလေ၏။

ဤတစ်ကြိမ် နယ်ထွက်ရာတွင်လည်း မိုးလေဖျက်၍ ကပြရက်ကောင်းစွာမရခဲ့သည်နှင့် မိမိထံတွင် ငွေနှစ်ရာလောက်မျှသာ ရသေးသည်ဖြစ်ရာ မိမိပြန်သွား၍ အသုံးလိုသည့်ငွေများမှာ မယ်ဒွေးနောက်ဆုံး နတ်ကန္နားပေးရေးအတွက် အခြားသူများ သုံးဖြုန်းလိုရာ သုံးဖြုန်းဖို့စုစု၊ ရရ ငွေငါးရာလောက်မှန်းထားပြီး မယ်သွဲ့နှင့် မိမိတို့ လူသိရှင်ကြားညားကြပြီး အေးအေးအနားယူကာ စားသောက်နေထိုင်ကြရာက ငါးရာ၊ နှစ်ခုပေါင်း တစ်ထောင်လောက်ရမှသာဖြစ်မည်ကြောင့် နောက်ဆုံးပွဲကို အထူးအားခဲထားရခြင်းဖြစ်လေ၏။

ပြရသော် တော်လေမလား၊ မတော်လားဟုအခါ များစွာချင့်ချိန်ရင်းနှင့်ပင် ပွဲလေးရက်က ကုန်မှန်းမသိကုန်လာခဲ့ကြပြီး နောက်ဆုံးညသို့ ပြုန်းခနဲ ရောက်လာတော့သည့် တိုင်အောင် ဘိုးချစ်ဦးမှာ မဆုံးဖြတ်နိုင်သေးဘဲရှိလေ၏။ သို့နှင့် နေဝင်မိုးချုပ်၍ ဇာတ်ရုံတွင် ဓာတ်မီးများ လင်းထိန်ပြီး ရုံထဲသို့ လူတွေဝင်စပြုနေသည့်တိုင်အောင်လည်း ငန်းဝါကြားကြီးပြရေး၊ မပြရေး ဆုံးဖြတ်ခြင်း မပြုနိုင်သေး။ သို့နှင့် နောက်ဆုံး ပြပွဲချိန်စေ့၍ ဇာတ်ခုံရှေ့သို့ ထွက်ခဲ့ရသောအချိန်အထိ ဘိုးချစ်ဦး စိတ်ဒွိဟဖြစ်နေလျက်သာ လက်ရှိမြွေကြီး၊ မြွေငယ် အသွယ်သွယ်တို့နှင့် အဆက်မပြတ်ကစား ပြသနေလေသေးရာ ပရိသတ်အများလည်း အထူးသဖြင့် ကြိုးစားအသုံးတော်ခံသလောက် တဖျောက်ဖျောက်လက် ခုပ်တီး၍ သြဘာကြီးပေးလျက်ရှိကြလေ၏။ သို့နှင့် ပြနေကျမြွေများနှင့် တစ်ခါတစ်ရံမှ ပွဲထုတ်ဖူးသည့် မြွေများကိုပါ တစ်ကောင်ပြီးတစ်ကောင် ဆက်ကာ ဆက်ကာ ကစားပြနေရာက အချိန်တစ်ဝက်လောက် ကျိုးလာသောအခါ တစ်ထောင့်က ပရိသတ်များမှာ

"ငန်းဝါကြားကြီးကော မပြသေးဘူးလား၊ ခါတိုင်းဆိုရင် ငန်းဝါကြားကြီးကို များများပြတယ်။ ဒီည ဘာပြုလို့ မထုတ်သေးသလဲ"

ဟု တစ်ယောက်တစ်ပေါက် ပါးစပ်ဆူစ၊ ပူစပြုလာကြလေ၏။

ဘိုးချစ်ဦးကား မပြဘဲဖြစ်လျှင်လည်း ဖြစ်စေတော့ဟု ငန်းဝါကြားကြီးကို ပေကပ်ချန်ထားခဲ့သည်ဖြစ်ရာ ယခုမှာမူ မပြလျှင်မနေသာတော့သောအခြေသို့ ရောက်လာကြောင်းသိရသဖြင့် ပရိသတ်များ အဆူငြိမ်သွားစေခြင်းငှာ

"တဆိတ်သည်းခံကြပါ ခင်ဗျာ . . . ငန်းဝါကြားကြီးကို ဒီညအတွက် အထူးပြရမှာဖြစ်လို့ နောက်ဆုံးချန်ပြီးမှ အားရပါးရကြီးပြမလို့ပါ . . . မပြမီဆုတံဆိပ်များလည်း ခံယူထားချင်ပါသေးတယ်ခင်ဗျာ"

ဟု ပြောလိုက်မှ ပရိသတ်များ ငြိမ်သွားလေ၏။ ထို ခဏ၌ ဇာတ်ခုံအတွင်းဘက်ရှိ ပချုပ်နက်အတွင်းမှ ငန်းဝါကြားကြီးသည် ရွှီခနဲ၊ ရွှီခနဲ နှစ်ချက်၊ သုံးချက် ဆက်ခါမတွန်စဖူး တွန်သံပေးလိုက်လျှင် ဘိုးချစ်ဦးမှာ အထူးသဖြင့် စိတ်လေးလျက် မျက်နှာအနည်းငယ် ပျက်သလိုလိုဖြစ်သွားသည်ကို ဘိုးချစ်

ဦး၏တပည့်ကလေးသည် ဇာတ်ခုံဘေး ကားလိပ်ကြားမှနေ၍ မြင်လိုက်ရသော ကြောင့် မိမိဆရာ ဘိုးချစ်ဦးအတွက် အကြောင်းမဲ့စိတ်လေးသွားမိလေ၏။

ထို့နောက်ကား ကြွလာသော မင်းပရိသတ်များထံမှ ဆုတံဆိပ် ဂုဏ်ထူးဆောင်လက်မှတ်များကိုခံယူပြီး ငန်းဝါကြားကြီးကိုပြသရန် ပြင်ဆင် ရလေ၏။ ဘိုးချစ်ဦးမှာ လက်မှတ်ရောင်းခငွေများ၊ ဆုတံဆိပ်များမှစ၍ အဖိုးတန်ပစ္စည်းများ ထည့်ထားသော သေတ္တာကလေးကို တပည့်လက်သို့ အပ်ကာ. . .

"ကဲ . . . တပည့်ရေ . . ဒီဟာကလေး ကောင်းကောင်းသိမ်းထား ကွာ . . တကယ်လို့ ငါတစ်စုံတစ်ရာဖြစ်တောင်မှ ဒီသေတ္တာကလေးကို မယ်သွဲ့နဲ့ မမယ်ဒွေးတို့ဆီရောက်အောင်ပို့ပေးပါ။ ဟောဒီ လွယ်အိတ်ထဲက ဟာတွေကတော့ မင်းသိတဲ့အတိုင်း မြွေဆိပ်ဖြေဆေး၊ မြွေနိုင်ဆေးတွေနော် . . . ငါ့ တပည့်လည်း ဆရာ့နည်းတွေ အတော်ရနေမှပဲ . . အထူးမှာစရာ မလိုပါဘူး . . . အရေးဆိုရင် ဘယ်လိုလုပ်ရမယ်ဆိုတာတွေ အသိပဲမဟုတ် လား"

ဟု မှာကြားနေလေရာ တပည့်လေးမှာ မိမိဆရာအတွက် စိတ်လေး သည်ထက် လေးလာရှာတော့၏။ 'ဆရာ . . ဆရာ ဒီည ဘာဖြစ်ချင်လို့ပါလိမ့် နော်' ဟု ရင်တထိတ်ထိတ်နှင့် စဉ်းစားမိကာ အရေးရှိလျှင် မိမိဆရာအတွက် အသက်စွန့်ရန် သန္နိဋ္ဌာန်ချထားမိလေ၏။

ထိုညအဖို့ မြွေများကား အတော်ထူးခြားနေလေ၏။ တစ်ကြိမ်မျှ မတွန်ဖူးသော ငန်းဝါကြားကြီးမှာ သုံးခါတိတိ တွန်သံပေးလျက် အခြားသော မြွေကလေး၊ မြွေကြီးအသီးသီးတို့မှာလည်း မကြာခဏ တပြစ်ပြစ်နှင့် ချေးပါချ နေသည်ကို တွေ့မြင်လေ၏။

အလမ္ပာယ်ဆရာတို့၏ အရေးအကြီးဆုံးသော အထိမ်းအမှတ်တစ်ခု မှာ ပြသနေစဉ် မြွေချေးပါမှု အနှောင့်အယှက်ပြုလိုကြောင်း သိနိုင်သည်ဖြစ်ရာ ဘိုးချစ်ဦးမှာ အထူးစိတ်လေးနေရှာ၏။

သို့ရာတွင် မိမိမှာသာ မန်မြွေဆရာမျိုးတို့ထက် ထက်မြက်စွမ်းဆောင်နိုင်သူဖြစ်သည်ဟု ယုံကြည်သူဖြစ်သည်တစ်ကြောင်း၊ မန္တန်ကောင်း၊ မန္တရားကောင်း ဆေးဝါးအဆောင် လက်ဖွဲ့ကောင်းများကို လက်ကိုင်ရထားသူဖြစ်သည်တစ်ကြောင်း ထိုညအဖို့ ငန်းဝါကြားကြီးကို ပွဲမထုတ်၍လည်း မဖြစ်တော့သည့်အပြင် မယ်သွဲ့နှင့် မယ်ဒွေးတို့၏ အရေးကိုလည်း အမြန်ပြီးပြတ်စေခြင်းငှာ ဤတစ်ကြိမ် အိမ်အပြန်တွင် ငွေသားတစ်ထောင်နီးပါးပါမှဖြစ်တော့မည်ကြောင့်တစ်ကြောင်း၊ ငန်းဝါကြားကြီး လွတ်ရက်စေ့သော်လည်း ဤနေ့တစ်နေ့နှင့်တော့ အကြောင်းမထူးတန်ရာဟု စိတ်ပိုင်းဖြတ်လိုက်သည်တစ်ကြောင်းတို့ကြောင့် ပရိသတ်ပွဲတောင်းသည့်အလျောက် နောက်ဆုံးအကြိမ်တွင် မြွေပချုပ်ကြီးကို ဇာတ်ခုံရှေ့သို့ ဆွဲထုတ်လာလေရာ တပည့်လေးမှာလည်း အရေးကြီးသော ဆေးဝါးလက်ဖွဲ့များကိုဆောင်ကာ ဆရာ့အနီးမှ ထပ်ကြပ်မကွာရပ်ကြည့်နေရှာလေ၏။

ဘိုးချစ်ဦးလည်း ထုံးစံအတိုင်း တီးဝိုင်းကို နတ်ဒိုးတီးစေပြီး ရွတ်နေကျမန္တန်များကို ဦးခံ၍ ရွတ်ဖတ်မန်းမှုတ်ကာ မြွေပချုပ်ကိုဖွင့်လျက် တစ်ချက်နှစ်ချက် လက်နှင့်ပုတ်၍ ဆွပေးလိုက်ရာ ပချုပ်တွင်းမှ ငန်းဝါကြားကြီးမှာ ရှူးခနဲဒေါထကာ လူတစ်ရပ်စာမျှရှိသော ပါးပျဉ်းကြီးဖြင့်ထောင်ပြပြီး လျှာနှစ်ခွကလေးကို မကြာခဏထုတ်ကာ စိမ်းစိမ်းကြည့်၍နေလေ၏။ ဘိုးချစ်ဦးမှာခါတိုင်းလိုပင် မြွေကို ပါးပျဉ်းထောင်စေသည့်တိုင်အောင် ယခုအကြိမ်မြင်ရပုံကားပကတိ ငန်းဝါကြားကြီး ပါးပျဉ်းထောင်နေသည်ဟုမထင်၊ အိပ်မက်တွင်တွေ့ရသည့်အတိုင်း ရှာနီစနှစ်ဖက် မိတ်ချပေါင်းထားသော နတ်စိမ်းနတ်ဝါးတစ်ဦးက စူးရှခက်ထန်စွာကြည့်နေသည်ဟု ထင်မိ၊ မြင်မိသဖြင့် ရုတ်တရက်ကျီးတိကြောင်တောင် ဖြစ်နေမိလေ၏။

ထို့နောက်မှ စိတ်ကို အမြန်တင်းလိုက်ကာ ငန်းဝါကြားကြီးကိုနှစ်ကြိမ် သုံးကြိမ်မျှ ဟန်မပျက် ပွေ့ယူမြှောက်ချီ ကစားလိုက်လျှင် ပရိသတ်များကား တအုန်းအုန်း တရုန်းရုန်း သဘောကျသွားပြီး လက်ခုပ်လက်ဝါးတီး၍ကောင်းချီးပေးကြသည့်တိုင်အောင် ဘိုးချစ်ဦးစိတ်တွင် ဤတစ်ကြိမ် မြွေကြီးကို

ကိုင်ရသည်မှာ ခါတိုင်းထက် ပိုမိုလေးလံနေသည် ထင်ရုံမက မြွေကြီးကို မြှောက် ချီပွေ့ကိုင်လိုက်တိုင်းပင် ရှာနီစပေါင်းထားသော နတ်စိမ်းကောင်ကြီးကိုသာ ထိကိုင်နေသလို ထင်မိလျက် လက်နေလက်ထားများပင် တစ်ခါတစ်ခါ လွဲ မှားသွားမိလေတော့၏။

ပရိသတ်တို့ကား သဘောကျသလောက် ဩဘာလက်ခုပ်တွေ ချီးမြှောက်နေကြသည့်တိုင်အောင် အနားက တပည့်မှာ ဆရာဖြစ်သူ အတိမ်းအရှောင် လက်နေလက်ထား မကြာခဏ မှားနေသည်ကို မြင်ရသောကြောင့် နဂိုက စိတ်လေးရာတွင် ထပ်မံ စိတ်မကောင်းစရာကြုံနေကာ အရေးဆိုလျှင် အဆင်သင့်ကူညီနိုင်အောင် အဆောင်ဆေးများကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလေ၏။ ထိုခဏ၌ ဒုတိယအကြိမ် ဘိုးချစ်ဦးနှင့် ငန်းဝါကြားကြီး လှည့်ပတ်ကစားရာမှ . . .

"အမယ်လေးဗျ . . ."

ဟု အော်သော ဘိုးချစ်ဦး၏ အသံနှင့် ခြေသလုံးကြားမှ လျှောခနဲဖြစ်သွားသော ငန်းဝါကြားကြီးကို မြင်ရသည်နှင့်တစ်ပြိုင်နက် မြွေကြီးမှာ စူးဝါးသောအသံနှင့် ဟစ်အော်ကာ လူးလှိမ့်နေရာက ဒေါသခက်ထန်စွာနှင့် အနီးတွင် ရုတ်တရက်လဲနေသော ဘိုးချစ်ဦးအား အမြီးကြီးနှင့် လက်စားချေဘိ အလား၊ ခြေသလုံးနှစ်ဖက်ကို ဆက်ကာ၊ ဆက်ကာ တအားပေါက်ပြီးမှ ပါးပျဉ်းကြီးသိမ်ကာ ဘိုးချစ်ဦး ခြေရင်းမှာပင် အဆုံးစွန် ငြိမ်သက်သွားရှာလေ၏။ အမယ်လေးဗျဟု တစ်ခွန်းတည်း ခပ်အုပ်အုပ် အော်ပြီး လူးလှိမ့်နေသော ဘိုးချစ်ဦးမှာလည်း မြွေကြီး ငြိမ်သွားသည်နှင့် တစ်ပြိုင်တည်း တစ်ကိုယ်လုံးမှာ မီးသွေးတုံးတစ်မျှ မှောင်မည်းသွားပြီး တဟင်းဟင်း ညည်းညူလျက်ရှိတော့၏။

စက္ကန့်ပိုင်းမျှဖြစ်သော အချိန်ကလေးအတွင်းတွင် ဖြစ်ပျက်လိုက်သော ထိုအဖြစ်အပျက်မှာ ပွဲကြည့်ပရိသတ်များတွင် ရုတ်တရက်သော် ကြောင်တက်တက်ဖြစ်နေပြီးမှ တရုန်းရုန်း တအုန်းအုန်းနှင့် ရုတ်ရုတ်ရက်ရက်ဖြစ်ကာ ထိတ်လန့်တကြား ပြေးလွှားစ ပြုလာတော့၏။ တပည့်ကား ဆရာကို ပွေ့ထူ

ထားပြီး အဖြေဆေးများနှင့် ကြိုးစားပြုစုလျက်ရှိရာ တစ်ရုံလုံးရှိ ပရိသတ်များ ပြေးလွှားဆူပူနေကြသည်ကိုပင် သတိမထားနိုင်တော့ဘဲ ရှိလေ၏။

"ဆရာ . . ဆရာ . . ကျွန်တော် ဘာလုပ်ရမလဲဆရာရဲ့ . . . "

ဟု ဘိုးချစ်ဦးနားနား ကပ်ကာမေး၍ . . .

"ဆရာ့အတွက်တော့ မမျှော်လင့်နဲ့တော့ . . . လက်လွန်ကုန်ပြီကွဲ့ . . ကျန်တဲ့မြွေတွေကို မြန်မြန်ချုပ်ထားလိုက်တော့ ဆရာအတွက် ငါ့တပည့် ဆောင်ရွက်ရမယ့် ကိစ္စကတော့ ဆရာ့သေတ္တာကလေးကို မမယ်ဒွေးနဲ့ မယ်သွဲ့တို့ လက်ရောက်အောင် သွားပေးလိုက်ပေတော့ကွယ် . . . ဩော် လောဘ၊ လောဘ၊ လောဘကြောင့် မှားပြီ အဘရေ အဘမှာစကား ကျွန်တော် သတိမထားဘဲ လောဘဇော ဆွဲငင်မှုကြောင့် 'နတ်နဲ့နဂါး မလှည့်စားနဲ့' ဆိုတဲ့ အဘ ဆုံးမစကားကို နားမထောင်မိလို့ မှားပြီ အဘရဲ့ . . . "

ဟု ပြောဆိုညည်းညူကာ နောက်ဆုံး၌ အငြိမ်ကြီးငြိမ်သွားတော့ သဖြင့် တပည့်မှာ ကျန်သောမြွေများကို ကပျာကယာ ချုပ်ထားလိုက်ရ၍ ဘိုးချစ်ဦး၏အလောင်းကို ကောင်းစွာပြင်ဆင် သင်္ဂြိုဟ်ပြီးနောက် တစ်ရွာတွင် ကျန်ရစ်ရှာသော မမယ်ဒွေးနှင့် မယ်သွဲ့တို့အား သွားရောက်အကြောင်းကြား ကာ ပစ္စည်းသေတ္တာကလေးကို သစ္စာရှိသော တပည့်ကလေးဖြစ်သည့် အားလျော်စွာ လက်ထိလက်ရောက် ပေးအပ်လိုက်ရရှာသည်တွင် ကျန်ရစ်သူ အရှုးအပေါကြီး မယ်ဒွေးနှင့် ဘိုးချစ်ဦး၏ချစ်သူ မယ်သွဲ့တို့မှာ ကံဆိုးရှာသူ ဘိုးချစ်ဦးအတွက် မျက်ရည်မစဲနိုင်အောင် ရှိရှာကြလေတော့သတည်း။

**ကိုကိုလေး**